http://www.linhtet.com/forum




## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.linhtet.com/forum

www.foreverspace.com.mm

ထူးဆွေအောင်

# မြင်းမိုရ်တောင်ထိပ်မှ သဲပွင့်ကလေးများ

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ၁၃ထပ်(ညာ)၊ ၃၈-လမ်း၊ ကျောက်တံတား။
ဖုန်း-၃၇၉၅၇၃

www.foreverspace.com.mm

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၄၁၀၆၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၉၇၀၆၀၆

| | | |
|---|---|---|
| အဖုံးပန်းချီဒီဇိုင်း | - | သာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ၁၃ထပ်(ညာ)၊ ၃၈ လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၈၈ သံတွင်းလမ်း ပဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

http://www.linhtet.com/forum


www.foreverspace.com.mm

## (၁)

ကျွန်တော်၏ လက်ထဲမှ လျှောက်လွှာ စာရွက်ကလေးကို ဆယ်ကြိမ် မြောက်ဖတ်လိုက်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

လက်ဖက်ရည်ကိုဆေး၍ ရေနွေးကြမ်း ငှဲ့နေသော ထင်ကျော်ဦး က. . .

'စာထဲမှာ မင်းနဲ့ငါကို ကျောင်းဆရာအဖြစ် ခန့်လိုက်တယ်၊ တစ်ပတ် အတွင်း သက္ကယ်မြောင်ရွာကိုသွားပြီး တာဝန်ထမ်းရမယ်၊ ဒါလေး ပဲ ရေးထားတဲ့ ဟာ မင်းကဘာဖြစ်နေရတာလဲ၊ သက်ပြင်းတလုံးလုံးနဲ့ ဖတ်လို့ကိုမပြီး နိုင်တော့ ဘူး၊ ဘာလဲ စာမဖတ်တတ်တော့လို့ ပေါင်းပြီး ဖတ်နေတာလား၊ ဒါဆိုရင် ကျောင်းဆရာမလုပ်ခင် မင်းကို အ. သုံး. လုံး မွမ်းမံသင်တန်း အရင်ပို့ရမယ်'

ကျွန်တော်နှင့်အိမ်ချင်းကပ် တစ်ရပ်ထဲနေ မကွေးကောလိပ်၌ ဘွဲ့ အတူတူနေရခဲ့သော ငယ်ပေါင်းကြီးဖော် အခင်ဆုံး သူငယ်ချင်း ထင်ကျော်ဦး၏ ခနဲ့သည့်စကားကြောင့် ကျွန်တော်သည် ထပ်မံ၍ သက် ပြင်းရှည်ကြီး ကိုချလိုက် ရင်း အေးစက်နေသော လက်ဖက်ရည်ကို မော့သောက်လိုက်သည်။

ထင်ကျော်ဦးက ဆေးပေါ့လိပ်တိုကို နင်းခြေလိုက်ရင်း. . .

'ဘွဲ့ရပူပူနွေးနွေး မင်းနဲ့ငါ နှစ်ယောက်မှာလည်း ခေါ်သမျှ အလုပ် တွေကို လျှောက်လိုက်ရတာ လေဘာနဲ့လျှောက်လွှာခကို မနည်းတော့ဘူး၊ ဟော. . . ကျောင်းဆရာလိုလို့ ဆွဲခန့် ခန့်မယ်ဆိုတာ နာမည်စာရင်း





သွားသွင်းရုံ ရှိသေးတယ်၊ အလုပ်ကရပြီ သိပ်ကောင်းတာပဲ'

'ဟာ. . . တောမှာ ကျောင်းဆရာမလုပ်ချင်လို့ ဘယ်သူမှ မလျှောက် တဲ့ဟာ၊ မင်းနဲ့ငါ နှစ်ယောက်ရတာကလဲ သူများမလိုချင်တဲ့ အကျန်ကြီးပဲ'

'အဲဒါ ကောင်းတာပေါ့ကွ တော်ကြာ လျှောက်တဲ့သူများနေရင် အရင်အလုပ်တွေ လျှောက်တုန်းကလို အတင်းတိုးကြိတ်ပြီးတော့ စာတွေ၊ လူတွေတွေ့ဖြေရ၊ နောက်ပြီး ဟဲဟဲ. . . ဘာညာ၊ ဘာညာ ကလေးတွေ ကလဲ ပေးရကမ်းရနဲ့ ငွေတွေရော အချိန်တွေသာကုန်တယ်၊ လူက ဒိုရင်း ဒိုရင်းပဲ၊ ဟော. . . အခုတော့ လူမှန် နေရာမှန် ရေတန်အသင့်ကြာ အသင့် အိုကေပဲ၊

ပြီးတော့ ဆရာဆိုတာ ဘယ်လောက်ဂုဏ်ရှိသလဲ၊ အဲ. . . ဟို. . . ဘာတဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုလား၊ အဲဒီနာသုံးနာနဲ့'

'တော်စမ်းပါ. . . ထင်ကျော်ဦးရယ်၊ နားငြီးတယ်'

ထင်ကျော်ဦးက ဆေးပေါ့လိပ် အသစ်တစ်လိပ်ကို မီးညှိရင်း. . .

'နေပါဦး၊ မင်းက ဆရာမလုပ်ချင်ဘူးလား'

'အမှန်အတိုင်းပြောရရင် မလုပ်ချင်ဘူး၊ ငါလုပ်ချင်တာက စစ်သားပဲ'

'ဒါဆိုလဲ စစ်ထဲ ဝင်လိုက်ပါလားကွ၊ မလွန်စက်ရုံက 'က-ပ-စ-၂'မှာ စစ်သားသစ်တွေ ခေါ်နေတာပဲ၊ ဘွဲ့ရဆိုရင် သင်တန်းဆင်းဆင်း ခြင်း၊ တပ်ကြပ်ကြီးရာထူးတန်းပေးမယ်တဲ့'

'ဝင်ချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာပဲ၊ ဒါပေမယ့် ငါ့ရဲ့ ဟိုဒင်း. . . ထဲက ပြူတစ် ပြူတစ်ကို စစ်တပ်ကလက်မခံလို့ဟ'

ထင်ကျော်ဦးသည် ဆေးလိပ်မီးခိုးသီး၍ မျက်ရည်များထွက်သည့် တိုင်အောင် တဟွတ်ဟွတ်ရယ်နေသည်။ ရယ်လို့ အားရမှ မျက်ရည်များကို ပခုန်းစွန်းဖြင့် သုတ်လိုက်ပြီး. . .

'ခုဟာက ငါပြောတဲ့နာသုံးနာထဲက စေတနာဆိုတာက ထားတတ် ရင် ရပါတယ်ကွာ. . .၊ နောက်ပြီး ဝါသနာဆိုတာကလဲ လုပ်တာ ကိုင်တာ ကြာလာရင် အကျင့်ဖြစ်ပြီး သူ့အလိုလိုပါလာမှာပဲ၊ အဲ. . . အနစ်နာ ဆိုတာကတော့ စေတနာကော ဝါသနာပါ ပါလာခဲ့ရင် အလိုအလျောက်

http://www.linhtet.com/forum


ဖြစ်လာလိမ့်မယ်လို့ ငါထင်တယ်၊ နေစမ်းပါဦး၊ အခု ကျောင်းဆရာခန့်လိုက်ပြီ၊ လုပ်မှာလား မလုပ်ဘူးလား'

ထင်ကျော်ဦးထံမှဆေးလိပ်ကို ကျွန်တော်က ယူဖွာလိုက်ရင်း . . .

'ဘွဲ့ရပြီးတော့ အလကား ကယောင်ရိုက်နေမယ့်အစား အလုပ်အကိုင်လေးနဲ့ လူရှိသေ၊ ရှင်ရှိသေဖြစ်အောင် လုပ်ရတော့မှာပေါ့ကွာ'

'ဒါဆိုလဲ မောင်မင်းကြီးသား၊ မင်းရဲ့ သက်တမ်း ခဏ ခဏ တိုးထားလို့ သက်ပြည့်ပင်စင် ပေးရတော့မယ့် လေဘာစာရွက်ကလေးနဲ့ 'ကော်ပီ'မိတ္တူ တစ်ထောင်လောက် ပွားထားတဲ့ အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံစာလေးတွေကိုယူပြီး ကျောင်းရုံးကို သွားသတင်းပို့ကြရအောင်'

'သွားတာပေါ့၊ ဒါနဲ့ သက္ကယ်မြောင်ရွာက ဘယ်တိုင်း ဘယ်မြို့နယ်ထဲကလဲ'

ထင်ကျော်ဦးက ကျွန်တော့်ကို ထူးဆန်းသောသတ္တဝါတစ်ကောင်အလား၊ စူးစိုက်ကြည့်ရင်း . . .

'မင်း တော်တော်ညံ့တဲ့ကောင်ပဲ ငါတို့ကို အလုပ်ခန့်တာက ငါတို့နေတဲ့ ယောဒီ မင်းလှမြို့၊ မကွေးတိုင်း အထက်မင်းလှမြို့နယ် အစွန်က သက္ကယ်မြောင်ရွာ၊ ဒါလေးတောင်မှ မင်းကမသိဘူးလား'

ကျွန်တော်က သွားဖြီးပြရင်း . . .

'မင်းပြောလဲ ခံရမှာပဲ သူငယ်ချင်းရယ်၊ အဲဒီရွာနာမည်ကို ငါလုံးဝ မကြားဖူးဘူး၊ မင်းလောက် ဗဟုသုတနဲ့မပြည့်စုံတဲ့ အမိုက်အမဲလေးကို ခွင့်လွှတ်တော်မူပါတောင်းပန်ပါတယ်၊ ဆရာလေးထင်ကျော်ဦးက ဘယ်တုန်းက လေ့လာထားလို့ သိနေတာပါလဲခင်ဗျာ'

'ဟဲဟဲ . . . ဒီစာကိုလာပေးတဲ့ ကျောင်းရုံးက စာရေးလေး ပြောသွားလို့ ခုနကမှ သိလိုက်တာ ဟီးဟီး'

ကျွန်တော်က ထင်ကျော်ဦးလက်မောင်းကို လှမ်းထိုးလိုက် ရင်း . . .

'ခွေးကောင် ငါက မင်းဟာမင်းအစောကြီးကတည်းက သိတာမှတ်လို့'





'ဘယ်သိမလဲကွ၊ ဒီမြို့နယ်မှာ အတူတူနေရပေမယ့် အဲဒီရွာ နာမည်ကြားတောင်မကြားဖူးဘူး၊ အခုတော့ ကိုယ်တိုင်သွားပြီး ဆရာ လုပ်ရမှာဆိုတော့ မေးစမ်းထားရတယ်လေ၊ အဲဒီ သက္ကယ်မြောင်ရွာက မကွေးတိုင်းရဲ့ အစွန်ဆုံး၊ မင်းလှမြို့ရဲ့ အဖျားဆုံး၊ ရခိုင်ပြည်နယ်နားကပ်နေတဲ့ ရခိုင်ရိုးမတောင်တန်းကြီးတွေရဲ့ အောက်ခြေမှာရှိသတဲ့၊ အဲဒီကိုသွားရင် မင်းလှကနေ မင်းဘူးကို ကားနဲ့တစ်ဆင့်သွားရမယ်၊ မင်းဘူးကနေ ပုသိမ်-မုံရွာကားလမ်းမကြီးကို ရောက် အောင် နောက်ကားတစ်စင်း စီးရမယ်၊ အဲ . . . ပုသိမ်-မုံရွာကားလမ်းမကြီးကို ရောက်မှ . . .'

'သက္ကယ်မြောင်ရွာကို ရောက်ရောဆိုပါတော့'

'ခြေကျင်ခရီး ဆယ်မိုင်လောက် ထပ်လျှောက်ပြီးမှ ရောက်ရောတဲ့ဗျား'

'ဘာကွ . . . ခြေကျင်ခရီး ဆယ်မိုင်လောက်လျှောက်ရဦးမှာ ဟုတ်လား'

'အေးလေ၊ ရွာကလာကြိုရင်တော့ လှည်းနဲ့သွားရမှာပေါ့၊ အခုဟာက ငါတို့နှစ်ယောက် သူတို့ရွာမှာ ကျောင်းဆရာအဖြစ် ခန့်လိုက်မှန်းလဲ သူတို့ကမသိ၊ ငါတို့လာမှာကိုလည်း သူတို့ကမသိတော့ ဘယ်လိုလုပ်ပြီး လှည်းနဲ့လာကြိုမလဲ၊ ခြေကျင်ပဲ သွားရမှာပေါ့'

'အဲဒီရွာအထိ ကားလမ်းမပေါက်ဘူးလား'

'ကားလမ်းပေါက်ဖို့ နေနေသာသာ၊ လှည်းလမ်းတောင်မှ သက္ကယ်မြောင်ရွာမှာ ဆုံးတာတဲ့ဗျား၊ ရွာရဲ့ဟိုဘက်မှာဆိုရင် ခြေကျင်နဲ့ တောင်တက်လမ်းတွေပဲ ရှိတော့တယ်တဲ့'

'တော်တော် ချောင်ကျတဲ့ ရွာပဲ'

'ဒါတောင်မှ မင်းနဲ့ငါ ကံကောင်းတယ်ဆိုပဲ သက္ကယ်မြောင်ရွာ ထက်ပိုပြီးချောင်ကျတဲ့ရွာတွေ၊ လှည်းလမ်း လုံးဝ မပေါက်တဲ့ရွာတွေ အများကြီး ကျန်သေးတယ်တဲ့'

ကျွန်တော်သည် သက်ပြင်းရှည်ကြီးကို ချလိုက်ရင်း . . .

http://www.linhtet.com/forum



'ဟိုမှာ ဘာတွေပေါ်သတဲ့လဲ၊ ရခိုင်ရိုးမနား ကပ်နေတော့၊ ဂျီ(ချေ) သားတို့ ယုန်သားတို့ ပေါမယ်ထင်တယ်နော်'

'(ချေ) ဂျီသားတို့ ယုန်သားတို့တော့ မသိဘူး၊ ငှက်ဖျားပေါတာ တော့ အမှန်ပဲတဲ့'

'ဟေ. . . ငှက်ဖျား၊ ငှက်ဖျားပေါတယ်ဟုတ်လား'

ထင်ကျော်ဦးက ခေါင်းညိတ်လိုက်ရင်း. . .

'ရခိုင်ရိုးမနားမှာဘဲ ငှက်ဖျားတော့ ပေါမှာပေါ့ကွ၊ အရင်က ဟိုမှာ ကျောင်းဆရာတစ်ယောက်ရှိတယ်၊ အခုမရှိတော့လို့ မင်းနဲ့ငါ လူစားသွား ရမှာ'

'ဟင်းဟင်း. . . ဟိုဆရာက ငှက်ဖျားကြောက်လို့ ပြောင်းပြေး တာ မဟုတ်လား'

'ပြောင်းတာမှ ရိုးရိုးပြောင်းတာ မဟုတ်ဘူး'

'ဘာလဲ၊ မူလတန်းပြကနေ အလယ်တန်းပြအဖြစ် ရာထူးတိုးပြီး ပြောင်းတာလား၊ ဟိုလူ သည်လူကိုကပ်ပြီး မြို့ပေါ်မြို့နားကို ပြောင်းသွား တာလား'

ထင်ကျော်ဦးက ဖြည်းညင်းစွာ ခေါင်းခါလိုက်ရင်း. . .

'ငှက်ဖျားမိပြီး မြေကြီးထဲကို ပြောင်းသွားတာတဲ့'

'ဘာ. . .'

ခွေးခြေ ခုံပုလေးပေါ်မှ လိမ့်ကျမသွားအောင် ကျွန်တော်အားယူ ထိန်းလိုက်ရင်း. . .

'ထင်ကျော်ဦး. . . တော် တော်၊ မင်းဟာမင်း သွားချင်သွားတော့၊ ငါတော့ မလုပ်တော့ဘူး၊ ဘယ့်နှယ်ကွာ ဒီလောက်ချောင်ကျပြီး အသက် အန္တရာယ်နဲ့နီးတဲ့ အလုပ်ကိုတော့ တော့တာပဲ'

ထင်ကျော်ဦးသည် ရေနွေးကြမ်းခွက်ကို မှုတ်သောက်လိုက်ရင်း. . .

'စစ်သားလုပ်ချင်တဲ့ကောင်ကလဲ ကြောက်လိုက်တာ လွန်ပါရော လား၊ ငှက်ဖျားက မိုးတွင်း ခြင်ပေါတုန်းသာဖြစ်တာပါကွာ၊ အခုအချိန်က ဆောင်းကုန်လို့ နွေတောင်ဝင်နေပြီပဲ၊ ငါတို့တွေ အစမ်းသဘောမျိုး တစ်နှစ်





လောက် လုပ်ကြည့်ရအောင်ကွာ'

'ဟာ. . . နောက် ကျောင်းပြန်ဖွင့်ချိန်က မိုးတွင်းကြီးကွ'

'အဲဒီအချိန်ရောက်လို့ အဆင်မပြေရင်လည်း ထွက်လိုက်ကြရုံပေါ့ ကွာ၊ မင်းနဲ့ငါက တရားဝင်ခန့်ထားတာမှ မဟုတ်ဘဲ၊ လောလောဆယ် လိုအပ်နေလို့ သာ ကျောင်းရုံးကခန့်ထားတာ၊ နောက်နှစ်ကျောင်းပြန်ဖွင့် ချိန်ဆို သူတို့ရွာမှာလဲ တရားဝင် ကျောင်းဆရာ တစ်ယောက်လောက် တော့ ရမှာပါ'

ကျွန်တော်က ဆေးပေါ့လိပ်ကို ထိုးခြေလိုက်ရင်း. . .

'မလုပ်ဘဲနဲ့နေရင် အစကတည်းက မလုပ်ဘဲနေတာကမှကောင်း မယ်၊ တော်ကြာ အခုဝင်လိုက် အခုထွက်လိုက်နဲ့ လူကြားမကောင်းဘူး'

ရေနွေးကြမ်းအသစ်အိုးကို ထင်ကျော်ဦးက လှမ်းမှာလိုက် ရင်း. . .

'အခုအချိန်မှာ အရေးအကြီးဆုံးက သတ္တယမြောင်ရွာမှာ လောလော ဆယ် စာသင်မယ့် ကျောင်းဆရာမရှိလို့ ဘေးရွာက ဆရာတွေ အလှည့်ကျ သွားသင်နေကြရတာ၊ မင်းနဲ့ငါသွားမှ ကိုယ့်ကျောင်းနဲ့ ကိုယ့်ဆရာ သတ်သတ် မှတ်မှတ် စာသင်ကြရမှာတဲ့ကွ၊ ပြီးတော့ အခု ဇန်နဝါရီလတောင် ရောက်နေပြီ ပဲ၊ မတ်လဆို အတန်းတင်စာမေးပွဲကြီးက ဖြေရမှာဆိုတော့ စာမေးပွဲကြီးက လည်း နီးနေပြီလေ၊

ကလေးတွေမှာလဲ အခုအချိန်အထိ စာကိုကောင်းကောင်း မသင် ရသေးဘူးတဲ့၊ မင်းနဲ့ငါသာ မသွားရင် သူတို့တွေ တစ်နှစ်နောက်ကျသွားတော့ မယ်၊ မင်းဘဲ စဉ်းစားကြည့်ပါဦး ငါတို့တွေ ဘွဲ့ရမယ့်နှစ် စာမေးပွဲ နီးကာမှ အရေးအခင်းကြီးဖြစ်သွားလို့ ကျောင်းတွေပိတ်သွားတာလေ၊ ဘယ်လောက် ကသိကအောက် နိုင်လှလဲ၊ ပြီးတော့ လူကလည်း စိတ်တွေ လေလိုက်တာမှ မပြောချင်ဘူး၊ ကျောင်းမြန်မြန်ပြန်ဖွင့်ပြီး စာမေးပွဲ စစ်ပါစေ၊ ဘွဲ့မြန်မြန် ရပါစေဆိုပြီး. . .'

ထင်ကျော်ဦးက ဆက်မပြောသေးဘဲ ရေနွေးခွက်ကို မှုတ်နေ သည်။

ကျွန်တော်ကတော့ လက်ဖက်ရည်ဆိုင်ထဲတွင် လှုပ်ရှားသွားလာ နေကြသောသူများကို အမိပ္ပာယ်မဲ့စွာ ငေးမောနေမိသည်။

http://www.linhtet.com/forum



ထိုစဉ် လက်ဖက်ရည်ဆိုင်နှင့် အလှမ်းမဝေးလှသော မူလတန်းကျောင်းလေးမှ ကစားကျောင်းဆင်း ခေါင်းလောင်းထိုးသံနှင့်အတူ ပျော်ရွှင်စွာအော်ဟစ်ရင်း ပြေးထွက်လာကြသော ကျောင်းသားလေးများကို ကြည့်နေမိရင်း ကျွန်ုပ်တော့်နားထဲတွင် ခေါင်းလောင်းသံများ သာယာစွာ ထွက်ပေါ်လာခဲ့လေတော့သည်။

www.foreverspace.com.mm





www.foreverspace.com.mm

## (၂)

မနက်လေးနာရီမထိုးမီ ကျွန်တော်နှင့် ထင်ကျော်ဦးသည် မင်းလှမှ မင်းဘူးသို့သွားမည့် ကားဂိတ်သို့ ရောက်လာကြသည်။

'ဟိုနှစ်ယောက် စောစောစီးစီး အထုပ်အပိုးကိုယ်စီနဲ့ ဘာတွေအလစ်သုတ်လာခဲ့ကြသလဲ'

စောစောစီးစီး ကျက်သရေရှိစွာ နှုတ်ဆက်ခံလိုက်ရသဖြင့် ကျွန်တော်တို့နှစ်ယောက် နောက်သို့လှည့်ကြည့်လိုက်ရာ ကျွန်တော်တို့ သူငယ်ချင်း ကုန်ကားပိုင်ရှင် ကိုဦးကိုတွေ့လိုက်ရသဖြင့်. . .

'ငါနဲ့ ထင်ကျော်ဦးနဲ့ သက္ကယ်မြောင်ရွာကိုသွားပြီး ကျောင်းဆရာလုပ်ကြမလို့ကွ ဟဲ ဟဲ'

ပြောသာ ပြောလိုက်ရသည် ကျောင်းဆရာဆိုသော စကားလုံးအတွက် ကျွန်တော့်မှာ လျှာယားသလိုလိုပင် ဖြစ်သွားသည်။

'ဟေ. . . မင်းတို့နှစ်ယောက်က ကျောင်းဆရာ အသစ်စက်စက်ကလေးတွေပေါ့ ဟုတ်လား၊ အင်း. . . သက္ကယ်မြောင်ရွာက ကျောင်းသားကျောင်းသူတွေရဲ့ နောင်ရေးတော့ ရင်လေးစရာကြီးပါလား'

'ဟာကွာ. . . မင်းပါးစပ်ပုပ်ကြီး ရေဆေးပစ်လိုက်ဦး'

ကိုဦးက တဟဲဟဲရယ်ရင်း အနားလာကာ. . .

'ဟဲဟဲ. . . ငါက တကယ်ပြောတာပါ၊ အဲလေ စ တာပါကွာ၊ မင်းတို့

http://www.linhtet.com/forum


သက္ကယ်မြောင်ရွာကိုသွားရင်တော့ အဆင်ပြေတယ်ဟေ့. . . လာ ငါ့အိမ်ကို လိုက်ခဲ့ကြ၊ လမ်းပေါက်အထိ ငါ့ကားရောက်မယ်'

'လမ်းပေါက် ဟုတ်လား၊ လမ်းပေါက်ဆိုတာ ဘာလဲ'

'ဟာ. . . မင်းတို့ကောင်တွေက ကိုယ်သွားမယ့် လမ်းတောင် ကိုယ် မသိဘူးလား၊ အ ပါ့ကွာ၊ အဲဒါကြောင့် မင်းတို့ ကျောင်းဆရာဖြစ်တာ၊ လမ်းပေါက်ဆိုတာက ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်ကနေ မင်းတို့ သွားမယ့် ရွာတွေကိုရောက်တဲ့ လှည်းလမ်းဝင်ပေါက် လမ်းခွဲနေရာကွ'

ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးမိလိုက်ကြသည်။

'ပေး ပေး. . . မင်းတို့ ကျောပိုးအိတ်တွေ ငါယူခဲ့မယ်၊ အိပ်ရာလိပ်တွေသာ မင်းတို့ဟာမင်းတို့ မ,ခဲ့ကြ'

ကိုဦးက ပြောပြောဆိုဆို ကျောပိုးအိတ်များကို ယူရင်း. . .

'လမ်းပေါက်ကိုတော့ ခဏခဏ ငါ့ကားနဲ့ရောက်ဖူးပေမယ့် သက္ကယ်မြောင်ရွာကိုတော့ မရောက်ဖူးဘူး၊ ငါ့ကားက စပယ်ယာတော့ အဲဒီရွာတွေဘက်ကို တော်တော်နှံ့တယ်၊ မင်းတို့နဲ့ တွေ့ပေးမယ်'

ကျွန်တော်သည် အိပ်ရာလိပ်ကို ထမ်းလိုက်ပြီး. . .

'နေပါဦး ကိုဦးရဲ့၊ မင်းကရော စောစောစီးစီး ကားဂိတ်ကို ဘာလာ လုပ်တာလဲ'

ကိုဦးက ရယ်လိုက်ပြီး. . .

'မင်းတို့ သက္ကယ်မြောင်ရွာနားက ပဲနောက်ချောင်းကို ဝိတ်ပြီး မဒိုင်းဆိုတဲ့ရွာမှာ ဆည်လုပ်ထားတယ်၊ အဲဒီဆည်ထဲမှာထားမယ့် လှေကို ပို့ဖို့ ငါ့ကားချေးအလှည့်ကျတယ်လေ၊ အဲဒါကြောင့် ဟဲဟဲ ကားဂိတ်ကို လာပြီး လမ်းကြုံခရီးသည် လာရှာတာ၊ ထမင်းစရိတ်ဖိုးရလဲ နည်းလား ဟား ဟား ဟား'

စကားတပြောပြောဖြင့် ကိုဦးတို့အိမ်နား ရောက်လာသည်။ အိမ်ဘေး ရှိ 'ချက်ပလက်' ကားကြီး၏ အမိုးပေါ်တွင်တော့ ရှစ်တောင် ကိုးတောင်ခန့်





ရှည်သော လှေကြီးကို အမိုးကိုင်းတွင် ကြိုးဖြင့် ချည်ထားသည်။

ကားထဲတွင်လည်း ကုန်အပြည့်၊ လူအပြည့်ဖြင့် ခြေချစရာ မရှိ လောက်အောင်ကို ခရီးသည်များ ပြည့်ကျပ်နေသည်ကို တွေ့လိုက်ရသဖြင့်. . .

'ဟ. . . ကိုဦးရ မင်းဟာက ထမင်းစရိတ်ဖိုး သက်သာရုံတင် မကဘူး၊ နောက်ကားတစ်စီး ဝယ်နိုင်လောက်အောင်ကို ကုန်နဲ့လူတွေ အပြည့်တင်ထားတာပဲ၊ ငါတို့နှစ်ယောက် ဘယ်က လိုက်ရမှာလဲ'

'ဟဲ ဟဲ. . . အထူးတန်းကလေ (Upper) 'အဝ်ပါး' ကပေါ့၊ ကဲ ကဲ ကြာတယ်၊ တက် တက်'

'ကားပေါ်မှာ လူပြည့်ကျပ်နေပြီကွ၊ ဘယ်လိုလုပ် တက်ရမှာလဲ'

'မင်းတို့ကလဲ အ ပါ့ကွာ၊ ဟိုလှေပေါ်အထိ တက်၊ ငါအောက်က နေ အိတ်တွေပစ်တင်ပေးလိုက်မယ်၊ တက်'

ကျွန်တော်တို့လဲ ဘာမှပြန်ပြောမနေတော့ဘဲ၊ ကားခေါင်မိုးပေါ် ရှိ လှေကြီးပေါ်သို့ တွယ်တက်လိုက်ကြသည်။ ကိုဦးပစ်တင်ပေးသော အိတ်များကို ယူ၍ နေရာချလိုက်ရာ ထင်ကျော်ဦးကလှေဦး ကျွန်တော်က ပဲ့ပိုင်းက နေရာ ယူပြီး ဖြစ်သွားသည်။

'အိုကေပဲ ကိုဦးရ၊ ငါတို့နှစ်ယောက်တော့ အပေါ်မှာ ချောင် ချောင်လည်လည်ပဲ'

ကိုဦးက ကားကို စက်နှိုးလိုက်ရင်း. . .

'အေး. . . အပေါ်မှာ ချောင်တာက လမ်းဘေးသစ်ကိုင်းတွေနဲ့ မလွတ်မှာစိုးလို့ ဘယ်သူမှ မလိုက်ရဲကြလို့ဟေ့ ဂရုစိုက်စီးကြပေါ့ကွာ'

'ဟေ. . . ကောင်းကွာ'

အမှောင်ထုထဲသို့ထိုးဖောက်ကာ ကားကြီးတရွေ့ရွေ့ သွားနေ သည့် လမ်းဘေးမှသစ်ကိုင်းများနှင့် မလွတ်ဘူးထင်လျှင် ငုံ့ပေးလိုက်ရုံမှ တစ်ပါး စီးရတာ အဆင်ပြေပါသည်။ ထင်ကျော်ဦးက လှေဦးမှနေ၍ နောက်သို့ လှည့်ကာ. . .

'ဟေ့ကောင်. . . ဟိုအရှေ့ဘက်က ရောင်နီလေးမပျို့ တပျို့နဲ့

http://www.linhtet.com/forum



ကြယ်ရောင်၊ လရောင်ကလေးကလဲ တောက်ပနေတဲ့ အချိန်မှာ လောင်းလှေကြီးကိုစီးပြီး ရခိုင်ရိုးမတောင်တန်းကြီးတွေဆီကို သွားရတယ် ဆိုတာ နည်းနည်းနောနော ကုသိုလ် မဟုတ်ဘူးနော်၊ မင်းစဉ်းစားကြည့်စမ်း၊ တို့မြန်မာဘုရင်တွေရဲ့သမိုင်းမှာ ကုန်းခေါင်ခေါင်ကို လှေဖောင်နဲ့ သွားနိုင်တာဆိုလို့ အလောင်းစည်သူမင်းကြီး တစ်ယောက်ပဲရှိတယ် ဟဲဟဲ. . .'

'အေး. . . ဒါပေမယ့် အလောင်းစည်သူမင်းကြီးဟာ ငါတို့လို တော့သစ်ကိုင်းလာတိုင်း ငုံ့မရှောင်ရလောက်ပါဘူး၊ ဟာ. . . ငုံ့ငုံ့'

'ဝုိး' ကနဲ သစ်ကိုင်းကြီး ဖြတ်သွားသည်။ ထိုစဉ် ကားခေါင်မိုးဘေးမှ ကားစပါယ်ယာ၏ခေါင်းလေးပေါ်လာပြီး၊ အော်ကြီးဟစ်ကျယ် ဖြင့်. . .

'အို. . . လှေဖောင်ပေါ်က စူဠာသဏ္ဍုဝန်နဲ့ မဟာသဏ္ဍုဝတို့ ကားခလေးများ မ စကြပါလို့ ကာမောင်းနေတဲ့ စန္ဒမုခ် လင်က တောင်းခိုင်းလိုက်ပါတယ်ဗျို့'

ကားအတွင်းရှိ ခရီးသည်များ 'ဝါး'ခနဲ ရယ်လိုက်ကြသည်။ ကျွန်တော်တို့ နှစ်ယောက်မှာလည်း မျက်ရည်ထွက်မတတ် ရယ်ရင်း. .

'ငါတို့ လှေပေါ်ကနေ ဘယ်မှ ထွက်မပြေးပါဘူးကွ၊ မဗေဒါရဲ့ အပေါက်ကိုချဲ့ပြီးမှ ကားခပေးမယ်လို့ ပြောလိုက်စမ်းပါဦး မင်းတို့ရဲ့ဆရာ စန္ဒမုခ်လင်ကို'

ကားအတွင်းရှိ ခရီးသည်များ၏ ရယ်မောသံနှင့်အတူ စပါယ်ယာလေး၏ ခေါင်းပျောက်သွားပြီး ပြန်ပေါ်လာကာ. . .

'ရသေ့ကြီးက သူ့ကျောင်းမှာ အဝီစိတွင်းတူးထားလို့ မဗေဒါကို ရေမခပ်နိုင်းတော့ဘူးတဲ့၊ ဆရာလေးတို့ မျက်မမြင်ညီနောင်သာ သစ်ကိုင်းနဲ့တိုက်မိလို့ လောင်းလှေပေါ်က ပြုတ်ကျကျန်ခဲ့ရင် ကားခမရလိုက်ဘဲ ဖြစ်နေမှာစိုးလို့ အခုပေးလိုက်ပါတဲ့ ဟားဟား'

ကားအတွင်းရှိ ခရီးသည်များထဲမှ ခရီးသည်တစ်ယောက် က. . .

'ဟေး. . . လှေပေါ်ကဆရာတွေ. . . ခင်ဗျားတို့က ကားစီးတာ မဟုတ်ဘူး၊ လှေစီးတာပဲ ကားခမပေးနဲ့ဗျို့'





ဟုအော်ဟစ်ကာ ရယ်မောကြပြန်သည်။

ထို့နောက် ခရီးသည်များလည်း အိပ်ငိုက်ပြေသွားပုံရသည်။ ဆေးလိပ်သောက်သူသောက် စကားပြောသူပြောဖြင့် ဆူညံနေတော့သည်။

စပါယ်ယာလေးက လှေပေါ်တက်လာပြီး ဝင်ထိုင်သဖြင့် ထင်ကျော်ဦးက ကားခထုတ်ပေးလိုက်သည်။

စပါယ်ယာလေးက ခေါင်းခါရင်း. . .

'ကိုဦးက မယူရဘူးတဲ့၊ တမင်စနေတာပါ၊ ဪ. . . ဒါနဲ့ ဆရာလေးတို့ နှစ်ယောက်က သက္ကယ်မြောင်ရွာကိုသွားမလို့ဆို၊ မရောက်ဖူးသေးဘူးဆို ဟုတ်လား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'ဆရာလေးတို့ သက္ကယ်မြောင်ရွာက တည်ကြီးကုန်း၊ မဒိုင်း၊ သခွတ်ရင်း၊ ခါးဇက်ဆိုတဲ့ ငါးရွာစုထဲကပဲ၊ ပဲနောက်ချောင်းရိုး ဘေးမှာရှိလို့ ပဲနောက်ရိုးအုပ်စုလို့လဲခေါ်တယ်၊ တစ်ရွာနဲ့တစ်ရွာပတ်ပြီး ဆွေမျိုးတော်ကြတဲ့ ဆွေမျိုးစုရွာတွေပေါ့၊

နောက်ပြီးတော့ တစ်ရွာနဲ့တစ်ရွာ ဒါမှမဟုတ် တစ်အုပ်စုနှင့် တစ်အုပ်စု ဘာလုပ်ငန်းဖြစ်ဖြစ် ပြိုင်ရဆိုင်ရမှ စားဝင်အိပ်ပျော်တဲ့ ရွာစုတွေဗျား၊ အဲ. . . ဒါပေမယ့် ဘယ်လောက်ပဲ ပြိုင်ကြပါစေ စိတ်ဝမ်းကွဲတာ ရန်ဖြစ်တာမျိုး လုံဝမရှိဘူး၊ ဆွေမျိုးစုရွာချင်းတွေ ဖြစ်လို့လားတော့မသိဘူး၊ စည်းရုံးလိုက်တာလဲ လွန်နေတာပဲ၊ အထူးဆန်းဆုံးကတော့ စကားပြောရင် 'သ' နဲ့ 'တ'နဲ့ မကွဲဘူးဗျ'

'ဘယ်လို 'သ'နဲ့ 'တ'နဲ့ မကွဲတာလဲ'

'မကွဲဘူးဆိုတာက လွဲခေါ်တာဗျ၊ ဒီလိုဗျာ သေသောသူ သုသာန်သို့ သွားသည်ဆိုရင် သူတို့ရွာတွေက တေတောတူ တုတန်တို့တွားတည်လို့ ပြောရောဗျ ဟဲ ဟဲ'

ကျွန်တော်က နှာခေါင်းရှုံ့လိုက်ရင်း. . .

'မင်းကလည်း ဥပမာ ပေးစရာရှားလို့ကွာ၊ စောစောစီးစီး နမိတ်မရှိ နမာမရှိ'

http://www.linhtet.com/forum


'ဘွာတေးဗျာ. . . ဘွာတေး၊ ဆရာလေးတို့ တစ်ခါထဲ နားရှင်းသွားအောင် ပြောပြတာပါဗျာ ဟဲဟဲ'

ထင်ကျော်ဦးက ကျွန်တော့်ကို ပြုံးကြည့်လိုက်ရင်း. . .

'ဒါနဲ့ ဟောဒီလှေကြီးကို မဒိုင်းရွာအထိ သွားပို့ရမှာလား'

'လမ်းပေါက်အထိတင် ပို့ရမှာပါ၊ ဒီလှေလာယူတဲ့ လှည်းတွေ နဲ့သာလိုက်သွား၊ သက္ကယ်မြောင်ရွာ ဘေးနားအထိ ရောက်မယ်'

'လှေယူလာတဲ့ သူတွေကို ငါတို့မှမသိတာ သူတို့ကခေါ်ပါ့ မလား'

'တွေးပူရန်ကောဗျာ၊ အဲဒီလူတွေကို ကျွန်တော်တို့က သက္ကယ်မြောင်ရွာမှာ တာဝန်ကျတဲ့ ကျောင်းဆရာအသစ်တွေလို့သာ တစ်ခွန်းထဲပြောလိုက်၊ လှေဦးက အဲလေ လှည်းဦးက တင်မခေါ်ရင် ကျွန်တော့်ကို ကြိုက်သလိုပြော၊ ဆရာလေးကလဲ အဲဒီလူတွေ မဒိုင်းရွာက ဆိုပေမယ့် သက္ကယ်မြောင်ရွာက သူ့အမျိုးကြီးတွေကြီးပဲ၊ အဲဒီတော့ သူတို့တူတွေ၊ သားတွေ၊ မြေးတွေကို စာသင်အောင် လာတဲ့ဆရာပဲ၊ ဘယ်မခေါ်ဘဲ ရှိပါ့မလား၊ ကျွန်တော်က အဲဒီ မဒိုင်းဆည်ကြီးမှာ လုပ်အားပေးရင်း တစ်လလောက် နေဖူးခဲ့တော့ အဲဒီရွာတွေအကြောင်း အကုန်သိ'

'ဒါဆိုလဲ သိတာကို ပြောစမ်းပါဦး'

'ကျွန်တော် သိတာတွေသာ ပြောရရင်တော့ တစ်ထောင့်တစ်ညထက်သာသွားလိမ့်မယ်၊ အဓိကကတော့ သူတို့ရွာတွေက အလွန် ရိုးသားတယ်ဆိုတာထက်ကို ပိုပြီးရိုးသားသေးတယ်၊ သူခိုးဆို ကြားတောင် မကြားဖူးလို့ အိမ်မကြီးတွေရဲ့ ဝင်ပေါက်ထွက်ပေါက်မှာ တံခါးမရှိဘူး'

'ဘာကွ၊ တံခါးမကြီးတွေ မရှိဘူးပေါ့ ဟုတ်လား'

'အင်း. . . အဲဒါအပြင် တောထဲတောင်ထဲသွားရင် ပါလာတဲ့ ပစ္စည်း မသယ်နိုင်ရင် သစ်ပင်ကြီးကြီးတစ်ပင်ရဲ့ အောက်မှာချထားပြီး သစ်ပင်ကိုသာ ဓားနဲ့ထစ်သွား တွေ့တဲ့သူတွေက သစ်ပင်က ဓားရာကို ကြည့်ပြီး၊ အော်. . . ဒီပစ္စည်းက ပိုင်ရှင်ရှိပါလားဆိုပြီး လက်ဖျားနဲ့တောင် မတို့ဘူး'

'ကြားတောင် မကြားဖူးပါလား'





'အဲဒါ ထားဦး၊ ဆရာတို့သွားမယ့် ရွာနားက တောင်တွေပေါ်မှာနေတဲ့ ချင်းလူမျိုးတွေက ပိုပြီးတော့ရိုးသားတယ်၊ သူတို့က အိမ်လေး ငါး ခြောက်အိမ်ဆိုရင် တစ်ရွာတည်ပြီးနေကြတာ၊ စကားကိုလည်း တစ်ခွန်းထဲပြောတယ်'

'ဘယ်လို ဘယ်လို စကားကိုတစ်ခွန်းထဲပြောတယ် ဟုတ်လား'

'ဟုတ်ပ၊ နောက် ဆရာလေးတို့ကြုံရင် သူတို့ကို တစ်ခုခုခိုင်းကြည့် လုပ်ပေးမယ်လို့ပြောရင် လုပ်ကိုပေးမှာ၊ လုပ်မပေးဘူးလို့ ပြောရင် လုံးဝကို လုပ်မပေးဘူး၊

ဒီနေ့ လာခဲ့လို့ပြောရင် လမ်းမှာ ဆင်တို့၊ ကျားတို့နဲ့ တွေ့နေပါစေ၊ ဆင်တွေ၊ ကျားတွေကို ရှောင်လို့ရရင် ရှောင်၊ ရှောင်မရရင် သတ်ပြီး ရောက်အောင်လာမယ့်သူတွေဗျ၊ ညာတယ်ဆိုတာ ဘာလဲလို့ မေးရလောက်အောင် မှန်တဲ့စကားပြော၊ ပေးတဲ့ကတိ တည်တဲ့သူတွေ'

'မင်းဟာက ညွှန်းလှချည်လား'

'ဆရာလေးတို့ ကိုယ်တွေ့ကြုံရမှ ယုံပါလိမ့်မယ်၊ သူတို့တွေက နတ်ကိုးကွယ်တယ်၊ အဲဒါကို မလိုတဲ့သူတွေက စုန်းတတ်တယ်လို့ ပြောကြတယ်၊ ဘာလို့ဆို သူတို့ကျိန်ရင် ကျိန်တဲ့အတိုင်း ဖြစ်တာပဲ၊ ကျွန်တော့် အထင်ကတော့ သူတို့တွေက မှန်တဲ့စကားကိုပဲ ပြောတယ်၊ သစ္စာရှိတယ်၊ မုသာဝါဒကံ လုံတယ်၊

အဲဒါကြောင့် သူတို့ကျိန်တဲ့အတိုင်း ဖြစ်တယ်လို့ထင်တာပဲ၊ အဲ သစ္စာစူးတယ်လို့ ပြောမလားဘဲ၊ ဒါပေမယ့် သူတို့တွေက ရိုးသားကြတော့ လူတစ်ယောက်ကို ဒုက္ခဖြစ်မှာ၊ ဒုက္ခရောက်မှာ သိပ်ဆိုးတဲ့သူတွေပါ၊ သူတို့ကို နာကြည်းအောင်လုပ်မှသာ သူတို့က ပြန်လုပ်မှာ'

'မင်းပြောတာနဲ့ ကြောက်တောင်လာပြီ'

'မကြောက်ပါနဲ့ ဆရာလေးရယ်၊ သူတို့တွေက လူစိမ်း သူစိမ်းတွေကို ဘယ်လိုအကူအညီပေးရမလဲလို့ အမြဲတွေးနေတဲ့ သူတွေပါ၊ ဆရာ လေးတို့ သူတို့ကိုတွေ့ရင် 'ချင်း' လို့မခေါ်နဲ့နော်၊ သူတို့က မကြိုက်ဘူး'

'ဘာလို့ မကြိုက်တာလဲ'

http://www.linhtet.com/forum



'သူတို့ကို 'ချင်း' တွေလို့ ခေါ်တာ တမင်သက်သက် သွေးခွဲအောင်ခေါ်တာမို့ မကြိုက်တာ၊ သူတို့က တောင်ပေါ်မှာနေတယ်၊ အဲဒါကြောင့် တောင်ပေါ်သား၊ ကျွန်တော်တို့က တောင်အောက် မြေပြန့်မှာနေတယ်၊ အဲဒါကြောင့် မြေပြန့်သား၊ မြေပြန့်ရှိလို့ တောင်ရှိတာ၊ မြေပြန့်နဲ့ တောင်နဲ့က ခွဲလို့ မရဘူး၊ အဲဒီလိုပဲ 'တောင်ပေါ်သားနဲ့ မြေပြန့်သားဟာလည်း ခွဲခြားလို့မရဘူးတဲ့၊ အဲဒါကြောင့် သူတို့ကို တွေ့ခဲ့ရင်' တောင်ပေါ်သား၊ တောင်ပေါ်သူလို့ပဲခေါ်ပေါ့၊ အဲဒီမှာက တောင်ပေါ်မှာနေတဲ့ ချင်းလူမျိုးလည်း မရှိဘူး၊ တောင်အောက်မှာနေတဲ့ မြန်မာလူမျိုးလည်း မရှိဘူး၊ တောင်ပေါ်သားနဲ့ မြေပြန့်သားဆိုတဲ့ လူမျိုးတစ်မျိုး ပဲရှိတယ်၊ ကဲ ဆရာလေးရေ. . . ကျွန်တော် အောက်ဘက်ကိုဆင်းပြီးကားခ တောင်းလိုက်ဦးမယ်'

ပြောပြောဆိုဆို စပါယ်ယာလေးသည် လှေပေါ်မှ ကားပေါ်သို့ ဆင်းသွားသည်။

'အင်း. . . စပါယ်ယာလေး ပြောသလို ဟိုမှာ ဖြစ်ထွန်းနေတဲ့ တောင်ပေါ်သားနဲ့ မြေပြန့်သားဆိုတဲ့ လူမျိုးတစ်စု စိတ်ဓာတ်မျိုးသာ တို့တစ်နိုင်ငံလုံးမှာရှိခဲ့ရင် ငါတို့နိုင်ငံမှာ လူမျိုးစုကြီးရှစ်ခု မရှိတော့ဘဲ တောင်ပေါ်သားနဲ့ မြေပြန့်သားဆိုတဲ့ လူမျိုးစုကြီး တစ်ခုထဲပဲ ရှိတော့မယ်၊ အဲဒါဆို ကောင်းမှာပဲ'

ကျွန်တော်သည် ဘာမှပြန်မပြောဖြစ်တော့ဘဲ တဖြည်းဖြည်း ပေါ်လာသော အရုဏ်ဦး၏ အလင်းရောင်ခြည်တန်းကြီးကိုသာ ကြည့်နေမိတော့သည်။

ညနေသုံးနာရီလောက်တွင် ပုသိမ်-မုံရွာ ကားလမ်းမကြီး ဘေးရှိ လမ်းပေါက်ဆိုသည့်နေရာသို့ ရောက်လာသည်။

လမ်းပေါက်ဆိုသည့် နေရာတွင် ဇရပ်ကလေးတစ်ခုနှင့် ထမင်းဆိုင်လေး နှစ်ဆိုင်မှတစ်ပါး အခြားအဆောက်အအုံ တစ်ခုမှ မရှိပေ။

ထင်ကျော်ဦးသည် ကားပေါ်မှဆင်းလိုက်ပြီး လှေသယ်ဆောင်ရန်လာသည့် အဖွဲ့မှ လူကြီးတစ်ဦးထံသွား၍. . .

'ဦးလေး၊ ကျွန်တော်တို့နှစ်ယောက်က သတ္တယ်မြောင်ရွာမှာ





တာဝန်ကျတဲ့ ဆရာအသစ်တွေပါ၊ အဲဒါ မသွားတတ်လို့. . .'

ထိုလူသည် နောက်ဘက်သို့လှည့်ပြီး လူကြီးတစ်ဦးကို လှမ်းခေါ်ကာ. . .

'နီးမောင်ကြီး နီးမောင်ကြီး. . . ဒီက ဆရာထီးတွေက တက္ကယ်မြောင်ကိုသွားမယ့် ဆရာအတစ်တွေဗျ'

နီးမောင်ကြီးဆိုသော လူကြီးသည် ကျွန်တော်တို့နား အပြေးရောက်လာပြီး. . .

'ဝမ်းတာလိုက်တာဗျာ၊ ဟိုမှာ ဆရာမရှိလို့ ကလေးတွေ တချို့ တောင်ကျောင်းထွက်ဖို့ လုပ်နေကြပြီ၊ ကောင်းတယ် ကောင်းတယ် သူတို့ရွာက လည်း ဆရာထီးတွေပဲ လိုချင်ကြတာ'

ဆရာထီးဆိုသော စကားကြောင့် ကျွန်တော်တို့နှစ်ယောက် ပြုံးရမလို ငိုရမလို ဖြစ်သွားသည်။

ထိုလူကြီးက. . .

'ဆရာလေးတို့ လာမယ်ဆိုတာ တက္ကယ်မြောင်က မသိဘူး ထင်တယ်၊ ဒါကြောင့် လာမကြိုတာ၊ တိများတိလို့ကတော့ ရွာရှိလှည်းကုန် လာကြိုမှာ အသေအချာပဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့လှည်းနဲ့ လိုက်ခဲ့ပေါ့၊ အဲ လှည်းကလည်း တစ်စီးပဲပါလာတော့ လှည်းပေါ်ကို လှေတင် ပြီးရင် လှေပေါ်ကနေ ဆရာလေးတို့လှည်းကို မောင်းပြီး လိုက်ခဲ့ကြပေါ့။

ကျွန်တော်တို့က ဒီလမ်းဒီခရီး ခြေကျင်တွားနေကြမို့ လှည်းတစ်စီးထဲ ယူလာတာ၊ အားနာလိုက်တာ ဆရာထီးတို့ရယ်၊ တကယ် တကယ်'

အားတုံ့အားနာဖြစ်နေသော လူစုအား ထင်ကျော်ဦးက နှစ်သိမ့်စကားများ ပြောကြားလိုက်သည်။

'ရပါတယ် နီးမောင်ကြီးရယ်၊ ကျွန်တော်တို့ကတောင် ပြန်အားနာနေတာပါ'

ပြုံးရွှင်နေသော နီးမောင်ကြီးမှာ ပြုံတော့မည့်မိုးကဲ့သို့ မျက်နှာကြီးမည်းသွားသလို၊ ကျန်လူများမှာ ပြုံးစိစိဖြစ်ကုန်ကြသည်။

http://www.linhtet.com/forum



www.foreverspace.com.mm

နီးမောင်ကြီးက မျက်နှာကို ပြင်လိုက်ရင်း. . .

'ဆရာလေး၊ ကျုပ်နာမည် ကျော်ကစ်စိမ်း၊ နီးမောင်ကြီး မဟုတ်ဘူး၊ နီးမောင်ကြီးဆိုတာ တားမက်ကနေ ယောက္ခမအထီးကိုခေါ်တဲ့ စကားဗျ၊ ဟိုမကောင်က ကျုပ်တမီးယူထားတဲ့ကောင်၊ အဲဒါကြောင့် ကျုပ်ကို နီးမောင်ကြီး လို့ခေါ်တာ၊ ကျုပ်မှာ တမီးနှစ်ယောက် ကျန်တေးတယ်၊ အဲဒါ ဆရာလေး ကျုပ်ကို နီးမောင်ကြီးလို့တော့ မခေါ်ပါနဲ့'

ထင်ကျော်ဦး ပါးစပ်အဟောင်းသားဖြစ်သွားသည်၊ ကျွန်တော့်မှာလည်း ဘာလုပ်ရမှန်းပင် မသိတော့ပါ။

ထို့ကြောင့်. . .

'အားနာလိုက်တာ နီးမောင် အဲလေ ဦးကျော်ကစ်စိမ်းရယ် . . . မတိ အဲလေ မသိလို့ပါဗျာ ဘွာတေး ဘွာတေး'

ဦးကျော်ကစ်စိမ်း ခေါ် နီးမောင်ကြီးက ပြုံးရွှင်စွာဖြင့် ကျွန်တော်တို့အား ခွင့်လွှတ်ကြောင်း ပြောဆိုကာ ခရီးဆက်ခဲ့ကြလေတော့သည်။

ည ခုနစ်နာရီလောက်တွင်တော့ ကျွန်တော်နှင့် ထင်ကျော်ဦးတို့ တာဝန်ကျရာ သက္ကယ်မြောင်ရွာကလေးသို့ ရောက်ရှိလာခဲ့သည်။

သက္ကယ်မြောင် ရွာကလေးကတော့ လရောင်အောက်တွင် အိပ်မောကျ နေပုံရသည်။ မှောင်မည်း တိတ်ဆိတ်နေသည်။

ရွာပြင်စည်းရိုးနားတွင်တော့ ကျွန်တော်တို့၏ ဘူမိနက်သန် မူလတန်းကျောင်းကလေးက ကာတွန်းဦးအောင်ရှိန်၏ ဇာတ်လိုက် ကျော်များဖြစ်သည့် ဦးရှုံစားနှင့် ဦးဒိန်းဒေါင် ဇာတ်ကောင်နှစ်ဦးအနက် ဦးဒိန်းဒေါင်၏ ဘိုကေဆံပင် တစ်ခြမ်းအနက် တစ်ခြမ်းအဖြူ ကဲ့သို့ သွပ်မိုးတစ်ဝက် သက်ကယ်တစ်ခြမ်းဖြင့် တင့်တယ်စွာရှိနေသလို၊ ပေါက်ပြဲ နေသော ဝါးထရံနှင့် ဖျဉ်ထရံများကလည်း ဦးရှုံစား၏ ပုဆိုးကွက်ကဲ့သို့ပင် ဖြစ်ပါသည်။

ရွာတံခါးနားရောက်သောအခါ နီးမောင်ကြီးခေါ် ဦးကျော်ကစ်စိမ်း က ရွာတစ်ခါးနားကပ်သွားပြီး . .

'ဟေ့. . . တက္ကယ်မြောင်ကင်းသမားတွေ. . . မင်းတို့ကျောင်း





အတွက် ဆရာ အတစ်တွေ ပါလာတယ်ဟေ့'

ရွာတံခါးနောက်ရှိ ခြေတံရှည်ကင်းတဲပေါ်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီးနောက်. . .

'ကေးကေး ဆရာတွေပါလာတယ် ဟုတ်လား၊ အထီးလား အမလား၊ ထမင်းရော စားပြီးကြပြီလားဗျ. . .'

'ဘယ်လိုလုပ်ပြီး ထမင်းစားခဲ့ရဦးမှာလဲ၊ ဒီမှာ ဆရာအထီး နှစ်ယောက်တောင် ပါလာတာဟ၊ တံခါးဖွင့်မှာဖွင့်စမ်းတယ်ပြီး အမေး အမြန်း ထူတဲ့ကောင်ပဲ'

ထင်ကျော်ဦးက ကျွန်တော့်အနား ကပ်လာပြီး၊ ရှုံ့မဲ့စွာဖြင့်. . .

'ဆရာများ အထီး အမ ခွဲရတယ်လို့ကွာ ဟို. . . ဦးကျော်ကစ်စိမ်း ကလဲ နီးမောင်ကြီးဖြစ်လိုက် ကေးကေးဖြစ်လိုက်နဲ့ ကေးကေးဆိုတာ ဘာလဲ'

ကျွန်တော်လဲ ဦးကျော်ကစ်စိမ်းဘက်လှည့်၍. . .

'ဦးကျော်ကစ်စိမ်း ရှိင်းတယ်လို့တော့ မထင်ပါနဲ့ ကေးကေးဆိုတာ ဘာကိုခေါ်တာလဲ'

'အဲဒီကင်းတဲ အပေါ်ကကောင်က ကျုပ်အစ်မရဲ့သားဗျ၊ ကျုပ်က တူဦးလေး၊ အဲဒါကြောင့် ကေးကေးလို့ခေါ်တာ၊ မြို့မှာ ကိုယ့်ဦးလေးကို ချစ်စနိုးနဲ့ လေးလေးလို့ ခေါ်တာလိုပေါ့ဗျာ'

ထိုအချိန်တွင် 'တကျွိကျွိ'ဖြင့် တံခါးကြီး အထက်သို့ ပွင့်သွားသော အသံနှင့်အတူ ကင်းတဲပေါ်မှ အော်ဟစ်လိုက်သော အသံကြီးကလဲ ရခိုင်ရိုးမ တောင်တန်းများကို ပဲ့တင်ဟပ်သွားလေတော့သည်။

'ဟေး. . . တို့ရွာအတွက် ဆရာအထီးနှစ်ယောက်တောင် ပါလာ တယ်ဟေ့၊ ထမင်းကျန် ဟင်းကျန်ရှိရင် ယူခဲ့ကြပါဟ'

ကျွန်တော်တို့နှစ်ယောက် မျက်လုံးပြူးသွားစဉ် တစ်ရွာလုံး လှုပ်နိုး လိုက်သလိုဖြစ်သွားကာ မှောင်မဲနေသော အိမ်ကလေးများမှာ ဖယောင်း တိုင်၊ မီးခွက်များ ထွန်းလိုက်ကြသဖြင့် လင်းလက်လာလေတော့သည်။ ဟိုမှသည်မှ လူများလည်း ဇလုံများ၊ ချိုင့်များ၊ ခွက်များကိုင်၍ အလျှိုလျှို ထွက်လာကြသည်။

http://www.linhtet.com/forum



ကျွန်တော်တို့မှာတော့ အံ့ဩမှင်တက်နေမိသည်။ ရွာထိပ်နားရှိ နှစ်ထပ်သုံးပင် အိမ်ကြီးနားသို့ ရောက်သောအခါ. . .

'ကဲ. . . ဆရာလေးရေ့ ဒါဆရာလေးတို့ နေရမယ့်အိမ်ပဲ တက်ကြဗျာ၊ ဒီရွာဥက္ကဋ္ဌ မောင်ဖြူးလာပါလိမ့်မယ်၊ ဒီအပေါ်ကပဲ စောင့်ပေါ့၊ ကျုပ်တို့လဲ ခရီးဆက်ရဦးမယ်'

ပြောပြောဆိုဆို ဦးကျောက်စိမ်း ထွက်သွားသဖြင့် ကျွန်တော်တို့လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ယောင်အအ ဖြစ်နေသည်။

ကင်းတဲပေါ်မှ ကာလသားများ ကျွန်တော်တို့အနား ပြေးလား ပြီး. . .

'နေဦး ဆရာလေး ဖုန်ခါလိုက်ဦးမယ်'

ပြောပြောဆိုဆို အိမ်ပေါ်တက်၍ တံခါးများဖွင့်ကာ 'တဖုန်းဖုန်း တဒိုင်းဒိုင်း' အသံမျိုးစုံ ထွက်ပေါ်နေစဉ်၊ ကာလသမီးများ ရောက်လာပြီး စောင်များ၊ ခေါင်းအုံးများ၊ သင်ဖြူးဖျာများ ယူလာပြီး ခင်းပေးနေကြ ပြန်သည်။

ထိုစဉ် သက္ကယ်မြောင်ရွာ ဥက္ကဋ္ဌ ဦးလေးဖြူးရောက်ရှိလာ ပြီး. . .

'ကျုပ်ကတော့ ဒီရွာဥက္ကဋ္ဌ မောင်ဖြူးပါ၊ ဒီကဆရာနှစ်ယောက် က ကျုပ်တို့ရွာမှာ တာဝန်ကျတာလား၊ လာလာ တက်ကြ တက်ကြ'

ကျွန်တော်တို့လည်း ခေါင်းညိတ်ပြလိုက်ပြီး အိမ်ပေါ်သို့တက်ကာ နောက်နားတွင် ကုတ်ကုတ်ကလေး ထိုင်မည်ပြုစဉ်။

'ဟာ. . . ဆရာတွေက ဘယ်နှယ့် နောက်နားထိုင်နေတာလဲ သွား သွား ခေါင်းရင်းခန်းသွားပြီး ထိုင်'

'နေပါစေ ရ ရပါတယ်. . .'

'ဘာလို့ရရမှာလဲ ခေါင်းရင်းမှာတာ ထိုင်စမ်းပါ'

မငြင်းရဲသဖြင့် ကျွန်တော်တို့လည်း ခေါင်းရင်းတွင်ထိုင်လိုက် ရသည်။ ကာလသားများနှင့် ကာလသမီးများကလည်း ရွာသူရွာသား အပေါင်း ယူလာသော ထမင်းဟင်းများကို စားပွဲခုံပေါ်တွင်စုပုံ တင်ပေးရာ ခွက်ပေါင်းမှာလည်း မနည်းပေ၊ သုံးဆယ်ကျော်ခန့်တော့ အနည်းဆုံး ရှိပေလိမ့်မည်။

ကျွန်တော်တို့ရောက်ရှိနေသော အိမ်ကလေးမှာ ကျောင်း ဆရာများ





www.foreverspace.com.mm

နေထိုင်ရန်အတွက် ရွာမှဆောက်ပေးထားခြင်း ဖြစ်သည်။

သုံးပင်အိမ် နှစ်ထပ်ဖြစ်ပြီး သက္ကယ်မိုး ဝါးထရံကာထားသည့် အပြင် သူတို့ဒေသစကားဖြင့် 'ကျဖျဉ်း'ဟုခေါ်သော လသာဆောင် ကပြင်လေးပါ လုပ်ပေးထားရသဖြင့် နေချင့်စဖွယ် ဖြစ်ပါသည်။

ဘုရားစင်အောက်တွင် ဗီရိုတစ်လုံး သော့ခတ်ထားပြီး ထိုအထဲ တွင် ကျောင်းနှင့်ပက်သက်သော စာရွက်စာတမ်းများ ထည့်ထားသည်ဟု သိရသည်။

အိမ်အပေါ်ထပ်တွင်ပင် မီးဖိုတစ်ခုလုပ်ပေးထားပြီး ထမင်းစားပွဲ အဝိုင်းတစ်ခုနှင့် ကြောင်အိမ် အသေးစားကလေးတစ်ခုပါ ထားရှိပေး သည်ကို တွေ့ရှိရသည်။

အားလုံး အဆင့်သင့်ဖြစ်၍ ကျွန်တော်တို့နှစ်ယောက် ထမင်းစား ကြမည်ပြုစဉ် ရွာတံခါးမှ ခွေးတစ်အုပ်၏ အူသံဟောင်သံ ဆူညံစွာဖြင့် လူသံပါရော၍ ထွက်ပေါ်လာသည်။

ဥက္ကဋ္ဌဦးလေးဖြူးက အိမ်ပေါ်မှနေ၍ ဓာတ်မီးဖြင့်ထိုးကာ ကြည့်လိုက် သည်။

'အတော်ပဲဗျို့ သခွတ်ရင်းရွာက ကျောင်းဆရာမောင်ဘကြည် နဲ့ ခါးဇက်ရွာက ကျောင်းဆရာလေး ခင်မောင်ဝင်းတို့အဖွဲ့ပဲ ဘယ်လို သတင်းရပြီး၊ လာကြပါလိမ့်။

မကြာပါချေ. . .

အိမ်ပေါ်သို့ ထိုကျောင်းဆရာ နှစ်ယောက် တက်လာပြီး. . .

'ဟား. . . အတော်ပဲ၊ ထမင်းဝိုင်းကြီး အဆင့်သင့်နဲ့ ဝင်တွယ်ရဦး မယ်'

'စားစမ်းပါဗျာ၊ ဆရာတို့နှစ်ယောက်မပြောနဲ့. . .၊ ဆယ်ယောက် စားတောင်ကုန်မှာမဟုတ်ဘူး၊ ဒါနဲ့ဆရာတွေက ဘယ်လိုသတင်းရလာလဲ'

'ကျွန်တော်က ခင်မောင်ဝင်းနဲ့ချိန်းထားတာ၊ အခုည ယုန်လိုက် အောင်လို့ အဲဒါ သူနဲ့ ယုန်လိုက်ဖို့ အသွား၊ ထွေးလေး ကျောက်စိမ်းနဲ့ လမ်းမှာ တွေ့တာ၊ သူပြောလိုက်တာနဲ့ တန်းလာခဲ့တာပဲ၊

http://www.linhtet.com/forum


ကျုပ်တို့ ခွေးတွေတော့ ရွာတံခါးမှာ ကျန်နေခဲ့ပြီ၊ ပျောက်လို့ ကတော့ ဥက္ကဋ္ဌ အိမ်အောက်က ဝက်မကြီး အစားပြန်ယူမယ်'

'ဥက္ကဋ္ဌ ဦးလေးပြူးက တဟဲဟဲ ရယ်မောနေသည်'

'ညီလေးတို့ရေ. . . အစ်ကိုက သခွတ်ရင်းရွာက ကျောင်းဆရာ ဘကြည်၊ သူက ခါးဇက်ရွာက ကျောင်းဆရာ ခင်မောင်ဝင်းတဲ့၊ ညီလေးတို့ မလာခင်က အစ်ကိုနဲ့ သူနဲ့တစ်လှည့်စီလာပြီး စာသင်ပေးရတာ၊

ဥက္ကဋ္ဌရေ. . . တစ်လက်စထဲ အပ်လိုက်ပါမယ်၊ ဒီဆရာလေး နှစ်ယောက်က လူပျိုလူရွယ်တွေလဲဖြစ် အခုမှ ကျောင်းဆရာ စလုပ်ရတာ ကလဲ ဖြစ်တော့၊ ဒီဒေသနဲ့ အံမဝင် ခွင်မကျတဲ့အမှားအယွင်းများ ရှိခဲ့ရင် အပြစ်မမြင်ဘဲနဲ့ သည်းခံ ခွင့်လွှတ်ပါဗျာ'

ညကြီးမိုးချုပ် ခွေးများဖြင့် ထုန်လိုက်သွားကြမည့် ကျောင်းဆရာ နှစ်ဦးကို အံ့အားသင့်စွာ ငေးကြည့်နေမိသော ကျွန်တော့်တို့ကလည်း ဆရာ ဘကြည်၏ မိတ်ဆက်စကားကို ထောက်ခံရင်း. . .

'ဟုတ်ကဲ့ပါ ဥက္ကဋ္ဌရယ်၊ ကျွန်တော်တို့ အပြုအမူ အနေအထိုင် အပြောအဆို မှားတာရှိရင် ခွင့်လွှတ်ပါ၊ ဆုံးမပါခင်ဗျာ'

'လူငယ် တဘာဝဘဲ၊ အမှားအယွင်း လုပ်ခဲ့ရင်တောင် ကျုပ်တို့က ခွင့်လွှတ်ပြီးတားပါဗျာ၊ ဒီရွာက အရင်ကျောင်းဆရာလေး မျက်ကွယ်ပြု သွားကတည်းက ဟောဒီဆရာနှစ်ယောက်က တစ်ယောက်တစ်လဲ လာ သင်ပေးကြတာ၊

တစ်လကျော်တဲ့အထိ ဆရာအတစ်တွေပေါ်မလာလို့ အင်း. . . ငါတို့ဒေသက ငှက်ဖျားကလည်းထူ ခေါင်ကလဲခေါင်ဆိုတော့ ဘယ်တူမှ မလာ ချင်ကြဘူးနဲ့ တူတယ်ဆိုပြီး အားငယ်နေကြတာ၊ ဖြုန်းဆို ဆရာလေးတို့ နှစ်ယောက်က ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာတော့၊ လာမကြို ဖြစ်ခဲ့ တာ ခွင့်လွှတ်ပါဗျာ။

တိများ တိလို့ကတော့ ရွာရှိလှည်းကုန် လာကြိုမှာဗျ၊ အင်း. . . ကျုပ်တို့မှာလဲ အခုမှ ကိုယ့်ခြီထဲဝင်မှ ကိုယ့်နွားပဲဆိုပြီး တက်ပြင်းချနိုင်




www.foreverspace.com.mm

တော့တယ်'

ဦးလေးပြူး၏ နောက်ဆုံးဥပမာပေးစကားကြောင့် ကျွန်တော်နှင့် ထင်ကျော်ဦး ဝမ်းနည်းရမလိုလို ဝမ်းသာရမလိုလို ဖြစ်သွားသည်။ထို့နောက် ဦးလေးပြူးက ကျွန်တော်တို့ ကျောင်းဆရာလေးယောက်ကို ထမင်းစားဖို့ နှီးဆော်သဖြင့် စားပွဲဝိုင်းတွင် ထိုင်လိုက်ကြသည်။

ဟင်းခွက်များမှာ များလွန်းလှသဖြင့် မည်သည့်ခွက်ကို နှိုက်ရမှန်း ကျွန်တော်တို့ မသိဘဲဖြစ်နေစဉ် သခွတ်ရင်းဆရာ ဦးဘကြည်က. . .

'ဟဲ ဟဲ ဟင်းတွေများလို့ ဘယ်ဟင်းနှိုက်ရမှန်းမသိဘူး ဖြစ်နေ ကြသလား၊ ဟင်းခွက်တွေကို သေသေချာချာကြည့်လိုက်၊ ဧရတ်သီးထောင်း ရယ်၊ ချဉ်ပေါင်ဟင်းရယ်၊ ဝက်သားဟင်းရယ် သုံးမျိုးထဲနဲ့ ခွက်လေး၊ ငါးဆယ် ဖြစ်နေတာ'

ဟုတ်ပါသည်၊ သေသေချာချာ ကြည့်လိုက်တော့ ဆရာ ဦးဘကြည် ပြောသလို ဟင်းမယ်က သုံးမျိုးထဲပါ၊ ခါးဇက်ရွာမှ ဆရာ ခင်မောင်ဝင်းက ဝက်သားဟင်းကိုခပ်၍ ကျွန်တော်တို့ ပန်းကန်ထဲ ထည့်ပေးရင်း. . .

'ဒီနေ့ တစ်ရွာလုံး ဟင်းသုံးမျိုးပဲ ချက်စားရမယ်လို့ ဥက္ကဋ္ဌ ဦးလေးပြူး က အမိန့်ထုတ်ထားတယ်ဗျ၊ အဲဒါကြောင့်. . .'

ကျွန်တော်တို့ အံ့သြသွားစဉ် ခေါင်းရင်းခန်း၌ထိုင်ကာ ရေနွေး သောက်နေသော ဦးလေးပြူးက. . .

'မဟုတ်က ဟုတ်ကတွေ မပြောပါနဲ့ ဆရာခင်မောင်ဝင်းရယ်၊ တော်ကြာ ကျုပ်တို့ရွာက ဆရာလေးတွေ တကယ်ထင်သွားပါဦးမယ်'

'အမယ်. . . အခုမှ ဦးလေးပြူးက ကျုပ်တို့ရွာက ဆရာလေး တွေ ဘာတွေနဲ့ ကျွန်တော်တို့လည်း အရင်တုန်းက ခင်ဗျားတို့ရွာက ဆရာလေး တွေပါဗျ၊ ငါးစိမ်းမြင်လို့ ငါးကင်ပစ်မယ် မကြံနဲ့နော်၊ ဦးလေး ပြူးအိမ်အောက်က ဝက်မကြီး ဖမ်းသွားမယ်မှတ်'

'ငါးစိမ်းမြင်လို့ ငါးကင်မပစ်ရက်ပါဘူး ဆရာလေးတို့ရယ် ဆရာ လေးတို့တွေအားလုံးက ကျွန်တော်တို့ရွာရဲ့ ဆရာလေးတွေပါပဲ၊ ကျွန်တော့် မှာ

http://www.linhtet.com/forum


ဝမ်းသာလွန်းလို့ပါ။

ဒါနဲ့ ခုနက ဆရာလေးအမေးကို ဖြေရဦးမယ်၊ ဒီဒေသက ရွာတွေမှာက မြို့လိုဈေးမရှိဘူး၊ တစ်ခါတလေ ဝက်တို့အမဲတို့ကို တက်ရောင်းတဲ့သူရှိမှ ဝယ်စားကြရတာ၊ မနက်က ဒီရွာမှာ ဝက်ပေါ်တယ်၊ အဲဒါကြောင့် တစ်ရွာလုံး ဝယ်ပြီးချက်ကြတာ၊ အအီပြေအောင် ချဉ်ပေါင် ဟင်းနဲ့ အစပ်ကတော့ ငရုတ်ထောင်းပေါ့၊ ဆရာလေးက ရောက်ခါစဆို တော့ ဘယ်တီပ့်မလဲ၊ နောက်တော့တဖြည်းဖြည်း တီလာမှာပါ။

တစ်လက်စထဲ ဆရာတွေဆိုတုန်း ကျွန်တော်တို့ရွာက ကာလ သား၊ ကာလသမီးတွေကို အစ်ပါတယ်၊ အမြင်မတော်ရင်ဆုံးမပါ၊ နောက် ပြီးတော့ ဆရာတို့ကျောင်းဝိုင်းထဲက ထန်းပင်နှစ်ပင်ကို ကျောင်းလုပ်သား မောင်ပု တက်ပေးပါလိမ့်မယ်၊ ဆရာတို့ ယူကြပါ၊ တွားစရာလာစရာ ရှိရင်လဲ တွေ့တဲ့ လှည်းကိုယူ တွေ့တဲ့နွားကို တက်မောင်းတွားပေတော့၊

ရောက်ခါစမှာ ရွာရဲ့ဓလေ့အတိုင်း ရွာထဲက အိမ်တွေနဲ့ ရင်းနှီး သွားအောင် တစ်နေ့တစ်အိမ် ထမင်းဟင်းချက်ကျွေးလိမ့်မယ်၊ အဲဒါ ကိုပဲစား ကြပါ။

ကာလတားတွေ တူတို့ငွေနဲ့ စုဝယ်ထားတဲ့ အိုးခွက်ပန်းကန် အားလုံး ကိုလည်း ဒီကိုပို့ခိုင်းလိုက်မယ်၊ ကဲ. . . ဆရာတွေ စားတာစား၊ စားပြီးရင် ဒီအတိုင်းထားပစ်ခဲ့ တူတို့ဟာတူတို့ မနက်ကျရင် လာတိမ်းတွား လိမ့်မယ်၊ ကျုပ်ကို ခွင့်ပြုပါဦး၊ မနက်စောစော တွားစရာရှိလို့ ပြန်ဦးမယ် ဗျာ’

ဥက္ကဋ္ဌဦးလေးပြုံး ပြန်သွားပြီးနောက် ကျွန်တော်တို့ ကျောင်းဆရာ တစ်စု စကားလက်ဆုံကျနေကြရာ ဆယ်နာရီခွဲလောက်မှ ဆရာ ဦးဘ ကြည်နှင့် ဆရာခင်မောင်ဝင်းတို့ ပြန်သွားသဖြင့် ကျွန်တော်တို့လည်း ကျောဆန့်ခွင့် ရလေတော့သည်။





www.foreverspace.com.mm

(၃)

ပင်ပင်ပန်းပန်းဖြင့် ခရီးသွားခဲ့ရသဖြင့် နှစ်နှစ်မြိုက်မြိုက် အိပ်ပျော် နေသော ကျွန်တော်သည် အိမ်ရှေ့မှ ဆရာလေး ဆရာလေးဟု ခေါ်နေ သံကြောင့်နိုးလာပြီး စောင်ကိုခြုံ၍ပြန်ကွေးကာ ဆက်အိပ်မည်ဟု ပြင် လိုက်စဉ် သတိရသွားပြီး. . .

‘ဒါ. . . ဒါ ငါတို့ကို ခေါ်နေတာပဲ၊ ဟုတ်သားပဲ ငါတို့က ကျောင်း ဆရာတွေပဲ မေ့နေလိုက်တာ’

ဟုတွေးမိကာ လူးလဲထရင်း ‘ဗျာ’ ဟုထူးလိုက်ရသည်။

အိမ်ရှေ့မှ လူစိမ်းက. . .

‘ဆရာလေးရယ် အားတော့နာပါရဲ့၊ ကျုပ်လည်း တောထဲကို တွား စရာရှိလို့ ပန်းကန်လာယူတာ’

‘ဪ. . . ဟုတ်လား၊ လာ လာ အိမ်ပေါ်လာယူလေ’

ထိုလူက အိမ်ပေါ်တက်လာပြီး ဓာတ်မီးဖြင့်ထိုး၍ သူ့ပန်းကန်ကို ရှာယူပြီး ပြန်ဆင်းသွားစဉ် ထင်ကျော်ဦးလည်း နိုးလာပြီး. . .

‘ဘယ်နှနာရီထိုးပြီလဲ၊ မိုးတော့ မလင်းသေးဘူး’

ကျွန်တော်က လက်မှနာရီကို လရောင်ဖြင့် ကြည့်လိုက်ပြီး. . .

‘လေးနာရီတောင် မထိုးသေးဘူး၊ ဆယ်မိနစ် လိုသေးတယ်၊ ကျောင်း က မနက်ရှစ်နာရီမှတက်ရမှာ ငါတော့ ပြန်နှပ်လိုက်ဦးမယ်’

http://www.linhtet.com/forum



ကျွန်တော်သည် စောင်ကိုခြုံ၍ ကွေးလိုက်ပြီး အိပ်ရန် ပြင်စဉ်. . .

'ဆရာလေး နိုးပြီလားဗျ'

'အဲ. . . အင်း. . . နိုးပြီ'

'ဇလုံ လာယူတာ'

'ယူပါ ယူပါ'

လူတစ်ယောက်တက်လာပြီး သူ့ဇလုံကို ဓာတ်မီးဖြင့် ထိုးရှာ၍ ယူကာ အိမ်ပေါ်မှဆင်းမည်ပြုစဉ်. . .

'ဟဲ့. . . တောင်ကျော်၊ ငါ့ထမင်းအုပ်ကလေးပါ ယူခဲ့ပါဟဲ့'

ဟု အောက်မှမိန်းမကြီးတစ်ယောက်၏ အသံပေါ်လာသဖြင့် ဇလုံယူသော သူလည်း တချွတ်ချွတ်ဖြင့် အိမ်ထဲသို့ပြန်ဝင်လာကာ ထမင်းအုပ်ကို ယူပြီး ပြန်ဆင်းသွားသည်။

ကျွန်တော်သည် အသံတိုးတိုးဖြင့် ထင်ကျော်ဦးအား. . .

'ဒီလောက် အစောကြီး တောထဲကို ဘာသွားလုပ်မှာလဲ'

'မင်းနဲ့ငါ အတူတူ ဒီကိုရောက်တာပဲ၊ ငါလည်း ဘယ်သိပ့်မလဲ၊ မနက်ကျမှ မေးကြည့်တာပေါ့၊ ငါတော့ ပြန်အိပ်လိုက်ဦးမယ်'

ထင်ကျော်ဦး၏ စကားမဆုံးခင်ပင်. . .

'ဆရာလေး ဆရာလေး. . . အမေကြီးက တူ့ချိုင့်ပြန်ယူခိုင်းလို့'

'အေး အေး၊ ယူ ယူ'

ဆယ့်လေးငါးနှစ်လောက်ရှိသည့် ကလေးတစ်ယောက် ဓာတ်မီး တဝင်းဝင်းဖြင့် အိမ်ပေါ်တက်လာပြီး သူ့ချိုင့်ကို ရှာနေစဉ် ကျွန်တော် က. . .

'ဟေ့ ကလေး မင်းတို့အမေကြီးလည်း တောထဲကို သွားမှာလား'

'ဟုတ်ကဲ့'

'ဘာလုပ်အောင် သွားမှာလဲ၊ ဘယ်အချိန် ပြန်လာမှာလဲ'

'တောင်ယာ လုပ်အောင် တွားမှာ၊ မိုးချုပ်မှ ပြန်လာမှာ'

ထိုကလေးက သူ့ချိုင့်ယူပြီးပြန်ဆင်းသွားစဉ် လူကြီး တစ်ယောက်က သူ့ဟင်းခွက်ပန်းကန်ကို လာရှာပြန်၏။





ထို့နောက် နောက်တစ်ယောက်၊ နောက်တစ်ယောက် ကျွန်တော်နှင့် ထင်ကျော်ဦးတို့ မျက်လုံးကြောင်၍ အိပ်မရတော့ပေ။ မနက် ငါးနာရီ ထိုးတော့မှ ဇလုံပန်းကန် ကိစ္စ ပြီးသွားသည်။

ပြန်အိပ်ရအောင်ကလည်း မျက်လုံးက ကြောင်နေသည်။ ထထိုင်ပြီး တစ်ခုခု လုပ်နေရအောင်ကလည်း မနက် ငါးနာရီထိုးပဲ ရှိသေး၍ လုပ်စရာ အလုပ်လည်းမရှိပါ။ ထို့ကြောင့် အိပ်ရာထဲ ပြန်လှဲ၍ မျက်လုံးကို ဇွတ်မှိတ်ထား လိုက်စဉ် လှေကားမှ တချွတ်ချွတ်မြည်သံကြောင့် ပြန်ထ လိုက်ပြီး ခေါင်းထောင် ကြည့်လိုက်ရာ ဆယ်နှစ်သားကလေးတစ်ယောက် လက်တစ်ဖက်တွင် မီးခွက်၊ ကျန်လက်တစ်ဖက်တွင် ဇလုံတစ်လုံးကိုင်၍ အိမ်ပေါ်တက်လာသဖြင့် ကျွန်တော်က. . .

'မင်းအိမ်က ဇလုံ၊ ပန်းကန်ယူခိုင်းလိုက်လို့လား၊ ဒီမှာ ဘာမှမရှိတော့ဘူး၊ အားလုံး အကုန်ယူသွားကြပြီ'

'မဟုတ်ဘူး၊ ဆရာလေးတို့ကို ကောက်ညှင်းပေါင်းလာပို့တာ၊ နောက်ပြီး ဒီနေ့မနက်စာရော ညစာရော ကျွန်တော်တို့အိမ်မှာ ချက်ထားတယ်၊ လာစားပါလို့ ဖိတ်ခိုင်းလို့'

ကောင်လေးက ပြောပြောဆိုဆို ကောက်ညှင်းပေါင်းဇလုံကို ကျွန်တော့်ရှေ့ချပေးပြီး မီးဖိုထဲသွားကာ မီးမွှေးရန်ပြင်နေသဖြင့် ကျွန်တော် က. . .

'ကျေးဇူးတင်ပါတယ်ကွာ၊ ဒါနဲ့ မင်းနာမည်ဘယ်သူလဲ ကျောင်း နေသေးလား'

'ကျွန်တော့်နာမည် ငကျော်၊ လေးတန်းရောက်ပြီ'

'မောင်ကျော်တဲ့လား၊ မင်းတို့လေးတန်းမှာ ကျောင်းသား ဘယ်နှ ယောက်ရှိလဲ'

'ကျွန်တော် တစ်ယောက်ပဲ ရှိတယ်'

ထင်ကျော်ဦးက ခေါင်းညိတ်လိုက်ရင်း ကောက်ညှင်းပေါင်းဇလုံ ကို ဖွင့်ကာကြည့်လိုက်သည်။

http://www.linhtet.com/forum



'ဟာ. . . ဟေ့ကောင် ဒီမှာကြည့်စမ်း ကောက်ညှင်းပေါင်းရယ်၊ နှမ်းထောင်းရယ်၊ ဟောဒီမှာ ဘာဟင်းလဲမသိဘူး၊ ကြက်သား ဟင်းထင်တယ် ဆီလည်းမပါဘူး၊ အရည်သောက်ဟင်းကြီးပါလား၊ မောင်ကျော် ဒီဟင်းက ဘာဟင်းလဲ ဘယ်လိုစားရတာလဲ'

'ကြက်သားကို နုပ်နုပ်စဉ်းပြီး ရေနဲ့ပြုတ်ချက်ထားတာ ထမင်း စားသလို စားရမှာလေ၊ ကောက်ညှင်းပေါင်းက ထမင်းအစားပေါ့၊ ဆရာလေးရေ ထင်းကုန်နေပြီ ထင်းစုခိုင်းဦး'

ထင်ကျော်ဦးက မျက်နှာမသစ်ဘဲ ကောက်ညှင်းပေါင်းနှင့် ကြက်သားဟင်းကို နှိုက်မြည်းရင်း. . .

'ဘယ်လို ထင်းစုခိုင်းရမှာလဲ'

'ကျောင်းသားတွေကို တစ်ယောက်ကို ထင်းတစ်စီးစီ လာပို့လို့ မှာလိုက်ပေါ့၊ အဲ. . . သေသေချာချာလဲမှာဦး၊ ထမင်းဟင်းချက်ဖို့က လက်မောင်းလောက်တုပ်တဲ့ တစ်တောင်ရှည်တဲ့ ထင်းက တုံးချောင်းနဲ့ မီးမွှေးဖို့ ဝါးယောင်းစကနှစ်ချောင်းပါတဲ့ ထင်းတစ်စီးလို့သာပြောလိုက် တူတို့ လာပို့လိမ့်မယ်'

'ငါတို့က ချက်စားမှာမှ မဟုတ်သေးတာ'

'ဆရာကလဲ လူနေတဲ့အိမ်မှန်ရင် မနက်ကိုမီးမွှေးထားရတယ်၊ အဲဒါမှ အိမ်ကျက်သရေရှိတယ်လို့ အမေကပြောတယ်၊ ဟောဗျာ. . . ရေနွေးအိုး တည်ဖို့ ရေနွေးအိုးလဲ မရှိပါလား၊ ကာလသားတွေကလည်း လာပို့ဖော်မရဘူး၊ နေဦးဆရာလေး ကျွန်တော် တွားယူလိုက်ဦးမယ်'

မောင်ကျော်တစ်ယောက် ပြေးထွက်သွားသည်။ ကျွန်တော်တို့ လည်း မျက်နှာသစ်၍ ကောက်ညှင်းပေါင်းတွယ်ကြလေသည်။

ထိုစဉ် မောင်ကျော်ရောက်လာပြီး လက်ဖက်ခြောက်ကျကျ ခတ် ထားသော ရေနွေးကြမ်းတစ်အိုးကို လာပေးသည်။

စားသောက်ပြီး၍ ခံတွင်းအချဉ်ပြေ ဆေးလိပ်သောက်ရင်း. . .

'ဘယ်နှနာရီ ထိုးပြီလဲဟ. . .'





ကျွန်တော်က နာရီကိုကြည့်လိုက်ရင်း. . .

'ဘာလဲ ကျောင်းတက်ဖို့လား၊ အခုမှ ခြောက်နာရီ ကျော်ရုံလေး ရှိသေးတယ်၊ ရှစ်နာရီမှ ကျောင်းတက်မယ်ကွာ စောပါသေးတယ်'

'စောတာကတော့ ဟုတ်ပါတယ်၊ ကျောင်းသွားရင် ဘာတွေယူ သွားမလဲ'

'မင်းကလဲ အ ပါကွာ၊ ငါတို့ငယ်ငယ်တုန်းက မူလတန်းကျောင်း သားဘဝကို ပြန်စဉ်းစားကြည့်စမ်း၊ တို့ဆရာမက အတန်းထဲဝင်လာရင် ဘာတွေယူလာသလဲ'

'တုတ် (ဒုတ်)'

'ဟာ. . . ခွေးကောင်'

'မဟုတ်ဘူးလား၊ အတန်းထဲမှာ ကမြင်းကြောအထဆုံး မင်းနဲ့ ငါ့ အတွက် စပါယ်ရှယ် ကျပ်ခိုးတင်ထားတဲ့ ကြက်ဥကြိမ်လေ'

ထင်ကျော်ဦးက တဟဲဟဲရယ်ရင်း. . .

'ဟဲ ဟဲ. . . ငါ့မျက်စိထဲမှာ ဒီကြိမ်တုတ်ကြီးကို မြင်ယောင်တုန်းပဲ၊ အဲဒါကြောင့် အခု ဒီရွာကကျောင်းသားတွေကို တုတ်မကိုင်ဘဲနဲ့ လိမ္မာ အောင် စာတတ်အောင် သင်ပြမယ်လို့ စိတ်ကူးထားပြီးသား၊ ငါတို့ စိတ်ညစ်ခဲ့ရသလို သူတို့စိတ်မညစ်စေရဘူး'

ကျွန်တော် ဝမ်းသာအားရ ထောက်ခံလိုက်ရင်း. . .

'ကြိုက်တယ် ငါလဲဆုံးဖြတ်ထားတာ တစ်ခုရှိတယ်၊ ကျောင်း စာကို ကျောင်းမှာပြီးအောင် သင်မယ်၊ အိမ်စာ ဘယ်တော့မှ မပေးဘူး၊ နို့မို့ဆို ငါတို့ ငယ်ငယ်က အိမ်စာမပြီးလို့ မလုပ်မိလို့ ကျောင်းရောက်ရင် ကြိမ်တုတ်စာ မိတော့မှာပဲဆိုတဲ့ အတွေးနဲ့ ကျောင်းမတက်ရအောင် ဗိုက်နာသလိုလို ခေါင်းကိုက်သလိုလိုနဲ့ မိဘတွေကို ညာခဲ့ရတာတွေ၊ ကျောင်းပြေးဖြစ်ခဲ့ကြတာ တွေ အဲဒါတွေကို ဒီကလေးတွေ မဖြစ်စေရဘူး'

ထင်ကျော်ဦးက ခေါင်းညိတ်လိုက်ပြီး. . .

'သင့်မြတ်တယ် အာစရိ ငါသဘောတူတယ်၊ ဒီတော့ ကျောင်း

http://www.linhtet.com/forum



သွားရင် မြေဖြူဘူးနဲ့ ကျောင်းစာအုပ်တွေပဲ ယူသွားမယ်'

စားနေသူမှ ကျွန်တော်တို့ နှစ်ယောက်ကို ငေးမောနေ သော မောင်ကျော်က ဝမ်းသာအားရကြီး ထလာကာ. . .

'ကောင်းတယ်ဆရာ၊ နောက်ပြီးတော့ စာကျက်ခိုင်းပြီးရင် စာမမေးနဲ့နော် ကျွန်တော့်မှာ အရင်ဆရာတုန်းကဆို ကျက်ခိုင်းတဲ့ စာမရလို့ အရိုက်ခံရတယ်'

'ဟေ'

ကျွန်တော်နှင့် ထင်ကျော်ဦး မျက်လုံးပြူးသွားသည်။ ထင်ကျော်ဦးက သူ့ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း. . .

'ဒါ. . . ဒါကတော့ဒီလိုရှိတယ် မောင်ကျော်ရဲ့ ဒီကိစ္စဟာ မဖြစ်နိုင်ဘူး ဘာလို့ဆို'

ထင်ကျော်ဦး၏ ရှင်းလင်းချက် မပြီးဆုံးခင်ပင် အိမ်ထဲသို့ ကလေးတစ်ယောက် ပြေးဝင်လာပြီး မောကြီးပန်းကြီးဖြင့်. . .

'ဆရာ ဆရာ ကျောင်းမှာ ရန်ဖြစ်လို့ ဖိုးနီတွားကျိုးသွားတာ ရဲပဒေါင်းခတ်လို့'

'ဟေ'

ဒုတိယမ္ပိ ကျွန်တော်နှင့် ထင်ကျော်ဦး မျက်လုံးပြူးသွားသည်။ ထင်ကျော်ဦးက အိမ်ပေါ်မှပြေးဆင်းသွားသဖြင့် ကျွန်တော်လည်း သူ့နောက်က ပြေးလိုက်သွားရာ ကျောင်းဝိုင်းထဲ ရောက်လာခဲ့သည်။

ကျောင်းဝိုင်းထဲတွင်တော့ မနက် မိုးမလင်းခင်ကပင် လာရောက်ဆော့ကစားနေပုံရသည့် 'ဘုစုခရု' ကျောင်းသားပေါင်း လေး၊ ငါးဆယ် အနက်တချို့မှာ ကျောင်းဘေးရှိ ပေနှစ်ဆယ်မြင့်သော သီးပင်ထိပ်ဖျားတွင် ဆော့ကစားနေသည်ကို ရင်ဖိုဖွယ်ရာ တွေ့လိုက်ရသလို တချို့ကလည်း ကျောင်းခြံစည်းရိုးကို ခွထိုင်ကာ မြင်းလုပ်ရင်း ခြံစည်းရိုးမှ ဝါးခြမ်းတို့ကို ဓားလုပ်၍ စစ်ခင်းနေကြသည်ကို တွေ့မြင်ရပြန်သည်။

ကျောင်းပြတင်းပေါက်မှ ခုန်ချသူကခုန်ချ၊ ကျောင်းတံခါးကြီးကို





တွယ်ကပ်ကုတ်တွယ်ရင်း တံခါးကြီးကိုဖွင့်လိုက်၊ ပိတ်လိုက်လုပ်ကာ တံခါးစီးသူကစီး၊ တချို့ တချို့ကလည်း မမြင်စဖူး အထူးထူးသော ကစားနည်းမျိုးစုံတို့ကို ပျော်ပျော်ကြီး ကစားနေကြသည်မှာလည်း မျောက်တို့ပျော်ရာ မြိုင်ဟေမာအတွင်းသို့ ရောက်ရှိသွားသကဲ့သို့ပင် ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများ၏ ဆန်းကျယ်သော ကစားနည်းများမှာ အန္တရယ်များသောကြောင့် စိုးရိမ်စိတ်ဖြင့် အော်ဟစ်ငေါက်ငန်း တားမြစ်လိုက်ပါက အလန့်တကြားဖြစ်ကာ လိမ့်ကျ၍ ကျိုးပဲ့ခြင်းသော် လည်းကောင်း၊ မျက်လုံးကို တုတ်ဖြင့် ထိုးမိခြင်း သော်လည်းကောင်း၊ အနာတရတစ်ခုခု ကေန်ဖြစ်တော့မည်ဟု တွေးမိသဖြင့် ကျွန်တော်တို့ ဆရာလက်သစ်နှစ်ယောက်မှာ သံဗုဒ္ဓေဂါထာတော်ကြီးကို စိတ်အတွင်းမှ ရွတ်ဖတ်ရင်း ကြွေဆယ်သော ခြေလှမ်းများဖြင့် တည်တည်ငြိမ်ငြိမ် တက်လာခဲ့ကြသည်။

ဖြစ်ညှစ်၍ တည်ငြိမ်ရင့်ကျက်သော အသွင်ကို ဆောင်ထားသည့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ယောက်၏ အသွင်သဏ္ဌာန်ကို မြင်သွား သော ကျောင်းသူကျောင်းသား အပေါင်းသည် ကစားခြင်းကိုရပ်တန့်၍ ကျောင်းပေါ်သို့ အပြေးအလွှားလာကြရင်း ပါးစပ်မှလည်း တစ်ပြိုင်တည်း. . .

'မင်္ဂလာပါ ဆရာကြီး. . .'

ဟူသော နှုတ်ဆက်သံကြီးက ကျွန်တော်တို့ နှစ်ဦးသား၏ ရင်ထဲအသည်းထဲ၌ ပြင်းထန်သော လျှော်ကြီးတစ်ခု လှုပ်သွားသလို ခံစားရကာ ကြက်သီးမွေးညင်းများပင် ထလာပါတော့သည်။

အားလုံးကို ကျွန်တော်တို့အနားသို့ လာရန်ခေါ်လိုက်ပြီး. . .

'ခုနက ရန်ဖြစ်ကြတာ ဘယ်သူတွေလဲ'

ကျွန်တော့်စကားသံ မဆုံးမီပင်. . .

'ဆရာ တူက ကျွန်မအရုပ်ကလေး ပြန်မပေးသေးဘူး'

'ဆရာတူရယ်၊ ကျွန်တော့် ကျောက်တံလေးကို ချိုးပစ်လိုက်တယ်'

'တူ့ကိုရိုက်ပါ ဆရာ၊ တူ ကျွန်တော့်ကို ဆဲတယ်'

'ဆရာ တူရယ် ကျွန်မခေါင်းကို ခေါက်တယ်'

http://www.linhtet.com/forum


'တူရယ် ကျွန်တော်မုန့်ကို လုစားသွားတယ် ဆရာ'

ဟူသောအသံမျိုးစုံသည် အယောက် ငါးဆယ်ခန့်လောက်သော ကျောင်းသား၊ ကျောင်းသူလေးများထံမှ အငိစိပွက်သကဲ့သို့ အလုအယက် ဆူညံစွာ ထွက်ပေါ်လာသဖြင့် ကျွန်တော်တို့မှာ နားများကိုပိတ်ရင်း. . .

'တော်. . . တိတ်'

ဟု ငယ်သံပါအောင်အော်ဟစ်လိုက်မှ ရပ်သွားသည်။ ထင်ကျော်ဦးက ကျောင်းသားများကို ကြည့်ရင်း. . .

'မင်းတို့အထဲက ဖိုးနီနဲ့ ရဲပဒေါင်း ထွက်ခဲ့စမ်း'

နှာရည်တရွဲရွဲဖြင့် ကြောင်ချေးရုပ် ကလေးတစ်ယောက် ထွက် လာပြီး ကြောင်တောင်တောင် ကြည့်နေသဖြင့်. . .

'မင်းနာမည် ဘယ်သူလဲ'

'ဖိုးနီ'

'ဟိုကောင် ရဲပဒေါင်းရော ဘယ်မလဲ'

အားလုံးငြိမ်နေကြသဖြင့် ကျွန်တော်ကလည်း. . .

'မင်းတို့အထဲက ရဲပဒေါင်းဆိုတာ ဘယ်သူလဲထွက်ခဲ့'

ကျောင်းသားအားလုံး တိတ်ဆိတ်နေစဉ် သက္ကယ်မြောင် အ-မ-က၏ တစ်ဦးတည်းသော လေးတန်းကျောင်းသား မောင်ကျော် က. . .

'ကျွန်တော်တို့ကျောင်းမှာ ရဲပဒေါင်းဆိုတဲ့နာမည်နဲ့ ကျောင်းသား တစ်ယောက်မှ မရှိဘူးဆရာရဲ့'

'ဟေ. . . ဒါဆိုရင် ဖိုးနီကို သွားကျိုးအောင် ခြေနဲ့ခတ်သွားတဲ့ ရဲပဒေါင်းဆိုတာ အပြင်က ကောင်လား'

မောင်ကျော်က ခေါင်းကုတ်ရင်း. . .

'ရဲပဒေါင်းဆိုတာ လူမဟုတ်ဘူး၊ ဟိုလေ. . . သွားကျိုးလို့ သွေး တွေ နီရဲထွက်လာတာ အဲဒါကိုပြောတာ ဆရာ၊ ဟိုဗျာ လက်ပန်ပင်ကြီး ပွင့်လို့ နီရဲနေရင်လဲ အဲ. . . ရဲပဒေါင်း ခတ်တယ်လို့ ပြောကြတာပဲ'

ပူပူနွေးနွေး ကျောင်းဆရာနှစ်ဦးမှာ ထိုအခါမှ သဘောပေါက်





သွားကြပြီး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။

'ဟဲ ဟဲ ငါက ရဲပဒေါင်းဆိုတာ တောင်ပေါ်သားတွေရဲ့ နာမည် မှတ်လို့ လက်စသတ်တော့ ရဲပဒေါင်းဆိုတာ ရဲရဲတောက်တို့ ရဲရဲနီတို့ကို သုံးတဲ့ စကားကိုကွ၊ ကဲ ကဲ ဖိုးနီ လာစမ်း၊ မင်းရဲ့ သွားကိုပြစမ်း'

ပါးစပ်နားထိ စီးကျလာသော နှာရည်များကို 'ရှုံ့' ခနဲ ရှုံ့သွင်း လိုက်ရင်း ဖိုးနီက သူ့အင်္ကျီ အိတ်ကပ်ထဲမှ သွားကျိုးလေးကို ထုတ်ပြ သဖြင့်. . .

'ဟာ ငါက မင်းပါးစပ်ကို ဟပြီး ကျိုးတဲ့သွားနေရာ ပြခိုင်းတာကွ၊ မင်းပါးစပ် ဟပြစမ်း'

ထင်ကျော်ဦးက ဖိုးနီပါးစပ်ထဲသို့ သေသေချာချာ ကြည့်ရင်း. . .

'ငယ်သွားလဲတာကွ ကျိုးတဲ့သွားအောက်မှာ အသစ်ပေါက်နေပြီ၊ ဒါပေမယ့် သွားကျိုးတယ်၊ သွေးထွက်တယ်ဆိုတော့ ဘယ်ကောင်းမလဲကွ နည်းနည်းတော့ ဆုံးမရမှာဘဲ၊ ကဲ ဖိုးနီ မင်းနဲ့ရန်ဖြစ်တာ ဘယ်သူလဲ မှန်မှန် ပြော'

'လပုတီးရယ်'

'လာခဲ့စမ်း. . . လပုတီး'

ဖိုးနီထက် အလုံးအထည်၊ အရပ်အမောင်းထွားကျိုင်းသော ကောင်လေးတစ်ယောက် ရှေ့ထွက်လာသဖြင့် ထင်ကျော်ဦးက ခေါင်း ခေါက်လိုက်ရင်း. . .

'မင်းက ဗလအားကိုးနဲ့ ဖိုးနီ သွားကို ကျိုးအောင်လုပ်ရသလား၊ ကဲ ဟာ'

'ဒေါက်'

'ဝါး' ခနဲ လပုတီးက အော်ငိုရင်း. . .

'ဖိုးနီ သွားက တူ့ဟာတူကျိုးတာ ဝါး ဝါး'

ကျွန်တော်လဲ အံ့အားသင့်သွားပြီး. . .

'ဟဲ့. . . ဖိုးနီ၊ လပုတီးပြောတာ ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ'

http://www.linhtet.com/forum



www.foreverspace.com.mm

ဖိုးနီက ခေါင်းညိတ်ပြရင်း. . .

'ကျွန်တော့်သွားလေးကနဲ့နေတာ လက်နဲ့ဆွဲကြည့်တော့ တူ့ အလိုလို ကျိုးပါလာပြီး တွေ့နည်းနည်းပဲထွက်တယ်၊ အဲတာ လပုတီးကို ပြတော့ တူက ငွေတွားနဲ့ တူတယ်ပြောလို့ ကျွန်တော်က လိုက်လုပ်တာ ချော်လဲပြီး ပါးစပ်က တွေးတွေ ပြန်ထွက်လာတာ'

ဖိုးနီ စကားအဆုံးတွင် ထင်ကျော်ဦးက ပြုံးဖြီးဖြီး မျက်နှာပေးဖြင့် ကျွန်တော့်ကို ကြည့်လိုက်ပြီး လပုတီး၏ ခေါင်းကိုပွတ်ကာ. . .

'ဖွ ဖွ မနာပါဘူး ဆရာက ဖြည်းဖြည်းလေးခေါက်တာပဲ၊ မင်းရဲ့ ခေါင်းက တော်တော်မာတာပဲ၊ ဦးဖွ. . . နာသေးလား. . .'

လပုတီးက ညစ်ပေနေသော သူ့အင်္ကျီဖြင့် မျက်ရည်များကို လှန်သုတ်လိုက်ရင်း ခေါင်းခါပြသည်။

ကျွန်တော်က သက်ပြင်းရှည်ကြီးကို ချရင်း. . .

'တော်ပါသေးရဲ့ကွာ၊ မင်းသာ ကြိမ်တုတ်ဆောင်ထားခဲ့ရင်တော့ ဟင်း ဟင်း၊ ကဲ ကဲ ကျောင်းသားတွေ ကိုယ့်နေရာ ကိုယ် သွားကြ၊ မောင်ကျော် ဆရာတို့အိမ် သွားပြီး ဗီရိုထဲက နာမည်ခေါ်တဲ့ စာရင်း စာအုပ်နဲ့ မြေဖြူဘူး သွားယူခဲ့ကွာ၊ တစ်ခါတည်း ကျောင်းတက်တော့မယ်'

ကျွန်တော့် စကားသံဆုံးသွားသည်နှင့်အတူ ကျောင်းသားများ လည်း ရုတ်ရုတ်သဲသဲဖြစ်သွားကာ တစ်စုံတစ်ခုကိုဝိုင်းလုရင်း၊ အော်ဟစ် ဆူညံရင်း လှေကားပေါက်တွင် ချိတ်ဆွဲထားသော ကားဘီးသံခွေကြီး အား တဒေါင်ဒေါင် မြည်အောင် လုယက် ခေါက်နေကြသဖြင့် ထင်ကျော်ဦးက ငယ်သံပါအောင် အော်ဟစ်တားလိုက်ရသည်။

'ဘာဖြစ်ကြတာလဲ၊ ငြိမ်ငြိမ်နေကြစမ်း၊ ဟိုကောင်တွေလာခဲ့'

အရောင်အဆင်း ကင်းမဲ့နေသောအင်္ကျီပေါ်တွင် ပုဆိုးကို စလွယ် သိုင်းထားသော ကောင်လေးတစ်ယောက်က ငိုယိုရင်း. . .

'ကျောင်းတက်ရင် တံချောင်းခေါက်ရမှာ ဆရာ၊ ဒီနေ့ ကျွန်တော် ခေါက်ရမယ့် အလှည့်၊ အဲဒါ တစ်တန်းကကောင်တွေက တူတို့ ခေါက်





မယ်ဆိုပြီး လုခေါက်ကြတာ၊ ကျွန်တော် မခေါက်ရသေးဘူး ဆရာ ဟီး ဟီး'

'အာခွဲ ပေးစမ်း အဲဒီသံချောင်း၊ နောက်ဆိုမှတ်ထား၊ ဘယ် ကျောင်းသားမှ မခေါက်ရဘူး၊ ဆရာတွေပဲ ခေါက်မယ်ကြားလား'

မောင်ကျော် ပြန်ရောက်လာသဖြင့် ကျောင်းသားမှတ်ပုံတင် 'က' စာရင်းစာအုပ်ကိုဖွင့်ကာ တစ်ယောက်ချင်း နာမည်ခေါ်လိုက်သည်။

သူငယ်တန်း ဖျက်ကွက်မရှိ၊ ပထမတန်း နှစ်ယောက်လို၊ ဒုတိယ တန်း တစ်ဝက်ပျက်၊ တတိယတန်း တစ်ယောက်ပဲလာသည်။ လေးတန်း ကတော့ လူစုံတက်စုံ တစ်ယောက်ရှိသည်။ စုစုပေါင်း စာရင်းက ငါးဆယ့် သုံးယောက်၊ ဖျက်ကွက်က သုံးဆယ်ကျော်၊ ထို့ကြောင့် ယနေ့ကျောင်း တက်သူ နှစ်ဆယ်ကျော်ပဲ ရှိရမည်။

ယခုတော့ ကျောင်းပေါ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း က ခုနစ်ဆယ်ကျော် ရှိနေသဖြင့် ကျွန်တော်နှင့် ထင်ကျော်ဦး ချာချာလည် သွား သည်။ မောင်ကျော်က အနားကပ်လာရင်း. . .

'ဒီရွာက လူကြီးတွေက မနက်လေးနာရီလောက်ဆို လယ်ထဲ ကိုင်းထဲ တွားပြီး အလုပ်လုပ်ကြရော၊ နည်းနည်းအရွယ်ရောက်လာပြီ ခိုင်းလို့ပြလို့ရမယ့် ကလေးကြီးတွေပါ ခေါ်သွားတာဆိုတော့၊ ရွာထဲမှာ တက်ကြီးရွယ်အိုတွေနဲ့ ကလေးငယ်ငယ်လေးတွေပဲ ကျန်နေခဲ့တာ၊ အဲ. . . တက်ကြီးရွယ်အိုတွေ ကလည်း ကိုယ့်အိမ်မှာ ချက်ဟယ် ပြုတ် ဟယ်နဲ့ အလုပ်ရှုပ်နေတော့ ကလေး ငယ်ငယ်လေးတွေ အားလုံးက ကျောင်းကိုလာပြီး ကစားနေကြတာ ဆရာရဲ့'

မောင်ကျော် ရှင်းပြမှ ကျွန်တော်တို့လည်း သဘောပေါက်သွား ကာ သက်ပြင်းရှည်ကြီးကို မြိုင်တူချလိုက်မိသည်။

ထင်ကျော်ဦးက. . .

'အင်း. . . ဒီရွာက လူကြီးတွေကလည်း မကောင်း ကျောင်းပို့ ဆိုတဲ့ ရှေးထုံးကို လက်တွေ့ကျင့်သုံးတာကိုး၊ အဲဒါကြောင့် ကျောင်းခေါ် ကြိမ် စာရင်းအရဆိုရင် တရားဝင်အပ်ထားတဲ့ ကျောင်းသားကျောင်းသူ တစ်ဝက် ကျော်ကျော်လောက်က ကျောင်းပျက်နေပြီး အရန်အင်အား အပြည့်က

http://www.linhtet.com/forum
www.foreverspace.com.mm



ကျောင်းတက်နေကြတာပဲ၊ ဟိုး . . . ထောင့်က ကလေးဆိုရင် အခါလည်ပဲ ရှိဦးမယ်၊ ယမ်းတောင် ကောင်းကောင်း လျှောက်တတ်ပုံ မရသေးဘူး'

'သူ့ဘေးနားမှာလည်း သူနဲ့ရွယ်တူ သုံးလေးယောက် ရှိသေးတယ်၊ အင်း . . . သက္ကယ်မြောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းလို့ မခေါ်ဘဲ အခြေခံပညာ မူလတန်းကြို မူလတန်းကျောင်းလို့ အမည် ပြောင်းရမလို ဖြစ်နေပြီဟေ့'

'အေးကွာ ကလေးငယ်လေးတွေကို ကျောင်းမပို့ပါနဲ့လို့ ပြောရင်လည်း သူတို့မိဘတွေက ကလေးတွေကို တောင်ယာထဲ ခေါ်သွားဖို့ပဲ ရှိမယ်၊ ဟိုမှာ ကလေးက တစ်ဖက်၊ အလုပ်ကလည်း တစ်ဖက်ဆိုတော့ တို့ကျောင်းကို ပို့ထားမှပဲ သူတို့ အဆင်ပြေမှာကိုးကွ'

'မတတ်နိုင်ဘူးပေါ့ကွာ၊ အရင် ဆရာတောင် တစ်ယောက်ထဲနဲ့ ဒီလိုကြီး သင်သွားနိုင်သေးတာပဲ တို့က နှစ်ယောက်တောင်မှ'

ထင်ကျော်ဦး၏ စကားမဆုံးခင်ပင် ကျောင်း၏ ထောင့်နားမှ ခွေးနက်ကြီးနှစ်ကောင်က ကြောင်ကြီးတစ်ကောင်ကို လိုက်ကိုက်ရာ၊ ကြောင်ကြီးကလည်း ပြန်ကုတ်သလို၊ ကျောင်းသားများကလည်း ဝရုန်းသုန်းကားဖြင့် ထိုအရေးအခင်းကို ဖြေရှင်းနေကြသဖြင့် ကျွန်တော်တို့ပါ ဝိုင်းဝန်းခြောက်လှန့်လိုက်မှ ကြောင်ကြီးသည် နံရံပေါ် ကုတ်တက်သွား ပြီး၊ ခွေးကြီးနှစ်ကောင်လည်း ကျောင်းအောက်ဆင်းသွားသည်။

ကျောင်းသားများက ဆူဆူညံညံဖြင့် ကျွန်တော်တို့အနားလာ ပြီး . . .

'ဆရာ ဆရာ . . . ဖိုးဝ က တူ့ဟာတူနေတာ တိုက်ကောင်းတို့က ရန်သွား စ တာဆရာ၊ တိုက်ကောင်းတို့ကို ရိုက်ပါ'

'မဟုတ်ဘူးဆရာ ဖိုးဝက တွားပြီး ရန်စတာဆရာ'

ထင်ကျော်ဦးက ငယ်သံပါအောင် အော်ဟစ်ထိန်းလိုက်ရင်း . . .

'အင်း သူတို့ပြဿနာ ရှင်းနေရတာနဲ့ စာသင်ချိန်တောင် ရှိမှာ မဟုတ်တော့ဘူး၊ ငါတော့ တုတ်ကိုင်မှဖြစ်တော့မယ်'

ထင်ကျော်ဦး စကားအဆုံးတွင် မောင်ကျော်က ကျောင်းခေါင် မိုး





တံစက်မြိတ်တွင်လိုးထားသော ကြက်ဥကြိမ်လုံးကို ယူလာပေးရင်း ထင်ကျော်ဦးအား ပြုံးစေ့ မျက်နှာပေးဖြင့် ကြည့်နေသဖြင့် ထင်ကျော်ဦးလည်း ရှက်ရှက်ဖြင့် ကြိမ်လုံးကိုယူလိုက်ပြီး စားပွဲအား 'တဖြန်းဖြန်း' မြည်အောင်ရိုက်လိုက်သည်။

'ကဲ . . . ပြဿနာရှာတဲ့ ဖိုးဝနဲ့ တိုက်ကောင်း ရှေ့ကိုလာခဲ့စမ်း'

ဝါးခနဲ တစ်ကျောင်းလုံးအော်ရယ်လိုက်ကြသဖြင့် ကျွန်တော်တို့လည်း ကြောင်သွားသည်။ မောင်ကျော်က ရယ်မောရင်း . . .

'ဖိုးဝဆိုတာက ဟို . . . ကြောင်ဝါကြီး၊ တိုက်ကောင်းဆိုတာက ဟိုမှာ ဟိုမှာ ကျောင်းပေါ် ပြန်တက်လာနေတဲ့ အမဲလိုက်ခွေးကြီးတွေ ဆရာရဲ့ ဟား ဟား ဟား'

ကျွန်တော်တို့လည်း ရောယောင်ရယ်မောနေစဉ်တွင် 'ဝါး' ခနဲ ငိုသံနှင့် အတူ သူငယ်တန်း၏နောက်ဆုံးတန်းမှ ကောင်လေး တစ် ယောက် ထလာပြီး . . .

'ချရာ ချရာ ပူစူးမရယ် အီးအီးတွေပါယို့ဗျို့'

ကျွန်တော်တို့ ကျောင်းဆရာ အသစ်စက်စက်နှင့် သက္ကယ်မြောင် ကျေးရွာ မူလတန်းကျောင်းကလေး၏ ပထမဦးဆုံးအကြိမ် တွေ့ဆုံ မိတ်ဆက်မှုကတော့ အလွန်တရာမှပင် အဆင်ပြေ ချောမွေ့လှပါသည်။

ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျွန်တော်တို့နှစ်ဦးသည် ပူစူးမ၏ အခင်းကြီးကိစ္စကို အောင်မြင်စွာ ရေဆေးမင်္ဂလာ ပြုလုပ်ပြီး နောက် ကျောင်းသားကျောင်းသူများကို လှည့်ပတ် စာသင်ပေးကြရသည် မှာ ယားလို့ပင် မကုတ်အားနိုင်ပါ။

ဆယ်နာရီထိုးတွင် ရွာဦးဘုန်းတော်ကြီးကျောင်းမှ 'နောင့် ဒိုင်း' ဟူသော 'ဗိန်း' ထုသံနှင့်အတူ ကျွန်တော်တို့ကျောင်းရှိ ကျောင်းသား တချို့မှာ ဘုန်းကြီးကျောင်းသားအဖြစ် ရွာတွင်းသို့ ဆွမ်းခံသွားရမည် ဖြစ်သဖြင့် ကျောင်းဆင်းပေးလိုက်ရသည်။

နေ့လယ်ဆယ့်နှစ်နာရီခွဲမှာ နေ့ခင်းပိုင်းကျောင်းပြန်တက်၍ ညနေ လေးနာရီခန့်တွင်တော့ သူငယ်တန်းနှင့် အရန်ကျောင်းသားများ ဆူဆူညံညံ

http://www.linhtet.com/forum


ဖြစ်လာပြီး. . .

'ဆရာကြီး ပူစူးမကို နေထိုးနေပြီ ကျောင်းဆင်းပါတော့. . .'

ဟူ၍ ထပ်ကာတလဲလဲ အော်နေကြသဖြင့် ကျွန်တော်တို့ ကျောင်း၏ အနောက်ဆုံးကလေးမဖြစ်သည့် ပူစူးမကို လှည့်ကြည့်လိုက် မိသည်။

ဟုတ်ပါသည် ခုံပေါ်တွင် ခေါင်းတင်၍ သွားရည်တရွဲရွဲဖြင့် အိပ်ပျော်နေသော ပူစူးမ၏ ပါးပေါ်သို့ 'ဆလိုက်မီး'ထိုးသကဲ့သို့ နေရောင်ခြည် ကလေးက ကျောင်း၏နောက်ဘက် နံရံအပေါက်ထဲမှ ထွက်ပေါ်၍ ပူစူးမကို ထိုးနေသည်။

လက်မှနာရီကို ကြည့်လိုက်တော့ လေးနာရီကျော်ပင် ရှိပေပြီ။

ပူစူးမသည် ထိုနေရာတွင် အမြဲတမ်းနေ၍ ထိုအချိန်တိုင်း အိပ်ပေလိမ့်မည်။

ထို့အတူ ကျောင်း၏အနောက်ဘက် နံရံအပေါက်ကလေးမှ နေရောင်ခြည်သည်လည်း ထိုအချိန်တွင် ပူစူးမကိုထိုးလိမ့်မည်။

ပူစူးမကိုနေထိုးချိန်နှင့် ကျောင်းဆင်းချိန်တို့၏ ဆက်စပ်မှုကို သူငယ်တန်းနှင့်တစ်တန်းကျောင်းသားများ ကောင်းစွာသိရှိထားပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ယောက်အား ကျောင်းဆင်းရန် သတိပေးခြင်း ဖြစ်ပေသည်။

'ဩော်. . . ပူစူးမကို နေထိုးချိန်က ကျောင်းဆင်းချိန်ပါတကား'




www.foreverspace.com.mm

## (၅)

ကျောင်းသားလေး၊ ငါး၊ ခြောက်ဆယ်ကို ဆရာနှစ်ယောက်က သင်ကြားပြသရသောကြောင့် လွယ်ကူသက်သာလိမ့်မည်ဟု ထင်လျှင် မှားပါလိမ့်မည်။

ကျောင်းသားအားလုံးသာ အတန်းတစ်ခုတည်းဖြစ်ပါက စုပေါင်း၍ သင်ကြားပြသရလျှင် လွယ်ကူသက်သာမည်ဖြစ်သော်လည်း ယခုတော့ သူငယ်တန်းမှ လေးတန်းအထိ တန်းခွဲငါးခုအဖြစ် သင်ကြားပြသသောအခါ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦး အမောဆို့ ရလေတော့သည်။

ပထမတန်းကျောင်းသားများအား သချာအတွက်သော်လည်းကောင်း၊ မြန်မာစာ လက်ရေးလှသော်လည်းကောင်း၊ တစ်ခုခုကို အလုပ်ပေးခိုင်းထားပြီး ကျွန်တော်ကသုံးတန်းအား သင်ခန်းစာအသစ်ကို တစ်ပြိုင်ထဲ သင်ရသလို၊ ထင်ကျော်ဦးကလည်း လေးတန်းကျောင်းသား မောင်ကျော်ကို အင်္ဂလိပ်စာ မီးနင်းကျက်ခိုင်းထားပြီး၊ ဒုတိယတန်းအား သင်ခန်းစာအသစ်ကို သင်နေချိန်တွင်မတော့ သူငယ်တန်းနှင့် မူကြိုများကား ဈေးသိုးချည်တိုင်မှ လွတ်သကဲ့သို့ 'ဟဲ့'ဆိုမရ 'ဟင်း' ဆို့မရလောက်အောင်ဆူညံစွာဖြင့် 'အာဝါဒေး' ပွဲကြီး အမြဲကျင်းပကြသည်။

သူငယ်တန်းအား ဖတ်စာဖတ်ခိုင်း၍ဖြစ်စေ၊ လက်ရေးလှရေး ခိုင်း၍ဖြစ်စေ ကြိုက်တာခိုင်း သူတို့က အားကြိုးမာန်တက် လုပ်ပေလိမ့်မည်။

http://www.linhtet.com/forum



သို့သော်လည်း သူတို့အနားတွင် စောင့်ကြည့်မည့် ဆရာမရှိပါက ခဏအတွင်းမှပင် တစ်ခဲနက်သော 'အာဝါဒေး' ပွဲကြီးကို ဆင်နွှဲကြ ပြန်လိမ့်မည်။

ယခုလည်း ကျွန်တော်သည် တတိယတန်းအား စာသင်ရင်း 'ဈာန်'ဝင်လာသဖြင့် သင်လို့ပြလို့ ကောင်းနေချိန်တွင် သူငယ်တန်းကျောင်းသားများ၏ ဆူညံနေသံများကြောင့် ကျွန်တော် စိတ်တိုသွား သည်။

ထို့ကြောင့် ၄င်းတို့ကို တွယ်မည်ဟု ဆုံးဖြတ်လိုက်ပြီး. . .

'သူငယ်တန်းတွေ အကုန်လုံးငါ့ဆီလာခဲ့ကြစမ်း'

အားလုံး အလုအယက် ပြေးလာကြသည်။

'မင်းတို့ကို စာသင်ချိန်အတွင်းမှာ ဘာလုပ်ရမယ်လို့ ငါပြော ထားလဲ'

'စာကိုပဲ လုပ်ရပါမယ် ဆရာ'

'အေး၊ နောက်ပြီးတော့ စာသင်ချိန်မှာရော ကျောင်းပေါ်မှာပါ ဘာမလုပ်ရဘူးလို့ ငါပြောထားလဲ'

'မဆူရပါဘူးဆရာ၊ မကစားရပါဘူးဆရာ'

'အဲဒါကိုသိရဲ့သားနဲ့ အခုဆူညံနေအောင် ကစားကြတာဟာ မင်းတို့မှာ အပြစ်ရှိလား မရှိဘူးလား'

'ရှိပါတယ်ဆရာ'

'အပြစ်ရှိရင်တော့ အပြစ်ပေးရမှာပဲ၊ ဆရာတွေကတော့ မင်းတို့ တွေလိမ္မာအောင် စာတော်အောင်၊ မလုပ်သင့်တာတွေ မလုပ်မိအောင် သင်ကြားပြသနေတဲ့ကြားက မလိမ္မာဘဲ ပိုပိုပြီး မိုက်မိုက်လာကြတယ်၊ ဟင်း မင်းတို့ဟာလေ သံပရာသီးလိုပဲ ကြီးလေ ကြီးလေ၊ ဟော. . . ပြောရင်းဆိုရင်း ဟိုကောင် ကောက်ကွေး ဘယ်တို့ ငေးနေတာလဲ၊ ပြောစမ်း ငါဘာပြောနေလဲ'

နောက်ဆုံးတန်းမှ ဘေးသို့ ငေးနေသော မောင်ကောက်ကွေး က 'ငေါက်'ခနဲ ကျွန်တော့်ဘက်သို့ လှည့်ရင်း. . .

'ဆရာပြောတာ တံပရာတီးလို ကြီးလေ ကြီးလေပါဆရာ'

'ဟုတ်ပြီ၊ သံပရာသီးက ကြီးလေ ကြီးလေ ဘာဖြစ်လေလဲ ဆက်ပြော စမ်းပါဦး'





မောင်ကောက်ကွေးက လျှင်မြန်စွာဖြင့်. . .

'တံပရာတီးက ကြီးလေ ကြီးလေ အရည်ထွက်လေပါ ဆရာ'

ဒုတိယတန်းတွင် စာသင်နေသော ဆရာလေးထင်ကျော်ဦး ကမ်းယောက် မောင်ကောက်ကွေး၏ ဖြေဆိုသံကြားပြီး အော်ဟစ် ရယ်မောသလို သူငယ်တန်းများအား ထိုင်ထ အပြစ်ပေးမည်ဟု ကြံရွယ်ထားသော ကျွန်တော်ပင်လျှင် မနည်းကိုက္ကန္ဓြေဆည်ကာ စိတ်ကို တင်းထားလိုက်ရသည်။

ထိုအချိန်တွင် နေရာတကာ အတို့အထောင်လုပ် ချောက်တွန်း ရမှ စားဝင်အိပ်ပျော်သော တစ်မှတစ်ရာအထိ ကိန်းများကို မရေးတက်၊ မရေတွက်တတ်သဖြင့် ခေါင်းတွင် ချိုပေါက်အောင် အရိုက်အနှက် ခံရလေ့ရှိသော ပထမတန်း ကျောင်းသား မောင်စိုး ထလာပြီး. . .

'ဆရာတူတို့က ကျွန်တော်တို့ လက်ရေးလှရေးနေတဲ့ ကြောင် ကလေး ချွဲဝါပုံကိုကြည့်ပြီး ဘေးနားကစကားလာများနေလို့ စာရေးလို့ မရဘူး ဆရာ၊ တူငယ်တန်းတွေကို ရိုက်ပါ'

ကျွန်တော်က ဘာဆက်လုပ်ရမှန်းမသိ၍ ဆရာလေး ထင်ကျော်ဦး အား အကူအညီတောင်းသည့်အကြည့်ဖြင့် ကြည့်လိုက်ရာ ဆရာလေး ထင်ကျော်ဦးက ကျွန်တော်တို့အနားသို့လာစဉ်မှာတော့ သူငယ်တန်းနှင့် တစ်တန်းတို့ ဆူညံစွာ ငြင်းခုန်ပွဲကြီး စတင်ပြန်လေတော့သည်။

ဆရာလေးထင်ကျော်ဦးက လက်စွဲတော် ကြိမ်စကြာဖြင့် သင်ပုန်း ကြီးအား 'တဖြန်းဖြန်း' ရိုက်လိုက်ပြီး. . .

'ဘာဖြစ်ကြတာလဲ၊ ကဲ ကဲ မောင်စိုးပြောစမ်း'

မောင်စိုးက သူ၏ပထမတန်းဖတ်စာအုပ်ကို ယူလာပြီး ကျွန်တော် တို့အား ပြသည်။

မောင်စိုး၏ ပထမတန်းမြန်မာစာ ဖတ်စာအုပ်သည် ဟိုး. . . အရင် စနစ်ဟောင်းစာအုပ်ဖြစ်၍ ကြောင်ကလေးပူစီပုံနှင့် ရှေ့နားရှိ ပန်းကန်ထဲတွင် ခေါင်းနှင့်တစ်ဆက်တည်း ငါးရိုးပုံလေးပါ ပါသည်။

ယခု စနစ်သစ်စာအုပ်တွင်တော့ ကြောင်ကလေးချွဲဝါ ဟူသော

http://www.linhtet.com/forum



ခေါင်းစဉ်နှင့် ကြောင်ပုံလေးသာပါ၍ ပန်းကန်နှင့် ငါးရိုးပုံ မပါတော့ပါ။

မောင်စိုးက ပန်းကန်ထဲရှိ ငါးရိုးပုံကိုထောက်ပြရင်း. . .

'တူငယ်တန်းတွေက ဒီငါးပုံက ငါးရိုးပုံတဲ့ဆရာ၊ အမှန်က ငါး တစ်ယောက်ပုံ မဟုတ်လား'

ထိုစဉ် သူငယ်တန်းများက. . .

'ငါးရိုး. . . ငါးရိုး'

ဟုအော်ဟစ်ကြသည်။

ပထမတန်းကလဲ. . .

'ငါးတစ်ယောက်၊ ငါးတစ်ယောက်'

အော်ဟစ်ကြပြန်သည်။

ဆရာလေးထင်ကျော်ဦး၏ ကြိမ်လုံးနှင့် သင်ပုန်း မိတ်ဆက် သွားပြီးနောက် ဆရာလေးက. . .

'ဘာငါးဖြစ်ဖြစ်ကွာ၊ ကြောင်ကြိုက်ရင် ပြီးတာပဲ၊ မင်းတို့ ရှည်ကို ရှည်တယ်'

လူတတ်ကြီးမောင်စိုးက လက်ပိုက်ရင်း. . .

'ငါးတစ်ယောက်နဲ့ ငါးရိုး ဘယ်ငါးကို လူတွေက ကြော်စားပြီး၊ ဘယ်ငါးကို ချက်စားကြတလဲ ဆရာ၊ ကျွန်တော်တို့အိမ်မှာတော့ ငါး တစ်ယောက်ဆို ကြော်စားပြီး ငါးရိုးဆို ချက်စားတယ်ဆရာ'

မောင်စိုး၏မေးခွန်းကား သတိထားဖြေရမည့် မေးခွန်းပေတည်း။ အကယ်၍များ ငါးသလောက်ကို ကြော်စားသည်ဟု ဖြေလိုက်ပါက ပထမတန်းက အနိုင်ရရှိသွားမည်ဖြစ်ပြီး၊ ငါးရိုးကို ကြော်စားသည်ဟု ဖြေလိုက်ပါက သူငယ်တန်းက ဗိုလ်စွဲသွားပေလိမ့်မည်။

ထို့ကြောင့် ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် ပြဿနာပြေလည် သွားစေရန် ဆရာလေးထင်ကျော်ဦးက. . .

'တို့မြို့ကလူတွေကတော့ ငါးသလောက်ကိုရော၊ ငါးရိုးရော အားလုံးကို ကြော်လဲကြော်တယ်၊ ချက်လဲချက်တယ်၊ ကြိုက်သလို စားကြတယ်၊ အခု





ဒီပုံထဲက ငါးက ဝေလငါးကလွဲလို့ ငါးသလောက်ရော၊ ငါးရိုးရော ဘာငါး ဖြစ်ဖြစ်ရတယ်၊ အဓိကကတော့ ကြောင်ကလေး ပူစီတို့ ချွေဝါတို့ ကြိုက်ဖို့ပဲ အရေးကြီးတာ မဟုတ်လား'

အားလုံး ငြိမ်သွားပြီးနောက် မောင်ကောက်ကွေးက. . .

'ဘာပြုလို့ ဝေလငါး မဖြစ်နိုင်တာလဲ ဆရာ'

'ဟ. . . ဝေလငါးဆိုတာ ဟောဒီ မင်းတို့ကျောင်းကြီးလောက် ကြီးတာ ကြီးကွ၊ အဲဒီ ဝေလငါးဗိုက်ထဲမှာ မင်းတို့တွေ ဘောလုံးကန်လို့ ရတယ်၊ ညောင်ကွင်း (သားရေကွင်း) ပစ်လို့ရတယ်၊ ပေသီးထုလို့ ရတယ်၊ အဲဒီလောက် ကြီးတဲ့ငါးကို ကြော်ဖို့က လူ့ပြည်မှာ ဒယ်အိုးမရှိဘူး၊ ရေပြည်မှာပဲ ဒယ်အိုးကြီး ရှိတယ်၊ နောက်ပြီး အဲဒီလောက်ကြီးတဲ့ ငါးကြော်ကိုလဲ ကြောင်လေးက ကြိုက်ချင်မှ ကြိုက်မှာ အဲဒါကြောင့် ဝေလငါးကလွဲလို့ မင်းတို့ပြောတဲ့ ငါးတွေဖြစ်နိုင် တယ်၊ ဒါပဲ ကိုယ့်နေရာ ကိုယ်သွားကြ'

သူငယ်တန်းများ ကိုယ့်နေရာကိုယ်ပြန်သွားကြသည်၊ ကျွန်တော် လည်း 'ဈာန်' ပြန်သွင်းရင်း သုံးတန်းအား စာပြန်သင်ရန် ပြင်လိုက်စဉ် သူငယ်တန်းဘက်မှ အသံတစ်သံထွက်လာသည်။

'ဘယ်ရိုးက (ဘယ်လိုမှ လုံးဝမဖြစ်နိုင် ဟူသောဒေသသုံး စကား) ဟယ် ငါးများ အလွန်ဆုံးရှိ ငါ့ပေါင်လောက်ပေါ့၊ အခုတော့ တို့ကျောင်း လောက်ရှိတယ်တဲ့ ဟား. . . ဟား'

ထိုအသံအဆုံးတွင် ပထမတန်းကျောင်းသား မောင်စိုးက လဲ. . .

'ဟုတ်ပါ့ဟယ် ငါ့ကေးကေး မဒိုင်းဆည်ထဲက မိခဲ့တဲ့ တစ်ပိတာ ငါးကြင်းကြီးတောင်မှ ငါ့ရဲ့ပေါင်နီးနီးပဲကြီးတာ၊ ကျောင်း လောက်ကြီးတဲ့ ငါးတဲ့ ဟား ဟား ဟား'

ဒုတိယတန်း စာသင်ရန်အတွက် သွားရန် ခြေလှမ်းပြင်လိုက် သော ဆရာလေးထင်ကျော်ဦး၏ ခြေလှမ်းတို့ခန့် ရပ်သွားပြီး ကြောင်နေ သည်။

ကျွန်တော်က ထင်ကျော်ဦးကို ပြုံးပြလိုက်ရင်း. . .

'ခါးလောက်နက်ပြီး ဆယ်ပေလောက် ကျယ်တဲ့ချောင်းထဲက ငါးကိုပဲ

http://www.linhtet.com/forum



မြင်ဖူးတဲ့ကလေးတွေကို မင်းက ပင်လယ်ထဲက ဝေလငါး အကြောင်းသွားပြောလိုက်တာကိုးကွ၊ အခုအချိန်မှာ ဝေလငါးအကြောင်း မင်းဘယ်လိုရှင်းပြ ရှင်းပြ သူတို့ယုံမှာမဟုတ်ဘူး၊ မနက်ဖြန် မှ သခွတ်ရင်း ရွာ ကျောင်းမှာရှိတဲ့ ဂျပန်ကပေးတဲ့ 'သုတရတနာသိုက်' ဆိုတဲ့ စာအုပ်ကို ငှားပြီး ရှင်းပြပေတော့ ဟေ့၊ အဲဒီအထဲမှာ ဝေလငါးပုံ အမျိုးမျိုးပါတယ်'

ထင်ကျော်ဦးက အီလည်လည် အပြုံးဖြင့် ကျွန်တော့်ကို ကြည့် ရင်း ခေါင်းညိတ်ပြလိုက်စဉ်ပင် သူငယ်တန်းကျောင်းသားများ ဆူဆူ ဆူဆူ ဖြင့်. . .

'ဆရာကြီး. . . ပူစူးမကို နေထိုးနေပြီ'





## (၅)

'စောစောစီးစီး ဘာတွေများ တွေးနေ ငေးနေတာတုန်းကွ။ စားစမ်းပါဦး ကောက်ညှင်းပေါင်းဆိုတာ ပူပူနွေးနွေးစားမှ အရသာရှိတာကွ'

ကောက်ညှင်းပေါင်းနှင့် ကြက်သားဟင်းကို ပလုတ်ပလောင်း စားနေသောထင်ကျော်ဦးက မေးငေါ့ရင်း ကျွန်တော့်ကို လှမ်းပြောလိုက်သောကြောင့် ရေနွေးပန်းကန်ကို မှုတ်ရင်း အရှေ့ဘက်မှ ထွက်ပေါ်စ ရောင်နီဦးကို ငေးနေမိသော ကျွန်တော်သည် ရေနွေးကြမ်းကို သောက်လိုက်ရင်း. . .

'ညက ဥက္ကဋ္ဌ ဦးလေးပြုံး၊ ပြောသွားတာတွေကို အစာမကြေ လို့ကွ၊ ဘယ်နှယ့်ကွာ. . . သူတို့ရွာက ကလေးတွေ သေစာရှင်စာ ဖတ်တတ်ရင် တော်ရောပေါ့တဲ့၊ ဟင်း. . . သူများ နိုင်ငံတွေမှာ 'အုခဲ' ဆိုကတဲက ကွန်ပျူတာနဲ့ဖက်ပြီးကြီးလာချိန်မှာ ဒီရွာက ကလေးတွေက သေစာရှင်စာပဲ တတ်ရုံပဲရှိတော့၊ နောင်တစ်ခေတ်ကျရင်. . .'

'တော်ပါတော့ အာစရိရယ်၊ နောင်တစ်ခေတ်ကိုအသာ ထားပြီး ကောက်ညှင်းပေါင်းလေး စားပါဦး'

ကျွန်တော်သည် ကောက်ညှင်းပေါင်းနှင့် ကြက်သားကို စားလိုက်ရင်း ရေနွေးတစ်ခွက်ကို ငုံ့ကာ မှုတ်လိုက်ပြန်သည်။

'မင်းကလဲ မင်းသိသလောက် ကမ္ဘာကြီးနဲ့ ချိပြောတယ်၊ ဥက္ကဋ္ဌ ဦးလေးပြုံးကလဲ သူသိသလောက် ရခိုင်ရိုးမတောင်ကြီးနဲ့ ကိုင်ပေါက်တယ်၊

http://www.linhtet.com/forum



ဖြစ်သင့်တာက ဦးလေးပြူနားဝင်အောင် တဖြည်းဖြည်းနဲ့ ရှင်းပြရမှာ'

'အဲဒါက အကြောင်းမဟုတ်ပါဘူးကွာ၊ အဓိကအချက်က အခု ငါတို့ စာသင်နေတာ တစ်ပတ်ကျော်နေပြီ၊ အခုထက်ထိ ကျောင်းသား တစ်ဝက်ကျော်က ကျောင်းမတက်သေးဘူး၊

သူတို့ မိဘတွေနဲ့ တောင်ယာထဲ လိုက်သွားနေကြတယ်၊ ရှေ့လ ဆို စာမေးပွဲစစ်တော့မယ်၊ စာမေးပွဲစစ်ခါနီးမှ လာတက်လို့ကတော့ ဘယ်လိုလုပ်ပြီးအအောင်ပေးမလဲ၊ အဲဒါကြောင့် သူ့ရွာက ကျောင်းသား မိဘတွေကို ကလေးတွေကျောင်းလွှတ်ဖို့၊ တောင်ယာထဲကို ခေါ်မသွားဖို့ ကူပြောပေးပါ ဥက္ကဋ္ဌရယ် ဆိုပြီး အကူအညီ တောင်းမိပါတယ်'

ထင်ကျော်ဦးက ဆေးလိပ်မီးခိုးများကို အကွင်းလေးများ ဖြစ် အောင်မှုတ်ထုတ်လိုက်ရင်း . .

'သူတို့ အတွေးနဲ့ သူတို့ကျတော့လဲ တွက်တိပဲကွ၊ အခုအချိန်က သူတို့တွေ အလုပ်ရှုပ်ချိန်ကွ၊ ကလေးတစ်ယောက်ရဲ့ လုပ်အားဟာလဲ နည်းတာမှ မဟုတ်ဘဲ၊ သူတို့ကလေးတွေ ကျောင်းလွှတ်တော့ရော သူတို့အတွက် ဘာအကျိုးရှိလဲ၊ လေးတန်းအောင်ရင် ငါးတန်းကို တက်ဖို့ဆိုတာကလဲ ရှစ်မိုင် ကိုးမိုင်လောက်ဝေးတဲ့ လက်ပံတံခါး ဆိုတဲ့ ရွာကြီးမှာမှ အလယ်တန်းကျောင်းကရှိတော့၊ မိဘတွေကလဲ သားသမီးနဲ့ မခွဲနိုင်တာက တစ်မျိုး၊ သားသမီး ကလည်း မသွားချင်တာကတစ်မျိုးနဲ့ သူတို့တွေမှာ လေးတန်းအောင်ရင် ငါတို့ တွေ ဘွဲ့ရသလိုပဲ အတန်းကုန်ပြီ၊

နောက်ပြီးတော့ ဒီကလူငယ်တွေကလဲ တောင်ယာအလုပ်ကို အားသွန်ခွန်စိုက်လုပ်ကြရတော့၊ အသက်ကသာငယ်တာ လူကောင်ကြီး တွေက ရမ်ဘိုတို့ အာနိုးတို့လောက်ကြီးတွေကွ၊ မားမတစ်ချောင်းနိုင်ရင် လူပျိုဖြစ်ပြီ၊ အဲ့ . . မိန်းကလေးကလဲ ရက်ကန်းရက်တတ်ရင် အပျိုဖြစ် ပြီ၊ ယောကျ်ားလေးကလဲ သူ့ခွန်အားရှိသလောက် တောင်ယာခုတ်စမ်း၊ မိန်းကလေးကလဲ သူ့စွမ်းအားရှိသလောက်ပျိုးနုတ်စမ်း၊ ဗိုင်းငင် ရက်ကန်းရက်စမ်း၊ ကလေးတစ်ဒါဇင်လောက်ကို ကျွေးမွေးထားနိုင်တယ်ကွ၊ အဲဒီတော့ စာမတတ်လဲ





ဘာဖြစ်လဲ'

ကျွန်တော်က ရေနွေးပန်းကန်ကို ဆောင့်ချလိုက်ရင်း . .

'ညက ဦးလေးဖြူပြောတုန်းက သူဟာ လူကြီးဖြစ်ရဲ့သားနဲ့ ရှေ့ရေးကို ကြိုမတွေးတတ်ပါလားဆိုတဲ့ ကရုဏာဒေါသ ငါဖြစ်မိတယ်၊ အခုတော့ ဘွဲ့ရကျောင်းဆရာဖြစ်တဲ့ မင်းကပါ အလိုတူ အလိုပါ ဆိုတော့ ငါအံ့ဩမိတယ်ဟေ့'

ထင်ကျော်ဦးက ဘာမှပြန်မပြောဘဲ ဆေးလိပ်သာ ဖွာနေသဖြင့် ကျွန်တော့်မှာ ဒေါသများထွက်လာပြီး . .

'ဘာတဲ့ ခုနကမင်းပြောတာ ယောကျ်ားလေးက မားတစ်ချောင်းနိုင်ရင်ပြီးရော၊ သူ့စွမ်းအားရှိသလောက် တောင်ယာခုတ်စမ်း၊ ကလေးတစ်ဒါဇင် မွေးတောင် ကျွေးထားနိုင်တယ် ဟုတ်လား'

ထင်ကျော်ဦးက ခေါင်းညိတ်ပြသည်။

'ဟောဒီ ရခိုင်ရိုးမကြီးက ဘယ်တော့မှ ခုတ်လို့ မကုန်တဲ့ တောင်ယာကြီးလို့ မင်းထင်နေသလား၊ သူတို့ သားစဉ်မြေးဆက် ဘယ်လောက်ကြာကြာခုတ်နိုင်မလဲ၊ နောက်ထပ်ဆယ်နှစ်လား၊ ပြီးတော့ အစိုးရကရော ရခိုင်ရိုးမကြီး တောင်ကတုံး ဖြစ်သွားမှာကို လက်ပိုက်ကြည့် နေမှာတဲ့လား၊ ထားပါတော့ ရခိုင်ရိုးမကြီး တောင်ကတုံးဖြစ်သွားပါပြီတဲ့၊ သူတို့ ဘယ်လိုလုပ်ကိုင်စားကြမလဲ၊ သစ်ပင်မရှိတဲ့ မြေကြီးဟာ မြေဆီလွှာ ခန်းတတ်တယ် ဆိုတာ ဘွဲ့ရပြီးတဲ့ မင်းလည်းသိပါတယ်၊

သစ်တောမရှိရင် ရာသီဥတုတွေ ဖောက်ပြန်မယ်၊ သူတို့တွေ ဘယ်လိုရပ်တည်ကြမလဲ ကလေးတစ်ဒါဇင် ကျွေးဖို့မပြောနဲ့ သူတို့ တောင် ငတ်မသေရင် တော်လှပြီ'

ထင်ကျော်ဦးက ဘာမှပြန်မပြောဘဲ၊ ရေနွေးသောက်နေသဖြင့်..

'ကဗျာဆန်ဆန်ပြောရရင်တော့ သူတို့တွေရဲ့ ဘဝဟာ ရခိုင်ရိုးမ ကြီးနဲ့ တည်ဆောက်ထားတာပဲ၊ ရခိုင်ရိုးမကြီးသာမရှိရင် သူတို့ ဘဝမရှိတော့ဘူး၊ အဲဒီတော့ ရခိုင်ရိုးမကြီးအမြဲတမ်း တည်တံ့အောင် ထိန်းသိမ်း

http://www.linhtet.com/forum



ဖို့အတွက် အသိဉာဏ်လိုလာပြီ၊ အသိဉာဏ်ဟာ စာအုပ်ထဲမှာ ရှိတယ်လို့ တစ်ထစ်ချ မပြောနိုင်ပေမယ့် အသိဉာဏ်နဲ့ ပညာဟာ စာဖတ်မှ တိုးတက်မှုရှိမှာအမှန်ပဲ၊ အဲဒီတော့ သေစာရှင်စာတတ်ရုံနဲ့ လုံလောက်ပြီလို့ သူတို့ပြောနိုင်သေးရဲ့လား၊ နောက်ဆုံးပြောချင်တာက သူတို့တွေ စာကို ဂရုမစိုက်ခဲ့လို့ အခုအချိန်ထိ ဆယ်တန်းအောင်တဲ့ လူတစ်ယောက်မှမရှိဘူး၊ အဲဒီတော့ သူတို့ရွာသားစစ်စစ် ကျောင်းဆရာဆိုတာ လုံးဝ မရှိသေးဘူး၊ သူတို့ရွာ သူတို့ဒေသကို တစ်နယ်တစ်ကျေးက ကျောင်းဆရာတွေက တစ်သက်လုံး နိုးမြေကျ ဘယ်လိုလုပ်ပြီး လာနေနိုင်ပါ့မလဲ၊ အခုတောင် မလွှဲသာလို့ မင်းနဲ့ငါ လာနေရတာ အမှန်ဖြစ်သင့်တာက သူတို့ရွာသား ကျောင်းဆရာကိုယ်တိုင် သူတို့ရွာက ကျောင်းသားတွေကို သင်ပေးနေတာပဲ ဖြစ်သင့်တယ်'

ထင်ကျော်ဦးက လက်ဖျောက်တီးလိုက်ရင်း ပြုံးရွှင်စွာဖြင့်. . .

'အာစရိရယ် ဒီစကားတွေကို ညကတည်းက ဥက္ကဋ္ဌ ဦးလေးပြုံးကို နားဝင်အောင် တစ်လုံးချင်းမင်းပြောပြရမှာကွ၊ ညတုန်းကတော့ မင်းက ကျောင်းသားတွေကို တောင်ယာထဲ ခေါ်မသွားနဲ့ ကျောင်းကို ပို့ပေးဆိုပြီး ဇွတ်ပြောနေတာကိုးကွ၊ နောက်ပြီး မင်းရှင်းပြတာကလဲ သူများနိုင်ငံတွေမှာ ဘယ်လိုတိုးတက် နေပြီဆိုတာကိုပဲ ပြောတယ်၊ ဦးလေးပြုံးကလဲ ရခိုင်ရိုးမ တောင်ကြီးနဲ့ ကွယ်နေတယ်၊ ဟော. . . ရခိုင်ရိုးမတောင်ကြီးကို မင်း ဖယ်ပြနိုင်ပြီ'

ကျွန်တော်သည် ကောက်ညှင်းပေါင်းကိုစားလိုက်ရင်း. . .

'ခွေးကောင်ညတုန်းက မင်းဘာလို့ ဝင်မပြောသလဲ၊ ငါကလဲ ကျောင်းသားတွေ ကျောင်းတက်စေချင်တဲ့ စေတနာနဲ့ ထူပူပြီး၊ ဘာတွေ ပြောဖြစ်မှန်းတောင် မသိဘူး'

'ကဲပါကွာ. . . အဲဒါအသာထားပါ၊ ငါတို့လည်း ဒီရွာကို ရောက်ကတည်းက ရွာဦးကျောင်းက ဆရာတော်ကို မဖူးရသေးဘူးကွ၊ ပြီးတော့ ဒီမနက်ကို စာသင်ရမှာ ပျင်းနေတယ်'

ထင်ကျော်ဦးက စကားကို မဆက်သေးဘဲ ပြုံးဖြဲဖြဲ လုပ်လိုက်ပြီး. . .





'ငါတို့လည်း စာသင်မပျက်ရအောင်က တစ်ချက်၊ ကျောင်းသားတွေ အထိမ်းရလွယ်အောင်ကလဲ တစ်ချက်ဆိုတော့၊ ဟဲ ဟဲ မကောင်း ကျောင်း ပို့ ဆိုတဲ့စကားနဲ့အညီ ကျောင်းကကျောင်းသားတွေကို ဆရာတော် ကျောင်းမှာ သန့်ရှင်းရေးလုပ်အားဒါန ပေးခိုင်းလိုက်မယ်ကွာ၊ ဟဲ ဟဲ မင်းနဲ့ငါလဲ ဆရာတော်ကို ဖူးတွေ့ခွင့်ရတာပေါ့'

ဆရာလေးထင်ကျော်ဦး၏ အကြံအတိုင်း ကျောင်းသားများအား သူတို့ပိုင်ရာ နိုင်ရာ ပေါက်တူး၊ ပေါက်ပြား၊ ပေါင်းသင်းခန်းပြားများကို ယူစေ၍ ဆရာတော်၏ ကျောင်းသို့ ချီတက်သွားလေသည်။

ဆရာတော်၏ ကျောင်းကြီးသည် နှစ်ထပ်ကျောင်းကြီးဖြစ်၍ အပေါ်ထပ်တွင် ဆရာတော် သတင်းသုံးတော်မူသည်။

အောက်ထပ်တွင် ငှက်ဖျားပိုး ဦးနှောက်ထဲရောက်၍ စိတ်မနှံ့ ဖြစ်နေသော ကိုရင်ကြီးတစ်ပါး နေတော်မူသည်။

ကျွန်တော်တို့ ဆရာတပည့်များ ဆူဆူညံညံဖြင့် ကျောင်းဝင်းထဲသို့ ဝင်လာရာ ဆရာတော်က လှမ်းကြည့်ပြီး ကျောင်းပေါ်မှ ဆင်းလာရင်း. . .

'ဟဲ့. . . ဘယ်သူတွေလဲ ဆူဆူညံညံနဲ့'

ကျွန်တော်တို့ ဆရာတော်ထံသွား၍ ဝတ်ဖြည့်ရင်း. . .

'တပည့်တော်တို့က မကြာသေးခင်ကမှ ပြောင်းလာတဲ့ ကျောင်းဆရာတွေပါ ဘုရား၊ တပည့်တော်တို့လည်း ရောက်ကတည်းက ဆရာတော်ကို ဖူးမြော်ဖို့လာမလို့ဟာ ကျောင်းမှာစာသင်ရတာနဲ့ မအားလို့ မလာနိုင် တာပါ ဘုရား၊

ဒီနေ့တော့ အနားယူချင်တာ အဲလေ၊ အနားယူ ကျောင်းပိတ်ရက် ဖြစ်ပေမယ့် အနားမယူဘဲ ဆရာတော်ကျောင်းထဲမှာ ပေါင်းမြက်သုတ်သင် လုပ်အားဒါနဆင်တာကလဲ တစ်ကြောင်း၊ ဆရာတော့်ကို ဖူးမြင်လိုတာကလည်း တစ်ကြောင်းနဲ့မို့ လာခဲ့တာပါ ဘုရား'

'အိမ်း. . . သာဓု သာဓု သာဓု၊ ကဲ ကိုရင်ကြီးတို့ ကျောင်းဝိုင်း ထဲက ပေါင်းတွေ၊ မြက်တွေ၊ အမှိုက်တွေရှင်းဖို့ နေရာပြလိုက်၊ တွား တွား

http://www.linhtet.com/forum


ကျောင်းသားတွေကို ခေါ်တွား'

'အဲ လာ ဆရာတွေ ဒီအောက်မှာပဲ ထိုင်ကြတာပေါ့၊ ဟဲ့. . . ဟိုကောင် မောင်ကျော်မဟုတ်လား၊ အပေါ်မှာ ငါ့ဆွမ်းစားစားပွဲမှာ လက်ဖက်ရည်ကြမ်းနဲ့ လက်ဖက်ပွဲရှိတယ် ဒီကိုယူလာခဲ့'

ဆရာတော်က အဆက်မပြတ် အမိန့်ပေးရင်း ကျောင်းအောက်ရှိ ဆင့်ပေါ်မှ ဝါးပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သဖြင့် ကျွန်တော်တို့နှစ်ယောက်လည်း ဆင့်ပေါ်တက်၍ ဆရာတော်၏ ဘေးနားတွင် အပြစ်သုံးပါးလွတ်သော နေရာ၌ ထိုင်လိုက်ကြသည်။

'အိမ်း. . . အခုလို တကူးတကလာပြီး လုပ်အားဒါနပြုတယ် ဆိုတာ နည်းတဲ့ ကုသိုလ်လား၊ မောင်မာယဟာသိကြားမင်း ဖြစ်သွားတာ အခုလို ကုသိုလ်တွေ လုပ်ခဲ့လို့ပေါ့'

ကျွန်တော်နှင့်ထင်ကျော်ဦးတို့မှာလဲ ကိုယ့်ဝမ်းနာ ကိုယ်သာ သိသဖြင့် မချိပြုံး ပြုံးလိုက်မိကြသည်။

'ကဲ ဆရာလေးတို့က ဘုန်းဘုန်းရဲ့ ဝေယျာဝစ္စတွေ ကူညီတော့လဲ ဘုန်းဘုန်းကလဲ ပြန်ကူညီရမှာပေါ့၊ ဆရာလေးတို့မှာ ဘာအခက်အခဲ တွေများရှိကြတာလဲ၊ ဒီရွာနဲ့ ပက်တက်ပြီးတော့ပေါ့လေ၊ ဟဲ့ မောင်ကျော် အဲဒီရေနွေးပွဲ ဆရာတွေရှေ့ချပေးလိုက်၊ အမှိုက်တွေရှင်းပြီးတွားရင် မင်းနဲ့ ကိုရင်ကြီးနဲ့က ကျောင်းတားကြီးလေး၊ ငါးယောက်လောက်ကို ခေါ်တွား ပြီး ရေခပ်ကြဦးဟုတ်လား'

'တင်ပ့ါဘုရား'

မောင်ကျော်က ရေနွေးပွဲကို ကျွန်တော်တို့ရှေ့ ချပေးကာ ဆရာတော့်ကို ဝတ်ဖြည့်၍ လုပ်အားပေးသည့် နေရာသို့ သွားလေသည်။

ဆရာလေးထင်ကျော်ဦးက လက်ဖက်တစ်ဇွန်း ကောက်စားလိုက်ရင်း. . .

'တပည့်တော်တို့မှာ အခက်အခဲဆိုလို့ တပည့်တော်တို့ကျောင်းက ကျောင်းသား တစ်ဝက်ကျော်ကျော်ဟာ ကျောင်းဆက်မတက်တော့ပဲ သူတို့မိဘ





တွေနဲ့ တောင်ယာထဲမှာ အလုပ်သွားလုပ်နေကြတယ်ဘုရား'

'အဲဒါကို ဆရာလေးတို့က ရွာလူကြီးတွေကို မပြောပြဘူးလား'

'ပြောတော့ ပြောပါတယ်ဘုရား၊ ဒါပေမယ့် သူတို့ကလဲ အဲ ဟိုဘယ်လို လျှောက်ရမှန်းတောင် မသိပါဘူး၊ မရပါဘူး ဘုရား'

'အိမ်း. . . စာပေရဲ့တန်ဖိုးကို ဒင်းတို့ကောင်းကောင်း မတိကြသေးဘူးကိုး၊ ဒီရွာတွေကလည်း ဆရာလေးတို့ တွေ့တဲ့မြင်တဲ့အတိုင်း လေးတန်းအောင်ရင် ဘွဲ့ရတယ်မှတ်ပြီး၊ မိန်းမယူဖို့ လုပ်နေကြတဲ့ ရွာတွေ ကလား'

'ဒါပေမယ့် ဆရာတော်ပဲ စဉ်းစားကြည့်ပါဦး၊ မူလတန်းကျောင်းတစ်ကျောင်းမှာ ကျောင်းတက်တဲ့ကျောင်းသား ငါးဆယ်လောက်မှ မရှိရင်တော့ မြို့နယ်ပညာရေးမှူးရုံးက ဘယ်လိုလုပ်ပြီး ကျောင်းဆက်ဖွင့်ခွင့် ပေးတော့မှာလဲ၊ သတ္တယ်မြောင် ကျောင်းကို အပြီးပိတ်ခိုင်းတော့မှာပေါ့ ဘုရား'

'ကဲပါလေ၊ ဒီကိစ္စကို ဘုန်းဘုန်းတာဝန်ယူပါတယ်၊ စိတ်ချ စိတ်ချ၊ မနက်ဖြန် ကျောင်းပြန်ဖွင့်ရင် ဆရာလေးတို့ကျောင်းမှာ ကျောင်းသား အပြည့်ကျောင်းတက်နေတာတွေ့ရစေ့မယ်၊ ဆရာတွေကလဲ တော်ရုံ အခက်အခဲနဲ့ စိတ်မလျှော့ကြပါနဲ့။

ဒီရွာ ဒီဒေသမှာ ကျောင်းဆရာတစ်ယောက်ရဖို့နဲ့ ရပြီးတား ဆရာတစ်ယောက် မြဲဖို့ဆိုတာ မိုးပေါ်က အပ်တစ်ချောင်းနဲ့ လူပြည်က အပ်တစ်ချောင်းထိဖို့ ခက်ခဲတလိုပါပဲ၊ ရာသီဥတုကလဲ ကြမ်းတမ်းပြီး လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲတော့ တစ်ရွာလုံးမှာ ကားကိုမြင်ဖူး တဲ့ တူဆိုလို့ လက်ချိုးရေရင် ရလောက်အောင်ကို မရှိခဲ့ပါဘူး၊ ပြီးခဲ့တဲ့နှစ် ကမှ ဟိုဘက်မဒိုင်းရွာမှာ ဆည်ဆောက်လို့ ယန္တရားစက်တွေ လာမှပဲ ကားကို မြင်ဖူးကြတာကလား၊

ဒီရွာတူရွာသားတွေက အလွန်ရိုးတားပြီး အလွန်ဘဲ ရှေးကျတယ်ပြောမလား၊ ခေတ်နောက်ကျတယ် ပြောရမလားဘဲ၊ တူတို့တွေ ဈေး ရောင်းဈေးဝယ်တာကို မြင်ဖူးပြီလား'

'တပည့်တော်တို့ရောက်လာတာ တစ်ပတ်လောက်ပဲ ရှိသေးတော့၊

http://www.linhtet.com/forum


ဒီရွာအကြောင်းကို ကောင်းကောင်း မလေ့လာရသေးပါဘူး ဘုရား'

'အိမ်း . . ဒါဆိုရင်လဲ ဘုန်းဘုန်းပြောပြမယ်၊ ဥပမာ-တူတို့ တွေ ဝက်တား တစ်ပိဿာ ဝယ်တယ်ဆိုပါတော့၊ တစ်ပိဿာ လေးဆယ်ဈေး ရှိတယ်'

'တပည့်တော်တို့မြို့မှာ နှစ်ရာနီးပါးရှိပါတယ် ဘုရား'

'ဟဲ့ ဒကာရဲ့ . . . ဒီရွာမှာက ကြက်၊ ဝက်၊ အမဲ၊ ယုန်၊ ချေ(ဂျီ) အိုနေ့ခက်ဆုံး ခွေးတားဖြစ်ပါစေ၊ တစ်ပိဿာလေးဆယ်ပဲ'

'ထူးဆန်းလှပါတယ် ဘုရား'

'ဒါတောင် အရင်က ကြက်ဆိုရင် တစ်ပိဿာ ဘယ်လောက်ဈေးဆိုတာ မရှိဘူး၊ ကြိုက်တဲ့အကောင်ယူ၊ ကြီးကြီးသေးသေး တစ်ကောင် ငါးကျပ်ပဲပေးရတယ်၊ တူတို့ကအကောင်ကို ရောင်းတာမဟုတ်ဘူး၊ အတက်ကို ရောင်းတာတဲ့ဗျား'

'အသက်ကိုရောင်းတာ ဟုတ်လား ဘုရား'

'အိမ်း . . အတက်ကို ရောင်းတာမို့ ဥထဲကပေါက်စ အကောင်လေးကနေ တိုက်ကြက်ဖကြီးအဆုံး တစ်ကောင် ငါးကျပ်နဲ့ ရောင်းကြတာကလား၊

ဒါပေမယ့် ပုသိမ်-မုံရွာ ကားလမ်းမကြီး ပေါက်လာတော့ မြို့က လူတွေရောက်လာကြရော ဒီရွာတွေဟာ တူတို့အတွက်အချဉ်ပဲ ဆိုပြီး၊ ငါးကျပ်ပေးပြီး ကြက်အကောင်ကြီးတွေပဲ ရွေးယူတဲ့လူနဲ့ တစ်ချို့ဆို တစ်ရွာလုံးက ကြက်မှန်သမျှ ပုတ်ပြတ်ဝယ်တဲ့ လူကဝယ်နဲ့ ဆိုတော့လဲ၊ ကြာတော့လဲ ဘယ်ရောင်းနိုင်ပါ့မလဲ ဆရာရယ်၊

အဲဒါနဲ့ တစ်ပိဿာလေးဆယ်ဈေး ဖြစ်တွားတာတောင် တိတ်မကြာသေးဘူး၊ အိမ်း . . . လူတွေ လူတွေ လောဘတွေ တက်လာကြလို့ ပဒေတာပင် ပျောက်တွားတာပေါ့'

'တင်ပါ့ ကထိန်တုန်းက ပျောက်တာလား ဘုရား'

ဆရာတော်က နားမလည်စွာဖြင့် ထင်ကျော်ဦးကို ကြည့်ရင်း . . .

'ကထိန်တုန်းက ဘာပျောက်လို့လဲ'




www.foreverspace.com.mm

'ဘုန်းဘုန်း ပဒေသာပင်ပျောက်တယ် ပြောလို့လေ အဲဒါကြောင့် ကထိန်တုန်းက ပျောက်တာလားလို့ မေးတာပါ ဘုရား'

ဆရာတော်သည် သွားနှင့်ဖူးသူရိုက်ရင်း . . .

'အောင်မလေး ငါတို့ရွာက လူတွေတင်ရိုးတာလား အောက်မေ့ တယ်၊ ဒီဆရာတွေကပါ ပိုရိုးနေပါသေးကလား၊

ကမ္ဘာဦးတုန်းက ဘုန်းဘုန်းတို့နေတဲ့ အခု ဇမ္ဗူဒီပါ လကျ်ာ တောင်ကျွန်းမှာ ပေါက်ပေးခဲ့တဲ့ စားလို့မကုန်၊ ယူလို့မခန်းတဲ့ ပဒေတာ ပင်ကို ပြောတာ ဆရာလေးတို့ရဲ့၊ လူတွေက လောဘတက်လာပြီး လိုအပ်တာထက် ပိုလုပ်ကြ၊ ယူကြလွန်းလို့ ကွယ်ပျောက်သွားခဲ့တဲ့ ပဒေတာပင်၊ အဲဒါကိုပြောတာ ကထိန်မှာတုံးတဲ့ ပဒေတာပင် မဟုတ်ဘူး ဟား ဟား ဟား'

ဆရာတော်က ပြောရင်းရယ်နေသည်။

ကျွန်တော်တို့မှာလဲရယ်ရင်း စိတ်အတွင်းမှ . . .

'တော်ပါသေးရဲ့ ငါတို့တွေကို ဆရာတော်က ရိုးတယ် ပြောပေလို့ တကယ်လို့များ ပဒေသာပင်တောင်မသိတဲ့ တောက်တုံးမကျတဲ့ ကောင် တွေက တို့ရွာလာပြီးတော့ ကျောင်းဆရာလုပ်သတဲ့ ကောင်းကြသေးရဲ့လား လို့သာပြောလို့ကတော့ အင်း . . . ခံပေရော့ပဲ'

ဆရာတော်က အရယ်ရပ်ပြီး ဆက်လက်၍ မိန့်ပြန်သည်။

'အိမ်း . . . ရယ်နေရတာနဲ့ စကားလမ်းကြောင်းတောင် လွဲတော့ မယ်၊ အဲ အဲ ဝက်တားတစ်ပိဿာ လေးဆယ်ဈေးနဲ့ ဆရာလေးက ရောင်းပြီဆိုပါ တော့၊ ဒီရွာတားတွေက ငွေလေးဆယ်ပေး မဝယ်ဘူး၊ ပေးစရာငွေကလဲ လေးဆယ်မရှိဘူး၊

အဲဒီတော့ ငွေလေးဆယ်နဲ့ တန်မယ့်ပစ္စည်း၊ စပါးဆို စပါး၊ နှမ်း ဆို နှမ်း၊ ဝါ ဆိုဝါနဲ့ ပစ္စည်း၊ ပစ္စည်းချင်းလဲကြတာကလား'

'တပည့်တော်တို့ ကျောင်းနေတုန်းက ဘောဂဗေဒ သင်ခန်း စာထဲက သင်ခဲ့၊ ဖတ်ခဲ့၊ မှတ်ခဲ့ဖူးတဲ့ ကုန်ပစ္စည်းဖလှယ်ရေးနဲ့ အတူတူပါ လား ဘုရား'

'အတူတူပဲ နေမှာပေါ့၊ ဆရာလေးတို့ပဲ စဉ်းစားကြည့်လေ၊ ဒီရွာတွေ

http://www.linhtet.com/forum



က စပါးစိုက်တယ်၊ လူတိုင်းလယ်ရှိတယ်၊ လယ်မရှိတဲ့လူကလဲ စာရင်းငှား (သူရင်းငှား)ဝင်လုပ်တာနဲ့တင် တစ်နှစ်ကို စပါးတင်းတစ်ရာမျိုး၊ ကိုးဆယ်မျိုး ရတာကလား။

အဲဒီတော့ ဆန်ဆိုတာကလဲ ဝယ်စားစရာမလိုဘူး၊ နောက်ပြီး ဘူး၊ ဖရုံ၊ ငရုတ်၊ သခွားကလဲ အိမ်တိုင်းကချောင်းရိုးတစ်လျှောက်မှာ စိုက်ကြတော့ ဝယ်စရာမလိုဘူးလေ၊ ဒီလိုပဲ ကြက်၊ ဝက်ကလဲ အိမ်တိုင်း လောက်နီးပါး မွေးထားတော့ ဘယ်လိုလုပ်ပြီး ပိုက်ဆံလိုတော့မှာလဲ၊ ဟော. . . ဟိုးဘက် သခွတ်ရင်းရွာကြီးကနေ စနေ၊ တနင်္ဂနွေဆိုရင် ဒီရွာမှာလာပြီး အဖြူ အမည်းတီဗွီ ရုပ်မြင်သံကြားစက်ကို ဘက်ထရီ ဓာတ်အိုးနဲ့ဆက်ပြီး လာပြတယ်၊ လူတစ်ယောက်ကို နှစ်ကျပ်နှုန်းတဲ့ တစ်ရွာလုံး ကြည့်တယ်၊ ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘူး၊ တက်ကယ် (သက္ကယ်)တစ်ပျစ်စီပဲ ပေးလိုက်ကြတယ်။

ဒီရွာတွေမှာ ဝါးဆိုတာကလဲ ဆရာလေးတို့ မြင်တဲ့အတိုင်းပဲလေ၊ ရွာရဲ့ဘေး အရှေ့၊ အနောက်၊ တောင်၊ မြောက် ကြိုက်တဲ့နေရာမှာခုတ် တက်ကယ်ပျစ်တာကလဲ ဒီရွာတွေမှာက ကလေးကအစ ပျစ်တတ်တော့ တက်ကယ်တစ်ပျစ် ဘာခက်လို့လဲ၊ တီဗွီဆရာကလဲ နောက်နေ့ တက် ကယ်တွေ လှည်းနဲ့တိုက်ပြီး မြို့ကိုသွားရောင်း၊ တစ်ပျစ်ကို လေး၊ ငါးကျပ် ရတော့၊ တူလဲအဆင်ပြေ ရွာကလူတွေလဲ အဆင်ပြေဆိုတော့ ဘယ်မှာ ပိုက်ဆံလိုတော့ မှာလဲ’

ဆရာတော် ပြောသမျှကို ခေါင်းညိတ်နေရင်း ကျွန်တော့်စိတ်ထဲ မှာတော့ ပုဂံခေတ်ကို ရောက်နေသလိုလို၊ ကုန်းဘောင်ခေတ်ကို ရောက် နေသလိုလို ခံစားနေရသည်။

‘အိမ်း. . . ဘုန်းဘုန်း နောက်ဆုံးပြောချင်တာကတော့ ဆရာ လေးတို့တွေ ဒီရွာမှာ ရောက်တုန်းရောက်ခိုက် ဒီရွာကလူတွေ အတိညာဏ် ပွင့်လင်းလာအောင် ဒီရွာကို တိုးတက်လာအောင် တတ်နိုင်သမျှ ကြိုးစား ဆောင်ရွက်ပေးစေလိုတာပါပဲ၊

ဒီရွာမှာက ဘွဲ့ရတဲ့လူမပြောနဲ့၊ ဆယ်တန်းအောင်တဲ့လူမပြောနဲ့၊





ခုနစ်တန်းအောင်တဲ့တူဆိုလို့ ဆရာလေးတို့ ကျောင်းမှာ ကျောင်းလုပ်တား လုပ်နေတဲ့ မောင်ပု တစ်ယောက်ပဲ ရှိတာကလား၊ အဲဒါတောင်မှ ဒီကောင် လေးတန်းအောင်တော့ လက်ပံတံခါး ဆိုတဲ့ ရွာကြီးမှာ အလယ်တန်း ကျောင်း ဆက်တက်ဖို့ကို ဒီကောင်က ငြင်းတယ်ဗျာ၊ မတွားဘူးဗျာ၊

အဲဒီမှာတင် တူ့ရည်းစား လင်နောက်လိုက် တွားတာနဲ့ ဒီကောင် လဲ ရှက်ရှက်နဲ့ ရွာကထွက်ပြေးတော့တာ၊ နောက်မှ မထူးတော့ပါဘူးဆိုပြီး ကျောင်းဆက်တက်လို့ ခုနစ်တန်းအောင်သွားတာ’

ကျွန်တော်တို့ နှစ်ယောက်မှာ အော်မရယ်မိအောင် ထိန်းထား လိုက်ရသည်။

‘ဒါနဲ့မောင်ပုရော ကျောင်းမှာအလုပ်လုပ်ရဲ့လား’

‘တင်ပါ့ ဘုရား. . .၊ သူက မနက်မိုးမလင်းခင် ထပြီး ကျောင်းမှာ အမှိုက်လှည်း၊ သန့်ရှင်းရေးလုပ်၊ သောက်ရေဖြည့်ပြီးတာနဲ့ တစ်ခါထဲ တောင်ယာ သွားတော့တာပဲ၊ ညနေမှ ပြန်လာတယ်ဘုရား၊ အလုပ်က အရေးကြီးနေလို့ပါတဲ့၊ အခုလကုန်ရင် ကူပြီးတော့ သူစာသင်ပေးပါ့မယ်လို့ ပြောပါတယ် ဘုရား။

ကျွန်တော်တို့ စကားကောင်းနေစဉ်ပင် ဆရာတော်၏ ကျောင်း ဝိုင်းကြီးသည် ပေါင်းမြက်၊ အမှိုက်မရှိတော့ပဲ သန့်ရှင်းသွားသလို၊ လက် ဖက်ပန်းကန်သည်လည်း ပြောင်ရှင်းသွားလေတော့သည်။

လေးတန်းကျောင်သား မောင်ကျော်နှင့် ကိုရင်ကြီးတို့ ခေါင်း ဆောင်ကာ အရွယ်ကြီးသော ကျောင်းသား လေး၊ ငါးယောက်က ရေအိုးများယူကာ ချောင်းဘက်သို့သွားလေတော့သည်။

‘ဆရာလေးတို့ ကွမ်းစားကြတလား’

ထင်ကျော်ဦးက ရေနွေးကြမ်းငုံ့သောက်ရင်းမှ. . .

‘တင်ပါ့ တပည့်တော်က တစ်ခါတလေမှ စားတာပါဘုရား’

‘စားတာ စားချေစမ်းပါ၊ ဘုန်းဘုန်းဆီကို မနေ့ကမှ ကွမ်းတီး၊ ကွမ်းရွက်နဲ့ ထုံးတွေလှူထားတာ အများကြီးပဲ၊ ဘုန်းဘုန်းကလည်း ကွမ်းဆိုအလွန်ကြိုက်တာကလား၊ ငယ်ငယ်တုန်းက မွတ္တလေးမှာ စာတင် တား

http://www.linhtet.com/forum



ဘဝကတဲက ကွမ်းစွဲလာတာ၊ ဘုန်းဘုန်းနေတဲ့ ကျောင်းဘေးနားက ကွမ်းယာရောင်းတဲ့ ကုလားကြီးက ဘုန်းဘုန်းကို ထုံးစပ် နည်းတင်ပေးလိုက်တာ အခု အဲဒီနည်းအတိုင်း ထုံးကို စပ်ထားတာ၊ ထုံးလဲမပေါက်ဘူး၊ ကွမ်းအရတာလည်း လေးတယ်၊ တိပ်ကောင်းတယ်၊ နေ နေ. . . ဘုန်း ဘုန်း ခိုင်းလိုက်မယ်၊ ဟိုနားက ကုန်းကုန်း ကုန်းကုန်းနဲ့ ဘယ်တူလဲကွ'

ပထမတန်းကျောင်းသား မောင်စိုးပင်ဖြစ်သည်။

'တပည့်တော် မောင်စိုးပါဘုရား'

'သွား ကျောင်းပေါ်တက်ပြီး၊ ကွမ်းတစ်ယာ ယာချေစမ်း'

'ဒီ ရွာတွေမှာက ကွမ်းတီးနဲ့ ထုံးကရှားတယ် ကွမ်းရွက်ကတော့ ပေါပါတယ်၊ ဒါပေမယ့် ကွမ်းရွက်အရိုင်းကြီးတွေဆိုတော့ ထမင်းစားတဲ့ ပန်းကန်လောက်ကြီးတွေ၊ စားရတာကလဲ ဖန်တွတွနဲ့၊ ယာလိုက်ရင်လဲ ကျိုးကျေကုန်တာနဲ့ မကောင်းပါဘူး၊ အခု လာလှူထားတဲ့ ဒကာကြီးက မောင်ဖိုးတစ်တဲ့ ဆရာလေးတို့ မတွေ့ဖူးတေးဘူးနဲ့ တူတယ်၊ မောင်ဖိုးတစ်က ဒီရွာတင်မကဘူး၊ ပတ်ဝန်းကျင် ရွာတွေမှာတောင် အလွန် သြဇာ ညောင်းတာကလား၊

မြို့ကိုလဲ ခဏ ခဏတက်တော့ လူရည်ကလည်း လယ်ပါ့ဗျား၊ တူရှိနေလို့ ကျုပ်တို့ရွာလဲ တိုးတက်လာတယ် ပြောရမှာပဲ၊ ရပ်ရေးရွာရေး ဆို တူ့ငွေ ဘယ်လောက်ကုန်ကုန် လုပ်တဲ့လူကြီး အရမ်းခပ်ဖို့ကောင်းတာ၊ နောက်ဆို ဆရာလေးတို့ တွဲမိမှာပါ'

'တင်ပါ့ဘုရား၊ ဒါနဲ့ ဘုန်းဘုန်းကို တပည့်တော်တို့ အကူအညီ တစ်ခု တောင်းရဦးမယ်၊ တပည့်တော်တို့ ကျောင်းက 'အခြေခံပညာ မူလတန်းကျောင်း၊ သဏ္ဍာယ်မြောင်ကျေးရွာ' ဆိုတဲ့ ဆိုင်းဘုတ်ကြီး ဆေးတွေကွာပြီး ပျက်နေလို့ အဲဒါဘုန်းဘုန်းများ အသစ်ပြန်ရေးပေး နိုင်မလားလို့ပါ'

'ဩော် ဒါလေးများ. . . ဘုန်းဘုန်းလဲ မန္တလေးစာတင်တား ဘဝကတဲက ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို ဆွဲလာခဲ့တာပဲ၊ ရတယ် ကျောင်းတားတွေကို လာပို့ခိုင်းလိုက်၊ ဘုန်းဘုန်း ပြန်ရေးပေးလိုက်မယ်၊





ဒီမှာ တင်းဘောဆေးရော စုတ်ရော အစုံရှိတယ် ယူသာလာခဲ့၊ ဟဲ့. . . ကျောင်းပေါ်ကကောင် ကွမ်းယာတာ အခုထိ မပြီးသေးဘူးလား ဟဲ့'

ဆရာတော်၏ စကားအဆုံး ကျောင်းပေါ်မှ တချွတ်ချွတ် အသံများငြိမ်သွားပြီးနောက် မောင်စိုးက. . .

'တင်ပါ့. . . အခုမှ တုံးဆယ်ပဲ ရသေးတယ်ဘုရား'

ဟူသော မောင်စိုးစကားအဆုံး. . .

'ဟေ. . .'

ဟူသော အာမေဋိတ်သံကြီးက ကျွန်တော်တို့ထံမှ တစ်ပြိုင်ထဲ ထွက်သွားသည်။ ဆရာတော်က အူကြောင်ကြောင်ဖြစ်သွားပြီး. . .

'ဘာလဲဟ တုံးဆယ်ပဲ ရသေးတာက'

ကျွန်တော်နှင့် ထင်ကျော်ဦး ကျောင်းပေါ်သို့ အပြေးတက်ကြည့်လိုက်ကြသည်။

'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုသော စကားနှင့်အညီ ပထမတန်းကျောင်းသား မောင်စိုးကား တစ်မှုနေ၍ တစ်ရာအထိ ကိန်းများကို ရေတွက် တတ်သွားလေပြီတကား။

ဤအရပ် ဤဒေသတွင် ရှားပါးလှသော ကွမ်းနုဝါကလေး များမှာ ဘုရားခန်းရှေ့ ကြမ်းပြင်ပေါ်တွင် ဆယ်ခုတန်း ဆယ်ခုတန်းဖြင့် တင့်တယ်စွာ စနစ်တကျ နေရာယူထားပြီးဖြစ်နေသလို ဆရာတော်၏ ငယ်စဉ် စာသင်သား ဘဝကတည်းက တကူးတက သင်ယူထားရသော နည်းဖြင့် ဖော်စပ်ထားသည့် ထုံးများမှာလဲ ကွမ်းရွက်များပေါ်တွင် သုတ်ပြီး နေသည်မှာလဲ အစိမ်းနှင့် အဖြူဟူသော ကျောင်းဝတ်စုံအတိုင်း တစ်သဝေ မတိမ်း တူညီနေသည်။

ထုံးအိုးထဲတွင်တော့ တက်တက်ပြောင်အောင် ထုံးကုန်သွားပေပြီ မောင်စိုးက ဂုဏ်ယူဝင့်ကြွားစွာဖြင့်. . .

'ဘုန်းဘုန်းကလဲ လောလိုက်တာဆရာရယ်၊ ကျွန်တော့်မှာ ကွမ်းတီးစိတ်နဲ့ ဆေးရွက်ကြီး၊ ထည့်နေတာ အခုတုံးဆယ်ပဲ ပြီးသေးတယ် ဆရာရဲ့၊ မယုံရင် ရေကြည့် တစ်ဆယ်၊ နှစ်ဆယ်၊ တုံးဆယ်'

http://www.linhtet.com/forum



'သြော်. . . အေး. . . အဲ'

ကျွန်တော်တို့နှစ်ဦးမှာ ဘာလုပ်ရ၊ ဘာကိုင်ရ၊ ဘာပြောရမှန်း မသိဖြစ်နေစဉ် ဆရာတော်လဲ ကျောင်းပေါ်တက်လာပြီး. . .

မောင်စိုး၏ လက်ရာကိုမြင်သွားသဖြင့်. . .

'ဟိုက်. . . မောင်စိုး. . . ခွေးမတား မင်းတယ်အပါလား၊ ကွမ်း တစ်ယာနဲ့ ကွမ်းယာတစ်ရာတောင် မခွဲတတ်တေးတဲ့ ကောင်ပါလား၊ ကွမ်းရွက်တွေက ရေဆေးရင် ရတေးပေမယ့် ငါ့ထုံးတွေတော့ ကုန်ပါပေါ့ လား၊ ဟား ဟား ဟား'

ဆရာတော် ပြုံးရွှင်ရယ်မောနေသည်ကိုမြင်ရမှ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦး အလုံးကြီး ကျသွားသည်။

ဆရာတော်က ကွမ်းတစ်ယာကို ကောက်ဝါးလိုက်ပြီး ကျွန်တော် တို့နှစ်ယောက်အား တစ်ယောက် တစ်ယာစီပေး၍ စားခိုင်းသည်။

ကွမ်းတစ်ခါမှ မစားခဲ့ဖူးသော ကျွန်တော်သည် ဆရာတော် အကြိုက်လိုက်ကာ ကြိတ်မှိတ်ဝါးရင်း အာခေါင်နှင့်လျှာစပ်လာသော် လည်း ကြိုးစား၍ ပြုံးလိုက်ရင်း. . .

'တင်ပါ့ ဘုရား၊ဘုန်းဘုန်းရဲ့ ထုံးစပ်နည်းက သိပ်ကောင်းတာပဲ ထုံးလဲမပေါက်ဘူး၊ လေးလဲလေးတယ် ဘုရား'

ဟုလျှောက်တင်လိုက်ရသည်။

ဆရာတော်ကလဲ တပြုံးပြုံးဖြင့် ခေါင်းညိတ်ရင်း သူ့ကွမ်းရွက် များကို ရေဆေး၍ ပြန်ထပ်နေသဖြင့် ကျွန်တော်တို့လဲ ကူပြီးလုပ်ကိုင် ပေးရင်း ကျောင်းသားများစုံသောအခါ ဆရာတော်အား ဝတ်ပြည့် ကန်တော့၍ အောင်မြင်စွာ ဆုတ်ခွာလာခဲ့ပေတော့သည်။





ညစာစားပြီးနောက် ရွာဓလေ့အတိုင်း လက်ဖက်ရည်ကြမ်း ဝိုင်းတောင် မထိုင်နိုင်တော့ဘဲ၊ ကိုယ့်အိမ်ကိုယ်ပြန်၍ အိပ်ရာထဲ လှဲနေ လိုက်ကြသည်။

ညရှစ်နာရီခန့်အကြာတွင် တစ်ရွာလုံး ငြိမ်သက်သွားသည်။ ကျွန်တော်တို့ နှစ်ဦးမှာလဲ မှေးမှေး မှေးမှေးဖြင့် အိပ်ပျော်မည်ကဲ့သို့ ဖြစ်နေစဉ် ရွာဦး ဘုန်းတော်ကြီးကျောင်းဆီမှနေ၍ အသံချဲ့စက်မှ 'ဗိုက် ကလိုဖုန်း' ကို အသံစမ်းသည့်. . .

'ဟလို. . . ဟလို. . . အဟမ်း. . .'

ဆိုသည့် အသံကျယ်ကြီး ထွက်လာသဖြင့် ကျွန်တော်တို့ နှစ်ဦးလဲ လန့်နိုးသွားသည်။

ကျွန်တော်တို့ ဘေးနားတွင် အိပ်နေသော လေးတန်းကျောင်း သား မောင်ကျော်အား နိုးမေးလိုက်သည်။

'ဟဲ့ မောင်ကျော် ဘုန်းကြီးကျောင်းမှာ ဘယ်က အလှူခံ ရောက်နေလို့ အသံချဲ့စက် ဖွင့်နေတာလဲ'

မောင်ကျော်က လူးလဲထရင်း. . .

'အလှူခံမဟုတ်ပါဘူး၊ ဒီရွာက 'ဘုံ' ငွေနဲ့ ဝယ်ထားတဲ့ အသံချဲ့ စက်ပါ၊ ဘုန်းကြီးကျောင်းမှာ တိမ်းထားတာ၊ ဘုန်းဘုန်း ဘာများ မိန့်ဦးမလို့လဲ မသိဘူး'

'ဟာ. . ဒီအချိန်ကြီးမှ မိန့်ရသလားကွာ'

'ရွာမှာကလဲ ဒီအချိန်မှ လူစုံတာကိုးဆရာရဲ့'

တစ်ရွာလုံး နိုးသွားပုံရသည်။ ဟိုနေရာ သည်နေရာမှ ချောင်းဟန့် သံများ၊ စကားသံများ ကြွက်စီ ကြွက်စီပေါ်လာပြီး ပြန်ငြိမ်သွားစဉ် အသံဩဇာ ပြည့်စုံ၍ အောင်မြင်ခံ့ညားသော ဆရာတော်၏ အသံကြီး အသံချဲ့စက်မှ ထွက်ပေါ်လာသည်။

'ရွာတူ ရွာသား၊ ဒကာ ဒကာမ (ဒါယကာ ဒါယိကာမ) အပေါင်း၊ နားထောင်. . . မနက်ဖြန် မနက်ကျရင် ကျောင်းတက်နေတဲ့ နင်တို့

http://www.linhtet.com/forum



တားသမီးတွေ အကုန်လုံး ကျောင်းကိုလွှတ်ပြီး စာတင်ခိုင်းရမယ်၊ လယ်ထဲ ယာထဲကို အလုပ်လုပ်အောင် ခေါ်သွားစရာမလို ဘူး၊ ငါကိုယ်တိုင် ကျောင်းခေါ်ချိန် စားရင်းစာအုပ်နဲ့ တစ်ယောက်ချင်း နာမည်ခေါ်မယ်၊ ကလေးတွေကိုယ်တိုင် ကျောင်းမတက်ချင်လို့ပဲ ဖြစ်ဖြစ်၊ နင်တို့ကပဲ မလွှတ်ချင်လို့ပဲဖြစ်ဖြစ်၊ မနက်ဖြန်ကျောင်းကို ရောက်မလာဘူးဆိုရင် ငါနဲ့ အတွေ့ပဲ၊ ဒါပဲ'

ဘုန်းဘုန်း၏အသံအဆုံး စက်ပိတ်လိုက်သံ 'ကလစ်' ဆိုသည့် အသံကြားပြီးနောက်၊ တစ်ရွာလုံး တိုးတိုးကျိတ်ကျိတ် စကားပြောသံ များ ထွက်ပေါ်လာကြသည်။

ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာတော့ ဝမ်းသာလိုက်ရမှာ လား၊ ဝမ်းနည်းလိုက်ရမှာလား ဘာလုပ်ရမှန်းမသိဘဲ ကြောင်စီစီ ဖြစ်နေပြီးနောက်၊ အမှောင်ထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျိတ်ရယ် လိုက်မိကြတော့သည်။

* * *

မင်္ဂလာနံနက်ခင်းတွင်တော့ ကျွန်တော်တို့ကျောင်းတွင် ကြက်ပျံ မကျအောင် ကျောင်းသားများဖြင့် စည်ကားနေသည်ကို တွေ့လိုက် ရသည်။

ထင်ကျော်ဦးက မောင်ကျော်ကို မေးလိုက်သည်။

'ဟေ့ . . . မောင်ကျော် . . . မင်းတို့ရွာကလဲ ဆရာတော်ကို တော်တော် ကြောက်ကြပါလားကွ'

'မကြောက်လို့ ရမလားဆရာရဲ့၊ ဘုန်းကြီးက တူအမြင်မတော် တာတွေ့ရင်၊ ခိုင်းတာ မလုပ်ရင် တူ့ကျောင်းကိုခေါ်ပြီး ထားဝယ်ကြိမ်နဲ့ ဆော်မှာ ဆရာရဲ့'

'ဟေ . . . ဆရာတော်က တွယ်တယ်လား'

ထိုစဉ် ကျောင်းပေါ်သို့ အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦး





တက်လာသည်။

ထိုသူသည် ဖျင်ကွက်ပုဆိုး၊ ဖျင်တိုက်ပုံဖြင့် ခေါင်းတွင် လျှော်ကို သေသပ်စွာ ပေါင်းထားပြီး၊ ကွမ်းချိုးတက်၍ မည်းနက်သော သွားကြီးများ ပေါ်အောင် ပြုံးရင်း . . .

'ဟဲ ဟဲ . . . ဆရာလေးတွေ နေကောင်းကြရဲ့လား'

ကျွန်တော်တို့ကလည်း ပြန်ပြုံးပြလိုက်ရင်း မောင်ကျော်အား ကပ်၍ မေးလိုက်ရာ၊ ဆရာတော်ပြောသော မောင်ဖိုးသစ်ဆိုသည့် လူကြီး မှန်း သိလိုက်ရသဖြင့် စားပွဲသို့ ဖိတ်ခေါ်လိုက်ရင်း . . .

'နေကောင်းပါတယ်ဗျာ . . . နေကောင်းပါတယ်'

'လာပါ ဒီမှာထိုင်ပါဦး ဘိုးလေးဖိုးသစ်ရယ်၊ ကျွန်တော်တို့ကလဲ ဆရာတော် ပြောကတဲက တွေ့ချင်နေတာ'

အဘိုးကြီးက ကွမ်းတစ်ယာထုတ်ပြီး ဝါးလိုက်ရင်း . . .

'ဆရာတော်ကလည်း ဆရာလေးတို့နှစ်ယောက်အကြောင်းကို ပြောပြပါတယ်ဗျာ၊ ဆရာလေးတို့ အခက်အခဲရှိရင်လဲ ဘိုးလေးကို ပြောပါ၊ ဘိုးလေးလဲ တတ်နိုင်သလောက် ကူညီရမှာပေါ့၊ ကိုယ့်ရွာက ဆရာတွေပဲ၊ အခုကျောင်းမှာ ကျောင်းတား စုံမစုံ ဆရာတော်က ကြည့်ခိုင်းလိုက်လို့ လာတာဗျ၊ စုံရဲ့လား'

'စုံတယ် ဘိုးလေးရေ အားလုံးအစုံပဲ'

'ဟဲ ဟဲ . . . စုံရမှာပေါ့၊ မစုံလို့ကတော့ ဆရာတော်ရဲ့ ထားဝယ် ကြိမ် အောက်မှာပြားပြား မှောက်သွားမှာပေါ့ဗျ'

'ဒီရွာကလူတွေကလဲ ဆရာတော်ကို တော်တော် ကြောက်ကြသားပဲ'

'ကြောက်တာတော့ ဘယ်ဟုတ်မလဲ ဆရာလေးရယ်၊ ဒီရွာမှာ ဘုန်းဘုန်းက အတက်အကြီးဆုံးဆိုတော့ တစ်ရွာလုံးက ယောကျ်ားမှန်သမျှက ဘုန်းဘုန်းကျောင်းမှာ ကိုရင်တို့၊ ဦးပဉ္စင်းတို့ဝတ်ဖူးကြတော့ ဆရာရင်း ဒကာရင်းလိုကတစ်မျိုး၊ ကိုယ့်မိဘလိုက တစ်ဖုံ အားကိုး အားထားပြုကြ၊ ကြည်ညိုလေးစားကြတာပေါ့ဗျာ၊ ဒါနဲ့ ဆရာလေးတို့ နေရထိုင်ရ၊ စားရ

http://www.linhtet.com/forum

www.foreverspace.com.mm

သောက်ရတာ၊ အဆင်ပြေရဲ့လား'

'ပြေပါတယ် ဘိုးလေးရယ်၊ ဒါပေမယ့် တစ်နေ့တစ်အိမ် ထမင်းစားရတာကြီးကိုတော့ မစားချင်တော့ဘူး၊ အားနာတယ်'

'ဘာ အားနာစရာရှိလို့လဲ ဆရာလေးရယ်၊ ရွာမှာကအိမ်ခြေလေးဆယ်ရှိတယ်ဗျာ၊ တစ်နေ့တစ်အိမ်က ကျွေးတာပဲဗျာ တစ်လကျော်မှ တစ်ခါလောက် ကျွေးရတာ တူတို့လဲမပင်ပန်းပါဘူး၊ အခုလို လိုက်စားမှ တူတို့တွေနဲ့ ဆရာလေးတို့နဲ့ ပိုရင်းနှီးတာပေါ့'

'ဒါတော့ ဒါပေါ့ ဘိုးလေးရယ်၊ ကျွန်တော်တို့ကလဲ လွတ်လွတ်လပ်လပ် ကိုယ့်အိမ်မှာကိုယ် ချက်စားချင်သေးတာပဲဗျ'

'ကိုင်း ဒါဆိုလည်း ဘိုးလေးစီစဉ်ပေးပါမယ့်၊ ဒါပေမယ့် ဆရာလေးတို့တစ်တွေ အိမ်လေးဆယ် ပြည့်အောင်တော့ စားမှဖြစ်မယ်၊ တော်ကြာမစားဖြစ်လို့ ကျန်နေခဲ့တဲ့ အိမ်တွေက တူတို့ကိုမခင်လို့ လာမစားဘူးလို့ ထင်နေကြလိမ့်မယ်၊ ဆရာလေးတို့ စာမေးပွဲရော နီးပြီလား'

'သူငယ်တန်းက သုံးတန်းအထိက နောက်လကုန်ရင် စာမေးပွဲဖြေမယ်၊ လေးတန်းကတော့ မတ်လရောက်မှ ဖြေရမှာ၊ အဲဒီရွာမှာ ဖြေရမှာမဟုတ်ဘူး၊ အလယ်တန်းကျောင်းရှိတဲ့ လက်ပံတံခါးဆိုတဲ့ ရွာကြီးမှာသွားဖြေရမှာ'

'ဒီလကုန်ဖို့က တစ်ပတ်လောက်ပဲ လိုတော့တာပဲ၊ နောက်ပြီး တော့နောက်ဆိုရင် စားမေးပွဲတွေစစ်မှာနဲ့ လေးတန်းအတွက်က အလုပ်ရှုပ်ဦးမှာဆိုတော့ မထူးပါဘူးဆရာလေးရယ် ဒီလိုပဲ အိမ်တွေကို လှည့်စားကြဦးပေါ့၊ အဲလိုမှ မစားချင်ဘူး ဆိုရင်လဲ ဆရာလေးတို့ အိမ်ကို ပို့ခိုင်းပေးမယ်၊ ချက်တော့ မစားကြနဲ့ဦးပေါ့'





(၆)

အနေကြာသွားသောအခါ ရွာနှင့် ကျွန်တော်တို့မှာ အစေးကပ်သွားသည်။

ဘိုးလေးဖိုးသစ်၏ ကောင်းမှုကြောင့် ထမင်းစားရန်အတွက် အလှည့်ကျသော အိမ်များက လာပို့ကြသဖြင့် ကိုယ်စားချင်သည့် အချိန်တွင် စား၍ရသည်။

ကာလသားများသည် သူတို့အဖွဲ့ပိုင် အိုးခွက်ပန်းကန်၊ ရေနွေးအိုးမှအစ ပစ္စည်းမျိုးစုံကို ကျွန်တော်တို့ အိမ်သို့ လာပို့ထားကြသည့်အပြင် သူတို့ပါ ကျွန်တော်တို့ အိမ်အောက်တွင် လာအိပ်ကြသဖြင့် နေရင်းထိုင်ရင်း ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာ အလိုအလျောက် ကာလ သားခေါင်းများ ဖြစ်သွားကြသည်။

ကာလသားများကလည်း ရွာမှ လာပို့သော ထမင်းဟင်းများကို လှယ်ပေးခြင်း၊ ကျွန်တော်တို့ ထမင်းစားရန်အတွက် စားပွဲပြင်ပေးခြင်း၊ လက်ဆေးရေခပ်ပေးခြင်း၊ စားပြီးလျှင် ပန်းကန်ဆေးပေး၍ ထမင်းဝိုင်းသိမ်းပေး ခြင်းစသည်တို့ကို ကျွန်တော်တို့ တောင်းပန်၍ မရလောက်အောင်ကိုယ်အလိုက်တသိ လုပ်ပေးကြသည်။

ညအခါ အပျိုအိမ်အောက်သို့သွား၍ လူပျိုလှည့်သောကာလသားများကလဲ ညဉ့်နက်သန်းခေါင်မှ ပြန်လာကာ သူတို့အတွေ့အကြုံ များကို

http://www.linhtet.com/forum


ကျွန်တော်တို့အား ရင်ဖွင့်ခြင်း၊ အကြံဉာဏ်တောင်းခြင်း၊ ပြုကြပြန်သဖြင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာလဲ သူတို့၏ ချစ်မှုရေးရာများကို ဒိုင်ခံ ဖြေရှင်းပေးနေရသော အချစ်ပါရဂူကြီးများလဲ ဖြစ်ရပြန်သည်။

တစ်ခါတစ်ရံတွင် ကာလသားများက သူတို့အိမ်မှ ကြက်ကို ယူလာ၍ ဘူးသီးဖြင့် ကာလသားဟင်းချက်ကာ ညလယ်စာကို တပျော်တပါး စားသောက်ကြပြန်သဖြင့် ကျွန်တော်တို့နှစ်ဦးမှာ ကိုယ့်မြို့ ကိုယ့် အိမ်ကိုပင် မေ့လျော့နေမိတော့သည်။

ညနေ မှောင်စပျိုးချိန်တွင်တော့ ကာလသားတစ်သိုက် ကြက်တစ်ကောင်ကိုဆွဲလျက် ရောက်လာရင်း. . .

'ဆရာရေဒီည ချစ်အောင်အိမ်က ကြက်ဖကြီးက တွန်တံပေးတယ်ဗျို့'

ဟု အော်ဟစ်သတင်းပေးကာ အိမ်ပေါ်တက်လာသည်။

ညစာ ထမင်းစားပြီး၍ အိမ်ရှေ့ဝရန်တာတွင် ဆေးလိပ်သောက်နေသော ကျွန်တော်တို့ နှစ်ယောက်ကတော့ ချစ်အောင်အိမ်က ကြက်ဖကြီးသည် ဒီနေ့ ညလယ်စာအတွက် ကာလသားဟင်း ဖြစ်သွားလေပြီဟု သဘောပေါက်လိုက်ကြသဖြင့် ကျွန်တော်က. . .

'ငါတို့ ကျောင်းဆရာနှစ်ယောက် မင်းတို့ရွာမှာ ကြာကြာနေရင် ကြက်မျိုးပြုတ်တော့မယ် ထင်တယ်၊ မလုပ်ကြပါနဲ့ကွာ မြို့မှာဆို ကြက်တစ်ပိဿာ တစ်ရာကျော်ရှိတယ် မင်းမိဘတွေက မပြောကြဘူးလား'

ကာလသားများက ကျွန်တော်တို့ဘေးတွင် ဝင်ထိုင်ရင်း. . .

'ဘာလို့ပြောရမှာလဲ ဆရာရဲ့ ကျွန်တော်တို့ ကိုယ်ပိုင်မွေးထားတဲ့ ကြက်တွေပဲ ပေါ်မှပေါ်'

ကာလသားခေါင်း ထိပ်ဖြူကြီးက ချစ်အောင်လက်ထဲမှ ကြက်သေကြီးကိုယူ၍ မီးဖိုဘက်သွားရင်း. . .

'ဆရာလေးတို့ရယ်. . . ဘာပြုလို့ ချစ်အောင်က ကြက်တား ဟင်းချက်ကျွေးရတာလဲဆိုတာ မေးကြည့်ပါဦး၊ ဟဲ ဟဲ'





ကျွန်တော်က မီးခိုးများ မှုတ်ထုတ်လိုက်ရင်း. . .

'မေးစရာ မလိုပါဘူး ငါသိပါတယ်၊ ဒီကောင့်ကို ရွာအနောက် ဝိုင်းက ကောင်မလေးက အဖြေပေးလိုက်လို့ မဟုတ်လား'

ထင်ကျော်ဦးက ဆေးလိပ်ကို မီးထပ်ညှိလိုက်ရင်း. . .

'မင်းက သူတို့ကျွေးတဲ့ သန်းခေါင်းထမင်းကို ဗိုက်ကားအောင် စားပြီး အစောကြီး ဝင်အိပ်အိပ်နေတော့ ဘယ်သိမလဲ၊ ချစ်အောင်က အဲဒီကောင်မလေးရဲ့ အိမ်အောက်က နွားစာခေါင်း (နွားစခေါင်း)ကြီးပေါ်မှာ ချိန်းတွေ့ပြီး ရည်းစားစကားပြောဖြစ်နေတာ သုံးရက်တောင် ရှိသွားပြီကွ'

'ဟေ ဟုတ်လား၊ ချစ်အောင်က တယ်စွံပါလားကွ ဒါကြောင့် အခုည မင်းအိမ်က ကြက်ဖကြီး တွန်သံပေးတာလား'

ထိုစဉ် ဓားမတစ်ချောင်းကို ခါးထိုးပြီး အိမ်ပေါ်တက်လာသော မျိုးထွတ်က. . .

ဒီညတော့ ချိန်းတွေ့ပြီး စကားပြောရုံတင်မဟုတ်ဘူး ဆရာရေ့၊ ကောင်မလေးရဲ့ လက်ကိုကိုင်ပြီး စကားပြောခွင့်တယ်ဆိုလို့ ကျွန်တော်နဲ့ တူနဲ့ လောင်းထားတယ်'

'မင်းနဲ့ ဘယ်လိုလောင်းတာလဲ မျိုးထွတ်ရ'

'ဒီကောင် တတ္တိမရှိပါဘူး ဆရာလေးရာ၊ ဒါကြောင့် တူ တကယ် လက်ကိုင်ပြီး စကားပြောရဲရင် ကျွန်တော်က ကြက်နှစ်ကောင်ပေးမယ်၊ မပြောရဲရင် တူက ကြက်တစ်ကောင် ပြန်ပေးရမယ်၊ အဲဒီလို လောင်းတာ၊ စရန်အနေနဲ့ အခု ချစ်အောင်ရဲ့ကြက်ကို ချက်စားမယ်၊ တူတာ ကောင်မလေးလက်ကို ကိုင်တာတွေ့ရရင် ကျွန်တော့်ကြက်တစ်ကောင်ကို မနက်ဖန် ချက်စားပြီး ကျန်တဲ့ ကြက်တစ်ကောင်ကို တူ့ကို ပေးမယ်လို့ လောင်းလိုက်တာ ဆရာရဲ့'

ချစ်အောင်က ဟုတ်ကြောင်းခေါင်းညိတ်ပြကာ၊ ထင်ကျော်ဦး နား ကပ်သွားရင်း. . .

'ဆရာလေး ဒီည ကျွန်တော်ချိန်းတွေ့ရင် ဒီကောင်တွေက ချောင်း

http://www.linhtet.com/forum



ကြည့်နေကြမှာဗျ။ လက်ကိုတာ မကိုင်ဖြစ်ရင် ကျွန်တော်ရှုံးပြီ၊ ကြက်ရှုံးတာက အရေးမကြီးဘူး၊ နောက်ဆို ဒီကောင်တွေ စ,ကြ နောက်ကြတာနဲ့ ကျွန်တော် ရှက်ပြီး သေလောက်တယ်ဗျ'

'နောက်မှာတော့ မပူနဲ့ ကိုယ့်လူ၊ ရွာတံခါးမှာ မင်းကြက်ရဲ့ ခေါင်းကြီး ကို တံနဲ့ ရိုက်ပြီးချိတ်ထားမှာ'

'ဟုတ်ပါ့၊ ဟုတ်ပါ့၊ အဲဒီကြက်ခေါင်း အောက်မှာ ငါတေရတာ ချစ်အောင် မကိုင်လို့ဆိုပြီး မီးသွေးခဲနဲ့ စာရေးထားမယ်မှတ်'

တစ်ယောက်တစ်ပေါက်ပြောကြသဖြင့် ချစ်အောင်ချွေးပြန်သွားပြီး-

'လုပ်ပါဦး ဆရာရဲ့ ဒီကောင်တွေက တကယ်လုပ်မှာဗျ'

'ဟ. . . ငါက ဘာလုပ်ရမှာလဲ၊ မင်းကောင်မလေးကို ဒီည ချစ် အောင်လာရင် လက်ကို ဆန့်ပေးထားပါလို့ သွားပြောရမှာလား'

ကျွန်တော့်စကားအဆုံးတွင် အားလုံးက 'ဝါး'ခနဲ ရယ်လိုက်ကြသည်။

ချစ်အောင်က ချွေးသုတ်ရင်း. . .

'ဒီလို ဆရာရဲ့. . . ကောင်မလေးရဲ့ လက်ကိုကိုင်ပြီး ကျွန်တော်က စကားပြောအောင်တွားရင် အရက်တောက်မတွားရဘူး၊ ပြီးတော့ တူ့ရဲ့လက်ကို ကိုင်ထားတာဟာ 'တစ်' ကနေ 'တစ်ဆယ်' အထိ ကြာရမယ်တဲ့ဗျ'

'မင်းကလည်း ဘာပြုလို့ မပိုင်ဘဲနဲ့ လောင်းရတာလဲ'

'ပိုင်တော့ ပိုင်သလိုလိုပါပဲ ဆရာရယ်၊ မတော်လို့ ကျွန်တော်က ကောင်မလေးရဲ့ လက်ကိုလည်း ကိုင်လိုက်ရော၊ ကောင်မလေးက တူ့လက်ကို ဆတ်ခနဲ ရုန်းလိုက်ရော၊ တွားပြီ ကျွန်တော်ရှုံးတွားပြီ၊

အဲဒါကြောင့် ကျွန်တော်က ကောင်မလေးလက်ကို ကိုင်တဲ့အချိန် မှာ တူ ရုတ်တရက်မရုန်းနိုင်အောင် ဘာပြောနေရမလဲဆိုတာ အကြံပေးပါဦး'

ထင်ကျော်ဦးက ကျွန်တော့်ဆေးလိပ်ကိုယူဖွာရင်း. . .

'ဒီလိုလုပ်ကွာ. . . ကောင်မလေးရဲ့ လက်ကို မင်းက ဖြည်း ဖြည်းလေးကိုင်လိုက်ပြီး တောင်ယာလုပ်ရတာတောင် မင်း လက်ကလေးတွေက နူးညံ့နေတာပဲနော်လို့ တစ်လုံးချင်း ပြောလိုက်'





'ဟာ. . . ဆရာလေးကလဲ၊ တောင်ယာလုပ်တာပဲ တူ့လက်က ဘယ်လိုလုပ်ပြီး နုတော့မှာလဲ၊ ကြမ်းမှာပေါ့ဗျ'

'ဟ. . . ခွေးကောင်ရ ကြမ်းတာ နုတာက အရေးမကြီးဘူး၊ ငါပြောခိုင်းသလို တောင်ယာ လုပ်ရတာတောင် မင်းလက်ကလေးတွေ က နူးညံ့နေတာပဲနော်လို့ တစ်လုံးချင်း ဖြည်းဖြည်းသာပြော အဲဒါ 'တစ်' ကနေ 'တစ်ဆယ်'ထက်မက ကြာတယ်ဟ ငအရ'

ထိုအခါမှ ချစ်အောင်က သဘောပေါက်သွားပြီး. . .

'ဟား ဟား. . . အိုကေ. . . အိုကေပဲ၊ ဘာရမလဲ ငါကွ၊ မင်းတို့ကြားတဲ့ အတိုင်းပဲနော်၊ အဲဒါ 'တစ်' ကနေ 'တစ်ဆယ်' မကကြာ တယ်တဲ့ ဟား ဟား'

မျိုးထွတ်က နှာခေါင်းရှုံ့လိုက်ရင်း. . .

'အင်း. . . အဲဒါကြောင့် ထင်တယ်၊ ဒီတစ်ခါ ငါ့အိမ်က ကြက်ဖ နှစ်ကောင် တွန်တံက ငိုတံကြီး ပါနေတလိုလိုပဲလို့'

'ဝါး' ခနဲ ပိုင်းရယ်လိုက်ကြသည်။

ချစ်အောင်ကတော့ ထင်ကျော်ဦးသင်ပေးသော စကားများကို တတွတ်တွတ် ရွတ်နေလေတော့သည်။

* * *

ကာလသားဟင်း ကျက်သွားချိန်တွင်တော့၊ ကာလသားတစ်သိုက် ရွာအနောက်ပိုင်းသို့ သွားကြလေတော့သည်။

ကျွန်တော့်မှာလည်း နေရင်းထိုင်ရင်း ရင်ပူလာသဖြင့်. . .

'ဟေ့ကောင် ထင်ကျော်ဦး. . . ငါတော့ ရင်ပူတယ်ဟေ့၊ ကောင် မလေး မိဘတွေနဲ့သာ မိသွားလိုက်ရင်တော့ မလွယ်ဘူး'

'ဘာ မလွယ်တာရှိလို့လဲ၊ ဒီရွာရဲ့ ဓလေ့ထုံးစံကိုက အပျိုအိမ် အောက်ကို ကာလသားတွေသွားတာ မဆန်းပါဘူး၊ သူတို့ ဓလေ့ပဲ'

http://www.linhtet.com/forum



www.foreverspace.com.mm

ဟုတ်တော့လည်း ဟုတ်ပါသည်။

သူ့ရပ်ရွာ သူ့မလေ့အရ အပျိုအိမ်အောက်သို့ ကာလသားများ သွားခြင်းဖြစ်သဖြင့် သမီးရှင်မိဘများကလည်း မသိချင်ယောင်ဆောင်နေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ထိုစဉ်. . .

'ဒုန်း. . .' ဆိုသော အသံခပ်အုပ်အုပ် မြည်သံက ရွာအနောက်ပိုင်းမှ ထွက်ပေါ်လာသဖြင့် ကျွန်တော် ခေါင်းကြီးသွားသည်။

ခဏအကြာတွင် အိမ်ရှေ့မှ'တဖုတ်ဖုတ်' ဖြင့်ပြေးဝင်လာသံကြားရပြီး၊ ကာလသားလက်သစ် နေဝင်း ပြန်ရောက်လာသဖြင့်. . .

'ဟဲ့ နေဝင်း၊ ခုနက ဒုန်းဆိုတာ ဘာသံလဲ'

နေဝင်းက ရေတစ်ခွက် မော့သောက်လိုက်ရင်း. . .

'ဆရာလေးရေ. . . ချစ်အောင်လည်း အိမ်အောက်ရောက်ရော တူ့ကောင်မလေးလဲ တန်းဆင်းလာတယ်ဗျ၊ ထုံးစံအတိုင်း ကောင်မလေးက နွားစခေါင်း(နွားစာခေါင်း) ပေါ်ထိုင်လိုက်ရော ချစ်အောင်ကလဲ အနားကပ်သွားတာပဲ။

အဲဒီတင် ကောင်မလေးတို့အိမ်က နွားတိုး(နွားသိုး)ကြီးက နွားစခေါင်းကြီးကို ဝှေ့ချလိုက်တာ နွားစခေါင်းကြီးမှောက်ပြီး၊ ကောင်မလေးလဲ လွင့်ကျသွားတာပဲ'

'ဟာ. . . လူထိသွားသေးလား'

'နွားက တူ့စခေါင်းကို ဝှေ့လိုက်တော့ နွားစခေါင်းပေါ် တက်ထိုင်နေတဲ့ ကောင်မလေး လိမ့်ကျသွားတာပဲ မြင်ခဲ့တယ်ဆရာ၊ ကျွန်တော်လဲ ကြောက်တာနဲ့ တန်းပြေးလာခဲ့တာ၊ တူတို့လာမှ မေးကြည့်ပေတော့၊ ကျွန်တော် မတိဘူး'

'နေပါဦး အရင်ရက်တွေတုန်းကလဲ ကောင်မလေးက နွား စခေါင်းပေါ်မှာထိုင်လို့ ချစ်အောင်က ဘေးမှာရပ်ပြီး စကားပြော နေကြဆိုကွ၊ နွားက အဲဒီရက်တွေတုန်းက ဘာလို့မဝှေ့တာလဲ'





နေဝင်းက ခွေးများကိုသုတ်ရင်း. . .

'အဲဒါကို ကျွန်တော် စဉ်းစားလို့မရတာ'

ထိုစဉ် ချစ်အောင်တစ်ယောက် ပြေးဝင်လာပြီး. . .

'နိုင်ပြီဆရာရေ. . . နိုင်ပြီ ကျွန်တော့်မှာလေ ကောင်မလေး အနားလဲရောက်သွားရော ရင်ထဲမှာ ဓေတ်တီးမီးဖုတ်ပြီးသား ပူပူကြီးကို အတောင့်လိုက်မျိုချထားတလိုပဲ ရင်ထဲမှာ ပူစပ်ပူလောင်ကြီး ဖြစ်နေတာ နဲ့ ဆရာတင်ပေးလိုက်တဲ့ စကားတွေလဲ မေ့သွားတာပဲ။

အဲ. . . နောက်မှ မထူးတော့ပါဘူးဆိုပြီး၊ ကောင်မလေး လက်ကိုဆွဲပြီး၊ တစ်-နှစ်-တုံး-လေးနဲ့ တစ်ဆယ်အထိရေပြီး ထွက်ပြေးခဲ့တာ၊ တူ့မှာ ရှန်းချိန်တောင် မရလိုက်ဘူး'

'ဟေ. . . ဟုတ်လား၊ ဒါနဲ့ နွားဝှေ့လို့ဆို'

ထင်ကျော်ဦး၏ မေးခွန်းသံမဆုံးခင်ပင် ထိပ်ဖြူကြီးနှင့် မျိုးထွတ် တို့ကာလသားတစ်သိုက် ပြန်ရောက်လာပြီး 'တဝါးဝါး တဟားဟား ဖြင့်. . .

ဒီလို ဆရာလေးရေ. . . ချစ်အောင်က ကောင်မလေးအိမ်အောက်ထဲ ဝင်သွားချိန်မှာ ကျွန်တော်တို့က ခြံစည်းရိုးနားမှာ နေရာယူပြီး တား အသင့်ဖြစ်နေပြီ. . .

'အဲဒီအချိန်မှာ ကောင်မလေးက တူ့အိမ်ပေါ်က ဆင်းလာပြီး ထုံးစံအတိုင်း အိမ်အောက်နွားစာခေါင်းကြီးပေါ်မှာ ထိုင်လိုက်ရော၊ ချစ်အောင်ကလဲ အနားကပ်သွားပြီး လက်ကိုဆွဲဖို့ အလုပ်မှာ အဲဒီအိမ်က နွားကြီးက ဝှေ့ချလိုက်တာ 'ဒုန်း' ခနဲ မြည်ပြီး နွားစာခေါင်းကြီးလဲ မှောက်သွားရော ကောင်မလေးလဲ လိမ့်ကျသွားပါလေရော၊ ကောင်မလေးက မြေကြီးပေါ်မှာ ပုံ့ပုံ့ကလေး လဲနေချိန်မှာ ဆရာ့တပည့်ချစ်အောင်က ကောင်းကလေး အနားသွားပြီး ထူပေးမလိုလို့နဲ့ လက်ကိုဆွဲပြီး တစ်-နှစ်-တုံး-လေးနဲ့ တစ်ဆယ်အထိ အတံတွက်ပြီး ရေတော့တာပဲဗျို့ ဟား ဟား ဟား'

မျိုးထွတ်က တဟား ဟား ရယ်ရင်း. . .

'အဲဒီမှာတင် ကောင်မလေးကရှက်ရှက်နဲ့ တူ့လက်ကို ဆောင့်ရုန်း

http://www.linhtet.com/forum



ပြီး ချစ်အောင်ပါးကို ရိုက်ထည့်လိုက်တာ 'ဖျန်း' ခနဲပဲ ဟား ဟား ဟား၊ အပေါ်က အဘိုးကြီးကလဲ နိုးတွားပြီး၊ ဟဲ့ လုံမလေး ဘာဖြစ်တာလဲလို့ မေးရော ချစ်အောင်လည်း ထွက်ပြေးတော့တာပဲ ဟား ဟား'

ကျွန်တော့်မှာ မျက်ရည်များ ထွက်အောင်ရယ်နေရင်းမှ . . .

'ဒါနဲ့ ကောင်မလေးက ဘယ်လိုပြန်ပြောသလဲ'

'ကောင်မလေးက တူ အပေါ်တွားအောင် အောက်ကိုဆင်းတာ နွားစာခေါင်းကြီးကို နွားက ငုံနေတယ်လို့ ပြန်ပြောတယ်ဗျ ဟား ဟား ဟား၊ အဘိုးကြီးက ဘာပြန်ပြောတယ် မှတ်တလဲ၊ အေး. . . အေးတဲ့ နွားနားကို သိပ်မကပ်နဲ့နော်တဲ့၊ အဲဒီနွားကို မနက်ကမှ တင်းထားတော့ နွားက ဒေါသထွက်နေတယ်လို့ ပြန်ပြောတယ်ဗျ ဝါး ဟား ဟား ဟား'

'နေ နေပါဦးကွ 'တင်း' တယ်ဆိုတာ 'သင်း' တာကိုပြောတာ လား'

ကျွန်တော်တို့ ရယ်မောသံကြောင့် တရေးနိုး၍ အောက်သို့ ဆင်းလာသော မောင်ကျော်က. . .

'ဆရာကလဲ တင်းတယ်ဆိုတာ နွားရဲ့ ဟိုဒင်းကြီးကို ညှပ်ကြီးနဲ့ ညှပ်ပြီး ထုထားတာဗျ၊ မချိမဆံ့ ခံထားရတော့ နွားကလဲ ဒေါတထွက်ပြီး တူ့ အနား ကပ်လာတဲ့ဟာတိုင်း ငုံတော့တာပဲ၊ ဆရာလေးတို့ မမြင်ဘူး မှန်းတိရင် မနက်က ရွာအနောက်ပိုင်းက ဘကြီး ကိုဘိုးတွေ့ နွားကြီး ထုနေတာ ခေါ်ပြ လိုက်ပါရဲ့'

မောင်ကျော့်အပြောကြောင့် ကျွန်တော်တို့မှာ နှစ်ဆတိုး၍ ရယ်ဖြစ်ကြ ပြန်သည်။ ထင်ကျော်ဦးက ချစ်အောင်ပခုံးကိုပုတ်ရင်း. . .

'မင်းက ဘာလို့ ကောင်မလေးကို ထူမပေးတာလဲ'

'ထူပေးရကောင်းမလားလို့ စဉ်းစားမိပါတေးတယ် ဆရာရယ်၊ ဒါပေမယ့် ထူရင် ပခုံးကိုကိုင်ပြီး ထူပေးရမှာဆိုတော့ ဒီကောင်တွေက တရား မဝင်ဘူးလို့ ပြောမှာစိုးတာနဲ့ တူ့လက်ကို အတင်းကိုင်ပြီးတော့ တစ်ကနေ တစ်ဆယ်အထိ ရေမိတော့တာပါပဲ ဆရာရယ်၊ ကောင်မလေးနဲ့ ကျွန်တော် တော့ လွဲပြီထင်ပါရဲ့'





ထိုနေ့ညက ကာလသားဝိုင်းမှာ ရယ်မောသံများဆူညံနေလေတော့ သည်။

* * *

ဤရပ်ဤရွာ ဤဒေသတွင် သွားလေရာ၌ ကျွန်တော်တို့နှစ်ဦး မြင်လျှင် ရွာသူရွာသားများသည် လမ်းဘေးကပ်ရပ်ကာ လမ်းဖယ်ပေးပြီး ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ခြင်း၊ သူတို့အိမ်များသို့ အလည်ရောက်သွား လျှင်လည်း အိမ်ဦးခန်းတွင် သင်ဖြူးဖြာခင်းပေးကာ လက်ဖက်ရည် ပွဲ အဆင်သင့်ချ ပေး၊ အသားဟင်း ငါးဟင်းများဝယ်ခြမ်း၍ ရပါက အလှည့်ကျ အိမ်မှာပင်မကဘဲ တစ်ရွာလုံးကပါ ဟင်းလာပို့ခြင်း စသည် ဖြင့် ကျောင်းဆရာများအပေါ်တွင် တလေးတစား ဆက်ဆံကြသည်။

ကျွန်တော်တို့မှာလဲ ရွာကကျွေးသမျှစားပြီး သူတို့ကလေးများ အား စာမေးပွဲကိုအောင် အောင် သင်မှဖြစ်ပေတော့မည်။

ထိုကြောင့် ကျောင်းပိတ်ရက် မထားဘဲ ဖိဖိစီးစီး စာသင်နေရသည်။ ကလေးများမှာလဲ မိုးလင်းကတည်းက ကျောင်းမှတပါး အခြား မည်သည့် နေရာကိုမှ သွားစရာမရှိတော့သည့်အလား နေ့စဉ် ပျက်ရက် မရှိပေ။ ထို့အတူ စာသင်ရန်ပဲပြောပြော ကလေးထိန်းရန် အတွက်ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ဆရာနှစ်ဦးသည်လည်း မပျက်မကွက် ကျောင်းသွား ရလေတော့သည်။

အေးရွာများဖြစ်သည့် သခွတ်ရင်း၊ ခါးဇက်၊ မဒိုင်းစသော ရွာများမှ ကျောင်းဆရာများကလည်း သူတို့ အားလပ်ရက်များတွင် ကျွန်တော်တို့ ကျောင်းသို့လာ၍ ကူညီသင်ပေးသလို ကောင်းနိုးရာရာ နည်းလမ်းများကိုလဲ ပြသပေးခြင်း၊ ကျောင်းနှင့်ပက်သက်သော စာရင်း ဇယား စာရွက်စာတမ်း ထားသိုအသုံးပြုနည်း၊ မေးခွန်းထုတ်နည်း စသည်ဖြင့် ကျောင်းဆရာတို့ တပ်အပ်သော အဌာရသ တစ်ဆယ့်ရှစ် ရပ်ကို သင်တန်းများ ပို့ချကြသဖြင့် ကျွန်တော်တို့မှာ တောကျောင်း ဆရာဘဝကို နေသားကျသလို ဖြစ်သွားကြ လေတော့သည်။

http://www.linhtet.com/forum



ယနေ့ ထင်ကျော်ဦးတစ်ယောက် လေးတန်းမေးခွန်းဟောင်း များကို ငှားရန်နှင့် သူငယ်တန်းမှ သုံးတန်းအထိမေးခွန်းများ စုပေါင်း ထုတ်ရန်အတွက် သခွတ်ရင်းရွာကြီးသို့သွားသဖြင့် ကျောင်း၌ ကျွန်တော် တစ်ယောက်ထဲ ကျန်နေခဲ့သည်။

တစ်တန်းနှင့် နှစ်တန်းအား ပွဲမဝင်ခင် ကြိုတင်လေ့ကျင့်ဆိုသလို မေးခွန်းပုံစံများကို ဖြေခိုင်းထားလိုက်သည်။

သုံးတန်းကျောင်းသား ကျောင်းသူများကိုတော့ ကျောင်းဝင်းအတွင်းရှိ ခြောက်သွေ့နေသော သစ်ပင်ပန်းပင်အပေါင်းကို ရေလောင်း ခိုင်းထားလိုက်ပြီး သူငယ်တန်းများကို မြန်မာစာ ကဗျာသင်မည်ပြုစဉ် ရွာဦးကျောင်းမှ ကိုရင်ကြီး ရောက်လာပြီး ဆရာတော်က ကျောင်းဆိုင်း ဘုတ် ပေးခိုင်းကြောင်း ပြောကာ ဆိုင်းဘုတ်ကြီးကိုချ၍ တန်းပြန်သွားလေ တော့သည်။

၄-ပေ ၃-ပေ ဆိုင်းဘုတ်ကြီးတွင် အစိမ်းခံ၍ အဖြူရောင်ဖြင့် အခြေခံပညာမူလတန်းကျောင်း သက္ကယ်မြောင်ကျေးရွာ ဟူသော စာတန်းရေး ပေးပါဘုရားဟု သေသေချာချာ လျှောက်တင်ခဲ့သော်လဲ ဆရာတော် ကိုယ်တိုင် ကရေးရင်းရေးရင်း လက်တွေ့သွားလေသလား၊ ယိမူယိုင်သွေး ဖြင့် လက်စွမ်းပြ လိုက်လေသလားမသိ ဆိုင်းဘုတ်ကြီးမှာ အစိမ်းနှင့် အဖြူတင်မကတော့ဘဲ ရောင်တော်စုံကွန့်မြူးနေသလို မြူးပန်းမြူးနွယ်ဖြင့် အဆန်းတကြယ် ရေးထား သော စာလုံးများမှာလဲ အတွန့်အတက် အကွန့်အညွန့်များလွန်းသဖြင့် ကျောင်းဆိုင်းဘုတ်နှင့် မတူပဲ သကြိန်မဏ္ဍပ် ဆိုင်းဘုတ်နှင့် တူလေတော့သည်။

ဤဆိုင်းဘုတ်ကြီးကို မတင်ပြန်ရင်လဲ ဆရာတော်ကို မလေး စားရာ ရောက်မည်။

အကယ်၍ တင်လိုက်ပါကလည်း ကျောင်းဆရာအချင်းချင်း ဟားကြ ပေတော့မည်။

ထို့ကြောင့် မည်ကဲ့သို့ လုပ်ရမည်နည်းဟု ကြီးစွာသောအကြံကို ထုတ်လိုက်ရင်း. . .

ဟုတ်ပြီ ဒီဆိုင်းဘုတ်ကို ကျောင်းအတွင်းခေါင်းရင်းနံရံမှာ သံနဲ့





အသေ ရိုက်ထားလိုက်တာ ကောင်းမယ်၊ နောက်ထပ် ဆိုင်းဘုတ်တစ်ခုကို တော့ ကိုယ့်ဟာကိုယ်ပဲရေးပြီး ကျောင်းခေါင်က နဖူးစည်းမှာ ချိတ်ထား လိုက်တော့မယ်။

အင်း. . . ဆရာတော်ကမေးရင်လဲ ဘုန်းဘုန်းလက်ရာ ကောင်း လွန်းလို့ အပြင်မှာချိတ်ရင် လေဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးမှာစိုးမြောလို့ ကျောင်းခန်းမထဲမှာ တရိုတသေချိတ်ထားပါတယ် ဘုရားလို့ လျှောက် လိုက်ရုံပဲ ဟုတ်ပြီ။

အဲဒီအကြံကောင်းတယ် တစ်ခါထဲ အကောင်အထည်ဖော်မှ၊ ဟဲ ဟဲ ထင်ကျော်ဦး ပြန်လာရင်တော့ ငါ့ကို ချီးမွမ်းသွားစေရမယ် ဟဲ ဟဲ။

ကိုယ့်ဟာကိုယ်အားပေးရင်း ကျွန်တော်သည် ဆိုင်းဘုတ်ကြီး ကို တင်ရန်အတွက် ပြန်ဆင်ရလေတော့သည်။

ဒီဆိုင်းဘုတ်ကြီးကလဲ ၄ ပေ၊ ၃ ပေ ကြီးဆိုတော့ လေးလဲ လေးတယ်၊ သူငယ်တန်းကကောင်တွေ မနိုင်မှာ မဟုတ်ဘူး။

တစ်တန်းနှစ်တန်းက ကလေးတွေ မခိုင်းဖို့ကလဲ စာမေးပွဲပုံစံ အစမ်းဖြေခိုင်းထားတော့ သူတို့တွေကို မနှောင့်ယှက်ချင်ဘူး။

ဘယ်လိုလုပ်ရမလဲ ဟုတ်ပြီ၊ ငါကဒီဆိုင်းဘုတ်ကြီးကို မ ထားမယ် သူငယ်တန်းကလေးတွေကို ခွေးချီ (ခွေးခြေ) ခုံပေါ်တက်ပြီး သံရိုက်ခိုင်း မယ် အဲဒါကောင်းတယ်။

ကျွန်တော်သည် ဗီရိုထဲမှ တူနှင့်သံ သုံးလေးချောင်းကိုထုတ်ကာ စားပွဲပေါ်တင်ထားလိုက်ပြီး ဆိုင်းဘုတ်ကြီးကို မ ၍ ကျောင်းခေါင်းရင်း နံရံ၌ နေရာချထားကြည့်လိုက်သည်။ ဆိုင်းဘုတ်ကိုတော့ နိမ့်နိမ့်တွင် ချိတ်ဆွဲထားလို့ မသင့်တော်၊ ထို့ကြောင့် ကျွန်တော့် လက်တစ်ဆုံးမြှောက် ၍ နံရံ၌ ကပ်ထား ကြည့်သည်။

အနေတော် ဖြစ်နေသဖြင့် နောက်ကို လှည့်မကြည့်တော့ဘဲ ဆူညံစွာ စကားပြောနေသော သူငယ်တန်းကျောင်းသားများထဲမှ ခင်ဇော် နှင့်ပေါက်တူး တို့အား. . .

http://www.linhtet.com/forum



'ဟောကောင် ခင်ဇော်နှင့် ပေါက်တူး စကားများမနေနဲ့ ပေါက်တူး စားပွဲပေါ်က တူနဲ့သံယူခဲ့၊ တစ်ယောက်က ခွေးချီ(ခွေးခြေ)ယူခဲ့၊ ကျန်တဲ့ကောင်တွေ ကိုယ့်နေရာကိုယ် ငြိမ်ငြိမ်နေကြစမ်း'

'ဟုတ်ကဲ့. . .'

ဆိုသော အသံနှင့်အတူ ပေါက်တူးတစ်ယောက် တူနှင့် သံယူ၍ ကျွန်တော့်အနား ရောက်လာသည်။ ခင်ဇော်က. . .

'မ. . . မနိုင်ဘူး ဆရာ၊ အလေးကြီးပဲ'

ဟုတ်ပေမည်၊ 'အင်' သားနဲ့လုပ်ထားတဲ့ ခုံဆိုတော့ ဒီကောင်တစ်ယောက်ထဲ မနိုင်ဘူးနဲ့တူတယ်ဟု တွေးမိရင်း. . .

'ဟဲ့ ပေါက်တူး တူနဲ့သံ ချထားခဲ့ သွား. . . ခင်ဇော်ကို ကူပြီး မပေးလိုက်'

ပေါက်တူးလဲ ကျွန်တော့်စကားအဆုံးတွင် 'တဒုန်းဒုန်း' မြည်အောင် ပြေးသွားရင်း. . .

'မ ပါဟ ခင်ဇော်ရ အား အင်း'

ဟူသော အသံနှင့်အတူ 'ဝေါင်း' ဟူသော ခွေးကြီးတစ်ကောင်၏ မာန်ဖီသံ ထွက်လာပြီး. . .

'အောင်မလေး တေပါပြီဗျ'

'ဝေါင်း. . . ဝုတ်. . . ဝုတ်. . .'

ဟူသော အသံမျိုးစုံထွက်လာသည်နှင့် တစ်ပြိုင်နက် တစ်ခန်း လုံးရှိ ကျောင်းသားများထံမှလဲ မျိုးစုံသော အာမေဍိတ်သံများ ထွက်ပေါ် လာသဖြင့် ကျွန်တော်လဲ ဆိုင်းဘုတ်ကြီးကို လျင်မြန်စွာချ၍ နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင်မတော့. . .

ဘုရား ဘုရား ခင်ဇော်နှင့်ပေါက်တူးကား ကြမ်းပြင်ပေါ်တွင် ပက်လက်ကလေး လန်နေသည်။ သူတို့အပေါ်တွင်တော့ တိုက်ကောင်းဟု အမည်တွင်သော ခါးစောင်းခန့်မြင့်သည့် အမဲလိုက် ခွေးကြီးက မာန်ဖီနေပါတကား. . .





ကျွန်တော်လဲ ဘောဖျက်ကိုယူ၍ ခွေးကြီးအားပေါက်လိုက်ကာ ခြောက်လှန့် နှင်လွှတ်လိုက်ရင်း. . .

'မင်း. . . မင်းတို့ ကိုက်မိသွားသေးလား'

'မကိုက်မိပါဘူးဆရာ'

'ဘယ်လိုဖြစ်ကြတာလဲကွာ၊ မင်းတို့ကလဲ'

ခင်ဇော်က ပါးစပ်ထဲသို့ စီးကျလာသော နှာရည်များကို ရှုံ့၍ နှာခေါင်းအတွင်းသို့ ပြန်သွင်းလိုက်ရင်း. . .

'ရှုံး. . . ဆရာက ခွေးချီယူခဲ့ဆိုတော့၊ ကျွန်တော်လဲ တိုက် ကောင်းကို မ ချီတာပဲ၊ မနိုင်ဘူးဆရာ၊ ပေါက်တူးရောက်လာလို့ နှစ်ယောက်လဲ မ ရော၊ တိုက်ကောင်းက လူပေါ်ကခုန်ချပြီး ကျွန်တော်တို့ နှစ်ယောက်ကို ခုန်အုပ်တာ'

'ဟေ. . . ငါက မင်းတို့ကို ခွေးကို မ ချီခိုင်းတာ မဟုတ်ဘူး၊ ငါယူခိုင်းတဲ့ ခွေးချီ(ခွေးခြေ) ဆိုတာက ဟိုစားပွဲနားက နောက်မှီ မပါတဲ့ ခုံကိုပြောတာဟဲ့ ငအတွေရဲ့၊ ဒီလောက်တောင် အ ရသလား၊ ကံကောင်း လို့ သေတုန်းတော့မလို့'

ခင်ဇော်နှင့် ပေါက်တူးက ကျွန်တော့်ကို အံ့သြသော အမူအရာ ဖြင့် ကြည့်ရင်း. . .

'ခွေးချီဆိုတာ ခွေးကို မ ချီခိုင်းတာ မဟုတ်ဘူးလား၊ ဟိုဟာက ကုလားထိုင်ပဲဟာ'

'ဟဲ့ ငါက ဘာလို့ ခွေးကို မ,ခိုင်းရမှာလဲ၊ မင်းတို့ကို အဲဒီခွေးချီ (ခွေးခြေ) လို့ခေါ်တဲ့ ခုံပေါ်တက်ပြီး သံရိုက်ခိုင်းမလို့ကွ'

ထိုစဉ် လေးတန်းကျောင်းသား မောင်ကျော်ရောက်လာသဖြင့်. . .

'ဟေ့ မောင်ကျော်. . . ဒီဟာကို ဘယ်လိုခေါ်သလဲ'

မောင်ကျော်က ကျွန်တော်ပြသောခုံကိုကြည့်ရင်း. . .

'ကုလားထိုင်(ကလထိုင်) လေ'

'နေပါဦးကွ နောက်မှီမပါတဲ့ ကုလားထိုင်ကို ခွေးချီ(ခွေးခြေ)လို့ ခေါ်တယ် ဆိုတာရော မင်းသိလား'

http://www.linhtet.com/forum



'ဟင် . . . အင်း၊ ကျွန်တော်တို့ဆီမှာတော့ ကုလားထိုင်လို့လဲ ခေါ်တယ်၊ ခုံလို့လဲခေါ်တယ်၊ အဲ ခွေးချီ(ခွေးခြေ)ဆိုတာတော့ ကျွန်တော်လဲမသိဘူး'

'ကောင်းကွာ'

နောက်မှိမပါတဲ့ ခုံကို ကျွန်တော်တို့မြို့တွင် ခွေးချီ(ခွေးခြေ) ဟုခေါ်သည်။ ထို့ကြောင့် ကျွန်တော်က ခွေးခြေယူခိုင်းသည်။

ပေါင်တူးနှင့် ခင်ဇော်က ခွေးကိုချီယူကြသည်။

ဟို တိုက်ကောင်းဆိုတဲ ခွေးကလည်း တောဝက်ကိုတောင် အသေကိုက်နိုင်တဲ့ခွေး၊ ဒင်းတို့ကိုများ ကိုက်မိလို့ကတော့ . . .

ဆက်မတွေးရဲတော့သဖြင့် ရေကိုသာ တစ်ခွက်ပြီးတစ်ခွက် ဆင့် ကာဆင့်ကာ သောက်လိုက်မိတော့သည်။





## (၇)

စာမေးပွဲရက်က နီးလာလေပြီ။ ထို့ကြောင့် တက်ကုန်ရှက်ကုန် စာသင်နေသော ကျွန်တော့်အနားသို့ ထင်ကျော်ဦး ရောက်လာပြီး . . .

'ဒုက္ခပဲကွာ၊ သုံးတန်းနဲ့ ရှစ်တန်းက အခုအထိ သင်ခန်းစာ မကုန်သေးဘူးကွ'

ကျွန်တော်လဲ ခေါင်းကုတ်လိုက်ရင်း . . .

'အင်း ငါတို့တွေ ရောက်ကတဲက စနေ၊ တနင်္ဂနွေ ပိတ်ရက်မယူပဲ သင်ခဲ့ကြတာတောင် သင်ခန်းစာက ကောင်းကောင်းမပြတ်ချင်သေးဘူးကွ၊ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ သူတို့တွေကို ငါတို့အိမ်မှာ လာအိပ်ခိုင်းကွာ၊ ညပါ စာသင်ကြတာပေါ့'

'ကောင်းသားပဲ တစ်ခါထဲ သူငယ်တန်းနဲ့ တစ်တန်းပါ ခေါ်လိုက်မယ်ကွာ၊ ဒီကောင်တွေ ည ည ကစားနေမယ့်အစား၊ စာကျက်ဖြစ်တာ ပေါ့၊ တို့အိမ်မှာ စာကျက်ပြီးမှ သူတို့အိမ် ပြန်အိပ်ခိုင်းလိုက်ကြတာပေါ့'

'အေးလေ၊ အခုညက စပြီးခေါ်ကြတာပေါ့'

ညမှောင်ရီပျိုးသောအခါ ကျွန်တော်တို့၏ သုံးပင်အိမ်အပေါ် ထပ်အပြည့် ကျောင်းသား ကျောင်းသူများ ရောက်ရှိလာသည်။

ကာလသားများကလည်း ဘိုးလေးဖိုးသစ်အိမ်မှ အောက်လင်း ဓာတ်မီးကိုယူကာ ထွန်းပေးထားသဖြင့် ပိုပြီးအဆင်ပြေသွားသည်။

http://www.linhtet.com/forum



ကျောင်းသားကျောင်းသူများ၏ ဆူညံစွာ စကျက်သံသည်လည်း တစ်ရွာလုံးကို လွှမ်းခြုံသွားလေတော့ရာ မိဘများကလည်း ကိုယ့်သားသမီး၊ ကိုယ့်တူ ကိုယ့်သားများ၏ စာကျက်သံကြောင့် ဝမ်းသာအားရဖြစ်ကာ ကျွန်တော်တို့ အိမ်ရှေ့ကွင်းပြင်တွင် လာရောက်နားထောင်နေကြသည်မှာလည်း သဲသဲလှုပ်နေသည်။

အမှောင်ထဲတွင်ဖြစ်၍ သူတို့မျက်နှာများကို မမြင်ရသော်လည်း ကျေနပ်ပီတိဖြစ်နေမည်မှာ သေချာသည်ဟု ရဲဝံ့စွာ ကျွန်တော်ပြောရဲသည်။

ကိုးနာရီခန့်ရှိသောအခါ စာကျက်ဝိုင်းကို ရုပ်သိမ်း၍ သူငယ်တန်းနှင့် တစ်တန်းကျောင်းသားများအား အိမ်ပြန်ရန်ပြောရာ၊ ၎င်းတို့က မပြန်ဘဲ ဒီမှာတင်အိပ်မည်ဟု ပြောကြလေတော့သည်။

ကျွန်တော်နှင့် ထင်ကျော်ဦးက လုံးဝလက်မခံဘဲ ဗိုလ်အာဏာ သုံး၍ တစ်ချက်လွှတ်အမိန့်ဖြင့် အိမ်ပြန်အိပ်ရန် ပြောမည်ပြုစဉ် ကာလ သားခေါင်း ထိပ်ဖြူကြီးက အိမ်ပေါ်တက်လာပြီး. . .

'ဆရာလေးရေ. . . တူငယ်တန်းနှင့် တစ်တန်းကလေးတွေရဲ့ မိဘတွေက တူတို့ကလေးတွေ ဒီမှာအိပ်ချင်အိပ်ပါစေဆိုပြီး စောင်တွေ ခေါင်းအုံးတွေ လာပေးတွားတယ်ဗျ၊ အိမ်အောက်ထပ်မှာ အပြည့်ပဲ'

'ဟာကွာ. . . မင်းပဲ စဉ်းစားကြည့်ပါဦး ထိပ်ဖြူကြီးရယ်၊ ဒီသုံးပင်အိမ်ကလေးမှာ ကလေးခြောက်ဆယ်ကျော် အိပ်ဖို့ ဘယ်လိုလုပ်ပြီး ဆံ့မှာလဲ'

ထိပ်ဖြူကြီးက ခေါင်းညိတ်ရင်း. . .

'ဒါပေမယ့် ဆရာလေးရယ်၊ တချို့ကလေးတွေဆို နို့တောင် မပြတ်ကြသေးဘူး၊ အဲဒါတောင် တူတို့မိဘတွေနဲ့ မအိပ်ဘဲ ခွဲပြီး ဆရာတို့နဲ့ လာအိပ်တယ်ဆိုတာ နည်းတဲ့တံယောဇဉ် မဟုတ်ဘူးနော် ဆရာလေး'

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဤရွာတွင်ရှိသော မိခင်များ ကလဲ သူတို့၏ အငယ်ဆုံးသားသမီးများ လေး၊ ငါး၊ ရှစ်နှစ်အရွယ်ရောက်သည့်တိုင်အောင် နို့တိုက်တုန်းပင်ရှိသေးသည်။

နှစ်တန်းကျောင်းသား ဝင်းလှိုင်ဦးဆိုသည့်ကလေးသည် အသက်





ခုနှစ်နှစ်ကျော်၍ ရှစ်နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်နေသော်လည်း နို့မဖြတ်သေးပေ၊ အမိခင်ကလဲ နို့တိုက်ဆဲ၊ သူကလဲ နို့စို့ဆဲပင်။

ထင်ကျော်ဦးက ဆေးလိပ်မီးခိုးကို ထောင်းထောင်းထအောင် ဖွာပြီး. . .

'ဟုတ်တော့လည်း ဟုတ်တယ်ကွ ကလေးတွေကလဲ သူတို့ မိဘတွေနဲ့က မနက် မိုးမလင်းခင်ကတဲက ခွဲနေပြီး ညနေရောက်မှ ပြန်တွေ့ကြရတယ်။

အဲ. . . ငါတို့နဲ့ကတော့ တစ်နေကုန် အတူတူနေကြရတာ ဆိုတော့ ငါတို့ကို ဝိုပြီး သံယောဇဉ်တွယ်နေတယ် ထင်တာပဲ'

'အေးလေ ဒါပေမယ့် ဘယ်လိုလုပ်ပြီး အိပ်မလဲ'

'ဖြစ်သလိုပေါ့ကွာ၊ အရွယ်ကြီးတဲ့ ကလေးတွေက ဘေးက အရွယ်ငယ်တဲ့ ကလေးတွေက အလယ်က တစ်ယောက်ခြေထောက် တစ်ယောက် ခေါင်းထိုးပြီးအိပ်ကြ၊ မင်းနဲ့ ငါက အိမ်ရှေ့ ဝရန်တာဘေးက လှေကားခြေရင်းနား အိပ်ကြတာပေါ့ကွာ၊ ဒါမှ ဒီကောင်တွေ ယောင်ရမ်းထရင် လိမ့်မကျမှာ'

'အင်း. . . မင်းနဲ့ငါက ဒီရွာတင်မကဘူး၊ ပတ်ဝန်းကျင်ရွာတွေ မှာပါ၊ ကျောင်းဆရာဆိုတဲ့ ဂုဏ်ကလေးနဲ့ ဘယ်အိမ်သွားသွား ခေါင်းရင်းခန်းမှာ သင်ဖြူးခင်းပြီးသား အသင့်အနေနဲ့ သူတို့တွေက ကြိုဆို ဧည့်ခံကြတာပဲ။

ဟော. . . သူတို့ သားသမီးတွေက ငါတို့ရဲ့ တပည့်လေးတွေ ဖြစ်လာတော့လဲ ကလေးတွေကို ခေါင်းရင်းခန်းမှာထားပြီး မင်းနဲ့ငါက လှေကားရင်းက အိပ်ကြရတော့မှာပေါ့ကွာ ဟား ဟား ဟား'

ကျောင်းသား ကျောင်းသူများ အိပ်ပျော်သွားကြသောအခါ ကျွန်တော် နှင့် ထင်ကျော်ဦးလည်း လှေကားအပေါက်ဝကို ထမင်းစားပွဲ အဝိုင်းကြီးဖြင့် ကန့်လန့်ပိတ်လိုက်ကာ အိမ်အောက်ထပ်သို့ ဆင်း၍ ကာလသားများနှင့် စကား ဝိုင်းဖွဲ့နေကြလေသည်။

စကားဝိုင်းဖွဲ့တိုင်းလည်း ချစ်အောင်၏ ဂန္ထဝင်မြောက် နွားဇွေ့

http://www.linhtet.com/forum



ဇာတ်လမ်းကား အမြဲတမ်းပါသည်။ အမြဲတမ်းလည်းရယ်ရသည်။

ဒီနေ့တော့ ထူးထူးခြားခြား ထိပ်ဖြူကြီးက တစ်မျိုးဖြစ်လာသည်။

'ဆရာလေး ကျွန်တော့်ကို ရည်းစားစာ ကောင်းကောင်းလေး တစ်စောင်လောက် ရေးပေးစမ်းပါ'

'ငါမရေးတတ်ဘူး၊ ထင်ကျော်ဦးကိုရေးခိုင်း'

ထင်ကျော်ဦးက ပြုံးဖြီးဖြီးဖြင့်. . .

'မင်းမှာ ပေးရမယ့်သူ ရှိလို့လား'

'ရှိတယ် ဆရာ. . . ရှိတယ်၊ ဟိုဘက်ရွာက ကလေးငါးယောက် အမေ မုဆိုးမကြာဥကို ပေးဖို့တဲ့'

မျိုးထွတ်က ဝင်နောက်သဖြင့် ထိပ်ဖြူကြီးကဆဲသည်။ ကျွန်တော်တို့က 'တဝါးဝါး' ရယ်နေကြသည်။ ထိပ်ဖြူကြီးက ဆဲလို့အားရမှ. . .

'ဟဲ ဟဲ ရွာမြောက်ပိုင်းက မရီငွေးကို ပေးမလို့ဗျ၊ သူကလဲ ကျွန်တော့်ကို သဘောကျနေတာ သေချာတယ်'

ထင်ကျော်ဦးက ခေါင်းယမ်းလိုက်ရင်း. . .

'မင်းကြိုက်တဲ့ ကောင်မလေးအကြောင်းကို ငါမှမသိဘဲနဲ့ သူဘယ်လို လှတယ်၊ ဘယ်လိုလိမ္မာတယ်ဆိုတာ နည်းနည်းလောက်တော့ ငါသိရမှ၊ ငါက မင်းနေရာကနေဝင်ပြီး ခံစားပြီး ရေးနိုင်မှာကွ'

မျိုးထွတ်က ချစ်အောင်ထံမှ ဆေးပေါ့လိပ်ကို ယူဖွာရင်း. . .

'ဆရာလေးရေ၊ မရီငွေးရဲ့ ချောတာ၊ လှတာ၊ လိမ္မာတာတွေ ကို စာဖွဲ့လို့ကတော့ ဆရာလေးဘောပင်တာ မင်ကုန်တွားမယ်၊ သူ့ရဲ့ အလှကို စာဖွဲ့လို့ ဆုံးမှာ မဟုတ်သေးဘူး'

ကျွန်တော်အံ့သြစွာဖြင့်. . .

'ဟုတ်လား. . . အဲဒီလောက်ကိုပဲလားဟ'

ထိပ်ဖြူကြီးက ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်ရင်း တောက်ပ သော မျက်လုံးအစုံဖြင့် မျိုးထွတ်ကို ကြည့်နေသည်။ မျိုးထွတ်က ဆေးလိပ်ကို ချစ်အောင်ဆီ ပြန်ပေးလိုက်ပြီး . . .





'လှချက်ကတော့ ဆရာရေ မျက်စိမမြင်တဲ့ တူတောင်လန့်ပြီး ရလောက်အောင် လှတာဗျ၊ လိမ္မာချက်ကလဲ ယောင်းမကို မြင်းလှုပ်စီး လွှန်းလို့ ပေါင်မှာကို ထမင်းချိုးတွေ၊ ထမင်းစေ့တွေ ကပ်နေတာ ဖွေးနေ တာပဲဗျ ဟား ဟား ဟား'

'ဝါး'ခနဲ ကျွန်တော်တို့အားလုံး ရယ်လိုက်ကြသည်။ ထိပ်ဖြူကြီး ကတော့ ကြောင်ကြည့်နေသည်။ နောက်မှ သဘောပေါက်သွားသဖြင့် မျိုးထွတ် ကို ရန်လုပ်ရန် ထ,လာသည်။

မျိုးထွတ်ကလဲ ကျွန်တော်တို့နှစ်ယောက်ကြား ပြေးဝင်လာသဖြင့် ကျွန်တော်တို့မှာ မျိုးထွတ်နှင့် ထိပ်ဖြူကြီးကို ထိန်းကြရင်း ဝိုင်း၍ ရယ်ကောင်း နေစဉ်. . .

ကျွန်တော်တို့ အုပ်စုခေါင်းပေါ်သို့ အပေါ်ထပ်မှ ရေများကျလာ သည်။

ထင်ကျော်ဦးက အပေါ်မော့ကြည့်ရင်း. . .

'ကလေးတွေတိုးမိလို့ သောက်ရေအိုးမှောက်ပြီနဲ့တူတယ်ကွ'

ထိုစဉ်ပင် နောက်တစ်နေရာမှ ရေများ စီးကျလာသဖြင့် နေဝင်းက အိမ်ပေါ်သို့ အပြေးတက်ကြည့်လိုက်ပြီး. . .

'ရေအိုး မမှောက်ဘူး ဆရာလေး တူ့နေရာတူရှိတယ်'

မျိုးထွတ်က သူ့ဆံပင်ပေါ်တွင် စို့ရွှဲနေသောရေများကို လက်ဖြင့် သပ်လိုက်ပြီး နမ်းကြည့်တာ. . .

'ဟာ. . . တေးနံ့နံ့တယ်'

ကျွန်တော်တို့အားလုံး အနံ့ခံကြည့်လိုက်ကြပြီး. . .

'အစစ်ပေါ့ ကလေးတွေအိပ်ရင်း ပေါက်တာနေမှာပဲ ကောင်းကွာ'

* * *

http://www.linhtet.com/forum



http://www.linhtet.com/forum

Marquee Zoom

Previous View Alt+Left Arrow

Rotate Clockwise

http://www.linhtet.com/forum

Search Shift+Ctrl+F

Document Properties... Ctrl+D

http://www.linknet.com/forum



http://www.linhtet.com/forum


ထိုညက ညတွင်းချင်း ချောင်းသို့ပြေး၍ အားလုံးရေချိုးကြ ရသည်၊ ကာလသားတချို့၏ အိပ်ရာတချို့မှာလဲ ရွှဲစိုကုန်သဖြင့် ညတွင်း ခြင်းဖွပ်လျှော်ကြသည်။

မျိုးထွတ်က သူ့ခေါင်းကို 'ကာဘော်လစ်' ဆပ်ပြာခဲဖြင့် သုံးကြိမ်မြောက် တိုက်လိုက်ရင်း . .

'ဆရာလေးရေ နောက်ဆို ဧည့်တည်လူစိမ်း တစ်ယောက်ကများ တက္ကယ်မြောင် ကျောင်းဆရာအိမ်ကို ဘယ်လိုသွားရတလဲလို့ လာမေးရင် ရွာထဲကိုဝင် တေးစော်နံတဲ့အိမ်ဟာ ကျောင်းဆရာတွေရဲ့အိမ်ပဲလို့ ပြောလိုက်ယုံပဲ ဟဲ ဟဲ ဟဲ'

'ပြောလဲ ခံရမှာဘဲဟေ့၊ စာမေးပွဲမပြီးမချင်းတော့ ဒီကောင်တွေက ကုတ်နဲ့ကော်ထုတ်တောင် သူတို့အိမ်ပြန်အိပ်မှာ မဟုတ်ဘူး'

နေဝင်းက သူ့စောင်ကိုရေညှစ်ရင်း . .

'ကဲ . . ကိုထိပ်ဖြူကြီးရေ ကလေးတွေက အပေါ်ထပ်က ကျုပ် တို့က အောက်ထပ်ကဆိုတော့ ကြာရင်ကျုပ်တို့လဲ တေးစီးချောင်းနဲ့မြော လိမ့်မယ်၊ ကျုပ်တို့ရဲ့ ဘူမိနက်သန် ကင်းတဲကိုပဲ ညတွင်းချင်း ပြောင်းကြ စို့လား'

ထိပ်ဖြူကြီးက သူ့ခေါင်းအုံးကို နောက်ဆုံးအကြိမ် နမ်းကြည့် လိုက်ပြီး ခေါင်းယမ်းကာ ချောင်းရေထဲသို့ လွှင့်ပစ်လိုက်ရင်း . .

'ငါလဲ ကလေးတွေလိုပဲ ဒီဆရာတွေနဲ့ မခွဲနိုင်တော့ဘူး၊ အဲဒီ တော့ မနက်ဖြန် တောင်ယာကအပြန်မှာ တစ်ယောက်ကို မျောတိုင် ဖျောင့်ဖျောင့် တစ်ချောင်းစီနဲ့ ဝါးငါးလုံးစီခုတ်ပြီး ယူလာခဲ့ကြ၊ ဆရာတွေရဲ့ အိမ်ရှေ့ ကွက်လပ်မှာ ကွပ်ပျစ်လုပ်ပြီး တို့တွေ အိပ်ကြတာပေါ့ကွာ၊ ဟား ဟား ဟား'

* * *





ကျွန်တော်တို့နှစ်ဦးမှာ တစ်နေကုန် တစ်နေခန်းကျောင်းသား များနှင့် ပျော်ပျော်ပါးပါး စာသင်လိုက် ညအခါကာလသားများနှင့် ဟားတိုက်လိုက်ဖြင့် တဖြည်းဖြည်း သူငယ်တန်းမှ သုံးတန်းအထိ စာမေးပွဲ ကြီး စစ်ပြီးသွားသည်။

ကျောင်းသားကျောင်းသူ အပေါင်းကိုလဲ ချော့၍တစ်မျိုး ခြောက်၍တစ်ဖုံ တွန်းတွန်းထိုးထိုးဖြင့် ကိုယ့်အိမ်ကိုယ်ပြန်အိပ်ခိုင်းရသည်။

ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးကတော့ တစ်ဦးတည်းသော လေးတန်းကျောင်းသား မောင်ကျော်ကို တစ်ယောက်တစ်လဲ စာသင်ရင်း သူငယ်တန်းမှ သုံးတန်းအထိ ကျောင်းသားကျောင်းသူ အပေါင်း၏ အဖြေလွှာများကို စစ်ဆေးခြင်း၊ အမှတ်စာရင်းများ ပြုစုခြင်း၊ အောင်စာရင်းများ ထုတ်ခြင်း စသည့်ကျောင်းနှင့်ပက်သက်သော စာရင်းဇယား အလုပ်များကို ဂျင်ခြေလည် အောင်လုပ်ပြီး သွားချိန်တွင်တော့ လေးတန်းစာမေးပွဲဖြေရန်အတွက် အလယ်တန်းကျောင်းရှိသည့် လက်ပံတံခါး ရွာကြီးသို့ သွားရောက်ရန် ပြင်ဆင်ရလေ တော့သည်။

သခွတ်ရင်းရွာမှာ ဆရာဘကြည်နှင့် ခါးဇက်ရွာမှ ခင်မောင်ဝင်း ခေါင်းဆောင်ကာ သခွတ်ရင်း၊ ခါးဇက်၊ သက္ကယ်မြောင်၊ မဒိုင်း၊ တည်ကြီး ကုန်းငါးရွာမှ ကျောင်းသားများ၊ အုပ်ထိန်းသူများ၊ ထမင်းချက်မည့် သူများကို စုပေါင်း၍လှည်းတစ်ကြီးဖွဲ့ကာ လက်ပံတံခါး ရွာကြီးသို့ ချီတက် သွားလေ တော့သည်။

လမ်းတွင်လည်း ဟိုရွာသည်ရွာမှ စုပေါင်းလာကြသော လေးတန်း စာမေးပွဲဖြေသွားမည့် လှည်းများဖြင့် သွားရောက်ပေါင်းစုံသွားသဖြင့် တဝါးဝါး တဟားဟားဖြင့် တပျော်တပါးကြီး စုပေါင်းကာ တစ်ခရီးထဲ အတူသွားကြ လေတော့သည်။

လက်ပံတံခါးရွာကြီးသို့ ရောက်သောအခါ ကျွန်တော်တို့ ငါးရွာမှ လေးတန်းအောင်၍ ငါးတန်းတက်မယ် ကျောင်းသားများရှိပါက နေထိုင် နိုင်ရန်အတွက် ကျွန်တော်တို့ငါးရွာမှ စုပေါင်းဆောက်လုပ်ထားသော သုံးပင်အိမ်ကြီးတွင် စခန်းချကြသည်။

http://www.linhtet.com/forum



ငါးရှာမှကျောင်းသားကျောင်းသူအပေါင်းကို စုပေါင်း၍ စာကြည့်ချိန်တွင် စာကြည့်စေခြင်း၊ နားချိန်အိပ်ချိန်တွင် နားစေ အိပ်စေခြင်း၊ စသည်တို့ကို ငါးရှာမှ တာဝန်ယူ လုပ်ဆောင်ကြသည်။

ကျွန်တော်တို့ ကျောင်းဆရာ ပူပူနွေးနွေးနှစ်ဦးကိုကား နောင် တော့ နောင်တော် ဆရာများက ခင်မင်စွာဖြင့် မည်သည့်တာဝန်မှမပေးဘဲ လွတ်လပ်စွာနေစေသည်။

တစ်ဦးတည်းသော လေးတန်းကျောင်းသား မောင်ကျော်မှာ ကား၊ ကျွန်တော်တို့နှစ်ဦး ဖိဖိစီးစီး သင်ကြားပြသပေးထားသဖြင့် ယခု စာမေးပွဲတွင် လွယ်ကူချောမောစွာ အောင်မြင်မည်ဟု ယုံကြည်ထားကြ သည်။

သို့ပါသော်လည်း စာမေးပွဲဖြေဆိုသည့် ရက်ရောက်မှ မောင်ကျော် တစ်ယောက် နွေခေါင်ခေါင်တွင် ငှက်ဖျားထလေတော့သည်။ ကျွန်တော်တို့ နှစ်ဦးမှာ ဘာလုပ်ရမှန်းမသိ ပျာယာခတ်သွားသည်။

ဆရာဘကြည်တို့ အုပ်စုနှင့် လက်ပံတံခါး အလယ်တန်း ကျောင်း အုပ်ကြီး၏ စီစဉ်ပေးမှုကြောင့် မောင်ကျော်သည် ကျန်းမာရေး ဆေးခန်း တွင် ဖြေဆိုခွင့်ရလေသည်။

ပထမနေ့ စာမေးပွဲဖြေအပြီးတွင် ကျွန်တော်တို့နှစ်ယောက် မောင်ကျော်၏ အခန်းထဲသို့ ဝင်သွားရင်း . . .

'မောင်ကျော် ဖြေနိုင်ရဲ့လားကွ'

'ဟာကွာ . . . မင်းကလဲ၊ နေကောင်းလားဆိုတာ အရင်မေးပါ ဟ'

မောင်ကျော်က ခုတင်ပေါ်တွင်စောင်ခြုံကွေးရင်း . . .

'တူမေးတာတွေ အကုန်လုံးက ကျွန်တော်ရပြီးတားတွေ ဆိုတော့ ဖြေနိုင်ပါတယ်၊ ဒါပေမယ့် မနက်ပိုင်းတစ်ဘာသာ၊ မွန်းလွဲပိုင်း တစ်ဘာသာ၊ အဲဒီလိုကြီး နှစ်ဘာသာဖြေရတော့၊ မနက်ပိုင်းက ကိစ္စမရှိပေမယ့်၊ နေ့လယ်ပိုင်း ဖြေရတဲ့အချိန်က ကျွန်တော်အဖျားတက်တဲ့အချိန် ဖြစ်နေတော့၊ ဒုက္ခပါပဲ'

ထင်ကျော်ဦးက မောင်ကျော့်နဖူးကို စမ်းကြည့်လိုက်ပြီး . . .

'ကိုယ်မပူတော့ပါဘူး၊ ကောင်းသွားမှာပါ၊ ငါတို့ကလဲ ငှက်ဖျား ဆိုတာ





ကြားသာကြားဖူးတာ၊ တစ်ခါမှ မကြုံဖူးဘူး၊ ဒါနဲ့ ဆရာဘကြည် ခင်ဗျားတို့မှာရော ငှက်ဖျားရှိလား'

ဆရာဘကြည်က ခေါင်းညိတ်လိုက်ရင်း . . .

'တောကျောင်းဆရာတွေနဲ့ ငှက်ဖျားဟာ အမျိုးအရင်းကြီးတွေ ဗျ'

ငှက်ဖျားဆိုတဲ့ အသံကြားရသည်နှင့် ကျွန်တော်မှာတော့ ဘာကြောင့် မှန်းမသိ နေရင်းထိုင်ရင်း ချွေးပြန်လာသည်။

ထင်ကျော်ဦးကတော့ စိတ်ဝင်စားစွာ မေးနေသည်။

'ငှက်ဖျား ဖျားရင် ဘယ်လို ခံစားရသလဲဗျ'

'အစပိုင်းမှာတော့ နည်းနည်းချမ်းလာတလိုလို ညောင်းလာ တလိုလို ပဲ၊ အဲ နောက်ကျတော့ အရိုးထဲကနေစိမ့်ပြီး ချမ်းတော့တာပဲဗျို့၊ စောင် ဘယ်လောက်ခြုံခြုံ နွေးတယ်မထင်တော့ဘူး၊ တုန်နေအောင်ကို ချမ်းတော့ တာပဲ။ နောက်ပြီး တစ်ကိုယ်လုံးလဲ ကိုက်ခဲပြီး အညောင်းမိသလိုမျိုး ဖြစ်လာ တာပဲ'

'အဲဒီအချိန်မှာ လူတွေဝိုင်းပြီး တက်ဖိထားရင်တောင်မှ အချမ်း မပျောက်၊ အကိုက်အခဲ မပျောက်ဖူးဗျ၊ အဲ နောက်တစ်နာရီ နှစ်နာရီ လောက် ချမ်းတုန်ပြီး အဖျားတက်ပြီးတွားတာနဲ့ အဖျားက တဖြည်းဖြည်းကျ တွားရော အဖျားကျတွားတော့ လူက အားယုတ်သွားတာကလွဲရင် လူကောင်းအတိုင်းပဲဗျ၊ ဟော နောက်နေ့ အဖျားတက်တဲ့ အချိန်ရောက်လာတော့ ပြန်ဖျားတော့တာပါပဲ၊ အဲဒါနဲ့ သံသရာလည်နေတာပါပဲ'

'အဲဒါကို ပျောက်အောင်ကုလို့ မရဘူးလား'

'အဖျားကတော့ ပျောက်အောင်ကုလို့ရပေမယ့် ငှက်ဖျားပိုးက လူရဲ့အသည်းထဲမှာ နေတာဆိုတော့ ငှက်ဖျားပိုးသေအောင် ပျောက်အောင် လုပ်ဖို့ကတော့ မလွယ်ဘူးထင်တာပဲ၊ ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးပဲ ဆရာတို့ရယ် . . . ငှက်ဖျားပိုးသေတဲ့ ဆေးလဲရှိမှာပါပဲ၊ ဒါပေမယ့် ကျွန်တော် တို့ဒီရွာတွေမှာတော့ ကရိုဖော့၊ ကရိုကွင်း၊ ကွီနိုင်း ဒီဆေးပဲ ရှိတာဗျ။ အဲဒီဆေး လောက်ကတော့ ငှက်ဖျားပိုးတွေက ရယ်တာပေါ့ ရယ်တာပေါ့ ဆိုသလိုပါပဲ'

http://www.linhtet.com/forum

www.foreverspace.com.mm

ထိုစဉ် . .

ဆေးမှူးဝင်လာပြီး မောင်ကျော်ကို စမ်းသပ်ရင်း . .

'ငှက်ဖျားဆိုတာ ခြင်ကဖြစ်တာ ဆရာလေးတွေရဲ့၊ အဲဒီတော့ ငှက်ဖျားရောဂါ မဖြစ်ချင်ရင် ခြင်အကိုက်မခံရအောင် ဂရုစိုက်ပြီးနေ၊ နောက်ပြီးတော့ ကရိုဖော့ဆေးကိုလည်း သုံးရက်ကို တစ်ပြားနှုန်းလောက် မှန်မှန်သောက်သွားရင် ငှက်ဖျားကို ကာကွယ်လို့ရပါတယ်'

ထင်ကျော်ဦးက ခေါင်းညိတ်လိုက်ရင်း . .

'ငှက်ဖျားဆေးတွေဟာပြင်းလို့ လူကိုအားယုတ်ပြီး၊ တချို့မှာ အဖျားပျောက်ရင်တောင်မှ ဆံပင်တွေ ကျွတ်ကုန်တာတို့၊ တချို့ကျတော့ အသည်းရောင် အသားဝါတို့ ဆက်ဖြစ်တယ်ဆို ဟုတ်လားဆေးမှူးကြီး'

'ဖျားပြီးနာပြီ ဆိုကတဲက လူမှာ အနည်းနဲ့အများကတော့ အားယုတ်သွားတာပဲ အားယုတ်သွားတော့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ခုခံနိုင်စွမ်းအားတွေလဲ လျော့ကုန်တာပေါ့၊ အဲဒီတော့ နောက်ဆက်တွဲ ရောဂါတစ်မျိုး မဟုတ်တစ်မျိုးကတော့ ဆက်ဖြစ်နိုင်တာပေါ့လေ'

စာမေးပွဲ နောက်ဆုံးနေ့တွင်တော့ မောင်ကျော် လုံးဝမဖြေဖြစ်တော့ပါ။ အဖျားပိုကြီးလာသဖြင့် သူ့မိဘများကို လှမ်းမှာလိုက်ရသည်။

ဆေးခန်းမှ ဆရာဆရာမများ၏ အထူးဂရုစိုက်ကုသမှုကြောင့် မိဘများရောက်လာသည့်နေ့တွင် မောင်ကျော် တော်တော်နေကောင်းသွားသည်။

ကျွန်တော်တို့ နှစ်ယောက်လည်း ရင်ပေါ့သွားသည်။

မောင်ကျော်ကိုလည်း ယခုနှစ်မဖြေလို့ မအောင်မြင်သော်လည်း စိတ်ဓာတ်မကျစေရန်နှင့် နောက်နှစ်တွင် အောင်အောင်ဖြေရန် အားပေးစကားပြောကြားပြီးနောက် မြို့သို့ ကျွန်တော်တို့နှစ်ယောက် ပြန်လာခဲ့ကြလေတော့သည်။




www.foreverspace.com.mm

## (၀)

ကိုယ့်မြို့ ကိုယ့်အိမ်သို့ ပြန်ရောက်ပြီးနောက် စားချိန်နှင့် အိပ်ချိန် မှလွဲ၍ အိမ်မကပ်ဘဲ တစ်နေကုန်တစ်နေခန်း လည်ပတ်နေကြသော ကျွန်တော်နှင့် ထင်ကျော်ဦးသည် ယခုလည်း မွန်းလွဲသွားပြီဖြစ်သဖြင့် ဗိုက်ဆန္ဒပြလာသောကြောင့် ထမင်းစားရန်အတွက် ကိုယ့်အိမ်ကိုယ် ပြန် လာခဲ့ကြသည်။

ထမင်းနှင့် ဟင်းများကို ဇလုံတစ်လုံးတွင် စုပြုံထည့်ကာရော နယ်ပြီးနောက် ကျွန်တော်သည် အိမ်နောက်ဘက် တမာပင်ခြေရင်းရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ ထမင်းစားလိုက်သည်။

ခဏအကြာတွင် ထင်ကျော်ဦးလည်း ဇလုံတစ်လုံးကို ကိုင်လျက် လမ်းတစ်လျှောက် နှိုက်စားရင်း နောက်ဖေး မလွယ်ပေါက်မှဝင်လာကာ ကျွန်တော့်နားတွင် ထိုင်လိုက်ရင်း . .

'ငတ်တယ်ပဲပြောပြော၊ အောက်ခြေလွတ်တယ်၊ ဘဝင်မြင့်တယ်ပဲ ဆိုဆို ငါတော့ကွာ ထမင်းစားတိုင်း ရွာကို သတိရတယ်၊ ထမင်းစားပြီးရင် ပန်းကန်ဆေးစရာတောင်မလိုဘူး၊ မိုက်တယ်ကွာ'

သူက ကျွန်တော့်ဇလုံထဲမှ ဟင်းကို ယူစားလိုက်ရင်း . .

'တရားဝင် ကျောင်းဆရာတွေ ခန့်တော့မလို့တဲ့ မင်းနဲ့ငါ လျှောက်ရင် ဦးစားပေးအနေနဲ့ ခန့်ပေးမယ်တဲ့ကွ၊ အဲဒါ မင်း ဘယ်လိုသဘောရလဲ'

ကျွန်တော်က ထမင်းကို မစားဘဲ မျိုချလိုက်ရင်း . .

http://www.linhtet.com/forum



'ငါတော့ ဝင်းနိုင်ရေးပေးလိုက်တဲ့စာကို ဖတ်ပြီးကတဲက မလေးရှားသွားဖို့ပဲ စိတ်ထဲမှာရှိတော့တယ်၊ ဟိုပေး ဒီပေး၊ ဟိုဖြတ် ဒီဖြတ် ကြိုက်သလို ကုန်ပါစေ တစ်လသုံးသောင်း စုမိတယ်ဆိုတာ နည်းလားကွ. . .'

ထင်ကျော်ဦးက နှာခေါင်းရှုံ့လိုက်ရင်း. . .

'မင်းကလည်း ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်ဘူး၊ သူ့အလုပ်က ဘယ်လောက်ပင်ပန်းပြီး အန္တရာယ်များတယ်မှတ်သလဲ၊ ဆယ့်လေး၊ ငါးထပ်လောက်မြင့်တဲ့ တိုက်ကြီးပေါ်မှာ သံချောင်းတွေ သယ်ရပို့ရတယ်လို့ စာထဲမှာ ပါသားပဲ'

'သုံးသောင်းတန်တဲ့ ငါးစာကြီးတပ်ထားမှတော့ အဲဒီငါးမျှားချိတ်ပါ ဝါးစားဖို့ ကောင်းနေပြီပဲကွ၊ ပင်ပန်းပါစေ၊ အန္တရာယ်များပါစေ သုံးသောင်းနည်းလားကွ'

ထင်ကျော်ဦးက ထမင်းတစ်လုပ်ကောက်ဝါးလိုက်ပြီး. . .

'ဝင်းနိုင်မလေးရှားမှာ တရားဝင်နေထိုင်ခွင့်မရလို့ ရဲဆိုလား၊ လ. ဝ. က ဆိုလား၊ အဲဒါတွေကို ရှောင်ရပုန်းရသေးတယ်တဲ့ လူဖြစ်ပြီး လူတောတိုးမရတာများ မင်းမို့လို့'

'ဘာဖြစ်လဲကွာ၊ ငါတို့တွေ ငယ်ငယ်လေးကတဲက တူတူပုန်းတမ်း ကစားလာခဲ့တာပဲ၊ အဲဒီလောက်တော့ 'မိုင်နာ' ပဲ'

ထင်ကျော်ဦးက ခေါင်းယမ်းလိုက်ပြီး. . .

'မင်းကလည်း ပေါ့ပေါ့ပဲတွေးတယ်၊ ဝင်းနိုင်က ဟိုမှာတရားဝင် လုပ်တာမှ မဟုတ်ဘဲ၊ အဲဒီတော့ သူပို့ပေးမယ်ဆိုတဲ့ 'အပ္ပိုင့်မင်'ဆိုလား၊ ခေါ်စာဆိုလား၊ အဲဒါကရော တရားဝင်အစစ် ဟုတ်ပါ့မလား'

'ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ၊ သူများတွေလဲ ဒီလိုပဲ သွားနေကြတာပဲ၊ အမှန်က ငါတို့တွေ ဝင်းနိုင်လုပ်သလို ဘွဲ့မရခင်ကတဲက ကြိုပြီးတော့ ဆက်သွယ်လုပ်ရှားထား၊ ဘွဲ့ရပြီးတာနဲ့ တန်းထွက်၊ အဲဒီလိုလုပ်ရမှာကွ'

'ဟ ကောင်ရ၊ ကူလီလုပ်အောင်သွားတာ ဘာဖြစ်လို့ ဘွဲ့ယူနေတော့မှာလဲ၊ အခု သူယူသွားတဲ့ဘွဲ့က သူ့အတွက် အလကားဖြစ်နေတာပဲ'





ထင်ကျော်ဦး၏ စကားကြောင့် ကျွန်တော်ဒေါသထွက်သွား ပြီး. . .

'မင်းက ကူလီလေးဘာလေးနဲ့ မနာလိုလို့ ပြောတာမဟုတ်လား၊ ဘယ်နှယ့်ကွာ ဝင်းနိုင်က သူဟိုမှာအလုပ်လုပ်တယ် သူအစဉ်ပြေလို့ သူငယ်ချင်းချင်း မင်းနဲ့ငါကို လှမ်းခေါ်တယ်'

'သူအတွေ့အကြုံ အလုပ်အကိုင် အစဉ်ပြေတာရော၊ မပြေတာ ရော အသေးစိတ်ရေးပေးလိုက်တာပဲကွ'

'မင်းနဲ့ ငါက လုပ်ချင်ရင် သူ့ဆီကို ဆက်သွယ်လိုက်၊ မလုပ်ချင်ရင် မဆက်သွယ်နဲ့ ဒါပဲ၊ ကူလီတွေ ဘာတွေပြောစရာ မလိုပါဘူး'

ထင်ကျော်ဦး ပြုံးဖြီးဖြီးဖြင့်. . .

'ဆောရီးကွာ၊ တစ်လကို သုံးသောင်းလောက်စုမိတဲ့ ကုန်တင် ကုန်ချ အလုပ်ကြမ်း၊ ပို့ကုန်လုပ်ငန်းကို ကူလီလို့ပြောမိတာ တောင်းပန် ပါတယ်'

ကျွန်တော်က ထင်ကျော်ဦးကို ညစ်ညစ်ပတ်ပတ်ဆဲလိုက် ပြီး. . .

'ငါကတော့ သွားမှာပဲ မင်းမလိုက်ချင်ရင်နေခဲ့၊ သူများအလုပ် ကိုတော့ မှိုချိုးမျှစ်ချိုး မပြောနဲ့'

'ငါပြောမယ်၊ မင်းသေသေချာချာ နားထောင်ပါဦး၊ မင်းနဲ့ငါ တရားဝင် ကျောင်းဆရာလုပ်ရင် တစ်လကို တစ်ထောင်လောက်ပဲ ရဆိုပါတော့. . .'

'ငါတို့ မြို့ရဲ့ ဆိပ်ကမ်းမှာ ကုန်တင်ကုန်ချ လုပ်တဲ့သူတွေက တစ်နေ့ကို အနည်းဆုံး ကိုးဆယ် တစ်ရာဝင်တော့ တစ်လကို သုံးထောင် ပတ်ဝန်းကျင် လောက်ရတယ်၊ ဝင်းနိုင်ဟိုမှာ လုပ်တဲ့အလုပ်က ငါတို့နဲ့ တန်းတူ ပင်ပန်းတဲ့ အလုပ်ပဲ ထားပါတော့၊ တစ်လကို သုံးသောင်းလောက် စုမိတယ်ဆိုတော့၊ ဝင်ငွေချင်း နှိုင်းယှဉ်ရင် သူက ငါတို့ထက် ဆယ်ဆမက ပိုတယ်'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'ဝင်းနိုင်ရဲ့စာ နောက်ဆုံးမှာ ရေးထားတာ ဘာတဲ့လဲ အိမ်က မသိပါစေနဲ့တဲ့၊ မင်းနဲ့ငါ့ကို ခင်လွန်းလို့ သူရင်ဖွင့်တာပါတဲ့၊ သူတို့နဲ့ အမျိုးမကင်းတဲ့ သူတစ်ယောက် ကုမ္ပဏီကိစ္စနဲ့ မလေးရှားကိုလာတယ်၊ သူ့အလုပ် လုပ်တဲ့ နေရာနဲ့နီးတဲ့ ဟိုတယ်တစ်ခုမှာတည်းတယ်၊ အဲဒီတော့ ဝင်းနိုင်က

http://www.linhtet.com/forum


www.foreverspace.com.mm

လူကြုံကောင်းတုန်း သူစုဆောင်းမိထားတာလေးတွေ စုပြီး သူ့မိဘတွေဆီ ပို့မယ်ဆိုပြီး အဲဒီလူတည်းတဲ့ ဟိုတယ်ကိုသွားတယ်။

ဒါပေမယ့် သူက တရားဝင်နေထိုင်တဲ့သူ မဟုတ်မှန်း၊ ဟိုတယ်ဝန်ထမ်းတွေ အစောင့်တွေက သိသွားတော့၊ ရဲကို လှမ်းအကြောင်းကြား တယ်၊ ထုံးစံအတိုင်း ပြဿနာမဖြစ်အောင် သူ့မိဘတွေဆီပို့မယ့် သူစုထားတာလေးတွေ အကုန်လုံးရဲကိုပေးလိုက်ရလို့ အဲဒီညက သူ့မှာ စားစရာ တောင်မရှိလို့ အငတ်နေလိုက်ရတယ်တဲ့။

ကဲ အဲဒီတော့ ငါတို့တွေ ဒီနိုင်ငံမှာရတဲ့ အခွင့်အရေးက သူ ဟိုနိုင်ငံမှာရတဲ့ အခွင့်အရေးထက် ဆယ်ဆမက ပိုတယ်ကွ၊ ဝင်းနိုင် ဟာ ရိုးရိုးသားသားလုပ်ငန်းကို လုပ်တာပါပဲ၊ ဒါပေမယ့် သူဟာ ငါတို့လို ပေါ်ပေါ်ထင်ထင် လွတ်လွတ်လပ်လပ် နေခွင့်မရဘဲ ရာဇဝတ်မှု ကျူးလွန်ထားတဲ့ ဝရမ်းပြေးလို ခိုးကြောင်ခိုးဝှက် နေနေရတာ၊ အဲဒါကို မင်းက သွားလုပ်ချင်သေးတယ်ဆိုတော့၊ ဟိုဇာတ်တော်ထဲကလို့ . .

ငါ့သားရယ် . . . အမေ့ဆီမှာ ငါ့သားတစ်သက် စားမကုန် သောက်မကုန်အောင် ရှိပါတယ်၊ ပင်လယ်ရပ်ခြားကို မသွားပါနဲ့ ဒုက္ခ ရောက်မှာ အမေစိုးရိမ်လို့ပါဆိုပြီး အတန်တန်တားနေတဲ့ အမေ့စကားကို နားမထောင်ဘဲ အမေကိုတွန်းလှဲပြီး အတင်းထွက်သွားတဲ့ သားမိုက်လို ပင်လယ်ခရီးမှာ သင်္ဘောမှောက်၊ ငရဲပြည်ရောက်လို့ ခေါင်းပေါ်က သင်မှုန်းတုန်းစကြာကို အမလေးလှလိုက်တဲ့နတ်ပန်းကြီး ငါ့ကိုပေးပါ ငါ့ကိုပေးပါနဲ့ အတင်းတောင်း၊ ငရဲသားကလည်း သူမချိမဆံ့ ခံစားနေရတဲ့ ဒုက္ခကြီးကို သူ့လိုပဲ ခံစားရမှာစိုးလို့ . .

ဒါ နတ်ပန်းမဟုတ်ပါဘူး၊ ငရဲပန်းကြီးပါ၊ ငါ့ခေါင်းကို လှီးဖြတ်ခုတ်ထစ်နေလို့ ငါ့ခေါင်း တစ်ခုလုံး သွေးရဲရဲနီနေတာပါဆိုပြီး ပြောတာ တောင်မရဘဲ အတင်းလုယူပြီး ခေါင်းပေါ်တင်၊ အဲ ကိုယ့်ခေါင်းပေါ် ကိုယ့်အလှည့်ရောက်လို့ သွေးထွက်အောင်ခံရမှပဲ အမလေး သွေးထွက်အောင်မှန်နေပါပေါ့လား . . အမေရဲ့ဆိုပြီး ငိုချင်းချနေမှာကို ငါတော့ မြင်ယောင်တယ်ဟေ့'





ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် ထမင်းဇလုံကြီးကို ဆောင့်ချလိုက်ရင်း . .

'တော်ပါတော့ မောင်ထင်ကျော်ဦးရယ်၊ မောင်မင်းကြီးသား တရားကကောင်းလွန်းလို့ မလေးရှားသွားမယ်၊ ငွေရှာမယ်၊ ပြန်လာ ရင် မိန်းမယူမယ်ဆိုတဲ့ မလေးရှား စီမံကိန်းကြီးကိုဖျက်ပြီး၊ မလေးရှိုးယား (ငှက်ဖျား)စီမံကိန်းကိုပဲ လုပ်ပါတော့မယ် ခင်ဗျား'

ထင်ကျော်ဦးက တခွီးခွီးရယ်ရင်း . .

'ငါက ဟိုကို မသွားရဘူးလို့တားတာ မဟုတ်ဘူး၊ သူ့လိုသွား ရင် သူ့လိုဖြစ်မယ်၊ အဲဒါကြောင့် မင်းသွားမယ်ဆိုရင် လိုအပ်တဲ့ သင်တန်း တွေ ဘာဘာညာညာတွေတက်၊ တကယ့် အဆက်အသွယ်ကောင်းနဲ့ တရားဝင် သွားခွင့် လုပ်ခွင့်ရအောင် ကြိုးစား၊ ရမှ တရားဝင်သွား၊ အဲဒါမှ လူလိုသူလိုနေရမှာ'

ထင်ကျော်ဦးက စကားရပ်လိုက်ပြီး၊ ကျွန်တော့်အိမ်နောက်ဘေးပေါက်မှ ကျွန်တော့်ဘက်သို့ လာနေသူတစ်ဦးကို ကြည့်လိုက် ပြီး . .

'ဟော့ကောင် သူက ဘယ်သူလဲ၊ ဒီလောက်ပူနေတာတောင်မှ သူက သရီးနိုင်ဖယ် အင်္ကျီနဲ့ ဂျင်းဘောင်းဘီအကျပ်ကြီး ဝတ်ထားပါလား၊ တော်တော်ဂိုက်ပေးကြမ်းတဲ့ ကောင်ပဲ'

ထိုသူက ကျွန်တော့်အနား လျှောက်လာပြီး 'ရေဘင်' မျက်မှန်ကို ချွတ်လိုက်ရာ၊ သူ့ညာဘက်လက်မှ တစ်ကျပ်သားကျော်ကျော်ခန့် ရှိမည် ထင်ရသော ဟန်းချိန်းကြီးမှာ အရောင်တလက်လက် တောက်ပသွား သည်။

မျက်မှန်ချွတ်လိုက်မှ သူ့ကို မှတ်မိသွားပြီး ကျွန်တော်တို့ နှစ်ယောက် ရင်းနှီးစွာ အော်ဆဲလိုက်ကြသည်။

'ခွေးကောင်သန်းစိုး . . . မင်းဟာက ဝ တာလား၊ ဖောတာလား၊ ဘူဇွာရုပ်ပေါက်နေလို့ မှတ်တောင် မမှတ်မိဘူး . . .'

သန်းစိုးက စီးကရက်ဘူးကို ကျွန်တော်တို့ထံထိုးပေးရင်း တစ်လိပ်ကို 'ဇစ်ပို' မီးခြစ်ဖြင့် မီးညှိ သောက်လိုက်ပြီး . .

'ဟဲ ဟဲ . . . ဝ နေတာပါကွာ၊ စာမေးပွဲပြီးပြီးခြင်း ငါ့ဒက်ဒီက

http://www.linhtet.com/forum
www.foreverspace.com.mm


သူ့အလုပ်ထဲ တန်းသွင်းပေးလိုက်တာကွ'

'မင်းက ငါတို့မြို့ကို အလည်လာတာလား၊ အခုဘာလုပ်နေလဲ'

'ငါက ဆီတင်တဲ့ 'ဇက်ခရပ်' သင်္ဘောကြီးတွေမှာ အလုပ်ရတာ ကွ၊ မင်းတို့မြို့က ရေနံချက်စက်ရုံက ဆီတွေကိုသယ်ဖို့ တစ်လကို အနည်းဆုံး တစ်ခေါက်တော့ ရောက်တယ်။

အရင်တစ်ခေါက်တွေကတဲက မင်းတို့အိမ်တွေကို ငါရောက်ပြီး သား၊ မင်းတို့တွေတော့ ကျောင်းဆရာလုပ်အောင် သွားတယ်ဆိုလို့ မတွေ့ ကြတာ၊ ဟော့ကောင်တွေ မင်းတို့အခုမှ ထမင်းစပြီး စားတာမဟုတ်လား၊ စားမနေကြနဲ့။

လာကွာ. . . ဆိုင်သွားပြီး တွယ်ကြအောင် ငါက ဒီနေ့အား တယ် လာပါကွ၊ စားရင်းသောက်ရင်း ကျောင်းတုန်းက ကမြင်းခဲ့တာလေး တွေ ပြန်ပြောကြရအောင်'

ကျွန်တော်တို့ နှစ်ယောက်လည်း သန်းစိုး၏နောက်သို့ ကောက် ကောက်ပါအောင် လိုက်သွားကြတော့သည်။

စားသောက်ဆိုင်တွင် ဝင်ထိုင်ရင်း သန်းစိုးက စားစရာများကို မှာလိုက်ပြီး တစ်လက်စထဲ မန္တလေးရမ်တစ်လုံးပါ မှာလိုက်သည်။ သန်းစိုး က ခွက်သုံးခွက်ထဲတွင် မျှငှဲ့ကာ ရေခဲနှင့်ဆိုဒါပါ ထည့်ပေးပြီး ကျွန်တော် တို့ရှေ့သို့ ချပေးသည်။

ကျွန်တော်တို့ကလည်း ခွက်ကိုယူ၍ မြှောက်လိုက်ကာ ခွက် အချင်း ချင်း 'ခွပ်' ခနဲထိလိုက်ပြီး 'ချီးယား' ဟု သုံးယောက်သား အော်လိုက်ကာ တစ်ရှိန်ထိုးမော့သောက်လိုက်သည်။ ဘယ်အရပ် ဘယ်ဒေသမှ ဘယ်သူ ဘယ်လို စလုပ်လိုက်မှန်း မသိသော နည်းအတိုင်း ကျွန်တော်တို့ သုံးယောက်မှာ မြိန်မြိန်ယှက်ယှက်ကြီး လုပ်လိုက်ကြသည်။

သန်းစိုးက နောက်ထပ်ငှဲ့ပေးရင်း. . .

'မင်းတို့နှစ်ယောက် ကျောင်းဆရာအလုပ်ကို စိတ်ဝင်စားလိမ့်မယ်လို့ တောင် ငါကထင်ထားတာမဟုတ်ဘူး၊ ဘယ်လိုသဘောနဲ့ ကျောင်းဆရာဝင် လုပ်ကြတာတုန်းဟ'





ထင်ကျော်ဦးက အမြည်းတစ်ဖတ် စားလိုက်ရင်း. . .

'ဘွဲ့ရပြီးတာနဲ့ အလုပ်ရှာတယ်ကွာ၊ ရရာဝင်လုပ်ရင်း ကျောင်းဆရာ ဖြစ်သွားတာပဲ၊ ဒါပေမယ့် ဆွဲခန့် ရှိပါသေးတယ်'

'ကျောင်းဆရာတော့ မလုပ်နဲ့ကိုယ့်လူ၊ ငါ အောင်လံရောက်တုန်း က ဘယ်သူ့ကိုတွေ့တယ်မှတ်သလဲ၊ ငါတို့တွေက စိုးမြတ်ဘူဒိုဇာလို့ နာမည် ပြောင်နဲ့ခေါ်တဲ့ မဦးကို တွေ့တယ်ဟေ့၊ မဦးက ကျောင်းဆရာမ လုပ်နေတာတဲ့ အဲဒါနဲ့ ငါလည်း သူ့ရည်းစား မောင်မောင်နိုင်အကြောင်း မေးကြည့်တော့ မောင်မောင်နိုင်လည်း ကျောင်းဆရာဖြစ်နေတယ်ဆိုပဲ။

အဲဒါနဲ့ နင်တို့ မယူကြသေးဘူးလားလို့ ငါကလည်း မေးလိုက်ရော မဦးက ဘယ်လိုပြန်ပြောတယ် မှတ်သလည်း ဟဲ. . . ဟဲ. . .၊ 'ယူတီးချား အိုင်တီးချား၊ နိုးစီးပွား၊ဆိုးမစဉ်းစား'တဲ့ ဟား ဟား ဟား။

ဝီတီကိုစားတဲ့ကဗျာထက် ပိုကောင်းတဲ့ ကဗျာလေးပဲဟေ့၊ အခု မဦးနဲ့ မောင်မောင်နိုင် ပြတ်သွားပြီ၊ မဦးက အခု အင်ဂျင်နီယာ တစ်ယောက်နဲ့ ယူတော့မယ်တဲ့ကွ'

သန်းစိုး၏ အဖြေကို ထင်ကျော်ဦးက တဝါးဝါး တဟားဟားဖြင့် ရယ်မောနေသည်။ ကျွန်တော့်မှာတော့ အကယ်၍များ ကျွန်တော့် ကောင်မလေးက ယူတီးချား၊ နိုးစီးပွား၊ အိုင်မစဉ်းစားလို့သာ ပြောလိုက်ပါက ကျွန်တော် ဘာပြောရမှန်းမသိ၊ ကျွန်တော်တော့ ကြွေပြီ။

ထိုစဉ်ပင် သန်းစိုး၏ စကားများက ဝီသာလေးနှင့် ဘေးပစ်သကဲ့သို့ တစ်လုံးပြီးတစ်လုံး ထိမှန်ပြန်ပါသည်။

'ယောကျ်ားဆိုတာမျိုးက အိမ်ထောင်ကျပြီးရင် ဘယ်သူပေးပေး၊ မပေးပေး၊ ကိုယ့်ဟာကိုယ် အိမ်ဦးနတ်ဆိုတဲ့ ဘွဲ့ကြီးကိုယူပြီး မိန့်မိန့်ကြီး နေချင်တာကွ။

ရပ်ကွက်သာရေးနာရေးကအစ အလှူမင်္ဂလာဆောင်အဆုံး ဖိတ်စာ လာရင် ကိုယ်နာမည်က ရှေ့ဆုံးကပါလာမှ သဘောကျတဲ့ လူမျိုးကွ၊

အဲဒီတော့ ကိုယ်က အိမ်ဦးနတ်လုပ်မယ့်သူဆိုတော့ ကိုယ်ယူ

http://www.linhtet.com/forum



မယ့်မိန်းမထက် အစစအရာရာ တတ်နိုင်သမျှ သာမှကောင်းမှာပေါ့။

အဲ့ဒါကြောင့် သတင်းစာထဲမှာ ပါလာတဲ့ မင်္ဂလာသတင်းတွေ ဖတ်ကြည့်စမ်း၊ ဥပမာ-ဗိုလ်ကြီးဘယ်သူနှင့် ဘယ်ဝါ အ-မ-က ဘယ်လောက် ဆိုတာမျိုးတွေ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေနဲ့ ကျောင်းဆရာမ တွေရဲ့ မင်္ဂလာသတင်း ပါလာလို့ကတော့ ရှေ့သွား နောက်လိုက်ညီပါရဲ့လို့ မပြောရင်သာနေမယ်။

အဲ့ . . မင်းတို့ ကျောင်းဆရာတွေနဲ့ ဆရာဝန်မကြီးတွေ၊ ဗိုလ်မကြီး တွေ၊ အင်ဂျင်နီယာမကြီးတွေရဲ့ မင်္ဂလာသတင်းသာ ပါလာလို့ ကတော့ကွာ၊

တံတွေးသကြန်ကျတဲ့အထိ ပြောလို့ကောင်းမယ့် (Top Ten) တော့တန်း စာရင်းဝင် နံပါတ်တစ် အတင်းကြီးကို ဖြစ်နေမှာ အသေအချာဘဲ။ မင်းတို့ တွေ ဘယ်လိုစိတ်ကူးနဲ့ ကျောင်းဆရာဝင်လုပ်ကြတာလဲဆိုတာ ငါတော့ နားမလည်နိုင်ဘူး။ စေတနာ၊ ဝါသနာ၊ အနစ်နာတဲ့ ဒီလောက်နာစရာ တွေများပြီး ဖျင်းစရာကောင်းတဲ့ အလုပ်ကြီးကို မင်းတို့မှ လုပ်ချင်တယ်။

ထင်ကျော်ဦးက ဖန်ခွက်ထဲမှ ရေခဲတုံးကလေးကို လှုပ်၍မွှေ လိုက်ရင်း . .

'သန်းစိုးရာ မင်းက ရေပေါ်ဆီဆိုတော့ ပြောအားရှိတာပေါ့'

သန်းစိုးက ရယ်လိုက်ရင်း . . .

'ဟဲ ဟဲ ငါက ဆီသဘော်မှာလုပ်ရလို့ ရေပေါ်ဆီလို့ပြောတာ လား၊ အခုခေတ်မှာ 'ဘန်း' စကားနဲ့ ငွေကို ရေလို့ခေါ်တယ်၊ သက်သောင့် သက်သာနဲ့ ငွေရတဲ့အလုပ်ကို ရေပေါ်ဆီလို့ခေါ်တယ်။

အဲဒါကို ဆိုလိုချင်တာလား၊ ဒါမှမဟုတ် အသုံးမကျတဲ့ကောင် မို့လို့ ရေပေါ်ဆီလို့ ခေါ်တာလား၊ ရှင်းရှင်းပြောကွာ ဟဲ ဟဲ . . .'

ကျွန်တော်က အရက်ခွက်ကို သောက်ချလိုက်ရင်း . . .

'သန်းစိုး၊ ဝင်းနိုင်ကို သိတယ်မဟုတ်လား၊ အဲဒီကောင် အခု မလေးရှားမှာ အလုပ်လုပ်နေတယ်၊ ဒီကောင်က ငါတို့နှစ်ယောက်ကို လှမ်းခေါ် နေတယ်၊ ငါတို့ကလည်း ရှင်းရှင်းပြောရင် တရားမဝင်ဘဲနဲ့တော့ မသွားရဲဘူးကွာ၊





အဲဒါ တရားဝင်သွားဖို့ ငါတို့ ကြိုးစားကြည့်မလို့'

'အိုကေ . . . ငါ့ဒက်ဒီရဲ့ညီက မလေးရှားမှာ လုပ်ငန်းတစ်ခုကို လုပ်နေတယ်၊ ငါ့ကို လာခဲ့ပါလို့ ခေါ်တယ်၊ မာမီက မလွှတ်လို့ ငါမသွား ရတာ။

အဲဒါနဲ့ ငါဆက်ပေးမယ်၊ မပူနဲ့ တရားဝင်အလုပ်ရစေရမယ်၊ ဒါပေ မယ့် အချိန်တော့ နည်းနည်းပေးရလိမ့်မယ်နော်'

'မသေခင် သွားရ ပြီးတာပဲ'

'အဲဒီလောက်အထိတော့ မကြာပါဘူးကွာ၊ မင်းကလည်း ရှေ့လ ကုန်ရင် ငါ့အန်ကယ် မြန်မာပြည်ကို ပြန်လာဦးမှာပါ၊ အဲဒီကျရင် ငါပြော ပေးပါ့မယ် စိတ်ချပါ ငါဝိုင်ပါတယ်၊ နှစ်ယောက်စလုံးအတွက် ငါ တာဝန် ယူတယ်'

ထင်ကျော်ဦးက ဆေးလိပ်ကို မီးညှိလိုက်ရင်း . . .

'ငါ့ကို ကြီးကျယ်တယ်လို့တော့ မထင်ပါနဲ့ကွာ၊ ငါက သိပ်ပြီး 'ဖီး' **(Feel)**မဖြစ်ဘူး၊ ဒါပေမယ့် ဒီကောင်နဲ့ငါနဲ့က မခွဲကြေးဆိုတဲ့ ကတိ က ရှိတော့၊ သူသွားရင်တော့ ငါလိုက်ရမှာပဲ၊ ငါ အဆွယ်ကောင်းလို့ သူကျောင်း ဆရာ လုပ်ခဲ့တာပဲ၊ ဒီတစ်ခါတော့ သူ့အလှည့်ပေါ့ကွာ'

* * *

ညက တော်တော်လေး မှားသွားသဖြင့် မနက်တွင် မထဘဲ ဆက်အိပ် နေသော ကျွန်တော့်အား ထင်ကျော်ဦးက အတင်းအဓမ္မ ကျွန်တော့်အခန်းထဲသို့ ဝင်နှိုးသဖြင့် မနက် ဆယ်နာရီလောက်တွင် အိပ်ရာမှ ထခဲ့ရတော့သည်။

ကျွန်တော့် ခုတင်ခြေရင်းရှိ ငါးသေတ္တာဘူးခွံ အဟောင်းလေး အတွင်းမှ ဆေးလိပ်တိုကို ထင်ကျော်ဦးက ယူ၍ မီးညှိဖွာလိုက်ရင်း . . .

'မင်းပဲ စဉ်းစားကြည့်ပါဦးကွာ၊ မောင်ကျော်က ငှက်ဖျားထလို့ နောက်ဆုံးဘာသာ မဖြေလိုက်ရဘူး၊ အဲဒီတော့ စာမေးပွဲကျတာပေါ့'

ကျွန်တော့် အခန်းအတွင်းရှိ သောက်ရေအိုးမှ ရေဖြင့် ကျွန်တော်

http://www.linhtet.com/forum


မျက်နှာသစ်ပြီး ဇက်ပိုးကို ရေဖြင့် ဆွတ်ကာ တဖျပ်ဖျပ် ရိုက်လိုက်သည်။

ပြီးမှ မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို သုတ်လိုက်ပြီး၊ ခုတင်စွန်းတွင် ထိုင်ချလိုက်သည်။

ညက ဒဏ်ကြောင့် ခေါင်းတစ်ခုလုံး ကိုက်ခဲနေသဖြင့် ထင်ကျော်ဦး၏ စကားကို အသိအမှတ်ပြုကြောင်းပြသသည့် အနေဖြင့် ဖြည်းညှင်း စွာ ခေါင်းညိတ်လိုက်ရင်း. . .

'အေးလေကွာ၊ ဖြေမှ မဖြေဖြစ်တာ ကျမှာပေါ့ကွ၊ အဲဒါ အဆန်းလား'

ထင်ကျော်ဦးက ဆေးလိပ်တိုကို ထိုးခြေရင်း. . .

'အေး. . . ဆန်းတာက မောင်ကျော်က စာမေးပွဲဖြေဖို့ ဖောင်တင်ပြီးသား၊ အဲဒီတော့ တရားဝင် ဖြေဆိုခွင့်ရှိတယ်၊ မောင်ကျော် စာမေးပွဲအောင်ရင်လဲ တရားဝင်အောင်မယ်၊ ကျရင်လည်း တရားဝင်ကျတယ်လို့ မြို့နယ်ပညာရေးမှူးရုံးက သတ်မှတ်တယ်'

'ထင်ကျော်ဦးရယ်. . . စကားကို တိုတိုနဲ့ လိုရင်းပြောပါကွာ၊ ညက အရက်သောက်တာ များသွားလို့ ငါ့ခေါင်းသိပ်မကြည်ဘူး၊ မူးချင် ချင်ကြီး ဖြစ်နေတယ်'

'အေး. . . တိုတိုနဲ့ လိုရင်းပြောရရင် မနေ့က လေးတန်းတွေ အောင်စာရင်းထွက်တယ်၊ ငါတို့သင်္ကြယ်မြောင်ကျောင်းက တစ်ဦးတည်းသော လေးတန်းကျောင်းသား မောင်ကျော် စာမေးပွဲကျတဲ့အတွက် တစ်ယောက်ထဲရှိတာ တစ်ယောက်ထဲကျလို့ လေးတန်းကို ရာနှုန်းပြည့် ကျတဲ့ ကျောင်းအဖြစ် သတ်မှတ်ခံရတယ်ကွ၊ တစ်ပတ်အတွင်း ထုချေလွှာ တင်ရမယ်လို့ မြို့နယ်ပညာရေးမှူးရုံးက စာထွက်ထားတယ်တဲ့ကွ'

'ဟေ. . .'

ကျွန်တော့်ခေါင်းသည် ယခုမှ ချာချာလည်အောင် မူးသွားလေတော့သည်။

'ဘာကွ. . . ထင်ကျော်ဦးရ၊ တစ်ယောက်ရှိတာ တစ်ယောက်ထဲ





ကျလို့ ရာနှုန်းပြည့်ကျတဲ့ ကျောင်းလို့ သတ်မှတ်တယ် ဟုတ်လား'

'အေးကွာ တစ်ယောက်ထဲရှိတာမှ အဲဒီတစ်ယောက်ထဲ အောင်လိုက်ရင် လေးတန်းကို ရာနှုန်းပြည့် အောင်တယ်ဆိုပြီး ဂုဏ်ပြုချင်မှ ပြုလိမ့်မယ်။

အခုတော့ ရာနှုန်းပြည့်ကျတယ်လို့ သတ်မှတ်ပြီး ထုချေလွှာ တင်ခိုင်းနေတယ်ဗျာ'

'ဟာကွာ ဒီသတင်းသာ ငါတို့ အပေါင်းအသင်းတွေသာကြားသွားရင်တော့ ငါတို့တွေ ကောင်းကောင်းကြီး အဟားခံရတော့မှာပဲ။

ဘယ်နှယ့်ကွာ အလုပ်မရှိလို့ ကျောင်းဆရာ သွားလုပ်ပါတယ်၊ ရာနှုန်းပြည့်ကျတဲ့ကျောင်းလို့ အသတ်အမှတ်ခံရပြီ၊ ထုချေလွှာတင်ရလောက်အောင် အသင်အပြကောင်းတဲ့ ဆရာတွေလို့တော့ အပြောခံရတော့မှာပဲ၊ ရှက်တယ်ကွာ'

'ရှက်မနေနဲ့ ဟိုကောင် မောင်ကျော် ဖျားပြီး မဖြေဖြစ်လို့ ကျတာပါလို့ ပညာရေးမှူးကြီးကို သွားပြောမယ်ကွာ'

'မင်းသိတဲ့အတိုင်းပဲ ပညာရေးမှူးက ငါတို့တွေရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းမှာ အင်္ဂလိပ်စာသင်ခဲ့တဲ့ ငါ့တို့ ဆရာအရင်းကြီး၊ ရှင်းရှင်း ပြောရရင် ဆရာကြီးက ငါတို့တွေကို ငယ်နိုင်ပဲ၊ ဆဲဆို လွှတ်လို့ကတော့ ငါ့မျက်နှာ ဘယ်လိုထားရမှန်း မသိပါဘူး'

'လာစမ်းပါကွာ ကြောက်မနေပါနဲ့၊ အရင်က သူကဆရာ၊ ငါတို့က တပည့်၊ ဟော. . . အခု သူက ပညာရေးမှူး ငါတို့က သူ့လက်အောက်က ကျောင်းဆရာတွေဆိုတော့ ဆရာရင်း၊ ဒကာရင်းတွေပဲကွာ မသကာ 'လက်ရင်းဆန်နာနာ အဖွပ်ခံရရုံ'ထက် ဘာပိုမှာလဲ လာသွားစို့'

ပညာရေးမှူးက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်၍ ပြုံးလိုက်ရင်း. . .

'လေးတန်းတွေ စာမေးပွဲဖြေတဲ့မှတ်တမ်း ငါတို့ရုံးကို ရောက်ပြီးသားပါကွာ၊ မောင်ကျော်က ဆေးခန်းမှာဖြေတယ်၊ နောက်ဆုံး နေ့မှာ

http://www.linhtet.com/forum


အဖျားတက်နေလို့ မဖြေဖြစ်လိုက်ဘူး။

ဒါကြောင့် စာမေးပွဲကျတာ ငါတို့သိပြီးသားပဲ၊ ဒါပေမယ့် ရုံးရဲ့ လုပ်ထုံးလုပ်နည်းအရ မင်းတို့တွေ ထုချေလွှာတော့ တင်ရမှာပဲ၊ ဘာမှ မခက်ပါဘူးကွာ၊ စာရေးလေးဆီမှာ လျှောက်လွှာစာရွက်တောင်းပြီး တစ်ခါထဲရေးပြီး တင်သွားလိုက်'

ကျွန်တော်တို့လည်း ပညာရေးမှူးရုံးခန်းမှ ထွက်လာပြီး စာရေးလေးထံလာခဲ့သည်။ စာရေးလေးက အပြင်ခဏသွားသဖြင့် စောင့်နေစဉ်. . .

တစ်မြို့နယ်လုံးရှိ မူလတန်းကျောင်းမှ ဆရာ၊ ဆရာမများ ဆန်ထုတ်ရန်၊ စာအုပ်ထုတ်ရန်၊ ငွေပေးငွေယူ ကိစ္စလုပ်ရန် တဖွဲဖွဲရောက် ရှိလာကြပြီး၊ ကျွန်တော်တို့နှစ်ယောက်ကို မြင်သွားသဖြင့် စ၍ကြ နောက်ကြ ရယ်မောနေကြသည်မှာ ကျွန်တော်တို့နှစ်ဦး မျက်နှာဘယ်လိုထားရမှန်း မသိတော့ပါ။

စိတ်အတွင်းမှာတော့ ပေဖြစ်တုန်းတော့ခံဦးပေါ့ကွာ၊ တူဖြစ်မှ ငါတို့အကြောင်းသိစေရမယ်ဟု စောင်မြှုအတွင်းမှ လက်သီးပြနေရတော့ သည်။

နောက်ဆုံးတွင် စာရေးလေးကိုမစောင့်နိုင်တော့သဖြင့် တွေ့ သည့်လျှောက်လွှာစာရွက်အလွတ်ကို ယူ၍ ပညာရေးမှူးရုံးခန်းသို့ ပြန် သွားလိုက်သည်။

'ဆရာကြီး ထုချေလွှာ ကျွန်တော်တို့ ဘယ်လို ရေးရမလဲခင်ဗျ'

'ရေး. . . ဟောဒီပုံစံကိုကြည့်ရေး၊ အကြောင်းအရာပိုင်းမှာက မောင်ကျော်ဖျားလို့ မဖြေဖြစ်လို့ ကျတာပေါ့ကွာ. . .၊

နောက်နှစ်ကို ဒီလိုမဖြစ်စေရပါဘူးဆိုပြီး ရေး၊ ဩော်. . . ဒါနဲ့၊ မင်းတို့တွေ ကျောင်းဆရာ လုပ်ဦးမှာလား၊ တရားဝင် ကျောင်းဆရာ လုပ်မယ်ဆိုရင် တစ်ခါထဲ လျှောက်လွှာတင်ခဲ့၊ မင်းတို့ကိုဦးစားပေးဖို့ ငါပြောပေးမယ် လုပ်ကြမှာလား'

ကျွန်တော်က ဘာပြောရမှန်းမသိ ဖြစ်နေစဉ် ထင်ကျော်ဦးက. . .

'ကျွန်တော်တို့ အသင်အပြကောင်းလို့ လေးတန်းတွေ ရာနှုန်း ပြည့်ကျတယ်ဆိုတဲ့ သတင်းကြီးက တစ်မြို့လုံးပြန့်နေပြီ ဆရာကြီး။





မောင်ကျော် မဖြေဖြစ်လို့ ကျရတာကို သူတို့တွေသိအောင် တစ်ယောက်ချင်း လိုက်ရှင်းပြဖို့ကလည်း မဖြစ်နိုင်ဘူး။

အဲဒီတော့ ကျွန်တော်တို့နှစ်ယောက် သိက္ခာကျတယ် ပြောရ မလား၊ အရှုံးပေးရာရောက်တယ် ပြောရမလား၊ အဲဒီလိုကြီးဖြစ်နေတယ်။

ကျွန်တော်တို့ကတော့ သိက္ခာအကျ မခံနိုင်ဘူး၊ အနိုင်နဲ့ပိုင်းရမှ ကျေနပ်မှာ၊ အဲဒီတော့ သိက္ခာဆယ်ပြီး၊ အနိုင်နဲ့ ပိုင်းရဖို့က လာမယ့် နှစ်မှာ လေးတန်းကို တန်းလုံးကျွတ်အောင် အောင်သင်ပေးဖို့ပဲ ရှိတော့ တာပဲ ဆရာကြီး၊ ကျွန်တော်တော့ နောက်တစ်နှစ်လုပ်ဦးမယ်၊ ဒါပေမယ့် ဖြစ်နိုင်ရင် ဆွဲခန့်ပဲလုပ် ချင်တယ် ဆရာကြီးရဲ့'

ပညာရေးမှူးက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ရင်း. . .

'ဒါမှ ငါ့တပည့်ကွ၊ ယောက်ျားဆိုတာမျိုးက ဘယ်အရာမဆို တော်ရုံဖွဲ့သတ္တိနဲ့ အလျှော့ပေးရိုးထုံးစံမရှိဘူးကွ. . .၊ တရားသော နည်းလမ်းနဲ့ အနိုင်ယူရဲမှ ယောကျ်ားပီသတာ၊ အရိုးကြေကြေ အရေ ခမ်းခမ်း လေးတန်းကို တန်းလုံးကျွတ်အောင်အောင် ကြိုးစားပေတော့၊ လိုအပ်တဲ့ အကူအညီကိုလည်း ပြော ငါပေးမယ်၊

ဒါပေမယ့် နေပါဦး မင်းကဘာပြုလို့ ဆွဲခန့်လုပ်ချင်ရတာလဲ၊ ငါတို့ရုံးက တရားဝင်ရော၊ ဆွဲခန့်ရော ကျောင်းဆရာတွေခန့်ဖို့ရှိတော့၊ တစ်ခါထဲကြုံတုန်းတရားဝင်လုပ်လိုက်ပါလားကွာ၊ လုပ်သက်တစ်နှစ်ရလဲနည်းလားကွ. .'

'ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဒါပေမယ့် လာမယ့်နှစ်ပြီးရင် ကျွန်တော်ကဆက်ပြီး လုပ်ချင်မှ လုပ်တော့မှာ၊ အဲဒါကြောင့်ပါ'

'ကောင်းပြီလေ မင်းသဘောအတိုင်းပေါ့၊ ငါ့ အနေနဲ့ကတော့ တရားဝင် ကျောင်းဆရာ ဖြစ်စေချင်တာပဲ၊ ဒါနဲ့နေပါဦး ထင်ကျော်ဦး ကကြီးပဲ ပြောနေတယ် မင်းကရော ဘာလုပ်မှာလဲ'

ထင်ကျော်ဦးနှင့် ဆရာကြီးပြောသမျှကို ပါးစပ်အဟောင်းသား နှင့် နားထောင်နေသော ကျွန်တော်သည် ဆရာကြီးက ရုတ်တရက်ကြီး မေးလိုက်သဖြင့် ဘယ်လိုဆုံးဖြတ်၍ ဘာပြန်ဖြေရမှန်းမသိဘဲ ဖြစ်နေ စဉ်. . .

http://www.linhtet.com/forum



www.foreverspace.com.mm

ရဲ့ပြုံးပြတ်သားစွာ ဆုံးဖြတ်ချက်ချထားသော ထင်ကျော်ဦး၏ရုပ်ရှ သည့် မျက်လုံးအစုံကို မြင်လိုက်ရသဖြင့် ကျွန်တော့်မှာ အားကျမခံချင်စိတ် ဖြစ်ပေါ်လာ၍ ဆရာကြီးရှေ့တွင် ရင်ကိုကော့၍ ခေါင်းကိုမော့ကာ တိကျပြတ်သားစွာ အဖြေပေးလိုက်သည်။

'သူ့အတိုင်းပဲ ဆရာကြီး'





www.foreverspace.com.mm

**(၉)**

မကွေးတိုင်း အစွန်ဆုံး ရခိုင်ရိုးမ တောင်ခြေနားတွင် ကပ်လျက်တည်ရှိသော စကားပြောလျှင် 'သ' နှင့် 'တ'ကို လွဲမှားစွာ ပြောတတ်သော သက္ကယ်မြောင်ဆိုသည့် ရွာကလေးတွင် အိမ်ခြေလေးဆယ်ကျော်နှင့် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။

မိရိုးဖလာ လယ်ယာစိုက်ခင်းနှင့် တောင်ယာလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြသော ရွာသူရွာသားအပေါင်းသည် ဥပုသ်နေ့မှ အပကျန်ရက်များတွင် နေ့စဉ်လိုလို မနက် မိုးမလင်းခင်မှ ထ၍ တစ်နေကုန်နေဝင်မိုးချုပ်အထိ တောထဲတောင်ထဲတွင် လုပ်ငန်းခွင်သို့ ဝင်နေကြရသဖြင့် ရွာအတွင်းတွင် သက်ကြီးရွယ်အိုများသာ ကျန်ရှိခဲ့သလို. . .

ရွာစည်းရိုး အပြင်ဘက်ကပ်လျက် တည်ရှိသော ကျွန်တော်နှင့်ထင်ကျော်ဦးတို့၏ အခြေခံပညာ မူလတန်း ကျောင်းကလေးတွင်မတော့ အသက်ငါးနှစ်ပြည့်၍ စာရေးဝင်လက်ခံထားသော သူငယ်တန်းမှ လေးတန်းအထိ ကျောင်းသားကျောင်းသူ ခြောက်ဆယ်ကျော်နှင့် ကျောင်း ခေါ်ကြိမ်(က)စာရင်း၊ ကျောင်းမှတ်ပုံတင် (ခ)စာရင်း မသွင်းရသေးသော၊ မိဘဆရာအသင်းကြေး၊ ကျောင်းဝင်ကြေး၊ ပရိဘောဂကြေး၊ ဘာကြေး ညာကြေးမှ စ၍ သောက်ရေအိုးဖိုးအထိ မပေးရဘဲ၊ အလကားမတ်တင်း (ဖရီး)နေသော၊ တစ်ခါလည်မှ လေးနှစ်သားအထိ အသက်မပြည့်သေးသော တရားမဝင်

http://www.linhtet.com/forum



www.foreverspace.com.mm

ကျောင်းသားကျောင်းသူ လေးဆယ်ခန့် စုစုပေါင်း ကျောင်းသားကျောင်းသူ အင်အား တစ်ရာနီးပါးခန့်သည် ဝါတွင်းတွင် အဖိတ်၊ ဥပုသ်၊ ဝါပတွင် စနေ၊ တနင်္ဂနွေမှစ၍ ဒီဇင်ဘာ ဟောလီဒေး၊ အောက်တိုဘာ ဟောလီဒေး၊ ဘာဟောလီဒေး၊ ညာဟောလီဒေး စသည့် တရားဝင်ကျောင်းပိတ်ရက်များကိုပင် အသိအမှတ်မပြုဘဲ 'ကျောင်းမှန်မှန်တက် စာမခက်' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား ပြီး တစ်နှစ်ပတ်လုံး ကျောင်းပိတ်ရက်မရှိ၊ နေထွက်မှနေဝင် ကျောင်းသို့ ရောက်ရှိနေရာယူ ဆော့ကစားကြသလို့ . .

၄င်းတို့၏ အချစ်တော် 'ဖိုးဝ' 'အာနီ' 'တိုက်ကောင်း' တို့သည် လည်း ကျောင်းပျက်ရက် တစ်ရက်မှ မရှိခဲ့ဖူးပေ။

ထိုကြောင့် လေးတန်းတန်းလုံးကျွတ် အောင်မြင်ရေးအတွက် ရည်မှန်းချက်ထားပြီး ဖိဖိစီးစီး အားကြိုးမာန်တက် သင်ကြားပေးနေသော ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာ ကျောင်းသားကျောင်းသူများ၏ ပညာရေးအတွက် စာကိုသင်ကြားပေးရုံမျှ မကသေးဘဲ၊ မြည်သည့် မူကြိုကျောင်း၊ နေ့ကလေးထိန်း ကျောင်းများမှ လက်ခံမည် မဟုတ်သော တစ်ခါလည်မှသည် သုံးလေးနှစ်သားအထိ၊ အရွယ်စုံ **(Size)** ဆိုက်စုံတို့၏ အပေါ့၊ အလေး သို့မဟုတ် အခင်းကြီး၊ အခင်းငယ် သို့မဟုတ် မရိုသေ့ စကားချေး၊ သေးကိစ္စများကို အစဉ် တာဝန်ယူနေရသည့် အပြင် ၄င်းတို့၏ အချစ်တော်များဖြစ်ကြသည့် ဖိုးဝ၊ တုတ်ပေါ၊ ဗိုက်ပူပူသည့် ကြောင်သုံး ကောင် အာနီနှင့် ကွမ်းညှပ်ဟူသော ကြက်တူရွေး နှစ်ကောင်တို့နှင့် တိုက်ကောင်း တို့အပေါင်းအပါ ရှစ်ကောင်တို့၏ တစ်ကောင်နှင့်တစ် ကောင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး၊ ဘေးရန်ကင်းရှင်းစွာ နေထိုင်ရေး၊ မကျူးကျော် မစွက်ဖက်ရေး စသည့် 'ဝဋ်' တရားများကိုပါ နေ့စဉ်နှင့်အမျှ ထမ်းဆောင်နေရ သဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာ တည်း ဟူသော အာစရိယတို့၏ မူရင်းနာ သုံးနာအပြင် အာနာ၊ လျှာနာ၊ လည်ချောင်းနာ ဟူသော နာသုံးနာပါ ပေါင်း၍ နာ'ခြောက်'နာဖြင့် ပြည့်စုံရပေတော့သည်။

လေးတန်းကျောင်းသား မောင်ကျော်မှာ စားမေးပွဲမဖြေဖြစ်သော





ကြောင့်သာ စာမေးပွဲ ကျခဲ့ရခြင်းဖြစ်သဖြင့် လေးတန်း သင်ခန်းစာများကို သူအောက်သက်ကြေသည်။

ထိုကြောင့်ပင် နောက်မှ သုံးတန်းအောင်၍ လေးတန်းတက်လာသော ကျောင်းသားသစ်များသည် မောင်ကျော့်ကို မယှဉ်နိုင်ပေ၊ သချာ တွက်တွက် စာကျက်ကျက် မောင်ကျော်သာ အရင်ဆုံးပြီး၍ အရင်ဆုံးရသည်။

ကျောင်းသားသစ်များမှာ မောင်ကျော်နှင့်ယှဉ်၍ စာသင်လို့ မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် မောင်ကျော်နှင့် ကျောင်းသားသစ်များကို ခွဲကာ စာသင်ရပေတော့သည်။

ယခင်က သူငယ်တန်းမှ လေးတန်းအထိ အတန်းခွဲ ငါးခုသာ ရှိခဲ့၍၊ ယခုလေးတန်းကို နှစ်တန်းခွဲ သင်ခြင်းကြောင့် အတန်းခွဲ ခြောက်ခု ဖြစ်သွားသည်။

ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာ မနိုင်မနင်း သင်ရလေတော့သည်။

ကျွန်တော်တို့ကျောင်းမှ ကျောင်းလုပ်သား မောင်ပုမှာလည်း အလုပ်အားတိုင်း သူငယ်တန်းကို ကူသင်ပေးသောကြောင့် အစဉ်ပြေပါသည်။

ကျွန်တော်တို့ စာသင်ကောင်းနေဆဲမှာပင် သခွပ်ရင်းရွာမှ ဆရာဘကြည် ရောက်ရှိလာပြီး. . .

'ကဲ သက္ကယ်မြောင် ဆရာလေးတွေ၊ မနက်ဖြန် ခါးဇက်ကျောင်း ဆရာခင်မောင်ဝင်း မြို့ကို စာအုပ်ထုတ်အောင် သွားလိမ့်မယ်၊ ဒီကျောင်း က ခွဲတမ်းရမယ့် ဗလာစာအုပ်တွေနဲ့ ပုံနှိပ်စာအုပ်၊ ပေတံ၊ ခဲတံဖိုးငွေတွေ တစ်ခါထဲ ပေးလိုက်လေ၊ ခင်မောင်ဝင်း စုပြီးထုတ်လာခဲ့လိမ့်မယ်'

ထင်ကျော်ဦးက ခေါင်းကုတ်ရင်း. . .

'ကျွန်တော်လဲ စာအုပ်ဖိုးငွေတွေ တောင်းခိုင်းလိုက်တာ ကလေး တွေ မိဘတွေက ဘာပြောတယ်မှတ်သလဲ ဆရာဘကြည်ရဲ့. . . စာအုပ်ဖိုး ကျသင့်ငွေနဲ့ တန်ဖိုးခြင်းညီတဲ့ စပါးတို့ နှမ်းတို့ ယူပါလို့ လာပြောတယ်ဗျ၊ ကျွန်တော်က

http://www.linhtet.com/forum


အဲဒီစပါးတွေ နှမ်းတွေ ဘယ်နေရာမှာ သိမ်းပြီး၊ ဘယ်လိုသွားရောင်းရမလဲဗျ၊ အဲဒါကြောင့် အခုအထိ မကောက်ရသေးဘူး'

ဆရာဘကြည်က တ ဟား ဟား ရယ်ရင်း . .

'ဟဲ ဟဲ ဒါဆိုရင်လည်း အခုလမှာ ရမယ့် ဆရာတို့နှစ်ယောက်ရဲ့ လစာနဲ့ စိုက်ပြီး ထုတ်ရုံပဲ ရှိတော့တာပေါ့'

ကျွန်တော်လည်း စာရင်းစာရွက်ကလေးကို ယူရင်း . .

'ကျောင်းစဖွင့်ကတဲက ကျွန်တော်နှင့်ထင်ကျော်ဦးပဲ ဒိုင်ခံပြီး စိုက်ပေးနေရတာ များလှပြီဗျ၊ ပြီးခဲ့တဲ့ အပတ်ကဆို အားကစားကြေးတွေ မြို့နယ်ပညာရေးမှူးရုံးက ကောက်ခိုင်းတယ်လေ၊ အဲဒါလဲ ကျွန်တော်တို့ စိုက်ရတာပဲ၊ နောက်ပြီး ကျောင်းဖွင့်စမှာ လိုတဲ့ ရေအိုး၊ ရေခွက်ကအစ ကျွန်တော်တို့ ချည်းစိုက်နေရလို့ အိမ်ကိုတောင် ငွေပြန်မှာရမလို ဖြစ်နေပြီဗျ၊ အခုလည်း စာအုပ်ဖိုးတွေ စိုက်ရမှာဆိုတော့ . . ဒီလ လခကလည်း ကုန်မှာပဲ၊ ကဲ . . ဆရာဘကြည်ရေ ကောင်းသလိုသာ ကြည့်စီစဉ်ခဲ့ပေ တော့ဗျာ'

ဆရာဘကြည်က ကျွန်တော့်ထံမှ စာရင်းစာရွက်ကိုယူလိုက်ရင်း . . .

'ဆရာလေးတို့ စိုက်ထားရတဲ့ငွေတွေရဲ့ စာရင်းကို ဘိုးလေး ဖိုးသစ်ကို ပေးထားလိုက်၊ စိုက်ပျိုးရေးဘဏ်က ချေးငွေတွေ ပေးအောင် လာလို့ရှိရင် ဘိုးလေးဖိုးသစ်က အဲဒီ ငွေထဲကဖြတ်ပြီး ဆရာလေးတို့ကို ပြန်ပေးလိမ့်မယ်၊ ကျွန်တော်တို့လဲ အဲဒီလိုပဲ စိုက်ထားရတာပဲ၊ အဲဒီလိုမှ ငွေစိုက်မထားရင်လဲ ဘယ်လိုလုပ်ပြီး စာအုပ်တွေ ထုတ်မလဲ၊ စာအုပ်တွေ မရှိရင် ဘယ်လိုလုပ်ပြီး စာသင်မလဲ'

'ဒါတော့ ဒါပေါ့ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ကလဲ အခုနှစ်မှာ ဘယ်သူ့အိမ်မှ လိုက်မစားဘူးဆိုပြီး ကိုယ်ဟာကိုယ် ချက်စားကြတာဗျ၊ ရွာထဲမှာ အသားငါးပေါ်ရင်တော့ တစ်ရွာလုံးကလာပြီး ဟင်းပေးကြပါရဲ့၊ ဒါပေမယ့် နေ့တိုင်းအသားငါးက မပေါ်တော့၊ ကျွန်တော်တို့လည်း အခြောက်အခြမ်း လေးကအစ မြို့ကိုမှာပြီး ဝယ်ရတာဗျ၊





ဟော . . အခု လခက စာအုပ်ဖိုး စိုက်ရမှာဆိုတော့၊ အိမ်ကိုပဲ လှမ်းမှာရတော့တာပဲ၊ အိမ်ကတော့ ဘယ်လိုထင်မလဲ မသိဘူး၊ ကျောင်းဆရာလုပ်ပြီး အိမ်ကို ငွေမထောက်တဲ့အပြင် ငွေတောင် လှမ်းမှာသုံးတယ် ဆိုပြီးတော့ပေါ့ဗျာ'

ဆရာဘကြည်က ပြုံးလိုက်ရင်း . .

'ဒီအတွက်တော့ ဘာမှပူမနေနဲ့ ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်၊ ပထမ ဆန်ကိစ္စကို ဆရာလေးတို့မပူနဲ့၊ ကျွန်တော့်အိမ်မှာ ဆန်တွေ အိတ်လိုက်ရှိတယ်၊ လိုသလောက်သာယူ နောက်ပြီး ဆီကလဲနှမ်းဆီစစ်စစ် ဆီဆုံနဲ့ ပွတ်ထားတဲ့ဆီတွေ စဉ့်အိုးလိုက်ရှိတယ်၊ လိုသလောက်သာလာယူ'

'ဟာ . . ဘယ်ကောင်းမလဲဗျ၊ ဆရာက ဘာမှမပြောပေမယ့် ဆရာ့ဇနီးက ပြောနေပါ့မယ်ဗျာ၊ နောက်ပြီး အလကားလဲမလိုချင်ပါ ဘူး'

'အလကားပေးတာ မဟုတ်ဘူးဗျ၊ ဆရာလေးတို့ ပြန်ဆပ်ရမှာ'

'လောလောဆယ် ပြန်မဆပ်နိုင်လို့ ပြောနေတာပေါ့ ဆရာဘကြည်ရဲ့'

'ဟာ . . ဒီလိုလေဗျာ၊ သီတင်းကျွတ်ရင် ဆရာလေးတို့ရဲ့ ကျောင်းသားမိဘတွေက စပါးတွေ နှမ်းတွေနဲ့ ကန်တော့မှာပဲ၊ ဆရာလေး တို့ မယူချင်ပါဘူး၊ မလိုချင်ပါဘူးဆိုပြီး ငြင်းနေပါဦး . . အနည်းဆုံး စပါးတင်းနှစ်ဆယ်၊ အစိတ်နဲ့ နှမ်းသုံးလေးတင်းလောက်တော့ သူတို့က အတင်းပေးမှာပါပဲ အဲဒီကျမှ ပြန်ဆပ်ပေါ့ဗျာ၊ နောက်ပြီး ကျွန်တော်နဲ့ ဆရာခင်မောင်ဝင်းနဲ့ နှစ်ယောက်ပေါင်းပြီး ကြက်မဒန်း လေး၊ ငါးကောင်လောက် ဆရာလေးတို့ကို ပေးထားမယ်၊ အဲဒါဆို စားစရာ ပူစရာ မလိုတော့ဘူး၊ နေဦး ကျွန်တော်စီစဉ် လိုက်မယ်၊ ဟေ့ သက္ကယ်မြောင် ကျောင်းက ကျောင်သားတွေ အကုန်လာစမ်း'

ဆရာဘကြည်၏ အသံကြောင့် ဝုန်းခနဲ ထ,လိုက်ကြသည်။

'မင်းတို့ဆရာတွေက အသားငါး စားချင်ကြတယ်ကွ၊ အဲဒါ အရင် ဆရာတွေတုန်းကလို ရှာပေးလိုက်ကြ၊ နောက်ပြီး မင်းတို့ဆရာတွေကို ငါတို့က ကြက်ငှားမလို့၊ မင်းတို့လည်း ငှားလိုက်ကြဦး ဟုတ်လား'

http://www.linhtet.com/forum



'ဟုတ်ကဲ့ ဆရာကြီး'

ကျွန်တော်တို့ ကျောင်းသားများနှင့် ဆရာဘကြည်၏ အချီအချ စကားများကို နားမလည်သဖြင့်. . .

'ဆရာဘကြည် ကြက်ငှားတယ်ဆိုတာ ဘာလဲဗျ'

'ဒီလိုဗျ သူတို့ကြက်တွေထဲက ကြမဒန်းမ တစ်ကောင်ကို ဆရာတို့အိမ်ကို လာပို့ထားလိမ့်မယ်၊ ဆရာတို့အိမ်မှာ မြဲသွားအောင် တစ်ပတ်လောက်တော့ အစာကျွေးထားရမှာပေါ့၊ ဆရာတို့အိမ်မှာ အဲဒီကြက်က မြဲသွားပြီ ဘယ်ကိုမှ မသွားတော့ဘူး၊ ဆရာတို့အိမ်မှာပဲ ဥ ဥပြီဆိုပါ တော့. . .

အဲဒီဥက ပေါက်လာမယ့် ကြက်ကလေးတွေရဲ့ တစ်ဝက်ဟာ ဆရာတို့ အပိုင်ပဲ၊

သူတို့ပေးထားတဲ့ ကြက်မကြီး သားခွဲတယ်ဆိုတာနဲ့ ကြက်ပေါက် တစ်ဝက်ကို ဆရာတို့ကယူ၊ ကျန်တဲ့ ကြက်ပေါက်တစ်ဝက်နဲ့ ကြက်မကြီးကို သူတို့ကို ပြန်ပေးလိုက်၊ အဲဒါ ကြက်ငှားတာဗျ ဟဲ ဟဲ၊

ဒီကြားထဲမှာ သူတို့တွေက ဆရာတို့တွေအတွက် အသား၊ ငါး တွေ ရှာပေးလိမ့်မယ်၊ ဘယ်လိုရှာပေးမလဲ ဆိုတာကိုတော့ ဆရာတို့ ကိုယ်တိုင် တွေ့မှာပဲဗျာ၊ ပြောမနေတော့ပါဘူး၊

ဒါပေမယ့် ဆရာတို့ကို သတိပေးထားရဦးမယ်၊ သူတို့က ဆရာတို့ ကို စားစေချင်တဲ့ စေတနာနဲ့ ယူလာခဲ့တာဆိုတော့ ဆရာတို့က သူတို့ရဲ့ စေတနာကို အလေးထားရမယ် မဟုတ်လား၊

အဲဒီတော့ ဆရာလေးတို့ မကြိုက်တဲ့အသား၊ မကြိုက်တဲ့ဟင်း ပါလာရင်လည်း သူတို့ရှေ့မှာတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ယူပေါ့၊ နောက် ကွယ်ရောက်မှ မကြိုက်လည်း လွှင့်ပစ်ပေါ့ဗျာ၊

ကဲ ကဲ. . . ကျွန်တော် ခင်မောင်ဝင်းဆီ သွားလိုက်ဦးမယ်ဗျို့'

နောက်တစ်နေ့မနက် ကျောင်းပြန်တက်ချိန်တွင်တော့ ကျောင်း သားအပေါင်းမှာ ကျွန်တော့်စားပွဲခုံရှေ့တွင် ဝိုင်းအုံရင်း. . .

'ဆရာ ဆရာ့အတွက် ကျွန်တော်တို့ယူလာတာ အံဆွဲထဲမှာ ရှိတယ်





ဖွင့်ကြည့်ဆရာ'

ကျွန်တော်လည်း အံဆွဲထဲကို ဖြေးဖြေးချင်း ဖွင့်ကြည့်လိုက်ရာ တစ်ကောင်လျှင် တစ်ဆယ်သားခန့်ရှိသော စားဖားကြီးများ ဆယ့်လေး၊ ငါးကောင်ခန့်ကို ရေဆွေးဖျောပြီးသား တွေ့လိုက်ရသဖြင့် အံ့ဩသွားပြီ။

'ဟာ. . . ဒီစားဖားကြီးတွေက အကြီးကြီးတွေပါလား၊ မင်းတို့ တွေ ဘယ်လိုဖမ်းခဲ့ကြတာလဲကွ'

'ကျွန်တော်တို့တွေ ညကအစ်ကိုကြီး ဖားရိုက်အောင်တွားတုန်း က သူနဲ့လိုက်တွားပြီး ရိုက်လာခဲ့တာ ဆရာ'

ပထမတန်းအောင် ဒုတိယတန်းကျောင်းသား မောင်စိုး၏ အဖြေ ကြောင့် ကျွန်တော်တို့နှစ်ဦး ရင်ထဲတွင် တစ်မျိုးကြီးဖြစ်သွားသည်။

'မြေပါး၊ ကင်းပါးကွာ၊ နောက်ဆို မလိုက်သွားကြနဲ့နော်'

'ဆရာလေးတို့က ဖားမစားကြဘူးလား'

ထင်ကျော်ဦးက ဖားများကို ယူလိုက်ရင်း. . .

'သိပ်ကြိုက်၊ အရမ်းကြိုက်၊ အားကြီးကြိုက် မောင်ကျော်ရေ ဒီ ဖားတွေကို ဆရာတို့အိမ် သွားပို့လိုက်ပါဦးကွာ၊ နေ့ခင်းကျောင်းဆင်းမှ တောက်တောက်စဉ်းပြီး ကြော်စားလိုက်မယ်'

ထိုနေ့မှစ၍ မနက်တိုင်း အံဆွဲကိုဖွင့်တိုင်းတွင် ဖား၊ ငါး ခရု လင်းမြွေ၊ ပုစွန်လုံး မျိုးစုံသော သတ္တဝါတို့မှာ အံဆွဲထဲတွင် နေရာယူပြီး သား ဖြစ်နေသည်ကို တွေ့ရသည်။

ကျောင်းသားလေးများက ကျွန်တော်တို့ စားစေချင်သဖြင့် သူတို့ မိဘညီအစ်ကိုများ တောထဲတောင်ထဲသွားလျှင် မှာ၍တစ်မျိုး၊ တစ်ချို့ကို ကိုယ်တိုင်ရှာဖွေ၍တစ်သွယ် ယူလာခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့မှာလည်း သူတို့ပေးသမျှကိုယူ၍ တစ်ချို့ကို ချက် စား၊ တစ်ချို့ကို သူတို့မသိအောင် ပြန်လွှတ်ပစ်ခြင်းများ ပြုလုပ်ရင်း ဖြင့်ပင် အချိန် တွေ တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။

* * *

http://www.linhtet.com/forum



ကျောင်းထဲသို့ ပျော်ရွှင်စွာဖြင့် ဝင်လာသော ထင်ကျော်ဦးကို မြင်လိုက်ရသဖြင့် ကျွန်တော်သည် တတိယတန်းကို စာသင်ခြင်းမှ ရပ်လိုက်ပြီး ထင်ကျော်ဦးအနားသွားကာ. . .

'ဆရာတော်က ငါတို့ကိုခေါ်တာ ဘာကိစ္စတဲ့လဲ၊ ငါပါမလာဘဲ မင်းတစ်ယောက်ထဲ သွားတော့ ငါ့ကိုမေးသေးလား'

ထင်ကျော်ဦးက စားပွဲဘေးတွင် ဝင်ထိုင်ရင်း. . .

'မင်းနဲ့ငါက ကျောင်းပိတ်ရက် လုံးဝမရှိဘဲ ကလေးထိန်းတွေ ဖြစ်နေတာ ဘုန်းဘုန်းက မကြည့်ရက်လို့တဲ့ကွ၊ အဲဒါကြောင့် ဥပုသ်နေ့ တိုင်းတို့ ကျောင်းက ကျောင်းသားကျောင်းသူ အကုန်လုံးကို ဘုန်းဘုန်း ကျောင်းကို လွှတ်ပေးပါတဲ့။

ဘုန်းဘုန်းက ဗုဒ္ဓဘာသာ သင်တန်းသဘောမျိုး၊ သင်ပေးမယ် တဲ့ဟေ့၊ ဒါဆို မင်းနဲ့ငါနဲ့ အားရက်တစ်ရက် ရတာပေါ့ကွ'

ကျွန်တော်က ခေါင်းညိတ်လိုက်ရင်း. . .

'ရောက်ကတဲက ပိတ်ရက်မရှိဘဲ ကလေးတွေနဲ့ စာသင်နေရတာ ကြာလာတော့ ပိတ်ရက်ကြရင် နေမှနေတတ်ပါဦးမလား မသိဘူး ဟေ့. . . ဟား ဟား'

'ဒီထက်ကောင်းတဲ့ အစီအစဉ် တစ်ခုရှိသေးတယ်ကွ၊ ဘုန်းဘုန်း က မင်းပါမလာလို့ မေးတော့၊ မင်းတစ်ယောက်တော့ မူကြိုကလေးတွေ ထိန်းရင်း ကျန်နေခဲ့ပါတယ် ဘုရား။

သူငယ်တန်းကနေ လေးတန်းအထိ ကျောင်းသားတွေက ထိန်းရ လွယ်ပေမယ့် တစ်ခါလည်းကနေ လေးနှစ်သားအထိ မူကြိုကလေးတွေက ထိန်းရ ခက်ပါတယ် ဘုရားလို့လဲ ငါကလျှောက်လိုက်ရော ဘုန်းဘုန်းက မပူနဲ့ တဲ့၊ မူကြိုကလေးတွေကို ထိန်းဖို့ သူ့ကျောင်းက ကိုရင်ကြီးမဲလုံးကို လွှတ်ပေး မယ်တဲ့ကွ၊

ကိုရင်ကြီးမဲလုံးက သိပ်ကျပ်မပြည့်ပေမယ့် အတွင်းအောင်ခြင်း အပြင်အောင်ခြင်း ရတနာရွှေချိုင့်အထိ ရပြီးသားတဲ့။





ပြီးတော့ ကလေးတွေကို သိပ်ချစ်တတ်ပြီး ကလေးတွေက သူ့ကို ချစ်အောင်လည်း အလွန်နေတတ်တယ်ဆိုပဲကွ'

ကျွန်တော် အံ့ဩသွားပြီး. . .

'ဟေ. . . ကိုရင်ကြီးမဲလုံးက မူကြိုကလေးတွေ စာသင်မလို့ ဟုတ်လား ဖြစ်ပါ့မလားကွာ'

'မင်းကလည်း တွေးပူနေပြန်ပါပြီ ကိုရင်ကြီးက ငါတို့ မျက်စိရှေ့ တွင် သင်မှာပဲကွ၊ အမြင်မတော်ရင် ဆုံးမဖို့ကိုလည်း ဆရာတော်က ခွင့် ပေးပြီးသား၊ နောက်ပြီး မင်းပဲ စဉ်းစားကြည့်ပါဦး။

ကိုရင်ကြီးသင်ပေးလို့ ဒီကလေးတွေ ကကြီး၊ ခကွေးလောက်ပဲ ရေးတတ် ဖတ်တတ်ရင် မင်းနဲ့ငါလည်း သူတို့ကို ကကြီး၊ ခကွေး သင်စရာ မလိုတော့ဘူး။

ကိုရင်ကြီး သင်ပေးသလောက် ငါတို့ သက်သာမှာပဲ၊ ကဲ ကြာတယ်၊ တော်ကြာ ကိုရင်လာတော့မယ်။

အဲဒီတော့ ဟေ့. . . သူငယ်တန်းကြီးတွေ ကိုယ့်နေရာကိုယ်နေ သူငယ်တန်းလေးတွေ ဒီကိုလာကြစမ်း'

ဆရာလေးထင်ကျော်ဦး၏ စကားအဆုံးတွင် သူငယ်တန်းလေး ဟု ခေါ်သော မူကြိုကလေးများ၊ ကျွန်တော်တို့ရှေ့လာပြီး လက်ပိုက်ကာ ရပ်နေ သည်။

ဆရာထင်ကျော်ဦးက. . .

'မင်းတို့တွေ ဘုန်းဘုန်းကျောင်းက ကိုရင်ကြီးမဲလုံးကို သိလား'

သူငယ်တန်းလေးများက အလုအယက် ဖြေကြသည်။

'တိပါတယ်၊ ဘုန်းဘုန်းကျောင်းကို တွားရင် ကျွန်တော်တို့ကို ပဲကြီးလှော်ကျွေးပါတယ်'

'ကျွန်မကိုလည်း ချိုးရုပ် ကလေး လုပ်ပေးတယ်'

'ကျွန်တော့်ကိုလည်း . . .'

'. . . . . . . . .'

http://www.linhtet.com/forum



'ကဲ ကဲ တော်ကြပါတော့၊ အဲဒီ ကိုရင်ကြီးက မင်းတို့ကို စာသင်ပေးလိမ့်မယ်၊ အဲဒီတော့ ကိုရင်ကြီး သင်ပေးတာကို ဆရာတို့တွေက သင်ပေးတာလို့ သဘောထားပြီး'

ထင်ကျော်ဦး၏ စကားမဆုံးခင်ပင် သူငယ်တန်းလေးများက ပျော်ရွှင်စွာဖြင့်. . .

'ဝေး. . .'

ဟု အော်ဟစ်လိုက်သည်။

သူငယ်တန်းကြီးအချို့က ကျွန်တော့်ထံ ပြေးလာပြီး. . .

'ဆရာ ဆရာ. . . ကျွန်တော်တို့ကိုလည်း ကိုရင်ကြီးကို တင်ခိုင်းပါ ဆရာလေး၊ ကိုပုတင်တာ မကောင်းဘူး၊ ခဏ ခဏ အရိုက်ခံရတယ်'

ကျွန်တော်တို့ ကျောင်း၏ အထွေထွေ လုပ်သားမောင်ပုက ပြုံးဖြီးဖြီးဖြင့် ကျွန်တော့်အနားလာရင်း. . .

'ကျွန်တော် ကိုရင်ဝတ်တုန်းက ကိုရင်ကြီးမဲလုံးနဲ့အတူတူ နေခဲ့တေးတယ်၊ တူက ညညဆို ကျွန်တော်တို့ကို ထန်းလျက်တို့ မုန့်ဆီကြော် တို့ ခိုး ခိုးကျွေးတယ်ဗျ၊

နောက်ပြီး ပရိတ်ကြီး ဆယ့်တစ်သုတ်ကို တူသင်ပေးတာဗျ၊ တိတ်ကောင်းတာပဲ၊ အဲဒီတော့ တူငယ်တန်းတွေ အကုန်လုံးကို တူ့တင် ခိုင်းလိုက်ဗျာ'

'အောင်မယ်. . . ဒါမျိုးဘယ်ရမလဲ မောင်ပုရဲ့ မင်းက ကိုရင်ကြီး အကြောင်းပြပြီး၊ လယ်ထဲက ကောက်စိုက်ပျိုးနုတ်တဲ့ ရွာသူတွေဆီ သွားမလို့ မဟုတ်လား၊ မရဘူး ကိုရင်ကြီးက မြန်မာစာသာရတာ မင်းက အင်္ဂလိပ်စာနဲ့ သင်္ချာ သင်ပေးရမယ်'

မောင်ပုက ပြုံးဖြီးဖြီးလုပ်ပြစဉ် ကိုရင်ကြီးမဲလုံးသည် သက်နန်းကို လက်ကတော့ထိုးလျက် ဝတ်ရုံပြီး စက္ကူနှစ်လွှာချကာ တည်ငြိမ်သော ဣန္ဒြေဖြင့် ကျောင်းပေါ်သို့ ကြွလာသည်။

ကျောင်းသူ ကျောင်းများက လက်ပိုက်လျက် မတ်တတ်ရပ်လိုက်ကြပြီး. . .





www.foreverspace.com.mm

'မင်္ဂလာပါ ကိုရင်ကြီး'

ဟု တစ်ပြိုင်တည်း နှုတ်ဆက်လိုက်ကြသောအခါ ကိုရင်ကြီး မဲလုံးက ပြုံးရွှင်စွာဖြင့် တဟားဟားရယ်လိုက်ရင်း လက်ကတော့ထိုး၍ သေသပ်စွာဝတ်ရုံလာသော သက်နန်းကြီးကို လွှားကနဲ ဖြေချလိုက်ကာ သက်နန်းအောက်မှ ပဲကြီးလှော်ထုပ်ကြီးကို မြှောက်ပြလိုက်ပြီးနောက်. . .

'မင်းတို့ဖို့ ပဲကြီးလှော်တွေ ငါယူလာခဲ့တယ်၊ ငါ့ဆီမှာ တင်မယ့် တူတွေကိုပဲ ကျွေးမှာ၊ ဘယ်တူတွေ တင်မှာလဲဟေ့'

သူငယ်တန်းလေးများက 'ဝေး' ဟုအော်ဟစ်ကာ ကိုရင်ကြီးထံ ပြေးသွားကြလေတော့သည်။

ထို့ကြောင့် သက္ကယ်မြောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကလေးတွင်ရှိသော ဝန်ထမ်းအင်အားမှာ မူလတန်းပြဆရာ နှစ်ယောက်၊ ကျောင်းလုပ်သား တစ်ယောက်နှင့် မူကြိုကျောင်းအုပ်ကြီး တစ်ပါး၊ စုစုပေါင်း သုံးယောက်နှင့် တစ်ပါးသည် ပျော်ပျော်ရွှင်ရွှင် စာကို သင်ရင်း ပထမအစမ်း စာမေးပွဲကြီးကို ဖြတ်သန်းခဲ့ကြသည်။

http://www.linhtet.com/forum



**(၀၀)**

ယနေ့ နေ့လယ်ပိုင်းတွင် ကိုရင်ကြီးတစ်ယောက် တောင်ဘက်ရွာသို့ အသုဘရှုရန် သွားသည်။

ကျွန်တော်တို့ သုံးယောက်ကတော့ ရွာအနောက်ပိုင်းမှ ကိုဘိုးတေ၏ 'ပဆန်း' ပွဲတွင် အပြတ်တီးခဲ့ကြသောကြောင့် ဗိုက်ကားကာ လူမှာ သိပ်မလှုပ်ချင်တော့ဘဲ မျက်ကြောစဉ်းနေသည်။

ကျွန်တော်က ခေါင်းရင်းခန်းရှိ ခုံရှည်ပေါ်တွင် စာအုပ်များကို ခေါင်းအုံးကာ မှေးနေသည်။

ကျောင်းလုပ်သား မောင်ပုကတော့ စာသင်ခုံပေါ်တွင် မှောက်ခုံကြီးအိပ်ရင်း ဟောက်နေသည်။ ဆရာလေး ထင်ကျော်ဦးကတော့ ကျောင်းပေါ်အတက် လှေကားပေါ်မှ ချော်ကျသောကြောင့် ခြေထောက် အကြောတင်သလို ဖြစ်သွားသဖြင့် ပရုပ်ဆီလူးကာ လေးတန်းကျောင်း သား တစ်ချို့ကို နှိပ်ခိုင်းနေသည်။

ကျောင်းသား ကျောင်းသူများကတော့ စာရေးသူ စာရေး၊ စာကျက်သူ စာကျက်၊ ဆော့သူ ဆော့ဖြင့် အုပ်စုလိုက် ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြသည်။

ထိုစဉ် ကျောင်းပေါ်သို့ လူစိမ်းငါးဦးခန့် တက်လာပြီး ရှေ့ဆုံးမှ တက်လာ သူက. . .





'စားပြီး အိပ်ပြန် အနှိပ်ခံ နိုးသော်တစ်ဖန် ရေချိုးပြန်၊ မှန်မှန် မပျက် အိမ်သာတက်ဆိုတဲ့ ဆရာ့ဝတ်တရား ငါးပါးနဲ့ ပြည့်စုံတဲ့ ကျောင်း ဆရာတွေလားဟေ'

ဟူသော အသံကျယ်ကျယ်ကြီးကြောင့် ကျွန်တော်လဲ 'ဖျတ်' ခနဲ နိုးသွားပြီး၊ မျက်လုံးကို ပွတ်သပ်ကြည့်လိုက်ရာ မြို့နယ်ပညာရေးမှူးကြီးကို တွေ့လိုက်ရသဖြင့်. . .

'ဟာ ဆရာကြီး. . . ဘယ်က လှည့်လာတာလဲ ကြွပါ၊ ကြွပါ၊ ဟဲ့ မောင်ပု. . . ရွာထဲသွားပြီး ရေနွေးတို့ လက်ဖက်တို့သွားယူပါဟ'

'နေ နေ . . . ဘာမှမယူနဲ့ ငါက ကျောင်းစစ်အောင်လာတာ၊ မင်းတို့ ကျောင်းပြီးရင် သခွတ်ရင်းကျောင်းကို ဆက်သွားမှာ၊ ကဲ ကျောင်းနဲ့ ပတ်သက်တဲ့ စာရင်းဇယား စာအုပ်တွေ အကုန်လုံးယူခဲ့'

ကျွန်တော်တို့လဲ စာရွက်စာတမ်း၊ စာအုပ်များကို ထုတ်ပေးလိုက်သည်။

ပညာရေးမှူးကြီးက စစ်ဆေး၍ လက်မှတ်ထိုးသင့်သည်ကို ထိုးရင်း. . .

'မင်းတို့နှစ်ယောက်က လေးတန်းကို တန်းလုံးကျွတ်အောင် အောင် သင်မယ်ဆိုပြီး ပြောသွားလို့ ဟုတ် မဟုတ် သိရအောင် ငါဒီအထိ လိုက်လာခဲ့တာပဲ၊ မင်းတို့တွေ ဒီလိုကြီး စားပြီးအိပ်ပြန် စာသင်နည်းနဲ့သာ သင်လို့ကတော့ တန်းလုံးကျွတ်တော့ တန်းလုံးကျွတ်ပဲ ဒါပေမယ့် ဟင်း ဟင်း ဒီလို ဝီရိယမျိုးနဲ့ ကတော့ မလွယ်ဘူးနော် ကြိုးစားကြဟဲ့၊ မင်းတို့ သင်ကြားရေးနဲ့ ပတ်သက်တာ ဘာတွေလိုလဲ ငါ့ကိုပြော ငါတတ်နိုင်တာ လုပ်ပေးမယ်'

'အင်း. . . စာရင်းဇယားတွေကတော့ စုံသားပဲ၊ ကဲ ကဲ ကျောင်းသားတွေရဲ့စာအုပ်တွေ ပေးစမ်း၊ သင်ခန်းစာတွေ ဘယ်အထိရောက်ပြီလဲ၊ လစဉ် သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းကိုရော မီရဲ့လား၊ ဟေ့ ဟေ့ မင်းတို့တွေက စာတော်တဲ့သူတွေရဲ့ စာအုပ်တွေကြီးပဲ ယူလာပြီးမပြနဲ့၊ ဒါမျိုးတွေ ငါကနိုးနေပြီ ရှေ့ဆုံးတန်းရယ်၊ အလယ်တန်းရယ်၊ နောက်ဆုံး တန်းရယ် မျှပြီးယူခဲ့'

http://www.linhtet.com/forum



ကျွန်တော်လဲ ဆရာကြီးပြောသည့်အတိုင်း လုပ်ပေးရင်း၊ စိတ်ထဲမှနေ၍ ပညာရေးမှူး သို့မဟုတ် ကျွန်တော်တို့ကို စာသင်ပေးခဲ့သည့် ဆရာကြီးအား စိတ်ထဲမှနေ၍ ချီးကျူးနေမိသည်။

မချီးကျူးဘဲလည်း မနေနိုင်ပါ၊ သူ့အသက်အရွယ်ဖြင့် ဒီလိုခရီးမျိုးကို လာရသည်မှာ တော်ရုံစွဲဖြင့် လာလို့ကတော့ ရောက်မည်မဟုတ်ပေ။

ပုသိမ်မို့ရွာ လမ်းပေါက်မှ ကျွန်တော်တို့ ရွာအထိ ဆယ်မိုင်ခန့် ခရီးသည် ယခုအခါတွင် မိုးကုန်ပြီဖြစ်သော်လည်း ရွှံ့တွေဗွက်တွေ တင်းကြမ်းပြည့်နေသည်။

တချို့ရွံ့တောဆိုလျှင် လှည်းကို တစ်စစီ ဖြုတ်သယ်ရလောက် အောင်ဆိုးသည်။

ထိုကြောင့် ဤခရီးကို ဆရာကြီးသည် ခြေကျင်သာလာခဲ့ရပေ မည်။

တာဝန်အရသာ လာရခြင်းဖြစ်သော်လည်း ဝေးလံ၍ ခက်ခဲကြမ်းတမ်းသောခရီးကို ဖြတ်သန်း၍ ကျွန်တော်တို့ကဲ့သို့သော ဇနပုဒ်မှ မူလတန်းကျောင်းဆရာ၊ ဆရာမများ၏ ကိုယ်ရေးကိုယ်တာ လိုအပ်ချက်လေးများ၊ နည်းစနစ် မှန်ကန်စွာ သင်ပြတတ်ရေးများကို စေတနာ ရှေ့ထား၍ သင်ကြားပြသ လမ်းညွှန်ပေးရန် လာရောက်ရခြင်း ဖြစ်သဖြင့် ပညာရေးမှူး သို့မဟုတ် ဆရာကြီး၏ စေတနာကို မလေးစား မချီးကျူးဘဲ မနေနိုင်တော့ပါ။

ဆရာကြီးက ကျွန်တော်တို့ ယူပေးသော ကျောင်းသားများ၏ စာအုပ်ကို ယူကြည့်လိုက် သူ့မှတ်တမ်းစာအုပ်ကို ကြည့်လိုက်ဖြင့် အလုပ်ရှုပ်နေပြီး. . .

တစ်ခုံတစ်ခုကို မသက်သာဟန်ဖြင့် ကျောင်းသားကျောင်းသူ အားလုံး၏ စာအုပ်များကို အကုန်လုံး ယူလာပြခိုင်းသဖြင့် အတန်းလိုက် စာအုပ်များကို ယူပြရပြန်သည်။

ဆရာကြီးက အသေးစိတ်စစ်ဆေးနေသည်။

ထိုစဉ် ကျွန်တော်တို့ကျောင်းနှင့် အနီးဆုံးအိမ်ဖြစ်သည့် 'ဂျီးအို တင်နု' အိမ်မှ ကျွန်တော်တို့ ကျောင်းထဲသို့ ဧည့်သည်လူစိမ်းများ ဝင်သွားသည်ကို





www.foreverspace.com.mm

မြင်လိုက်၍ထင်သည်၊ မည်သူမှ မခိုင်းဘဲနှင့် ဂျီးအိုတင်နု ကိုယ်တိုင် လက်ဖက်ပွဲနှင့် ရေနွေးပွဲ လာပို့သွားသည်။

ဆရာကြီးသည် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်း. . .

'မင်းတို့ ဟာတွေက ဟုတ်ရောဟုတ်လားကွာ၊ ပထမအစမ်း တောင်ပြီးရုံပဲ ရှိသေးတယ်။

မင်းတို့ရဲ့ သင်ခန်းစာတွေက တစ်နှစ်လုံးစာ အပြတ်ပြီးခါတောင်နီးနေပြီပဲ၊ လစဉ်သင်ရမယ့် သင်ရိုးညွှန်းတမ်းကို သုံးဆကျော် သင်ပြီးသွားပါရောလား၊ ဘယ်လိုသင်လဲ၊ တတ်အောင်သင်တာလား၊ သင်ခန်းစာ ပြီးအောင်သင်တာလား'

ကျွန်တော်နှင့် ထင်ကျော်ဦးက ယုံကြည်ချက် အပြည့်ဖြင့် တစ်ပြိုင်တည်း. . .

'တတ်အောင်သင်တာပါ ဆရာကြီး'

ဆရာကြီးက စာအုပ်တစ်အုပ်ကိုယူ၍ ပိုင်ရှင်အမည် ခေါ်လိုက်သည်။

'မောင်စိုး ဒုတိယတန်း အင်္ဂလိပ်စာ'

ကွမ်းတစ်ရာ မောင်စိုးက ထလာပြီး ဆရာကြီးရှေ့တွင် လက်ပိုက်၍ ရပ်နေသည်။ ကျွန်တော်က ရင်ပူသွားသည်။ ဆရာကြီးသည် စာမေးတော့မည် ထင်သည်။

ဆရာကြီးက မောင်စိုးကို ကြည့်လိုက်ရင်း မေးလိုက်သည်။

'A-U-N-T'

(အန့်-ဘာလဲ)

မောင်စိုးကာ လက်ပိုက်လျက်နှင့် ကိုယ်လုံးကို ဟိုယိမ်းသည် ယိမ်းယိမ်းကာ မျက်စိမှိတ်ပြီး ငယ်သံပါအောင် အော်ဟစ်လေ တော့သည်။

'A-U-N-T'

(အန့်-ထွေးလေး၊ ကြီးဒေါ်၊ ဒေါ်လေး)

'U-N-C-L-E'

http://www.linhtet.com/forum



(အန်ကယ်-ဘကြီး၊ ဘထွေး၊ ဦးလေး)

'M-O-T-H-E-R'

(မားသား-အမေ၊ အစ်မ)

'F-A-T-H-E-R'

(ဖားသား-အဘ၊ အဖေ)

'S-O-N'

(ဆန်း-အကေး၊ သား)

'D-A-U-G-H-T-E-R'

(ဒေါ်တား-ပုလေး၊ တမီး)

မောင်စိုး၏ တောက်လျှောက် စာပြန်သံကြောင့် ဆရာကြီးသည် ရေနွေးပန်းကန်ကို ကိုင်ရင်း ပါးစပ်အဟောင်းသားကြီး ဖြစ်နေသည်။

ပြီးမှ. . .

'ဟေ. . . တယ်ဟုတ်ပါလားကွ၊ ဒါနဲ့ အကေးတို့ ပုလေးတို့ ဆိုတာ ဘာလဲ'

ကျောင်းလုပ်သား မောင်ပုက. . .

'ကျွန်တော်တို့ဆီမှာ တားကိုတားလို့ ခေါ်ခဲ့တယ်၊ အကေးလို့ ခေါ်တာ များတယ်၊ တမီးကိုလဲ အပုတို့ ပုလေးတို့လို့ပဲ ခေါ်ကြတယ်'

ဆရာကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

'အင်း. . . ငါ မြို့ပေါ်နဲ့ မြို့နားက ကျောင်းတွေကို စစ်ဆေးရေး ဝင်ပြီးပြီ၊ များသောအားဖြင့် ကျောင်းတွေမှာ လစဉ် သင်ရိုးညွှန်းတမ်းကို ပြည့်မီရုံ သင်နိုင်ကြပေမယ့် တချို့ကျောင်းတွေမှာတော့ မီအောင် မသင်နိုင်ကြဘူး၊ မင်းတို့ဘက်က ရွာတွေမှာ များသောအားဖြင့် သင်ရိုး ညွှန်းတမ်းကို မီအောင် သင်နိုင်တယ်၊ တချို့ကျောင်းတွေက ကျော်အောင် သင်တယ်၊ မင်းတို့ကတော့ ကုန်အောင် သင်လိုက်သလိုပဲ၊ သင်ရိုး ညွှန်းတမ်းကို ကျော်အောင်သင်တိုင်း လည်း မကောင်းဘူးကွ၊ တချို့ ကလေးတွေ စာမလိုက်နိုင်ဘဲ ပြတ်ကျန်တတ်တယ်'





ထိုစဉ်. . .

ဘယ်အချိန်က ကျောင်းပေါ်ရောက်နေမှန်း မသိသော သခွတ် ရင်း ကျောင်းဆရာ ဘကြည်က. . .

'ဒါကတော့ ဆရာကြီးရယ်. . . ဒီပတ်ဝန်းကျင် ရွာတွေက ကျောင်းသားမိဘတွေက မနက်လေးနာရီလောက်ဆိုရင် လယ်ထဲယာထဲ သွားကုန်ကြပြီး၊ ရွာမှာ သက်ကြီးရွယ်အိုနဲ့ ကလေးတွေပဲ ကျန်နေခဲ့တာ၊

ကလေးတွေကလဲ မိုးလင်းတာနဲ့ ကျောင်းကို ရောက်နေပြီး ကစားနေကြပြီ၊ ရန်ဖြစ်နေကြပြီ၊ သူတို့ငိုသံ ရန်ဖြစ်သံကြားတော့ ကျွန်တော်တို့ ဆရာတွေကလည်း မနေနိုင်ဘူး၊ ဟ. . . ကျောင်းမှာ ဘာ များဖြစ်ပါလိမ့်ဆိုပြီး ကျောင်းကို သွားကြည့်ရော၊ ဟိုရောက်တော့ ရိုက်သင့်သူရိုက်၊ ခေါက်သင့် သူခေါက်ပြီး ပြန်လာခဲ့၊ ဟော. . . သူတို့က ကြောင်မရှိ ကြွက်ထဆိုသလို ဆရာ ကျောခိုင်းတာနဲ့ ထ,သတ်ကြပြန်ရော၊ အဲဒီတော့ ဆရာတွေကလဲ မထူးတော့ပါဘူးဆိုပြီး စာသင်ဖြစ်သွားရော၊

ရှင်းရှင်းပြောရရင်တော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ ကျောင်း ဆရာတွေက စာသင်ရုံတင်မဟုတ်ဘူး၊ ကလေးထိန်းပါ ဖြစ်နေကြတာ၊ မိဘတွေကလဲ သူတို့သားသမီးတွေကို ပြန်ကြည့်နိုင်တာမှ မဟုတ်ဘဲ၊

သူတို့ သားသမီးတွေကိုထိန်းရင်း စာကိုပဲ သင်ဖြစ်နေတော့ သင်ရိုး ညွှန်းတမ်းကို ကျော်အောင် သင်နိုင်တာပေ့ါ ဆရာကြီးရဲ့၊

မြို့ပေါ်က မူလတန်းကျောင်းဆိုရင် အနည်းဆုံး ဆရာလေး၊ ငါး၊ ခြောက်ယောက်လောက်ရှိတော့ ဆရာတစ်ယောက်၊ နှစ်ယောက်လောက် ခွင့်ယူရင် ကျန်တဲ့ဆရာတွေက လူစားထိုးပြီး အရှိန်မပျက် စာသင်လို့ရတယ်၊

ကျွန်တော်တို့ဆီမှာကျတော့ တစ်ကျောင်းလုံးမှ ဆရာ တစ် ယောက်၊ နှစ်ယောက်ရှိတာ၊ ရှိတဲ့ဆရာ တစ်ယောက်နှစ်ယောက်သာ ခွင့်ယူလို့ကတော့ ကျောင်းကို ပိတ်ထားရတော့မှာဘဲ။

အဲဒီတော့ ကျွန်တော်တို့ တောကျောင်းဆရာတွေမှာ ငါ ခွင့်ယူ လိုက်ရင် ကျောင်းပိတ်ထားရတော့မှာပါလားဆိုတဲ့ ငဲ့ညှာတဲ့ စိတ်နဲ့ ခွင့်က

http://www.linhtet.com/forum



မယူဖြစ်တာရယ်၊ တရားဝင် ကျောင်းပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေ ကိုနားမယ်၊ လျှောက်လည်မယ် ဆိုပြန်တော့လည်း တစ်ရွာလုံးက တောထဲ သွားကြလို့ ရွာထဲမှာ လည်စရာ အိမ်ကလဲမရှိ ဘေးပတ်ပတ်လည်ရွာတွေ သွားလည်မယ် ဆိုပြန်တော့လည်း အဲဒီရွာတွေကလည်း ဒီရွာအတိုင်း လူကမရှိ၊ ကိုယ့်အိမ်မှာ ကိုယ်နေမယ် ဆိုတော့လည်း တစ်ယောက်ထဲ ပျင်းစရာကြီး ဖြစ်နေပြန်ရော. . .၊

အဲဒါနဲ့ နောက်ဆုံးတော့ ကျောင်းကိုပဲသွားပြီး ကလေးတွေကို စာသင်ဖြစ်နေတော့တာပါပဲ ဆရာကြီးရယ်၊

အဲဒီတော့ တရားဝင်စာသင်ချိန် တစ်နေ့ငါးနာရီနဲ့ တစ်ပတ်ကို ငါးရက် စာသင်ရမှာကို ကျွန်တော်တို့တွေက တစ်နေ့ကို ရှစ်နာရီနှုန်း လောက်နဲ့ တစ်ပတ်ကို ခုနစ်ရက် စာသင်ရတော့၊ ကျွန်တော်တို့တွေကို အချိန်ပို 'အိုဗာတိုင်း' ပေးဖို့ သင့်နေပြီနော် ဆရာကြီး ဟဲ ဟဲ ဟဲ'

ပညာရေးမှူးကြီးကလဲ ဟန်မဆောင်ဘဲရယ်ရင်း. . .

'တချို့ အလယ်တန်းတို့ အထက်တန်းတို့ကျောင်းတွေမှာ တစ်နှစ်ပတ်လုံး ကျောင်းပျက်ရက် ခွင့်မရှိတဲ့ဆရာ၊ ဆရာမတွေကို ဂုဏ်ပြု ဆုတွေ ပေးတယ်ကွ၊ အင်း. . . လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ မင်းတို့ဒေသ က မူလတန်းပြ ဆရာ၊ ဆရာမတွေကိုသာ တစ်နှစ်ပတ်လုံး ကျောင်းပိတ် ရက်မရှိ၊ အချိန်ပိုနာရီ သတ်မှတ်ချက်မရှိ သင်တဲ့အတွက် ဂုဏ်ပြုဆု ပေးရင် ဘယ်လို ဆုမျိုး ပေးရမယ်ဆိုတာ စဉ်းစားလို့ မရပါလား'

'စဉ်းစားမရရင်လည်း စဉ်းစားမနေပါနဲ့ဆရာကြီးရယ်၊ ဒီဆရာ တွေရဲ့ ကျောင်းကိုစစ်ပြီးပြီလား ပြီးရင်ကျွန်တော့်ရွာကို သွားကြရအောင်၊ ကျွန်တော့် ကျောင်းကိုစစ်ရင်း အဲဒီမှာပဲ နေ့လယ်စာ စားတာပေါ့ ကျွန်တော် စီစဉ်ထား ပြီးပြီ'

ကျောင်းစစ်ဆေးချက် မှတ်တမ်းစာအုပ်ကို ပညာရေးမှူးကြီးထံ ပေးလိုက်ရင်း . . .

'ဒါနဲ့ ဆရာဘကြည် ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီရောက်လာ





တာလဲ၊ ဆရာကြီးတို့ လာမှာကို ကြိုသိနေလို့လား. . .'

'ကြိုတော့မသိပါဘူးကွာ၊ ဒါပေမယ့် လမ်းပေါက်ကနေ မင်းတို့ ရွာကိုလာရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါ့ရွာကိုဖြတ်သွားရတယ်လေ၊ ငါစာသင် နေတုန်း 'ဖြုန်း' ဆိုဆရာကြီးတို့ ရောက်လာပြီး ငါ့ကို စောင့်နေတဲ့ မင်းတို့ကျောင်း ကို အရင်ဆုံးစစ်ရအောင်သွားမယ်ဆိုပြီး ထွက်သွားတာကွ၊ အဲဒါနဲ့ ငါလည်း ဆရာကြီးတို့ စားဖို့သောက်ဖို့ စီစဉ်ပြီး မင်းတို့ရွာက ကိုဘိုး တေပဆန်းပွဲက ဝက်လာတောင်းရင်း ဝင်လာခဲ့တာ၊ ဆရာကြီးကလည်း လောလိုက်တာ ကျွန်တော့်ကျောင်းကိုစစ်ပြီး စားပြီးသောက်ပြီးမှ ဒီကျောင်းကို လာလည်း ရသားနဲ့'

ပညာရေးမှူးကြီးက ပြုံးလိုက်ရင်း. . .

'မင်းတို့ရွာတွေက တစ်ရွာနဲ့ တစ်ရွာကပ်နေတာကွ ငါက မင်းတို့ ကျောင်းဝင်စစ်ပြီး စားသောက်နေရင် ဒီကောင်တွေက ကြိုသိပြီး စာရင်း ဇယား ဘာညာဘာညာတွေကို ပြင်ဆင်ထားမှာစိုးလို့ ဒီကိုတန်းလာတာ၊ ဒီကောင် တွေက ဒီနှစ်ကို လေးတန်းတန်းလုံးကျွတ် အောင်အောင် သင်မယ်လို့ ငါ့ကို ကတိပေးထားလို့ကွ ဟဲ ဟဲ'

ပညာရေးမှူးကြီးသည် ကျွန်တော်တို့ ကျောင်းဆရာအသစ် နှစ်ယောက်အပေါ်တွင် စေတနာထားကြောင်း နားလည်သိရှိလိုက်ရ သဖြင့် ကျွန်တော်တို့ ကြည်နူးသွားသည်။

ဆရာကြီးက ဆရာကိုဘကြည်၏ လက်ထဲမှ ဇလုံကိုကြည့် လိုက် ပြီး. . .

'အဲဒီ ဇလုံတွေထဲက ဘာတွေလဲ'

'ဟဲ ဟဲ ကိုဘိုးတေရဲ့ ပဆန်းပွဲကတောင်းတဲ့ ဝက်သားဖြုတ် တွေပါ ဆရာကြီး သုပ်စားမလို့ပါ'

'ပဆန်းပွဲ ဟုတ်လား၊ ပဆန်းဆိုတာ ဘာကိုခေါ်တာလဲ'

'ယာသမားရိုးတော့ မြေကိုးဆိုတဲ့ စကားပုံလိုပေါ့ ဆရာကြီးရဲ့၊ မြို့စကားနဲ့ဆိုရင် မြေပစ်တယ်ခေါ်မလား မြေကျွေးတယ်ခေါ်မလားပဲ၊

http://www.linhtet.com/forum


ကိုဘိုးတောရဲ့ အဖေကြီး နေမကောင်းလို့ သူတို့ယာထဲမှာ ခေါ်စာပစ် တာလေ အဲဒါကို ပဆန်းလို့ခေါ်တာ'

ပညာရေးမှူးကြီးက ခေါင်းညိတ်ရင်း. . .

'အေးအေး တို့ဆီမှာ ခေါ်စာပစ်တယ်လို့ ခေါ်တယ်'

'အတူတူနေမှာပေါ့၊ ဒီမှာတော့ ဝက်သေးသေး တစ်ကောင်နဲ့ ကြက်တစ်ကောင်ကို သတ်ပြီး အရက်နဲ့ပွဲတင်တာ အဲဒါကို ပဆန်း လုပ်တယ်လို့ ခေါ်ကြတယ်'

'အစိမ်းလိုက် တင်တာလား'

'မဟုတ်ဘူး၊ ကြက်ရောဝက်ပါ ခုတ်ထစ်ပြီး အိုးတစ်လုံးထဲမှာ ထည့်ပြုတ်၊ ဆန်မှုန့်နဲ့ လူရုပ်လုပ်ပြီး အိုးထဲမှာတစ်ခါထဲ ထည့်ပြုတ်၊ နူးပြီဆိုမှ နှီးနဲ့ ခွက်ကလေးတွေလုပ်၊ ခုနကပြုတ်ထားတဲ့ အသားတွေ ထည့်၊ လူရုပ်ကလေး ထည့်ပြီး ဘာညာ. . . ဘာညာ ရွတ်ဖတ် ပင့်ဖိတ်ပြီး ကျွေးတာ'

'အိမ်မှာလုပ်တာလား'

'မဟုတ်ဘူး၊ ပဆန်းဆရာလို့ ခေါ်တဲ့ နတ်ဆရာကအခါပေးတဲ့ နေရာ၊ ဥပမာ သူတို့ တောင်ယာထဲက ဘယ်အပင်နားမှာ၊ ဘယ်နေရာမှာ စသည် ပေါ့လေ၊ သူပြောတဲ့နေရာမှာ လုပ်ရတာ၊ လုပ်ပြီး နာရီဝက် လောက်ကြာတာနဲ့ အဲဒါတွေအားလုံးကို ယူစားကြတာပဲ၊ ပေးချင်တဲ့ သူ လည်း ပေးပစ်တာပဲ၊ မနက်က ဒီကျောင်းက ဆရာတွေ လာစားတယ်လို့ ပြောတယ်'

'ဒီအတိုင်းစားတာလား'

'ဒီအတိုင်းတော့ ဘယ်ကောင်းမလဲ၊ ဆရာကြီးရဲ့ အသားတွေ က ပြုတ်ရုံ ပြုတ်ထားတာပဲ၊ ဘယ်အရသာရှိမလဲ၊ ကိုယ့်ဟာကိုယ်ယူပြီး ပြန်ချက်ချင် ချက်၊ ဒါမှမဟုတ် လွယ်လွယ်ကူကူ ကြက်သွန်နဲ့ သုပ်စား ကြတာများတယ်'

'အဲဒီလိုလုပ်လိုက်တာနဲ့ ဟိုလူမှာ ပျောက်သွားရောလား'

ဆရာဘကြည်က ပြုံးဖြီးဖြီးဖြင့်. . .

'ဟဲ ဟဲ လူနာကတော့ ရောဂါဖြစ်ဖြစ်၊ အသက်ဖြစ်ဖြစ် တစ်ခုခု




www.foreverspace.com.mm

ပျောက်သွားတာတော့ အမှန်ပဲ ဆရာကြီးရဲ့ ဟဲ ဟဲ၊ ကဲ ကဲ သွားကြရအောင် မှန်းတောင်ဟိမ်းနေပြီ'

http://www.linhtet.com/forum



## (၁၁)

ရွာဦးကျောင်း ဆရာတော်က သူ့ထံသို့ လာခဲ့ပါဟု မှာသဖြင့် ဆရာလေးထင်ကျော်ဦးနှင့် ကျောင်းလုပ်သား မောင်ပုတို့ ဘုန်းကြီး ကျောင်းသို့ သွားကြသဖြင့် ကျွန်တော်တို့ကျောင်းတွင် ကိုရင်ကြီးနှင့် ကျွန်တော်သာ ကျန်နေခဲ့သည်။

ညနေစောင်းပြီဖြစ်သဖြင့် မကြာမီပင် ပူစူးမကို နေထိုးပေတော့မည်။

ထို့ကြောင့် သင်္ချာတွက်ခိုင်းထားသော လေးတန်းကျောင်းသားများအား အရင်ဆုံး မှန်ကန်စွာတွက်ပြီးကြသူများ အိမ်ပြန်နိုင်ကြကြောင်းကို ပြောကြားပြီး၊ ကျွန်တော်သည် တတိယတန်းကို ပထဝီ သင်နေသည်။

ကိုရင်ကြီးက သူ၏မူကြိုများကို ညအခါ လသာသာ ကစားမလား၊ နားမလား ဟူသော မြန်မာစာ ဖတ်စာကို သင်ပုန်းတွင်ရေးပြီး တစ်ဦးချင်း မတ်တတ်ရပ်၍ ဖတ်ခိုင်းနေသည်။

တချို့ကလေးများက. . .

'ကကြီးရေက၊ စလုံးရေချာဝဠ်နှစ်လုံးပေါက်စား ကစား. . .'

ဟူ၍လည်းကောင်း၊ တချို့က. . .

'ကကြီးရေက စလုံးရေချား ရှေ့ကနှစ်လုံးပေါက်စား ကစား. . .'

ဟူ၍ အသံထွက်၍ ကောင်းသလို၊ သင့်သလို အော်ဟစ်၍ တစ်ယောက်ချင်း ဖတ်နေကြသည်။





ကျွန်တော်တို့ကတော့ သုံးတန်း ကျောင်းသားများအား ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး သင်ခန်းစာကို ကျောင်းသားကျောင်းသူများ စိတ်ဝင်စားစေရန် ရည်သန်၍ အာပေါင်အာရင်းသန်သန်ဖြင့် ကမ္ဘာကြီးကို ရှေးခေတ်လူများက အပြားကြီးဟု ယူဆကြကြောင်း၊ ဧရာမလိပ်ကြီး၏ ကျောကုန်းပေါ်တွင် ဆင်ကြီးလေးကောင်ရှိ၍ ထိုဆင်ကြီး လေးကောင်တွင် ကမ္ဘာကြီးကို တင်ထားသည်ဟု ယူဆကြကြောင်း. . .

ထိုကမ္ဘာကြီးမှာ စကြဝဠာ၏ ဗဟိုဖြစ်၍ 'နေ' 'လ'တို့က လှည့်ပတ်၍နေကြသည်ဟု လူများစုက ယူဆထားကြကြောင်း. . .

ထိုလူများစု၏ ယုံကြည်ချက်ကို ချေဖျက်၍ ကမ္ဘာကြီးကို လုံးသည်ဟု ပြောဝံ့သူများ၊ နေက ကမ္ဘာကို ပတ်ခြင်းမဟုတ်၊ ကမ္ဘာကသာ နေကို ပတ်ခြင်းဖြစ်သည်ဟု ရဲရဲ့စွာ ပြောဆိုသဖြင့် မီးရှို့သတ်ခံရသော 'ဂျော်ဒန်ဘရူနို' အကြောင်း စသည်တို့ကို ကရားရေလွှတ် တပွတ်ပွတ် ပြောဆိုနေသည်။

ကလေးများက စိတ်ဝင်စားစွာ နားထောင်နေကြသလို မူကြို ဆရာတော် ကိုရင်ကြီးမဲလုံးကလည်း ပါးစပ်အဟောင်းသားဖြင့် ငေးမော နားထောင်နေသည်။

ထိုစဉ် ရွာမြောက်ဖျားပိုင်းမှ လွန်စွာ ကပ်စေးနှဲသော ကိုကြာသီးတစ်ယောက် ကြက်တစ်ကောင်နှင့် ဝက်တစ်ကောင်ကိုပိုက်၍ တောင်းတစ်လုံးကို ထမ်းရင်းရွာထဲမှ ထွက်လာကာ ရွာတောင်ဘက် ချောင်းရိုးထဲသို့သွားနေသည်ကို လှမ်းမြင်လိုက်ရသဖြင့် ကိုကြာသီးအိမ်တွင်တော့ တစ်စုံတစ်ယောက်တော့ ဖျားနာနေပြီ။ ထို့ကြောင့် ပဆန်းလုပ်အောင် သွားနေသည်ဟု တွေးမိသလို၊ ပဆန်းလုပ်ထားသော ကြက်နှင့်ဝက်သားများကို ကျွေးမွေးရမှာစိုးရိမ်သဖြင့် ကူညီလုပ်ကိုင်ပေးမည့် လူပိုတစ်ဦးတစ်ယောက်မှ မပါသဖြင့် လွန်စွာကပ်စေးနှဲပေသည်ဟု တွေးမိပြန်သည်။

ထိုကဲ့သို့ ပြန့်လွင့်နေသော အတွေးများကို စုစည်း၍ စာသင်ကြားရေးဘက်သို့ ရှေးရှုလိုက်ပြီး. . .

'ကဲ ကလေးတို့ရေ. . . ဆရာတို့တွေ မင်းတို့တွေ နေထိုင်ကြတဲ့

http://www.linhtet.com/forum



ဟောဒီကမ္ဘာကြီးဟာ လုံးသလား၊ ပြားသလားဟေ့'

ရှေ့ဆုံးတန်းမှ မသောင်းတင်က ဆတ်ခနဲ ထ,လိုက်ရင်း . .

'လုံးပါတယ် ဆရာကြီး'

'အေး မှန်တယ်ဟေ့၊ တို့တွေနေတဲ့ ကမ္ဘာကြီးဟာလုံးလုံးကြီး၊ ကဲဟေ့ ကမ္ဘာကြီးလုံးတယ်ဆိုတာ ဘယ်သူအရင်ဆုံးသိသလဲ ကလေး တို့ရေ'

သုံးတန်းကျောင်းသားများ နည်းနည်းငြိမ်သွားပြီး၊ အလယ်တန်းမှ မောင်ကြည်တင်က ထ,၍ လက်ပိုက်ရင်း . .

'ကမ္ဘာကြီးလုံးတာကို အရင်ဆုံးသိတာ မသောင်းတင်ပါ ဆရာကြီး'

မောင်ကြည်တင်၏ အဖြေစကားကြောင့် ကျွန်တော့်မှာ'ဟာ' ဟုတစ်ခွန်းသာ အော်နိုင်ပြီး၊ ခေါင်းမူးသွားသည်။

ထို့နောက် အနုလုံ ပဋိလုံ စဉ်းစားလိုက်ပြီးနောက် . .

'မှန်တယ်ဟေ့ ကမ္ဘာကြီးလုံးကြောင်းကို မသောင်းတင် အရင်ဆုံး သိတာပဲကွ၊ ကဲ ကဲ မင်းတို့တွေ'ကျွန်ုပ်တို့ ကမ္ဘာမြေကြီးအကြောင်း' ကို လက်ရေးလှ ရေးကြပါဦးကွာ၊ အရင်ဆုံးပြီးတဲ့သူကို ကျောင်းဆင်းပေး မယ်၊ မပြီးတဲ့သူ မပြန်ရဘူး'

သုံးတန်းကျောင်းသားများ အလုပ်ရှုပ်သွားသည်။

လေးတန်းကျောင်းသား မောင်ကျော်ကတော့ သင်္ချာများကို အမှားကင်းစွာဖြင့် တွက်ချက်ပြီးသွားသဖြင့် ကျွန်တော့်ကို လာပြပြီးနောက် လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ ပလွေကို ခါးထိုး၍ ကျောင်းပေါ်မှ ဆင်းသွားလေတော့သည်။

ကိုရင်ကြီးက ကျွန်တော့်နားကပ်လာပြီး . .

'မသောင်းတင်က တော်တော် တန်ဖုပ္ပတ္တိဉာဏ်ရှိတဲ့ ကလေးမပဲ၊ ကမ္ဘာကြီးလုံးတာ တူအရင်စသိတယ် အံ့ရော'

ကျွန်တော့်မှာ ကိုရင်ကြီးစကားကြောင့် ရယ်လိုက်ရမလား၊ ငိုလိုက်ရမလား၊ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ကိုရင်ကြီး၏ အတန်းမှ မောင်ဌေးဝင်းကို မတ်တတ်ရပ်၍ စာထဖတ်ရင်း ထစ်နေသည်ကို မြင်လိုက်ရ၍ ကိုရင်ကြီးကိုပြ





လိုက်သည်။

'ဘကြီးရေက၊ စလုံးရေချာ ရှေ့ကနှစ်လုံးပေါက် . . ရှေ့က နှစ်လုံး ပေါက် . . '

ကိုရင်ကြီးက မောင်ဌေးဝင်းကို ထောက်ပေးမလို့ ပြင်လိုက်စဉ် သူ့မူကြိုတန်း၏ နောက်ဆုံးခုံတွင် ထိုင်နေသော မောင်ကောက်ကွေး က သူ့လွယ်အိတ်ထဲမှ အရုပ်ကလေးကို ထုတ်၍ ခိုးကစားနေသည်ကို မြင်လိုက်ပြန်သဖြင့် မောင်ကောက်ကွေးအား အရုပ်နှင့် ကစားခြင်း ရပ် တန့်သွားစေသလို၊ မောင်ဌေးဝင်းကိုလည်း စာထောက်ပြီးသား ဖြစ်စေရန် တစ်ချက်ခုတ် နှစ်ချက် ပြတ်သဘောဖြင့် . .

'ဟဲ့ ကောက်ကွေး . . ရှေ့ကပေါက်တော့ ဘာလဲ'

ကိုရင်ကြီး၏ အမေးစကားအဆုံးတွင် မောင်ကောက်ကွေး လည်း သူအရုပ်ကလေးကို လျင်မြန်စွာ ဝှက်လိုက်ပြီး မတ်တတ်ရပ်၍ လက်ပိုက် လိုက်ရင်း . .

'ရှေ့ကပေါက်တာ တေး(သေး) ပါဆရာကိုရင်ကြီး'

'ဟေ . . ရှေ့ကပေါက်တာ တေးဟုတ်လား'

မောင်ကောက်ကွေး၏ မှန်ကန်သောအဖြေကို သဘောကျသဖြင့် ကျွန်တော့်မှာ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်သည်။

ကိုရင်ကြီးကတော့ ဆံပင်တစ်မွေးမှမရှိသော သူ့ခေါင်းပြောင် ပြောင်ကြီးကို ကုတ်ရင်း . .

'ကဲ ကဲ ဖတ်မနေနဲ့တော့၊ အဲဒါကို လက်ရေးလှရေးခဲ့ ပြီးတဲ့သူ ပြန်နိုင် ပြီ'

မူကြိုကျောင်းသားများမှာလည်း အလုပ်ရှုပ်သွားသည်။

ကိုရင်ကြီးက ကျွန်တော့်နားလာထိုင်ပြီး၊ ကမ္ဘာကြီးကို ထမ်းထားသည့် လိပ်ကြီးနှင့် ဆင်ကြီးအကြောင်းမှစ၍ ဗုဒ္ဓတရားတော်လာမြင်းမိုရ်တောင် အဆုံး ခရေစေ့တွင်းကျ မေးလေတော့ရာ၊ ကျွန်တော့်မှာလဲ မည်သူ့ကိုမှ မထိခိုက်အောင် တတ်နိုင်သမျှ ရှောင်လွှဲ၍ ဖြေဆိုနေရသဖြင့် ဇောချွေးများပင်

http://www.linhtet.com/forum



www.foreverspace.com.mm

ပြန်လာပါသည်။

လေးတန်းကျောင်းသားများ၏ အဖြေစာအုပ်များကိုလည်း မစစ်ဆေးနိုင်တော့သဖြင့် စာအုပ်များကိုထပ်၍ထားရန် မှာကြားပြီး၊ ကိုရင်ကြီး၏ အမေးများကို ဖြေကြားရပြန်ပါသည်။

ကိုရင်ကြီးကလဲ မေး၍ကောင်းနေသဖြင့် မူကြိုများ၏ လက်ရေးလှများကို မစစ်ဆေးအားသေးသဖြင့် သူတို့၏ ကျောက်သင်ပုန်းများကို တင်ခိုင်းထားလိုက်ပြီး ကျွန်တော်နှင့် လေကောင်းနေသည်။

နောက်ဆုံး၌ ကျွန်တော်ကပင်ဖြတ်၍ လေးတန်းသချ်ာ စာအုပ်များအား အမှားအမှန် အမှတ်ပေးခြင်း၊ သုံးတန်းစာအုပ်များအား ကောင်း၊ သင့်၊ ညံ့ဟူ၍ အဆင့်ခွဲပေးခြင်းများကို ပြုလုပ်ကာ စာအုပ်များကို အမည်ခေါ်၍ ပြန်ပေးလိုက်သည်။

ကိုရင်ကြီး တစ်ယောက်တော့ ကောင်းကောင်းဒုက္ခရောက်ပေပြီ. . .

မူကြိုကလေးများ၏ ကျောက်သင်ပုန်းများမှာ အမည်မပါပေ။

ထို့အပြင် ကျောက်သင်ပုန်း၌ ဘောင်လည်းမရှိဘဲများသောအား ဖြင့် အကွဲအပဲ့ ကျောက်သင်ပုန်းများသာဖြစ်သည်။

တချို့မှာ လက်ဝါးသာသာ အရွယ်မျှသာဖြစ်သည့်အပြင်၊ ကလေးများကိုယ်တိုင်ကလဲ မိမိကျောက်သင်ပုန်းကို မိမိမမှတ်မိခြင်းကား အဆိုးဆုံးဖြစ်သည်။

ကျောက်သင်ပုန်းများအား လုယူနေကြသော ကျောင်းသားများကိုကြည့်ရင်း ကိုရင်ကြီးငိုမဲ့မဲ့ ဖြစ်လာသည်။ ထိုကြောင့် ကျွန်တော်ကကြားဝင်၍ အကြံပေးလိုက်သည်။

'ကဲ ကိုရင်ကြီး အဲဒီကျောက်သင်ပုန်းတွေ အားလုံးကို ပြန်ယူ လိုက်ပြီးတော့ ကျောက်သင်ပုန်းတွေကို နံပါတ်တပ် အံဆွဲထဲမှာ သံချောင်း ရှိတယ်၊ အဲဒီ သံချောင်းနဲ့ ထင်အောင်သာ ရေးထားလိုက်၊ တပည့်တော်က မဲလိပ်လုပ်မယ် မကောင်းသူထိပ် ကောင်းသူထိပ်ပဲ၊ ကျောင်းသားတွေ ကိုယ်ပေါက်တဲ့ နံပါတ်နဲ့ ကျောက်သင်ပုန်းယူရမယ် ဒါပဲ'





မူကြိုကျောင်းသားများကား ကျွန်တော်နှင့်ကိုရင်ကြီး လုပ်နေပုံကို တအံ့တသြအိပ်ဝင်တစား စောင့်ကြည့်နေကြသည်။

ထို့နောက် ကျောင်းသားများကိုမဲနှိုက်စေ၍ ပေါက်မဲနံပါတ် အတိုင်း ကျောက်သင်ပုန်းများကို ပျော်ရွှင်စွာဖြင့် ယူသွားကြသည်။ထိုအခါ မှ ကိုရင်ကြီး လဲ ပြုံးနိုင်လေတော့သည်။

ခဏအကြာတွင် ကျောင်းဆင်းပေးလိုက်ပြီးနောက် ကျွန်တော် က အိမ်မပြန်သေးဘဲ ကျောင်းမှပင် ထင်ကျော်ဦးကို စောင့်နေလိုက် သည်။

ယနေ့ညစာ ဟင်းချက်စရာ ဘာဟင်းမှမရှိပေ၊ ထိုကြောင့် သခွတ်ရင်းက ဆရာဘကြည်အိမ် သွားစားရကောင်းမလား ခါးဇက်က ဆရာခင်မောင်ဝင်းအိမ် သွားစားရကောင်းမလားလို့ ထင်ကျော်ဦးလာမှ မေးကြည့်ပြီး သူကြိုက်တဲ့အိမ်သွားစားမည်ဟု ဆုံးဖြတ်ကာ ကျောင်းပေါ်တွင် ထိုင်၍ ဆေးလိပ်သောက်နေလိုက်သည်။

ထိုစဉ် ပဆန်းလုပ်အောင်သွားသော ကပ်စေးနဲ့ကိုကြာသီး တစ်ယောက် အပြေးအလွှားဖြင့် ကျောင်းပေါ်တက်လာပြီး. . .

'ဆရာလေးရေ ခုနက ကျွန်တော် ပဆန်းလုပ်အောင် တွားတာ ဆရာလေးမြင်လိုက်မိသလား'

'အင်း မြင်တယ်၊ ခင်ဗျား ချောင်းရိုးထဲမှာလုပ်တာ မဟုတ်လား'

'ဟုတ်တယ် ဆရာလေးရဲ့၊ အဲဒါ အခုတော်တော်ထူးဆန်းလို့'

ကျွန်တော်လဲ စိတ်ဝင်စားသွားပြီး. . .

'ဘယ်လိုထူးတာလဲ ကိုကြာသီးရဲ့'

'ဒီလိုဆရာလေးရဲ့ ကျွန်တော်လဲ ပဆန်းဆရာ အခါပေးတဲ့နေရာ တွားပြီး ကြက်နဲ့ဝက်ကို ပဆန်းလုပ်တယ်ဆိုပါတော့ ဆရာလေးရယ်၊ အကောင်တွေကို ခုတ်ထစ်ပြီး အိုးထဲထည့်ပြုတ်တော့ ပဆန်းခွက်ထဲ ထည့်ရုံရှိသေးတယ်၊ ရှီ ရှီ ဆိုတဲ့အသံသဲ့သဲ့လေး ကြားရတယ်ဗျ၊ ကျွန်တော်လဲ ဟိုကြည့်ဒီကြည့်တော့ ကြည့်ပါသေးတယ်'

'ဘာမှမတွေ့တာနဲ့ ပဆန်းခွက်ထဲကို ကြက်ပေါင်တွေ၊ ဝက်ပေါင်

http://www.linhtet.com/forum



တွေထည့်ပြီး ထုံးစံအတိုင်းဆိုင်ရာတွေကို စားတော်တိုက်ဖို့ ပင့်ဖိတ်တာ ပေါ့ ဆရာလေးရယ်'

'အဲဒီမှာ 'ရှီရှီ' သံက ပိုပြီး ဝီဝီတတ ကြားရတယ်၊ မြွေတံလဲ မဟုတ်ဘူး၊ ပလွေတံလည်းမဟုတ်ဘူး၊ တိုးတိုးမျှင်မျှင်လေးနဲ့ တော်တော် ကို နားဝင်ချိုတဲ့ အတံလေးဗျ'

ကျွန်တော်သည် ကျောထဲမှ စိမ့်လာသဖြင့်ဆေးလိပ်မီးတို့မလို လိုဖြင့် ကိုကြာသီးနားကပ်သွားမိသည်၊ ကိုကြာသီးက. . .

'ကျွန်တော်လဲ ရွတ်ဖတ်ပြီးတာနဲ့ တူတို့တွေ လွတ်လွတ်လပ်လပ် စားတော်တိုက်ပါစေဆိုပြီး ခပ်လှမ်းလှမ်း မမြင်ကွယ်ရာကို ငါးမိနစ်လောက် တွားပြီး ရှောင်နေလိုက်တယ်၊ ပြီးတာနဲ့ ပဆန်းလုပ်တဲ့ နေရာလဲ ပြန်တွားရော ဆရာလေးရေ ပဆန်းခွက်ထဲက ကြက်ရင်ပုံတစ်တုံးနဲ့ ဝက်ပေါင်နှစ်ခုက ပျောက်နေတယ်ဗျ။

ပြီးတော့ ကြက်ပေါင်ကြီးမှာလဲ တွားရာကြီးနဲ့ အောက်မှာကျပြီး ကျန်နေခဲ့တယ်'

'ဗျာ. . .'

ခေတ်ပညာတတ်ဖြစ်ပြီး အယူသီးရသလား၊ ဒီလောက် ကြောက်ရသလားဟု အပြစ်တင်လျှင် ကျွန်တော် ခေါင်းငုံ့ခံလိုက်ရုံပဲရှိသည်။

ညနေ နေဝင်းရိုးရီတွင် ကြက်နှင့်ဝက်တိုသတ်၍ လူရုပ်ပုံ ဆန်မှုန့်တွေနှင့်ရောပြီး နီးခွက်ထဲထည့်ကာ မကောင်းဆိုးဝါးများ ပူဇော်ပသ သူ၏ခွက်အတွင်းမှ အသားတုံးများကို ကိုက်ချီသွားကြသည့် မမြင်ရသော မကောင်းဆိုးဝါးကို ကျွန်တော်ကြောက်သည်။

ထို့ကြောင့် ကျွန်တော့်ပစ္စည်းများကို သိမ်းလိုက်ပြီး အိမ်ပြန်ရန် ပြင်လိုက်စဉ် ကပ်ဖေးနဲ့ ကိုကြာသီးကား သဘောကောင်းစွာဖြင့်. . .

'ရှော့. . . ဆရာလေး၊ ဆရာလေးတို့အိမ်ကျရင် သုပ်စားရ အောင် ကြက်ပေါင်ယူသွားပါဦး'

'နေ. . . နေပါစေ ကိုကြာသီး မယူတော့ပါဘူး၊ ဒီနေ့ ညစာကို





ကျွန်တော်တို့နှင့်ယောက် သခွတ်ရင်းက ဆရာဘကြည်အိမ်မှာ သွားစားကြမှာဗျ၊ မယူတော့ပါဘူး'

မယူဘူးဆိုမှပင် ကိုကြာသီးက သွားကိုက်ရာမပါသော ကြက်ပေါင်ကြီးတစ်ခုကို အတင်းပေးပြီး ပြန်သွားသည်။

ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ၊ ထိုကြက်ပေါင်ကြီးကို အံ့ဆွဲထဲထည့်ကာ အိမ်သို့ သုတ်ခြေတင်တော့သည်။

အိမ်တွင် ထင်ကျော်ဦးနှင့် မောင်ကျော်ကိုတွေ့ရသဖြင့် ကိုကြာ သီး၏ သတင်းထူးကြီးကို ပြောပြလိုက်ရာ မောင်ကျော်နှင့် ထင်ကျော်ဦးတို့ သည် မယုံသည့်အလားမျက်ရည်ထွက်အောင်ပင် ရယ်မောနေကြသဖြင့် ကျွန်တော့်မှာ ဒေါသထွက်လာပြီး. .

'ဟ. . . ငါတကယ်ပြောတာကွ'

ထင်ကျော်ဦးက ရယ်ရင်းမောင်ကျော်ကို မျက်စ ပစ်ပြသည်။

မောင်ကျော်က မျက်နှာပိုးသတ်လိုက်ပြီး. . .

'ဟဲ ဟဲ. . . ကျွန်တော်က သချ်ာတွေတွက်ပြီးလို့ ဆရာ့ကိုပြပြီး အိမ်ပြန်လာတာ၊ လမ်းရောက်မှ ကိုကြာတီးပဆန်းလုပ်တာ တတိရတာနဲ့ လိုက်ချောင်းတာ ကိုကာတီးက မတိဘူး၊ မြင်လည်းမမြင်ဘူး၊ ဒါပေမယ့် ကျွန်တော့်ခါးကြားမှာ ထိုးထားတဲ့ ပလွေက လေတိုးတော့ 'ရှီ. . .'ဆိုတဲ့ အတံလေး တဲ့တဲ့လေးထွက်နေတာ၊ကိုကြာတီးက ကြားတွားပြီး ဟိုကြည့် ဒီကြည့် ကြည့်တေးတာ၊ ကျွန်တော်အပုန်း ကောင်းလို့တာ သူမမြင်တာ၊

အဲဒါနဲ့ တူလည်းပင့်ဖိတ်ပြီး ဟိုဘက်လည်း ကျောခိုင်းတွားရော ကျွန်တော်လည်း တူ့ပဆန်းခွက်ထဲက ကြက်ပေါင်ကို ကိုက်တော့တာပဲ ဒါပေမယ့် မကျက်တေး တော့ ဝါးမရဘူး၊ ကဲဟာ မထူးပါဘူးကွာဆိုပြီး ကြက်ရင်ပုံနဲ့ ဝက်ပေါင် နှစ်ချောင်းကိုယူပြီး ပြေးလာခဲ့တာပဲ ဆရာရဲ့ ဟား ဟား ဟား'

ကျွန်တော်မှာ ထိုအခါမှ ဇာတ်ရည်လည်သွားပြီး. . .

'ဟာကွာ၊ မင်းက ဝက်ပေါင်နဲ့ ကြက်ရင်ပုံကြီးယူလာတော့ သူစားဖို့ ဘာကျန်တော့မှာလဲ၊ ပြန်ပေးလိုက်ပါကွာ'

http://www.linhtet.com/forum


www.foreverspace.com.mm

အဲဒီ ကပ်စေးနှဲကြီးက တူများတွေ ပေးရမှာစိုးလို့ ဘယ်တူ့ကိုမှ အဖော်မခေါ်ဘဲ တစ်ယောက်ထဲတွားတာ၊ ဟင်း တူများတွေ အလှည့်တုန်းကဆို ဘူကကြက်ရင်ပုံတို့ ဝက်ပေါင်တို့မှ ရွေးစားတဲ့လူကြီးဗျ၊ ကျွန်တော်တော့ ပြန်မပေးဘူး၊ အခု အဲဒါတွေကိုချက်နေတာ'

ထင်ကျော်ဦးက ဆေးလိပ်ဖွာလိုက်ရင်း. . .

'နောက်ကို အဲဒီလိုမလုပ်ဖို့ ပြောပြီးပါပြီကွာ၊ အခုဟာက ကိုကြာသီးကို သွားပေးရင် မိုးမီးလောင်တာထက်ဆိုးမှာကွ'

'ကဲ. . . ဒါဆိုလဲ မောင်ကျော် မင်းဟင်းအိုး ခဏချခဲ့ဦး၊ ကျောင်းက စားပွဲအံဆွဲထဲမှာ ကိုကြာသီးပေးပစ်ခဲ့တဲ့ ကြက်ပေါင်ကြီး တစ်ချောင်းရှိသေးတယ်၊ အဲဒါပါသွားယူပြီး ရောသာချက်လိုက်ပေတော့ဟေ့'





www.foreverspace.com.mm

(၁၂)

မနက်စောစော ထမင်းကြမ်းစားပြီး၍ ကျောင်းသွားရန် ပြင်ဆင်နေကြသော ကျွန်တော်တို့နှစ်ယောက်သည် အိမ်ပေါက်ဝမှ လှမ်းခေါ်သံကြောင့် ထွက်ကြည့်လိုက်ရာ ဆရာဘကြည်နှင့် ဆရာခင်မောင်ဝင်းကို တွေ့လိုက်ရသည်။

'စောစောစီးစီး ကျောပိုးအိတ်ကိုယ်စီနဲ့ ဘယ်ကိုများခြေစကြာဖြန့်ကြမလို့လဲ၊ လာကြဗျာ. . . ရေနွေး သောက်ကြဦး. . .'

ဆရာဘကြည်က ခေါင်းယမ်းလိုက်ရင်း. . .

'ကဲ ကဲ ဆရာတွေ ကျောပိုးအိတ်ကိုယူပြီး အဝတ်တစ်စုံစီထည့် ခဲ့ကြ၊ ရေယာဉ်ကိုသွားကြရအောင်'

'ဗျာ. . . ရေယာဉ် ဟုတ်လား၊ တိုတောင်ပေါ်က အိမ်ခြေ ဆယ့်နှစ်အိမ်လောက်ပဲရှိတဲ့ တောင်ပေါ်ရွာကိုလား၊ ဘာလုပ်ဖို့လဲ ကျွန်တော်တို့ ကျောင်းသွားတော့မလို့ဗျ'

ဆရာခင်မောင်ဝင်းက သူ့ကျောပိုးအိတ်ကို ပြန်လွှယ်လိုက် ပြီး. . .

'အဲဒီ တောင်ပေါ်ရွာက ကိုတုတ်ကို သိတယ်မဟုတ်လား၊ ဆရာတို့တွေ သူ့ဆီက ဂျို(ချေ) သားကို အမြဲတမ်းဝယ်နေကြလေ'

'သိတာပေါ့ဗျ၊ သူဂျီသားလာပို့တိုင်း ကျွန်တော်တို့က သူ့ကို အမြဲတမ်း ချက်အရက်တစ်ပုလင်း ဝယ်တိုက်နေကြဗျ၊ သူကလည်း ခေါင်ရည်

http://www.linhtet.com/forum



ယူယူလာတတ်တယ်'

'သူ့အစ်ကိုမောင်ကျော်ရဲ့ မင်္ဂလာဆောင်က ဒီနေ့ဗျ၊ ဖိတ်ထား တယ် ဆရာတို့ပါ ခေါ်ခဲ့ပါတဲ့။

အဲဒါ သွားမလို့ ဝင်ခေါ်တာ၊ ဒေသန္တရ ဗဟုသုတ ရတာပေါ့ဗျာ။

ဆရာတို့ ကျောင်းသားတွေအတွက် ပူမနေနဲ့၊ အခုပဲ ဆရာတို့ ကျောင်းနားက ဖြတ်လာခဲ့တာ မောင်ပုကိုမှာခဲ့ပြီးသား ကြည့်သင်ထား လိုက်လို့ မနက်ဖြန်ညနေမှ ပြန်လာမယ်လို့ ပြောခဲ့ပြီးသား'

ကျွန်တော်တို့နှစ်ဦးလည်း ကျောပိုးအိတ်များကို ပြင်ရင်း . . .

'နေပါဦး . . . ဆရာဘကြည်ရဲ့၊ ကိုတုတ်ရဲ့ အသက်က လေး ဆယ်ကျော်နေပြီဆိုတော့ သူ့အစ်ကို တောင်ကျော် ဆိုတဲ့သူလဲ အနည်းဆုံး လေးဆယ့်ငါးနှစ်တော့ရှိမှာပဲ၊ အခုမှ ဘာစိတ်ကူးပေါက်ပြီး မိန်းမယူတာ တုန်း၊ ဘယ်က မိန်းမလဲ သူတို့ရွာက ရွာသူလား'

ဆရာခင်မောင်ဝင်းက ပြုံးရင်း . . .

'သူ့မိန်းမနဲ့ ပြန်ဆောင်တဲ့ မင်္ဂလာဆောင်ဗျာ'

'ဟာဗျာ . . . သူတို့ လင်မယားက ကွဲနေလို့ အခုမှပြန်ပြီး . . .'

ကျွန်တော့် စကားမဆုံးခင် ဆရာဘကြည်ကဝင်၍ . . .

'မြို့က လူတွေရဲ့ မလေ့အရဆိုရင် ငွေရတု၊ ရွှေရတု၊ စိန်ရတု မင်္ဂလာနှစ်ပတ်လည် သဘောမျိုးပေါ့ ဆရာရယ်၊ သူတို့ တောင်ပေါ် မှာတော့ ငွေရေးကြေးရေး အစဉ်ပြေတိုင်း လင်မယားနှစ်ယောက်က တစ်နှစ်တစ်ခါနှုန်း ပြန်ပြန်ဆောင်ကြတာပဲ၊

အဲ တချို့ကျတော့ ယူပြီးပြီးခြင်း မင်္ဂလာမဆောင်ဖြစ်ဘူး၊ နည်းနည်း အလုပ်တွေ ရှုပ်နေလို့ ဆိုပါတော့၊

နောက် တစ်နှစ်လောက်ကြာမှ အဆင်ပြေတော့မှဆောင်တာဗျ၊ အစဉ်မပြေမချင်း သားသမီးဘယ်လောက်ပဲမွေးနေ မွေးနေ မဆောင်ရင် လဲရတယ်။

ဒါပေမယ့် ကိုယ့်သားသမီးက အိမ်ထောင်ပြုတော့မယ်ဆိုရင်တော့





မိဘတွေက မဆောင်မဖြစ် မင်္ဂလာဆောင်ပေးရတယ်၊ မိဘရဲ့ မင်္ဂလာပွဲပြီးမှ သားသမီးက မင်္ဂလာဆောင်ရိုး ထုံးစံရှိတယ်ဗျ'

'ဟုတ်လား ထူးဆန်းလိုက်တာ'

'အဲဒီလို ထူးဆန်းတာလေးတွေ သိစေ၊ မြင်စေချင်လို့ ဆရာတို့ကို တကူးတက လာခေါ်တာပေါ့၊ ပြီးတော့ အဓိကအချက်က ကိုတုတ် ကိုယ်တိုင်က ဆရာတို့နဲ့ သူနဲ့ 'လိပ်ပြာကြီး' ပါတဲ့၊ အဲဒါကြောင့် ရအောင် ခေါ်ခဲ့ပါလို့ မှာတယ်'

နွေရာသီသို့ ရောက်စပြုနေသော်လည်း အချေးထည်နှစ်ထည် ခန့် ထည့်လိုက်ပြီးနောက် ကျွန်တော်က နားမလည်စွာဖြင့် မေးလိုက် သည်။

'ဘာလဲဗျ လိပ်ပြာကြီး ဆိုတာ'

'ဒီလိုဗျာ၊ ကိုတုတ်က အသားရောင်းအောင်လာတယ်၊ ဆရာတို့ က လာတိုင်းဝယ်တဲ့အပြင်၊ သူ့ကို ဆရာတို့က ထမင်းလဲကျွေးတယ်၊ အရက်လဲ ဝယ်တိုက်တယ်၊ နောက်ပြီး ကိုတုတ် လိုချင်ဝယ်ချင်တဲ့ အကျီတို့ အပ်တို့ ကြယ်သီးတို့ကအစ ဆရာတို့က မြို့ကို လှမ်းမှာပေးနေကြဆိုတော့ ကိုတုတ် အနေနဲ့ ဆရာတို့ဟာ သူ့ရဲ့ ဆွေမျိုးအရင်းကြီးတွေလို့ သတ်မှတ်ပြီး 'လိပ်ပြာ ကြီး' လို့ သူတို့ ဒေသအခေါ်နဲ့ ခေါ်လိုက်တာ'

'ဪ ကျွန်တော်တို့က ဘာရယ်လို့ မဟုတ်ပါဘူး၊ တောင်ပေါ် သားဆိုတာနဲ့ စိတ်ဝင်စားပြီး ခင်မင်မိတာပါ၊ သူတို့ လိုချင်တာတွေလှမ်းမှာ ပေးရတာကလည်း အပန်းမကြီးပါဘူး၊ ထမင်းကျွေးပြီး အရက်တိုက်တယ် ဆိုတာကလည်း သူလာချိန်နဲ့ ထမင်းစားချိန်နဲ့ တိုးလို့၊ နောက်ပြီး သူတို့ တောင်ပေါ်သားတွေ အရက်ကြိုက်တတ်မှန်းသိလို့ ဝယ်တိုက်တာပါဗျာ'

ဆရာခင်မောင်ဝင်းက ဆေးလိပ်တစ်လိပ်ကို မီးညှိလိုက်ရင်း . .

'ဆရာတို့ကသာ အပန်းမကြီး၊ ဘယ်လိုမှ သဘောမထားပေ မယ့် ကိုတောင်ကျော် အနေနဲ့ကတော့ လိပ်ပြာကြီးလို့ သတ်မှတ်ထားတာ ဗျ၊ လိပ်ပြာကြီးဆိုတဲ့ဂုဏ်က နည်းတာမဟုတ်ဘူး၊ ဆရာလေးတို့ရဲ့ အပူက ကိုတုတ် အပူ၊ ဆရာလေးတို့ရဲ့အခက်အခဲက ကိုတုတ်ရဲ့ အခက်အခဲ၊ ဆရာလေးတို့ရဲ့ ရန်သူကကို တုတ်ရန်သူပဲလို့ ကိုတုတ်က သတ်မှတ်လိုက်တာ၊ ဘယ်လိုပြော

http://www.linhtet.com/forum



www.foreverspace.com.mm

ရမလဲ တစ်စိတ်သဲ တစ်ဝမ်းထဲလို့ ပြောရမယ် ထင်တယ်'

ကျွန်တော်နှင့် ထင်ကျော်ဦးမှာ ပါးစပ်အဟောင်းသားနှင့် ဆရာခင်မောင်ဝင်းကို ငေးကြည့်နေမိတော့သည်။

လိပ်ပြာကြီးဟူသော ဂုဏ်သည် တောင်ပေါ်ရွာရောက်မှ ပို၍ သိလာရသည်။

ယခု မင်္ဂလာပွဲသည် ကိုတုတ်၏အစ်ကို ကိုတောင်ကျော်၏ မင်္ဂလာပွဲဖြစ်သည်။

ကိုတောင်ကျော်နှင့် ကိုတုတ်သည် ညီအစ်ကိုရင်း ဆွေမျိုး အရင်းကြီးဖြစ်သလို ကိုတုတ်နှင့် ကျွန်တော်တို့ကျောင်းဆရာ များသည် လည်း လိပ်ပြာကြီး သို့မဟုတ် ဆွေမျိုးအရင်းကြီး ဖြစ်သဖြင့် ကိုတောင် ကျော်နှင့် ကျွန်တော်တို့သည်လည်း ညီအစ်ကိုအရင်းကြီး ဖြစ်သွားသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မင်္ဂလာပွဲရှင် မိသားစုနှင့်အတူ ခေါင်ဦးရည်ကို တန်းတူသောက်ရသည်။ အစားအသောက်ကိုလည်း တန်းတူစားရသည်။ အားလုံး၏ အရေးပေးခြင်းကိုခံရသည်။

မင်္ဂလာပွဲသို့ လာသောသူများသည် လက်ဖွဲ့အနေဖြင့် ဆွေမျိုးအရင်းကြီး လိပ်ပြာကြီးဆိုလျှင် ဝက်၊ ဆွေမျိုးဝေး လိပ်ပြာလေး ဆိုလျှင် ကြက် ယူလာကြသည်။

ထိုဒေသ၌ ရှိသော ဝက်များသည် အရွယ်ရောက်ပြီးသား အကြီးဆုံးဝက်၏အရွယ်သည် အရပ်တစ်တောင်၊ အလျား နှစ်တောင်နီးပါးခန့် သာရှိ၍ ဝိသာချိန်တစ်ဆယ်ထက် ပိုမထွက်သော ခွေးလေးနီးပါး အကောင်များ ဖြစ်၍ ခြင်းကျားလေးများဖြင့် ထည့်ယူလာကြသည်။

မင်္ဂလာရှင်ကလည်း အိမ်ရှေ့တွင် မိုးပြဲဒယ်အိုးကြီးနှစ်လုံးကို ပွက်ပွက်ဆူအောင်တည်၍ တစ်လုံးတွင် ဝက်၊ တစ်လုံးတွင်ကြက်များ ကို ခုတ်ထစ်ထည့်ကာ ပြုတ်ထားသည်။

လာသမျှလူများ အလျှံပယ် ကြိုက်သလောက် ယူစားနိုင်သည်။

ညအခါတွင်လည်း မီးပုံပွဲကြီးဖို၍ သူတို့ ဘာသာမလေ့အရ ခေါင်း





ပေါင်းလုပွဲဟုခေါ်သည့် လူတစ်ယောက်၏ ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းကို အခြားတစ်ယောက်က ရအောင်လုရသော ကစား နည်းမှအစ သီချင်းဆိုခြင်းအဆုံး နည်းမျိုးစုံဖြင့် ပျော်ပါးနေကြသည်။

ထင်ကျော်ဦးက ကျွန်တော့်နားကပ်လာပြီး . . .

'ဟေ့ကောင်. . . ဟိုမှာ သီချင်းဆိုနေတဲ့အထဲက ညာဘက် အစွန်ဆုံးက မိုက်တယ်နော်၊ အသားလေးကလဲ ဖွေးနေတာပဲ၊ သူဝတ်ထားတဲ့ သင်တိုင်းနီနီရဲရဲကြီးနဲ့ သိပ်လိုက်တာပဲကွာ'

ထင်ကျော်ဦးပြသည့် ကောင်မလေးကို ကျွန်တော်ကြည့်လိုက် သည်။

ထို ကောင်မလေးတင်မကပါ၊ ဤမင်္ဂလာပွဲသို့ လာကြသော တောင်ပေါ်သူအားလုံး၏ အသားအရေမှာ ဖြူရုံမက ဝင်းစက်နေသည်။

တရော်ကင်းပွန်းမှုလွဲ၍ အခြားမည်သည့် ခေါင်းလျှော်ရည်နှင့်မှ မလျှော်ဖူးသော၊ နှမ်းဆီစစ်စစ်မှလွဲ၍ အခြားမည်သည့် ခေါင်းလိမ်းဆီနှင့် မှ မလိမ်းဖူးသော နက်မှောင်၍ ရှည်လျားသောဆံပင်၊ မျက်နှာတွင်လည်း ဘာမှလိမ်းခြယ်မထားဘဲ ချွေးစို့၍ ဝင်းလက်နေသော သဘာဝအလှများ ကို ငေးကြည့်မိရင်း. . .

'မင်းပြောတဲ့ တင်မကဘူး၊ အားလုံးမိုက်တယ်'

ဆရာဘကြည်က ကျွန်တော်တို့ အနားကပ်လာပြီး. . .

'ဆရာလေးတွေ 'စော်' ဆိုတာ ခေတ်လူငယ်တွေရဲ့ ဗန်းစကားနဲ့ ကောင်မလေးတွေကိုခေါ်တာ မဟုတ်လား၊ သွားမခေါ်နဲ့ဗျို့၊ ဒီတောင်ပေါ် စကားက 'စော်' ဆိုတာ နွားကိုခေါ်တာဗျ'

ကျွန်တော်တို့နှစ်ဦးမှာ ပါးစပ်ပိတ်ထားလိုက်ရသည်။

ထိုစဉ် အသက်လေးဆယ်ခန့် တောင်ပေါ်သားတစ်ဦးက ကျွန်တော်တို့အနားရောက်လာသဖြင့် ဆရာဘကြည်က မိတ်ဆက်ပေးသည်။

'ဆရာလေးတို့ သူက ကိုအော်နီတဲ့ မုဆိုးကြီးပေါ့၊ ကျားကိုတောင် ဓားနဲ့ခုတ်သတ်လာခဲ့တဲ့သူပဲ၊ ကိုအော်နီ သူတို့က ဆရာအသစ်တွေလေ'

ထင်ကျော်ဦးက နှုတ်ဆက်လိုက်ရင်း ကြားဖူးနားဝဖြင့် အတွန့်

http://www.linhtet.com/forum



တက်လိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ် ဦးအော်နီ၊ အန္တရယ်နဲ့ တောင်ကိုး လုံးခြုံးပါစေ'

ကိုအော်နီက ထင်ကျော်ဦးကို မျက်လုံးပြူးကြည့်ရင်း. . .

'ဟေ့. . . စရို(ဆရာ) ငါ့ကို အော်နီလို့ပဲခေါ် 'ဦး' တပ်မခေါ်နဲ့၊ ငါတို့ စကားနဲ့ဦး (အူး. . . အူ)ဆိုတာ ခွေးကိုခေါ်တာ၊ နင်က ဦးအော်နီ လို့ခေါ်တော့ ငါက ခွေးအော်နီ ဖြစ်သွားရော'

ကျွန်တော်တို့မှာ ဗျာဗျာသလဲ တောင်းပန်လိုက်ရသည်။ ကိုအော်နီက ရယ်နေသည်။ ဆရာဘကြည်ကဝင်၍. . .

'ကိုအော်နီ ဒီဆရာတွေက ဟိုမှာ ကနေတဲ့ နင့်သမီး 'ဒွယ်ရော်' ကို အလှဆုံးပဲတဲ့ ကြိုက်တယ်လို့ ပြောနေတယ်'

ဆရာဘကြည် စကားကြောင့် ကျွန်တော်တို့ မျက်လုံးပြူးသွား သည်၊ ကိုအော်နီက ဆေးရွက်ကြီးကို ငုံလိုက်ရင်း. . .

'ငါ့သမီး ဒွယ်ရော်ကို နင်ကြိုက်ရင်ယူလေ၊ ယူပြီးရင် နင် ဒီမှာပဲ စာပြပေါ့၊ ငါက အမဲလိုက်ကျွေးမယ်၊ ဒွယ်ရော်ကတောင်ယာလုပ်ပြီး နင့်ကို ကျွေးလိမ့်မယ်'

ကျွန်တော်တို့နှစ်ဦးမှာ မျက်နှာထူပူသွားသော်လည်း ကိုအော်နီ ကတော့ ဘာမှထူးခြားပုံမရချေ။

ဆရာဘကြည်က ရိုးရိုးသားသားပြောသဖြင့် သူကလည်း သူ့စိတ် ထဲရှိတဲ့အတိုင်း ရိုးရိုးသားသား ပြန်ပြောခြင်းဖြစ်၍ ဘယ်လိုမှ ခံစားမိ ပုံမရချေ။

အကယ်၍များ ကျွန်တော်တို့ဒေသမှာဖြစ်ပါက ဖအေကိုသွား၍ သူ့သမီးကို ချောကြောင်း၊ လှကြောင်း၊ ကြိုက်ကြောင်း ပြောလိုက်ပါက နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ပြဿနာများမှာ တွေးပင်မတွေးဝံ့ပါ ချေ။

ကျွန်တော်တို့ အနေရကျပ်သွားသည် ထင်၍လား တစ်ကယ်ပင် အသုံးလိုလို့လားမသိ ဆရာဘကြည်က စကားလမ်းကြောင်းလွှဲရင်း. . .

'ကိုအော်နီ ကပ္ပလီသီး(အလွန်စပ်သော ပင်နံ့သီး) အခြောက်





မရှိဘူးလား လိုချင်လို့ ဒီမှာဘယ်ဈေးရှိလဲ'

'ဒါတောင်ယာထဲမှာတော့ အခြောက်လှန်းပြီးသား ငါးပိဿာလောက် ရှိတယ် ဒီမှာပေါက်ဈေးက တစ်ပိဿာရှစ်ကျပ်'

မြို့တွင် တစ်ပိဿာ နှစ်ဆယ်ကျော်ခန့် သုံးဆယ်ခန့်ရှိသဖြင့် အိမ် အပြန် မိဘများကို မျက်နှာလုပ်ရန်အတွက်. . .

'ဆရာဘကြည် ကျွန်တော်လိုချင်တယ်'

'ကိုအော်နီ ငါးပိဿာလုံး လိုချင်တယ်ကွာ'

'နောက် သုံးရက်ရှိရင် ငါလာပို့လိုက်မယ်၊ အဲဒီကြမှ ပိုက်ဆံ ပေးပေါ့'

'လာပို့ရင် သက္ကယ်မြောင်က ဒီဆရာတွေအိမ်ကို လာပို့လိုက်'

ကိုအော်နီက ခေါင်းညိတ်ပြပြီး ထွက်သွားလေတော့သည်။

http://www.linhtet.com/forum


www.foreverspace.com.mm

## (၁၃)

ကိုအောင်နီ ငရုတ်သီးခြောက်များ လာပေးသည်က ဥပုသ်နေ့ဖြစ်သဖြင့် ကျောင်းသူကျောင်းသားများ ရွာဦးဆရာတော်ကျောင်းတွင် ဗုဒ္ဓဘာသာ သင်တန်းသွားတက်ကြသည်။

ကျွန်တော်တို့လည်း ခါးဇက်ရွာမှ ဆရာခင်မောင်ဝင်းထံသို့ အလည်သွားကြသဖြင့် ကိုအောင်နီ၏ ကိစ္စကိုမေ့နေလေသည်။

ရာသီဥတုကလဲ အချိန်အခါမဟုတ် မိုးများရွာလေမည်လား မသိ အုံ့မှိုင်းကာ တိမ်ထူနေသည်။ အဝေးမှလည်း မိုးခြိမ်းသံများကို ကြားရသဖြင့် မိုးရွာတော့မည်ထင်ပြီး ကိုယ့်ရွာကိုယ် ပြန်လာခဲ့သည်။

အိမ်ရောက်တော့ မောင်ကျော်ကဆီး၍. . .

'ဆရာ ကိုအောင်နီရယ် ငရုတ်သီးခြောက်တွေ ငါးပိတာလာပို့ထားတယ်'

'ဟုတ်ပါရဲ့ကွာ၊ ငါတို့တွေကလည်း မေ့တတ်လိုက်တာ ဒီနေ့ သူလာမယ်လို့ ပြောရဲ့သားနဲ့၊ ထင်ကျော်ဦး မင်းမှာဝိုက်ဆံ ဘယ်လောက်ရှိသေးလဲ၊ ငရုတ်သီးတစ်ပိဿာ ရှစ်ကျပ်ဆိုတော့ ငါးပိဿာ လေးဆယ်ပေးရမှာ'

မောင်ကျော်က အံ့အားသင့်စွာဖြင့် ကြည့်ရင်း. . .

'ငရုပ်သီးခြောက်က တစ်ပိတာရှစ်ကျပ် ဟုတ်လို့လား၊ ခုနက ကိုအောင်နီ ရွာထဲကိုဝင်လာကတည်းက မြို့ပေါ်က ကြက်ဝယ်အောင် လာတဲ့သူ





www.foreverspace.com.mm

တွေက ငရုတ်သီးခြောက် တစ်ပိတာ အစိတ်ပေးမယ်ဆိုပြီး လိုက်ဝယ်တာ မရောင်းဘူးဗျ. . .

ဆရာတို့ကို ရောင်းပြီးတားတဲ့ လိုချင်ရင် ဆရာတို့ဆီ တွားဝယ် လို့ ပြောတယ်ဗျ. . .'

ကျွန်တော်နှင့် ထင်ကျော်ဦးလဲ အံ့အားသင့်သွားသဖြင့်. . .

'ဘာကွ. . . ငရုတ်သီးခြောက် တစ်ပိဿာကို အစိတ်ပေးတာကို ကိုအောင်နီက မရောင်းဘူး ဟုတ်လား'

'ဟုတ်တယ် ဆရာတို့ကို ရောင်းပြီးတားတဲ့'

'ငါတို့က ဝယ်မယ် လာပို့ပါလို့သာပြောခဲ့တာ၊ ငွေလဲမပေးရ သေးဘူး၊ ပြီးတော့ ငါတို့ကို တစ်ပိဿာရှစ်ကျပ်နဲ့ ရောင်းမယ်ပြောပြီး၊ ဟိုလူတွေ တစ်ပိဿာ အစိတ်ပေးတာကို ဘာလို့မရောင်းလဲ မသိဘူး'

ထင်ကျော်ဦးက ဆေးလိပ်မီးညှိုး တထောင်းထောင်းဖွာပြီး. . .

'တော်တော်ကတိတည်ပြီး သစ္စာရှိတဲ့ တောင်ပေါ်သားကြီးပဲကွ၊ သူ့နေရာမှာ မင်းနဲ့ငါဆို ဘယ်လိုလုပ်မလဲ အရောင်းအဝယ်လဲ စရန်မပေးဘဲ ပါးစပ်နဲ့တင်လုပ်ခဲ့တာက ရှစ်ကျပ်ဈေးနဲ့၊ တကယ်လက်ငင်းအစိတ်ပေးဝယ်တဲ့သူက ဝယ်ပြီဆိုပါတော့ မရောင်းဘဲ နေနိုင်ပါ့မလား၊ ရောင်းမိမှာပဲ၊

ပြီးမှ ကိုအောင်နီရေ ခင်ဗျားကို မတွေ့ရလို့ ရောင်းမိခဲ့ပြီဗျာ၊ နောက်တစ်ခေါက်မှ ခင်ဗျားယူတော့လို့ ပြောမိမှာ အသေအချာပဲ'

ကျွန်တော်ကလည်း ခေါင်းညိတ်လိုက်ရင်း. . .

'ဒါနဲ့ မောင်ကျော် ကိုအောင်နီ အခုဘယ်သွားသလဲ'

'ပြန်တွားပြီဆရာရဲ့ ဆင်တောင်ကြီးအော်နေတော့ တူလဲ ကြာ ကြာ မနေရဲဘူးတဲ့၊ ငရုတ်သီးကို ပို့မယ်ပြောထားလို့သာ လာပို့တာဆိုပြီး တန်းပြန်တွားတယ်'

ကျွန်တော်က နားမလည်စွာဖြင့်. . .

'ဘာလဲကွ ဆင်တောင်ကြီး အော်တယ်ဆိုတာ'

'ဟာ. . . ဆရာကလည်း ဟိုနိုးမပေါ်က ဆင်တောင်ကြီးကိုတိ လား'

http://www.linhtet.com/forum



'သိတယ် ဆင်ကြီးဝပ်နေတဲ့ အတိုင်းပဲ၊ နှာမောင်း၊ ဦးကင်း၊ ကျော ကုန်း၊ အမြီးအဆုံးတူတဲ့ ဆင်တောင် မဟုတ်လား'

'အဲဒီတောင်က ဒီကနေကြည့်ရင် ဆင်ကြီးဝပ်နေတာနဲ့တူတဲ့ တောင် တစ်လုံးထဲထင်ရပေမယ့် ဟိုမှာက တောင်သုံးလုံး ဖိုခနောက် ဆိုင်ကြီး ဆရာရဲ့၊ အဲဒီကနေ ဆင်အော်သံကြီး မြည်နေတာ ဆရာတို့ မကြားဘူးလား'

ကျွန်တော်တို့နှစ်ယောက် ထပ်မံနားစွင့်ရင်း . .

'မိုးခြိမ်းသံ မဟုတ်လားကွ၊ ခပ်သဲ့သဲ့ ကြားရတယ်'

မောင်ကျော်က ခေါင်းယမ်းလိုက်ရင်း . .

'မိုးခြိမ်းသံဆိုရင် 'ဂျိမ်းဒုံးဒုံး ဒလိမ်း ဒလိမ်း' ဆိုပြီး ဝိုပါခွဲကြီး လိမ့်တလို အတံဗျ၊ အခုဟာက 'ဝေါဝူးဝူး' အတံပဲ၊ တူမှမတူတာ။

ဆရာတို့က မကြားဖူးသေးလို့ မခွဲတတ်သေးတာပါ၊ ရွာကလူတွေက အတံကိုခွဲတတ်တော့၊ ဟိုမှာမြင်လား ကိုယ့်အိမ်ကို ပြန်လာကုန်ကြပြီ၊ ကျွန်တော်တို့ကိုလည်း ဘုန်းဘုန်းက ပြန်လွှတ်ပေးလိုက်ပြီ'

'ဆင်တောင်အော်ရင် ဘာဖြစ်တတ်တုန်းကွ မောင်ကျော်ရ'

'ဆင်တောင်အော်ရင် မိုးကြီး၊ လေကြီးကျတတ်တယ်၊ ချောင်းရေ တွေ အရမ်းလျှံပြီး ကျတတ်တယ် ဆရာရဲ့'

ထိုအချိန်တွင် ပိသာပြည့်ဓားမကြီး (တစ်ပိသာလေးသော ဓားမ) ကိုခါးထိုး၍ရောက်လာသော ကာလသားခေါင်း ထိပ်ဖြူကြီးက . .

'ဒီရွာတွေနဲ့ ဆင်တောင်နဲ့က အဝေးကြီးဆရာရဲ့ အဲဒီတော့ ဆင်တောင်ဘက်မှာ ညက မိုးရွာတာ၊ ကျွန်တော် ဘယ်တိနိုင်ပါ့မလဲ၊

ဒါပေမယ့် မိုးကတော်တော်ကြီးကို တဲတဲမဲမဲ ရွာပုံရတယ်၊ မိုးကြီးတော့ တောင်ကျချောင်းရေလဲကြီးတော့မှာပေါ့၊ ချောင်းဆိုတာကလဲ ကွေးကောက်ပြီး စီးရတာဆိုတော့ အရှိန်ပြင်းပြင်းနဲ့ ကွေ့ပတ်ပြီး စီးရတဲ့ ချောင်းရေစီးတံကြီးက တောင်တွေကို ပွဲ့တင်ထပ်ပြီး အတံကြီးမြည်ဟိန်း လာတာပေါ့ ဆရာရဲ့၊

အဲဒီ အတံကြီးက ဆင်ကြီးနဲ့ပုံသဏ္ဌာန်တူတဲ့ ဆင်တောင်ဘက် က ထွက်ပေါ်လာလို့ ဆင်တောင်ကြီးအော်တယ်လို့ ကျွန်တော်တို့ ဒေသ ကခေါ်ကြ





တာ၊ ဆင်တောင်အော်တံက ချောင်းရေစီးတံဆိုတော့ ကျွန်တော်တို့ ရွာတွေ ဘက်မှာ မိုးရွာရွာ မရွာရွာ၊ ဒီနား ပတ်ဝန်းကျင်မှာ ရှိသမျှ ချောင်းတွေ အားလုံး ကတော့ ကမ်းပြည့်၊ ကမ်းလျှံ ချောင်းရေကျလာတော့မှာ ဆရာရဲ့'

ကျွန်တော်တို့ နှစ်ယောက်မှာလည်း ထိပ်ဖြူကြီးရှင်းပြမှ ဇာတ်ရည် လည်သွားပြီး ခေါင်းညိတ်လိုက်ရင်း . .

'မင်းပြောတာ ဖြစ်နိုင်တယ်၊ သဘာဝလည်းကျတယ်၊ ဒါပေမယ့် ထိပ်ဖြူကြီးရယ် မိုးတွင်းတစ်တွင်းလုံး ဒီလောက် မိုးရွာတာတော့ ဆင်တောင်က မအော်ဘဲနဲ့၊ အခု နွေရောက်မှ အော်ရတယ်လို့ကွာ'

'ဒါကတော့ ဆရာရယ်၊ ကျွန်တော်တို့ဆီမှာတာ မိုးကြီးပြီး ဟိုမှာ မိုးမကြီးခဲ့လို့ ဆင်တောင်က မိုးတွင်းမှာ မအော်နိုင်တာနေမှာပေါ့၊

အခုတော့ တေချာပေါက်၊ ဟိုမှာ မိုးကြီးလို့ အော်တာပဲ၊ နောက်ပြီး ဆင်တောင်က တစ်နှစ်တစ်ခါလောက် အော်ခဲ့ပါတယ်ဗျာ၊

ဆင်တောင် အော်လို့ ရေကျလာရင်တော့ အကြီးအကျယ်ပဲဗျ ချောင်းထဲတွားကြည့်ဗျို့'

* * *

တစ်နေ့လယ်လုံး မိုးအုံ့၍ ပူအိုက်နေခဲ့ရာ ညနေရောက်မှပင် မိုးများ ရွာလာသလို 'တဝုန်းဝုန်း' မြည်သံပေး၍ တောင်ကျချောင်းရေများကလည်း ဖွေးခနဲကျလာသည်။

ချောင်းရေ ဒလဟောကျသည်ကို မမြင်ဖူးသော ကျွန်တော်တို့ နှစ်ယောက်သည် ချစ်အောင်၊ မျိုးထွတ်နှင့် နေဝင်းကိုခေါ်၍ ဝါးခမောက် ကိုယ်စီ ဆောင်းကာ ခါးတောင်းကို မြောင်အောင်ကျိုက်ပြီး ရွာမြောက် ဘက် တစ်ခေါ်လောက်ဝေးသောနေရာ၌ ရှိနေသည့် ပဲနောက်ချောင်းကြီး ဘက်သို့ ထွက်လာခဲ့ကြသည်။

ပေသုံးဆယ်ခန့် ကျယ်၍ ဆယ်ပေခန့် နက်သော ပဲနောက်ချောင်း

http://www.linhtet.com/forum



www.foreverspace.com.mm

ကြီးကတော့ ချောင်းပြည့်ချောင်းလျှံပင် တဝုန်းဝုန်းဖြင့် ရေများစီးနေသည်။

ချောင်း၏တစ်ဖက်ကမ်း သခွတ်ရင်းရွာမှ လူတချို့သည် ချောင်းကမ်းပါးတွင် လာရောက်ကြည့်ရှုနေသည်ကို တွေ့ရသည်။

မျိုးထွတ်က ခမောက်ဖြင့် လေကွယ်လိုက်ပြီး၊ ဆေးလိပ်မီးညှိလိုက်ရင်း. . .

'ဆင်တောင် အော်တံကြားကတည်းက ဟောဒီ ပဲနောက် ချောင်းရဲ့ အထက်ဘက်မှာရှိတဲ့ မဒိုင်းဆည်ကြီးကနေ ဆည်ရေတွေ လွှတ်ပေးထားတာဗျ၊ ဒါပေမယ့် ဆည်ကြီးရဲ့ ရေတံခါးတွေကို အကုန်ဖွင့် ပေးရင်တောင် ချောင်းရေက ဒီလောက်မများနိုင်ဘူး ဆရာရဲ့'

နေဝင်းက မိုးလုံရာ သစ်ပင်အောက်သို့ ဝင်လိုက်ရင်း. . .

'ဒီလောက် ရေများနေမှတော့ ဆည်ကြီးရဲ့ ရေပိုလွှဲတူမြောင်း တွေကပါ ရေတွေလျှံ ထွက်လာလို့နေမှာပေ့ါ၊ ကြည့်နေ ခဏကြာရင် 'ဆိတ်ရော' တွေ တင်းကြမ်းပြည့်အောင် ကျလာပါလိမ့်မယ်'

'ဆိတ်ရောဆိုတာ ဘာလဲကွ နေဝင်းရ'

'ဆူးချုံတွေ ဝါးရုံပင်ကြီးတွေ လုံးထွေးပြီး ချောင်းရေနဲ့ပါလာတဲ့ အမှိုက်ပုံကြီးတွေကို ဆိတ်ရောလို့ခေါ်တယ် ဆရာရဲ့၊ ချောင်းထဲကို ဖြတ်ကူးနေတုန်းများ အဲဒီဆိတ်ရောတွေနဲ့ တိုးမိလို့ကတော့ အလောင်းတောင် ရှာရမှာ မဟုတ်ဘူး. . .'

မကြာပါချေ. . .

သစ်လုံးကြီးများ သစ်ပင်ကြီးများမျောပါလာပြီးနောက် ဆိတ်ရောဟုခေါ်သော အမှိုက်လုံးကြီးများမှာ ရေစီးထဲတွင် တလိမ့်လိမ့်ဖြင့်ပါလာ သည်။

ချစ်အောင်က ရေပေါ်တွင် ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသော ဝါးရုံကိုင်းကြီးများကို လက်ညှိုးထိုးပြရင်း. . .

'ကြည့်ပါဦးဆရာရဲ့ ဟိုဝါးရုံကိုင်းတွေက ရေပေါ်မှာ ပေါ်နေတာ သိပ်မများပေမယ့် ရေအောက် မမြင်ရတဲ့အပိုင်းမှာတော့ ဝါးရုံပင် ကြီးတွေလေး၊ ငါးရုံတော့ ပါလာမှာသေချာတယ်'





ကြည့်ရင်းကြည့်ရင်းပင် ချောင်းရေများမှာ ကမ်းပါးပေါ်အထိ လျှံတက်လာသည်။

ကျွန်တော်တို့ရွာနှင့် ချောင်းကြားရှိ လယ်ကွက်များမှာလည်း တဖြည်းဖြည်း ရေမြုပ်သွားသဖြင့် ကန်သင်းသုံး၊ လေးကန်သင်းသာ ပေါ်နေလေတော့သည်။

ထိုစဉ်. . .

သက္ကယ်မြောင်ရွာဘက်မှ လူတစ်ဦးသည် အပေါ်တွင်အကျီမပါ ဘဲ ကျောပြောင်ကြီးနှင့် အောက်တွင် ပုဆိုးခါးတောင်းကျိုက်ပြီး မိုးရွာ ကြီးထဲတွင် ပြေးလာနေသည်ကို တွေ့လိုက်ရသည်။

'ထိပ်ဖြူကြီးထင်တယ်ကွ၊ မင်းတို့ သူ့ကို မခေါ်ကြဘူးလား'

'ခေါ်ခဲ့ပါတယ် ဆရာရဲ့၊ သူက ဘုန်းကြီးကျောင်းကို တွားစရာကိစ္စရှိတေးလို့တဲ့ နောက်ကလိုက်ခဲ့မယ်လို့ ပြောတာပဲ၊

အဲဒါ အခုလာတာနေမှာပေ့ါ၊ အမယ်လေး ကြည့်ပါဦး တူ့မှာ မောမောပန်းပန်း ပြေးလာနေလိုက်ရတာ၊ ချောင်းရေကျတာကို မမီလိုက်ပဲနေမှာ စိုးနေတာလား မတိပါဘူး၊ ချောင်းရေက မနက်အထိတော့ ကျဦးမယ့်ဟာပဲ'

ထိပ်ဖြူကြီးက အနားရောက်လာပြီး အမောဆို့သံကြီးဖြင့်. . .

'ဟောဟဲ ဟောဟဲ ဆရာ ဆရာ ကိုရင်ကြီးမဲလုံးကို မြွေကိုက်လို့၊ မြွေပွေးကြီးကိုက်ထည့်လိုက်တာ'

'ဟေ' ဟု ကျွန်တော်တို့အားလုံး တစ်ပြိုင်ထဲ အသံထွက်သွား သည်။

'ဘယ် ဘယ်လိုနေသေးလဲ၊ ဆေး. . . ဆေးခန်းကို မပို့ဘူးလား'

'ကျွန်တော်တို့ ရွာတွေမှာ ဆေးခန်းမှ မရှိတာပဲ၊ ငါးရွာပေါင်းမှ ဒီချောင်းဟိုဘက်က သခွတ်ရင်းရွာမှာပဲ ကျန်းမာရေးမှူး တစ်ယောက်ပဲ ရှိတာဗျ'

'ဒါ ဒါဆို ဘယ်လိုလုပ်ကြမလဲ ဟ'

ထိပ်ဖြူကြီးက သူ့ရင်ဘက်ကိုဖိရင်း ငိုသံပါကြီးဖြင့်. . .

'လောလောဆယ် ကျွန်တော်တို့ရွာက ဆေးထိုးဆရာက(အဝ် ပုန်း)

http://www.linhtet.com/forum



မြွေဆေးထိုးပေးထားမယ်တဲ့၊ ချောင်းရေစစ်တွားပြီးမှ လက်ပံတံခါး တိုက်နယ်ဆေးရုံကို ခေါ်တွားလို့ ပြောတယ်၊

အခုချောင်းရေက တစ်အားကျနေပြီ အီး အီး မနက်မှပဲ ကူးလို့ ရမှာဗျ’

ကျွန်တော်တို့ကလည်း စိုးရိမ်တကြီးဖြင့်. . .

‘ဒါ ဒါဖြင့်လည်း မြွေဆေးထိုးပေးထားလေ မြန်မြန်လုပ်ပါဟ’

ထိပ်ဖြူကြီးက အံကြိတ်လိုက်ပြီး ငိုရှိုက်ရင်းဖြင့်. . .

‘မြွေ မြွေဆေးက သခွတ်ရင်းရွာက ဆေးမှူးဆီမှာပဲရှိတယ်တဲ့ ဆရာရဲ့၊ အီး အီး ကျွန်တော်လည်း ချောင်းရေဒီလောက်မကျသေးဘူး ထင်ပြီး အတင်း ပြေးလာခဲ့တာ အခုတော့ အီး အီး’

ကျွန်တော့်မျက်လုံးများ ပြာဝေသွားသည် ကိုရင်ကြီး၏ အသက်သည် ဤပဲနောက်ချောင်း၏ တစ်ဘက်ကမ်းတွင်ရှိသည်။

ပဲနောက်ချောင်းကြီးကလည်း ကမ်းလျှံအောင် ရေကျနေသည့် အတွက် ယခုကျွန်တော်တို့ မတ်တပ်ရပ်နေသောနေရာ၌ပင် ခြေမျက်စိ မြုပ်နေပေပြီ။

ပေသုံးဆယ်ခန့်သာ ကျယ်သော ချောင်းကြီးကား ယခုပေငါး ဆယ် ကျော်ကျော်ကျယ်နေကာ သစ်ပင်များ ဆိတ်ရောများ တင်းကြမ်း ပြည့်အောင် တဝေါဝေါ မြည်သံပေး၍ ချောင်းရေကျကောင်းစပင်ရှိသေးသည်။ သူတို့ တစ်တွေက လုံးဝရေမကူးတတ်ကြ။

ကျွန်တော်နှင့် ထင်ကျော်ဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ကျွန်တော်တို့ ကိုးတန်း၊ ဆယ်တန်းအရွယ်လောက်က သူငယ်ချင်းလေး၊ ငါးဆယ်ယောက်ခန့်စု၍ နွေရာသီ မြစ်ထဲ၌ သဲသောင် ပြင်ထွန်းချိန်တွင် ဧရာဝတီမြစ်ကို ဖြတ်၍ တစ်ဖက်ကမ်းသို့ လက်ပစ် ကူးဖူးကြ သည်။

ထိုစဉ်က မြစ်၏အကျဉ်းဆုံးနေရာသည် ‘ကိုက်တစ်ရာ’ကျော် ကျော်သာ ကျယ်သော်လည်း ရေစီးကတော်တော်သန်သည်။





သို့သော်လည်း ယခုပေသုံးဆယ်သာကျယ်၍ သစ်ပင်ကြီးများ ဆိတ်ရောကြီးများဖြင့် အန္တရာယ်များလောက်အောင်တော့ ရေစီးမသန် ခဲ့ပေ။

ထိုစဉ် ထင်ကျော်ဦးက အင်္ကျီကိုချွတ်၍ ချစ်အောင်ကို ပစ်ပေးပြီး ချောင်းထဲသို့ ဝုန်းခနဲခုန်ချခဲ့လေသည်။

ကျွန်တော်လည်း ရောယောင်၍ အင်္ကျီကိုချွတ်ကာ ထင်ကျော်ဦး နောက်မှနေ၍ ချောင်းထဲသို့ ခုန်ချခဲ့လေ၏။

ချောင်းရေစီးကြောင့် ကျွန်တော်တို့ နှစ်ဦးသည် ချောင်းအောက် သို့ ဝါးသုံးလေးပြန်ခန့် မျောပါသွားပြီးတစ်ဖက်ကမ်းရှိ ငှက်ပျောတောထဲ ရောက် သွားသည် ကံကောင်း၍ဆိတ်ရောနှင့် မတိုးမိပေ။

ငှက်ပျော တောထဲတွင် ရေက မထောက်မိလောက်အောင် နက်သော် လည်း ရေစီးကတော်တော် လျော့သွားကာ ဆိတ်ရောနှင့် သစ်လုံးကြီးများ အန္တရာယ်ကိုလဲ စိုးရိမ်စရာမလိုတော့သဖြင့် ကိုယ်ကို ဖော့ကူးရင်း တစ်ဖက် ကမ်းပါးသို့ တွယ်တက်ခဲ့သည်။

ကမ်းပါးပေါ်သို့ ရောက်ရောက်ခြင်း အချိန်ဆိုင်းမနေပဲ ရွာသို့ ပြေးခဲ့ ကြသည်၊ ကျွန်တော်တို့နှစ်ဦး ရွာဘက်သို့ ပြေးသွားသည်ကို မြင်၍ ထင်သည်။

သက္ကယ်မြောင် ကာလသားတစ်စု၏ လက်ခုပ်တီးသံ လေချွန်သံ များက ချောင်းရေသံကိုဖောက်၍ ထွက်ပေါ်လာသည်။

အကြောင်းစုံကို သခွတ်ရင်း ဆေးမှူးအား ရှင်းပြလိုက်ရာ ဆေးမှူး က. . .

‘ဟာ ဒီအချိန်ကြီး ခင်ဗျားတို့မို့လို့ ဖြတ်ကူးရဲတယ်ဗျာ၊ ခင်ဗျားတို့ မြစ်နံ့ဘေးမှာမွေးလို့ မြစ်ရေကို မကြောက်ဘူးဆိုပေမယ့် ဒီချောင်းရေတွေက မြစ်လိုမဟုတ်ဘူး မြစ်ထက်အန္တရာယ်များတယ်ဗျ၊ အပြန်ကို ကျွန်တော် စီစဉ်ပေးမယ်၊ အမိက ဒီမြွေဆိပ်ဖြေဆေးကို ဟိုဘက်ကမ်းကို အချိန်မီရောက် သွားဖို့ အရေးကြီးတာပဲ’

ကျွန်တော်တို့နှစ်ဦး ချောင်းကို ဖြစ်ကူးလာသောသတင်းက သခွတ်ရင်းရွာထဲတွင် ပျံ့နှံ့သွားသည်။ ကျွန်တော်တို့နှင့်အတူ သခွတ်ရင်း

http://www.linhtet.com/forum



ရွာသူရွာသားများပါ ချောင်းဘက်သို့ လိုက်လာကြသည်။

သင်္ချိုင်းဆရာ ဘကြည်က စပါးစိုက်ရာတွင် အတန်းလိုက်ဖြစ်စေရန် အသုံးပြုသော ပေတစ်ရာခန့်ရှည်သည့် နိုင်လွန်ကြိုးသေးသေးလေး ကို ခဲတွင်ချည်၍ တစ်ဖက်ကမ်းရှိ ထိပ်ဖြူကြီးတို့ထံ ပစ်ပေးလိုက်သည်။

ထိပ်ဖြူကြီးတို့ကဖမ်း၍ ကြိုးကိုမြှောက်ထားလိုက်ရာ ချောင်းရေပြင်၏ တစ်လံကျော်လောက်အမြင့်တွင် နိုင်လွန်ကြိုးတစ်ချောင်းက ချောင်း၏ ဟိုဘက်ကမ်းနှင့်ဒီဘက်ကမ်းကို သွယ်တန်းပြီး ဖြစ်သွားသည်။

ထို့နောက် မြွေဆေးများကို လွယ်အိတ်အတွင်းထည့်၍ ခိုင်ခိုင်ချည်လိုက်ပြီး လွယ်အိတ်ကြိုးကို နိုင်လွန်ကြိုးတွင်လျှို၍ စွပ်ပေးလိုက် သည်။

ဆရာဘကြည်က ကြိုးကိုမြင့်ပေးရင်း လှုပ်ပေးသည်။ ထိပ်ဖြူကြီးက ရေနှင့် လွတ်ရုံလောက်အထိကြိုးကိုနှိမ့်ကာ ပြန်လှုပ်ပေးလိုက်ရာ လွယ်အိတ်သည် တဖြည်းဖြည်းဖြင့် ထိပ်ဖြူကြီးတို့လူစုထံ ရောက်သွားသည်။

ထိပ်ဖြူကြီးတို့လူစုက မြွေဆေးလွယ်အိတ်ကိုယူ၍ သုတ်ခြေတင်လေတော့သည်၊ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးနှင့် ဆရာဘကြည် ဆေးမှူးတို့ လေးဦးကလည်း ချောင်းအထက်ဆည်ရှိ ရေပိုလွှဲတူးမြောင်းမှ ဖြတ်ကူးပြီး သက္ကယ်မြောင်ရွာသို့ လာခဲ့ကြသည်။

ခရီးက ခြောက်မိုင်ကျော်ကျော်ခန့်လောက်ရှိသဖြင့် ညကိုးနာရီကျော်မှ ရွာသို့ ရောက်ခဲ့ကြသည်။

ကျွန်တော်တို့တစ်တွေ ဘုန်းကြီးကျောင်းထဲ ဝင်သွားချိန်တွင် မတော့ ဘုန်းကြီးကျောင်းအပြည့် ရောက်ရှိနေသော ရွာသူရွာသား အပေါင်းကဝမ်းသာအားရကြိုးနှုတ်ဆက်ကြ၊ ကျောင်းသားကျောင်းသူ တချို့ကလည်း ကျွန်တော်တို့ နှစ်ယောက်ကိုဖက်၍ ငိုကြပြန်သဖြင့် ကျွန်တော်တို့ မနေတတ် မထိုင်တတ် အောင်ပင် ဖြစ်နေပါသည်။

မြွေဆိပ်ဖြေဆေးကို အချိန်မီရရှိလိုက်သဖြင့် ကိုရင်ကြီးကတော့ သည်တောင်တွင်မက ဟိုတောင်ပါဆက်၍ ကျော်နိုင်မည့် အခြေအနေရှိသည်။





www.foreverspace.com.mm

ဘိုးလေးဖိုးသစ်က ကျွန်တော်တို့အား ကျက်သရေခန်းထဲသို့ ခေါ်သွား ကာ ထိုနေရာ၌ ထမင်းပွဲပြင်ပေးသဖြင့် ဆာဆာဖြင့် နင်းကန်စားနေစဉ်၊ ဆရာတော်က ရွာသူရွာသားအပေါင်းအား ကြိမ်းမောင်း ဆဲဆိုနေပါတော့ သည်။

'မင်းတို့ပဲ စဉ်းစားကြည့်စမ်းပါဦး၊ မင်းတို့ရွာမှာကျန်းမာရေးမှူး စစ်စစ်တစ်ယောက်လောက်တာရှိခဲ့ရင် အစိုးရကလည်း လိုအပ်တဲ့ ဆေးဝါးတွေ အပြည့်အစုံထောက်ပံ့ထားမှာမို့လို့ ကျန်းမာရေးနှင့် ပတ်သက်ရင် ငါတို့တွေ တော်တော်လေး စိတ်အေးရမှာပဲ။

အခုတော့ မင်းတို့တွေ လေးတန်းအောင်တဲ့ တားသမီးတွေကို ပညာဆက်တင်ဖို့ မလွှတ်ချင်၊ တားတမီးတွေကလည်း ပညာဆက်တင်ဖို့ မတွားချင်နဲ့ ဒီအတိုင်းနေခဲ့ကြတော့ ဘယ်လိုလုပ်ပြီး ကျောင်းဆရာတို့ ကျန်းမာရေးမှူးတို့ ဖြစ်လာနိုင်ပါတော့မလဲ။

တူများကို အားကိုးရအောင်ကလည်း ကိုယ့်ဒေသကဝေးလံပြီး ခေါင်တော့ ဘယ်တူမှမလာကြဘူး၊ အဓိကကတော့ မင်းတို့ရွာက လူတွေ ညံ့လို့ကွ၊ မင်းတို့ရွာတား ပညာတတ်တွေ တစ်ယောက်မှ မရှိခဲ့လို့ကွ . . .၊

ဟော အခုဒီဆရာကလေးနှစ်ယောက်က ဒီနှစ်ကို လေးတန်း ကို တန်းလုံးကျွတ်အောင် အောင် တင်မယ်ဆိုပြီး ကြိုးစားနေတယ်၊

အောင်မှာပါပဲ၊ ဒါပေမယ့် အောင်ပြီးတား လေးတန်းတွေထဲက ဘယ်နှယောက်များ ကျောင်းဆက်တက်ကြမှာလဲ ပြောပါဦးကွ၊ အခု ကြည့်စမ်း ဟိုဆရာတွေက အတက်စွန့်ပြီး ကိုရင်ကြီးကို ကယ်ကြတယ်။

ကိုရင်ကြီးနဲ့ ဒီဆရာတွေနဲ့ ဘယ်လိုတော်လို့လဲ၊ မင်းတို့တွေနဲ့ ကိုရင်ကြီးနဲ့ရော ဘယ်လိုတော်စပ်ကြတလဲ၊ တေတေချာချာပဲ စဉ်းစားကြည့်ပါဦး၊ ဘာမှ မတော်စပ်တဲ့ ဆရာတွေက ဒီရွာအပေါ်ကို စေတနာထားတာတောင် နင်တို့က စေတနာကို တုံ့ပြန်ဖို့ နေနေတာတာ နားလည်ဖော်တောင်မရဘူး၊

မနက်မိုးလင်းတာနဲ့ ယာထဲတွားမယ်၊ ကိုယ်မွေးထားတဲ့တားတမီး

http://www.linhtet.com/forum



တွေ ဆရာတွေတက်န်းလိမ့်မယ်ဆိုပြီး ပစ်ထားခဲ့ကြ၊ ဒီဆရာတွေ မို့လို့ပေါ့။

တခြားဆရာတွေတာ ဒီလိုပုံလုပ်ကြည့်ပါလား၊ ဘယ်လိုလုပ်ပြီး ဒီရွာမှာနေမလဲ၊ တောက်. . . ပြောရင်း ငါဒေါသထွက်လာပြီ နောက်ဆုံး ပြောမယ်၊ အခုနှစ် လေးတန်းအောင်တဲ့တူတွေအကုန်လုံး လက်ပံတံခါး ရွာကြီးမှာ ကျောင်းထားရမယ်၊ ဒါပဲ တွား အကုန်ပြန်ကြတော့'

ရွာသူရွာသားအားလုံးလည်း ငြိမ်သက်စွာဖြင့် ဆရာတော့်အား ဦးချပြီး ပြန်သွားကြသည်။

ဆရာတော်က ကျွန်တော်တို့ ထမင်းဗိုင်းနားလာ၍ ရွာ၏ကိုယ် စား ကျေးဇူးအထူးတင်ပါကြောင်း လာရောက်ပြောဆိုရင်း ကျွန်တော်တို့ နှစ်ဦး၏ စွန့်စားခန်းအား ဟိမဝန္တာချီးမွမ်းခန်း ဖွဲ့နေလေပါလေတော့သည်။

ကျွန်တော်တို့၏ စိတ်အတွင်းမှလည်း ဤရွာသူ ဤရွာသား များသည် ဆရာတော်၏ ဩဇာကို မပယ်ရှားဝံ့ပေ။

ထို့ကြောင့် လေးတန်းအောင်သူများသည် အလယ်တန်းသို့ ဆက် ၍ တက်ပေလိမ့်မည်။ အလယ်တန်းအောင်မြင်ပြီးပါကလည်း မလွဲမသွေ အထက်တန်းသို့ တက်ကြပေလိမ့်မည်။

ထိုအခါတွင် ဤရွာ ဤဒေသဖွား ကျောင်းဆရာနှင့် ကျန်းမာရေး မှူးကတော့ အနိမ့်ဆုံးအနေဖြင့် ပေါ်ပေါက်လာပေတော့မည်။

နောင်သောအခါတွင် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ အသိပညာရှင်ကြီးများ၊ အတတ်ပညာရှင်ကြီးများ ပေါ်ပေါက်မလာဘူးဟု မည်သူပြောနိုင်မည်နည်း၊ အသိပညာ အတတ်ပညာ တိုးတက်လာပါက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လျင်မြန်စွာ ကူးပြောင်းလာနိုင်ပေ လိမ့်မည်။

ထိုအခါ လက်မှုနိုင်ငံတော်မှ စက်မှုနိုင်ငံတော်ကြီးအဖြစ်သို့ တည် ဆောက်ရာတွင် ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးသည် အခြေခံ အုတ်မြစ် အတွက် အုတ်တစ်ချပ်မဟုတ်တောင်မှ သဲတစ်ပွင့်အဖြစ်တော့ ပါဝင် ထမ်းဆောင်ခွင့်ကြုံခြင်း မဟုတ်ပါလော။ ပိုမိုတိုးတက် ခေတ်မီသော နိုင်ငံတော်





အတွက် သဲတစ်ပွင့်အဖြစ် တာဝန်ကျေရန် ယခုနှစ်တော့ လေးတန်းကို တန်းလုံးကျွတ် မအောင်မဖြစ် အောင်အောင်ကိုသင်မှဖြစ် ပေတော့မည်ဟု ဆုံးဖြတ်ချက်ကို ပိုမိုပြီး ခိုင်ခိုင်မာမာ ချလိုက်ချိန်တွင်မတော့ 'နလင်ပြန်' (လူလင်ပြန်) ကြက်တွန်သံကိုကြားလိုက်သဖြင့် ဩော်. . . သန်းခေါင်ကို ကျော်၍ အရုဏ်တက်ချိန်တောင် ရောက်လာ ပါပကောလား။

http://www.linhtet.com/forum

www.foreverspace.com.mm

## (၁၇)

သူငယ်တန်းမှ သုံးတန်းအထိ စာမေးပွဲကြီး စစ်ပြီးသွားသည့်နေ့မှစ၍ မူလလက်ဟောင်းလေးတန်းကျောင်းသားတစ်ယောက်နှင့် လေးတန်းအသစ် ရှစ်ယောက်ပေါင်း လေးတန်းကျောင်းသားကိုးယောက်တို့ကို ကျွန်တော်တို့အိမ်တွင်ခေါ်ယူကာ စခန်းသွင်း လေ့ကျင့်ပေးထားလိုက်သည်။

စာမေးပွဲပြီးသွားသော အတန်းငယ်များ၏ အဖြေလွှာများကို စစ်ဆေးခြင်း၊ အမှတ်စာရင်းသွင်းခြင်း၊ အောင်-ရှုံး စာရင်းသွင်းခြင်း စသည့် ကျောင်းနှင့်ပတ်သက်သော စာရင်းဇယားများကို ပြုလုပ်ရသည်က တစ်ကြောင်း. . .

လေးတန်းကျောင်းသားများအား သင်ခန်းစာများကို ပြန်လှန်သင်ကြားခြင်း၊ မေးခွန်းဟောင်းများကို စနစ်တကျ ဖြေဆိုနိုင်ခြင်း၊ စာမေးပွဲတွင် မေးတတ်၊ ပါတတ်သော ပုစ္ဆာများကို အထူးသင်ကြားခြင်းတို့က တစ်ကြောင်း. . .

စာမေးပွဲရက်တွင် အဖျားအနာ ကင်းရှင်းစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် လေးတန်းကျောင်းသားများကို စားချိန်၊ နားချိန်၊ ရေချိုးချိန်၊ အိပ်ချိန်တို့ကိုသတ်မှတ်ပေးကာ စနစ်တကျလေ့ကျင့်ပေးရခြင်းများကြောင့် ကျွန်တော်နှင့် ထင်ကျော်ဦးမှာ တော်တော်လေးပင်ပန်း နေကြပါသည်။

သို့သော်လည်း ယခုနှစ်လေးတန်းကို တန်းလုံးကျွတ် အောင်မြင်




www.foreverspace.com.mm

အောင် သင်ကြားပြမည်ဟု အပေါင်းအသင်းများနှင့် ဘဝတူ ကျောင်းဆရာ၊ ဆရာမ အပေါင်းအသင်းများအား ရဲဝံ့စွာကြေညာခဲ့ခြင်း၊ ပညာရေးမှူးကြီးအား ကတိပေးခဲ့ခြင်းတို့အပြင် ကျွန်တော်တို့၏ စိတ်ရင်း စေတနာအမှန်ကိုက မိမိသင်ကြားပြသထားသော လေးတန်းကျောင်းသားများအား အကုန်လုံး စာမေးပွဲကို အောင်စေချင်သည့်အတွက် ကျွန် တော်တို့ မည်မျှပင်ပင်ပန်းပါစေ၊ အပြုံးမပျက် ဖွဲမလျှော့ဘဲ ကြိုးစား၍ သင်ကြားနေကြပါသည်။

ကျွန်တော်သည် လေးတန်းကျောင်းသားများ တွက်ထားသည့် သင်္ချာများကို စစ်ဆေးနေစဉ် ထင်ကျော်ဦးသည် မီးဖိုထဲမှ ထွက်လာ ပြီး. . .

'ကဲ. . . ထမင်းရော ဟင်းရော ကျက်ပြီဟေ့၊ ရွာထဲက လာပို့တာတွေရော၊ ကျောင်းသားမိဘတွေက လာပို့တာတွေရော အားလုံးကိုခပ်ပြီး လှယ်ထားတယ်ဟေ့ စားပွဲပေါ်မှာ အစဉ်သင့်ပဲ ကျောင်းသားတွေကို ကျွေးရင်း မင်းစားချင်လည်း စားနှင့်၊ ငါတော့ ချောင်းထဲပြေးပြီး ရေချိုး လိုက်ဦးမယ်ကွာ'

ပြောပြောဆိုဆို ထင်ကျော်ဦးက ရေလဲပုဆိုးနှင့် တဘက်ကို ပခုံးပေါ်တင်၍ ဆပ်ပြာခွက်ကို ခါးတွင်တိုးရင်း ချောင်းဘက်သို့ ဆင်းသွားလေတော့သည်။

ကျွန်တော်လည်း ကျောင်းသားများကို ထမင်းစားခိုင်းလိုက်စဉ် ဆရာဘကြည်နှင့် ဆရာခင်မောင်ဝင်းတို့ ရောက်လာပြီး. . .

'ဟာ ပွတာပဲဟေ့၊ ထမင်းဝိုင်းကြီးနဲ့ တိုးနေပါရောလားကွ၊ ထမင်းတွေ ဟင်းတွေကလည်း တစ်ရွာလုံးကို အလှူပေးလို့ ရလောက် အောင်ကို ပါပဲလား၊ ကြုံတုံး ဝင်တွယ်သွားဦးမှ'

'ကလေးတွေနဲ့ တစ်ခါထဲ ဝင်စားသွားကြဗျာ၊ ကျွန်တော်တော့ ထင်ကျော်ဦး ရေချိုးသွားတာ စောင့်လိုက်ဦးမယ်၊ သူလာမှ စားတော့မယ်'

ဆရာဘကြည်က ထမင်းဆူးလိုက်ရင်း. . .

'ကျောင်းဆရာလေးတွေနော်. . . ကလေးတွေကိုပဲ ဂရုစိုက်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ပြီးဂရုစိုက်ကြဦး၊ ကြည့်ရတာ နည်းနည်းချောင်သွားသလိုပဲ'

http://www.linhtet.com/forum


ကျွန်တော် ပြုံးလိုက်ပြီး . . .

'ချောင်တာတွေ ကျပ်တာတွေ အသာထားပြီး ခင်ဗျားတို့ လာရင်း ကိစ္စကိုလည်း ရှင်းကြပါဦးဗျ'

'ဒီလိုဗျာ. . . အရင်နှစ်တွေတုန်းက စာမေးပွဲဖြေဖို့ တစ်ရက် နှစ်ရက် အလိုမှ ကပ်ပြီး လက်ပံတံခါးကိုသွားကြတော့ တစ်မနက်လုံး လှည်းစီးတာ ညနေမှရောက်နား၊ နောက်နေ့စာကြည့်၊ ဟိုး နောက်တစ်နေ့ကျတော့ စာမေးပွဲဖြေရတော့ ကျောင်းသာတွေ ပင်ပန်းတယ်ဗျ၊ အဲဒါကြောင့် အခုနှစ်ကို သုံးလေးရက်စောပြီး လက်ပံတံခါးကို သွားကြရင် ကောင်းမလားဆိုပြီး ဆရာဘကြည်နဲ့ တိုင်ပင်ကြည့်တော့၊ သူလဲ သဘောတူတယ်၊ မဒိုင်း၊ တည်ကြီး ကုန်းဘက်က ဆရာတွေလည်း သဘောတူကြတယ်ဗျ၊ အဲဒါ ဆရာလေးတို့ ဘယ်လိုသဘောရလဲ'

'အဲဒီ အစီအစဉ်ကို ကျွန်တော်လည်း သဘောတူတယ်၊ ဒါပေမယ့် သုံးလေးရက်ကြိုသွားရင် သုံးလေးရက်စာ ရိက္ခာလိုမှာပေါ့၊ အဲဒါ ရွာနဲ့ ညှိပြီးကြပြီလား'

ဆရာခင်မောင်ဝင်းက စားလက်စ ထမင်းကို မဝါးဘဲ မျိုချလိုက် ရင်း. . .

'အဲဒီကိစ္စကြောင့် အခု ဘိုးလေးဖိုးသစ်ကို လာတွေ့တာ၊ သူ့ကို ပြောပြီးပြီ၊ သူကလဲ သဘောတူတယ်ဗျာ၊ ရိက္ခာအတွက် မပူနဲ့တဲ့၊ ငါးရွာစလုံးက လူကြီးတွေကို သူကိုယ်တိုင်ခေါ်ပြီး ပြောပေးမယ်တဲ့၊ ဘိုးလေးဖိုးသစ်က ငါးရွာစလုံးကို မီးတောတာပဲ၊ အဲဒီတော့ ဒီနှစ် စောစော သွားဖြစ်လိမ့်မယ်'

'ဘယ်နေ့လောက်သွားမယ် မှန်းထားလဲ'

'စာမေးပွဲက တစ်ပတ်ကျော်ကျော်လောက်ပဲ လိုတော့တာဆို တော့ သန်ဘက်ခါ အသင့်ပြင်ပြီး၊ ဖိန်းနွဲ့ခါသွားမယ်ဗျာ၊ ဆရာလေးတို့လဲ ပစ္စည်း တွေ ဘာတွေ ကြိုပြင်ဆင်ထားပေါ့'

စာမေးပွဲဖြေဖို့ သုံးရက်အလိုတွင် လက်ပံတံခါးရွာကြီးသို့ ကျွန်တော် တို့ အုပ်စုရောက်ရှိလာခဲ့ကြသည်။





ကျွန်တော်တို့ ငါးရွာစုမှ စုပေါင်း၍ ဆောက်ထားသော သုံးပင် အိမ်ကြီးတွင် စခန်းချကြသည်။

သည်နှစ်တော့ ကျွန်တော်နှင့်ထင်ကျော်ဦးလည်း အအားမနေဘဲ ဆရာဘကြည်တို့နှင့်အတူ တာဝန်ယူ၍ သင်ကြားပြသပေးကြသည်။

လေးတန်းကျောင်းသားများ တန်းလုံးကျွတ်အောင်မြင်ရေးဟူ သော ရည်မှန်းချက်အတွက် ကိုယ်ရောစိတ်ပါအပင်ပန်းခံ၍ သင်ကြားပြ သပေးခဲ့ ရသော ဒဏ်ကြောင့် နောက်တစ်နေ့တွင် ဆရာလေးထင်ကျော်ဦး အပြင်းဖျား ပါလေတော့သည်။

ဆရာဘကြည်က တဖျစ်တောက်တောက်ဖြင့်. . .

'မင်းတို့လိုသာ သင်ရရင်တော့ လေးတန်းကို တန်းလုံးကျွတ်အောင် နှစ်တိုင်းသင်ပေးနိုင်တဲ့ ဆရာ၊ ဆရာမတွေဆို သေဖို့ပဲရှိတော့တယ်၊ ဘယ်နှယ့် ကွာ နေ့မအား ညမအား သင်ရတယ်လို့'

ဆရာခင်မောင်ဝင်းက လေပြည်လေးနှင့်. . .

'ဒါကတော့ ဆရာဘကြည်ရယ်. . . သူတို့က ကျောင်းဆရာ ဖြစ်ခါစ လေးတွေဗျာ၊ စနစ်တကျ သင်တန်းတွေ ဘာတွေလဲ တက်မှ မတတ်ရသေးတာ၊ အဲဒါကြောင့် အစိုးရိမ်လွန်ပြီး နင်းကန်သင်တော့ ပင်ပန်းပြီး ပန်းဖျားဖျားတာ ပေါ့'

ခုတင်ပေါ်တွင် စောင်ခြုံ၍ကွေးနေသော ထင်ကျော်ဦးအား ဆရာဘကြည်က နှိပ်နယ်ပေးရင်း. . .

'ပန်းဖျား ဖျားတာမဟုတ်ဘူးဟဲ့၊ အခုဟာက ငှက်ဖျား ဖျားတာ၊ အခုပဲ သူ့ကို ဆေးထိုးပေးတဲ့ ဆေးမှူးကပြောသွားတာ'

'ဗျာ. . . ငှက်ဖျား ဟုတ်လား'

ငှက်ဖျား ဖျားသော ထင်ကျော်ဦးက ဘာမှဖြစ်ပုံမရဘဲ ကျွန်တော့် မှာတော့ တုန်လှုပ်သွားသည်။

'မင်းတို့တွေက အအိပ်ပျက် အစားပျက်အောင် ပင်ပန်းခဲ့ကြ တော့၊ ခန္ဓာကိုယ်မှာ အားနည်းပြီး ခုခံနိုင်စွမ်းအားတွေ ကျဆင်းရော၊ အဲဒီ

http://www.linhtet.com/forum



အခြေအနေမျိုးဟာ ငှက်ဖျားပိုးရဲ့ အကြိုက်ပဲ၊ သူလဲ အခွင့်ရတုန်း အစွမ်းပြမယ့်ဆိုပြီး ဗျောင်းတင်းလာတာပေါ့'

ထင်ကျော်ဦးက ရှုံ့မဲ့စွာဖြင့် ထကာ ခုတင်ကိုမှီ၍နေလိုက် ရင်း. . .

'အဖျားက ကျသွားပါပြီဗျာ၊ လူမှာ ညောင်းကိုက်ကိုက်ကြီး ဖြစ်နေတာကလွဲလို့ ကောင်းသွားပါပြီ'

ဆရာဘကြည်က ထင်ကျော်ဦး၏နဖူးကို စမ်းလိုက်ရင်း. . .

'ငါပြောပြမယ်၊ သေသေချာချာနားထောင် ငှက်ဖျားဆိုတာက ဖျားဖျားခြင်း ဂရုစိုက်ကုရတယ်ကွ၊ ပေါ့လို့မရဘူး၊ အဲ ပထမဆုံးအကြိမ် ငှက်ဖျားပိုးက မင်းရဲ့ခန္ဓာကိုယ်ကိုဝင်လာတယ်ဆိုတာ ခန္ဓာကိုယ်ကလည်း လက်မခံဘူး၊ အပြင်းအထန် ချတော့တာပဲ။

'အဲဒီတော့ လူကလည်း လူးလိမ့်နေအောင် ခံရတာပေါ့၊ နောက်ကျတော့ ငှက်ဖျားပိုးနဲ့ ခန္ဓာကိုယ်က ခုခံအားတွေအချင်းချင်း အပေး အယူလုပ်လိုက်ကြတော့။

နောက်တစ်ခါ ဖျားတဲ့ အဖျားကျတော့ ပထမလောက် မခံရတော့ဘူးကွ၊ ငါ့ကိုယ်တွေ့ကို ပြောပြတာနော်'

ကျွန်တော်က ထင်ကျော်ဦး၏ ဘေးတွင် ဝင်ထိုင်လိုက်ပြီး. . .

'မနက်ဖြန် မနက်မှာ မေးခွန်းတွေကို ယူဖို့ ဒီရွာကလှည်းတွေ လမ်းပေါက်ကို သွားကြလိမ့်မယ်။

အဲဒီလှည်းတွေနဲ့ မင်းလိုက်သွားကွာ၊ လမ်းပေါက်မှာ မေးခွန်းတွေ လာပို့တဲ့ ကားရှိတယ်၊ တစ်ခါထဲ အဲဒီကားနဲ့မင်းလှကို မင်းပြန်လိုက်သွား၊ ဟိုရောက်မှ ဆေးရုံတက်ပြီးကုကု၊ ဆေးခန်းမှာပဲကုကု ကြိုက်သလို လုပ်ပေတော့'

ထင်ကျော်ဦးက ခေါင်းယမ်းပြသည်။ ကျွန်တော်က သူစကားပြောမည်ကို လက်မခံဘဲ ဖြတ်၍ပြောလိုက်ရပြန်သည်။

'ငါဆိုလိုချင်တာက ဒီရွာက ဆေးမှုးတွေကို မယုံလို့ မဟုတ်ပါဘူး၊ ဒီမှာကုလည်း ပျောက်မှာပါပဲ၊





ဒါပေမယ့် အပြန်ကျရင် လှည်းတို့ကားတို့က ကြုံမှာမဟုတ်ဘူး၊ ဖြစ်သလို ပြန်ရမှာ မင်းကလည်းနာလန်ထ ဖြစ်နေတော့ အားနည်းနေမှာပဲ တော်ကြာ ခရီးပန်းပြီး ပြန်ဖျားရင် ဖျားနေလိမ့်မယ်၊

ကဲပါကွာ၊ ငါကိုပြန်ပြောဖို့ ၊ ငြင်းဖို့ စဉ်းစားမနေနဲ့၊ တို့ကျောင်းသားတွေကလဲ တို့တွေ အတတ်နိုင်ဆုံး သင်ထားပြီးပြီပဲ၊ အောင်မှာပါကွာ စိတ်ချပါ'

ထင်ကျော်ဦးကတော့ သူဘယ်လောက်ပင်ဖျားဖျား စာမေးပွဲရက်အတွင်းတော့ ကျောင်းသားတွေကိုထားပြီး မြို့ကိုမပြန်ဟု အတင်းငြင်းသည်။

ကျွန်တော်တို့ကလည်း ချော့ရင်း၊ ချောက်ရင်းဖြင့် နောက်နေ့တွင်တော့ အဖျားတက်နေသော ထင်ကျော်ဦးကို လေးတန်း မေးခွန်းများ သွားယူမည့်လှည်းပေါ်သို့ တင်ပေးလိုက်လေတော့သည်။

http://www.linhtet.com/forum


## (၁၅)

စာမေးပွဲပြီး၍ ကျောင်းသား၊ ကျောင်းသူများကို ကြိုရန်လာရောက်ကြသော ရွာသူ၊ ရွာသားအမေပါင်းမှာ ဆရာလေး ထင်ကျော်ဦး အပြင်းဖျား၍ မြို့ဆေးရုံသို့ ပို့လိုက်ရသည်ဟူသော သတင်းကြောင့် ပြူးပြူးပျာပျာ ဖြစ်ကုန်ကြသည်။

'ဒါ. . . ဒါဆို ဆရာလေးထင်ကျော်ဦး နေကောင်းသွားပြီလား၊ နေကောင်း မတွားသေးဘူးလားဆိုတာ ဆရာလည်း မတိသေးဘူးပေါ့'

'ဟုတ်ကဲ့ ကျွန်တော်လည်း ဒီမှာစာမေးပွဲအတွက် လုံးပန်းနေရတာနဲ့ မြို့နဲ့ကလည်း အဆက်အသွယ် ပြတ်နေတော့၊ ဘာသတင်းမှ မကြားသေးဘူး၊ ဒီကနေ မြို့ကို တန်းသွားတော့မယ်'

ကာလသားခေါင်းထိပ်ဖြူကြီးတို့ အုပ်စုကတော့ သူတို့ပါ မြို့ကို လိုက်မည်ဟု ပြောသဖြင့် မလိုအပ်ပဲနှင့် မလိုက်ကြပါရန် ကျွန်တော် ပြောသော်လည်း သူတို့က ဇွတ်လိုက်မည်ဟုပြောနေသဖြင့် ကျွန်တော့်မှာ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေစဉ် ဘိုးလေးဖိုးသစ်က ခေါင်းပေါင်းကို ဖြုတ်၍ ချွေးသုတ်ရင်း ကာလသားများ ဘက်သို့လှည့်ကာ. . .

'မင်းတို့ လိုက်သွားတော့ရော ဘာအကျိုးထူးမှာမို့လဲကွ'

'ဟာဗျာ. . . ဟိုမှာ တွေးတွင်းဖို့လိုရင် ဘယ်လိုလုပ်မလဲ၊ ဆရာလေး ထင်ကျော်ဦးက ပြောဘူးတယ်၊ မြို့ကြီးတွေက တချို့လူတွေရဲ့ တွေးတွေထဲမှာ





ကုရာနတ္ထိဆေးမရှိတေးတဲ့ ရောဂါပိုးတွေ ရှိတတ်တယ် တဲ့ဗျ၊ ကျုပ်တို့တောက လူတွေရဲ့ တွေးကတော့ အဲဒီပိုးမရှိဘဲ တန့်ရှင်း တယ်တဲ့၊ အဲဒါကြောင့် တကယ်လို့များ ဘယ်တွေးကိုတွင်းဖို့ ယူမလဲလို့ မေးရင် ကျုပ်တို့ တောသားတွေရဲ့ တွေးကိုပဲ ယူမယ်လို့ တူပြောခဲ့ဖူးတာ၊ အခု တွေးတွင်းဖို့ လိုရင်လိုနေမှာ ဘိုးလေးရဲ့'

ငိုမဲ့မဲ့ ဖြစ်နေသော ကာလသားများကိုကြည့်ကာ ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း. . .

'ထိပ်ဖြူကြီးရယ်. . . ငှက်ဖျားရောဂါဆိုတာ သွေးသွင်းကုဖို့ လိုချင်မှလိုမှာပါကွာ၊ နောက်ပြီးတော့ တကယ်လိုအပ်လို့ သွေးသွင်းရပြီဆိုရင်လည်း ပိုးပါမပါ သေသေချာချာ စစ်ကြည့်ပြီးမှ ဆရာဝန်ကြီးတွေက သွင်းပေးမှာပါကွာ၊ စိတ်ချပါ'

'ဒါ. . . ဒါဆိုရင်လည်း ဆရာလေး ရွာကိုပြန်လိုက်ခဲ့ပါဦး၊ ဆရာလေးတို့အတွက် ကြက်ဥတို့၊ ကြက်ကင်တို့၊ ဝက်ပေါင်ခြောက်တို့ ငှက်ပျောခိုင်တို့ ဘာဘာညာညာလေးတွေ ပေးလိုက်ချင်တယ်၊ ယူသွားပါဦး'

'ခင်ဗျားတို့ စေတနာကို ကျွန်တော်နားလည်ပါတယ်ဗျာ၊ ဒါပေ မယ့်သွားရမယ့်ခရီးကလည်း ခင်ဗျားတို့ သိသားဘဲ၊ သယ်ဖို့မလွယ်ပါဘူး မယူပါရစေနဲ့'

နောက်ပြီးတော့ ကျွန်တော်တို့ ကျောင်းသားတွေအကုန်လုံး စာမေးပွဲကို ကောင်းကောင်းကြီး ဖြေနိုင်တယ်ဗျ၊ အဲဒီသတင်းကို ထင်ကျော်ဦးကို ပြောချင်လှပြီ၊ သူလည်း အဲဒီသတင်းကို မျှော်နေမှာ သေချာတယ်၊ ကဲဗျာ. . . ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကျောင်းသားတွေကိုသာ ဂရုစိုက်ပြီး ခေါ်သွားပေတော့. . .၊ ကျွန်တော်တော့ သွားပြီဗျာ'

ကျောင်းသားများက ကန်တော့ကြသဖြင့် စာမေးပွဲကြီး အောင်ပါစေဟု ဆုပေးလိုက်ပြီး၊ ကျောင်းသားများကို သူတို့မိဘများထံ အပ်နှံပြီး သည်နှင့် ကျွန်တော်လည်း ပုသိမ်-မုံရွာ ကားလမ်းရှိရာ လမ်းပေါက်သို့ အသော့နှင်လာခဲ့သည်။ လမ်းပေါက်တွင် ညအိပ်၍ မနက်သုံးနာရီခွဲလောက် လမ်းပေါက်နှင့်

http://www.linhtet.com/forum



မင်းဘူးမြို့ကို ဖြေးဆွဲသည့် တစ်စင်းထဲ သောကားဖြင့် မင်းဘူးသို့ လိုက်ပါလာခဲ့သည်။

နံနက် ရှစ်နာရီခန့်တွင် မင်းဘူးမြို့သို့ ရောက်သောအခါ မင်းဘူး-မင်းလှ ပြေးဆွဲသည့် ကားဂိတ်သို့ သွားရပြန်ပါသည်။

ကားဂိတ်တွင် ကားသမား ကိုဦးကို တွေ့ရသဖြင့်. . .

'ဟာ. . . ကိုဦး၊ ဒီနေ့ မင်းတို့ကားအလှည့်လား အတော်ပဲကွာ၊ ငါလိုက်မယ်၊ ရော့ကွာ ဒီမှာ ငါ့ရဲ့ အိပ်ယာလိပ်တွေနဲ့ ပစ္စည်းတွေ မင်းကားပေါ်တင်ထားခဲ့မယ်၊ သေသေချာချာ ကြည့်ထားနော်၊ ငါဘာမှ မစားရသေးဘူး၊ သွားစားလိုက်ဦးမယ်၊ ကားထွက်ရင် ငါ့ကိုခေါ်ဖို့ မမေ့နဲ့နော်'

ကျွန်တော်က စကားများကို တစ်ဆက်ထဲပြောရင်း ကျောပိုး အိတ်၊ အိပ်ရာလိပ်နှင့် ခြင်းတောင်းတို့ကို ကိုဦး၏ ကားပေါ်တွင် တင် လိုက်သည်။

'မင်းတို့ရွာက လေးတန်းတွေ လက်ပံတံခါးမှာစုပြီး စာမေးပွဲ ဖြေတယ် မဟုတ်လား'

အဲဒီကို ငါ့ကားနဲ့ မေးခွန်းတွေ ပို့အောင်လာရတယ်၊ အပြန်မှာ ထင်ကျော်ဦး ငှက်ဖျားမိပြီးပါလာတာ လမ်းလည်းရောက်ရောဟော့ ငှက်ဖျားတက်လာပြီး မင်းကောင် သတိလစ်သွားတယ်ကွ။

ငါတို့ကလည်း စိတ်တွေပူလို့ပေါ့ကွာ ကားကိုမရပ်ဘဲ အတင်း မောင်းလာတာ၊ မင်းဘူးဆေးရုံလည်းရောက်ရော မင်းဘူးဆေးရုံမှာလည်း ရွှေစက်တော် ဘုရားဖူးသွားတဲ့ကား လမ်းဘေးထိုးကျလို့ဆိုလား၊ အရေးပေါ်လူနာတွေက အပြည့်ရောက်နေတယ်။

အဲဒီလူနာတွေထဲက အရေးကြီးတဲ့သူတွေကို မကွေးတိုင်း ဆေးရုံ ပို့ဖို့ပြင်နေကြတာလည်း တွေ့ရော၊ ငါလည်း မထူးပါဘူးဆိုပြီး အဲဒီအဖွဲ့နဲ့ ထင်ကျော်ဦးကို မကွေးဆေးရုံကို ပို့ခိုင်းလိုက်တယ်။

ငါ့ရဲ့ စပယ်ယာလေးကိုလည်း အစောင့်ထည့်ပေးလိုက်တယ်၊ နောက် ငါက မင်းလှကို ပြန်ပြီး ထင်ကျော်ဦးမိဘတွေကို သွားပြောရ တာကွ။

သူ့မိဘတွေလည်း ညတွင်းချင်း ပဲ့ထောင်ငှားပြီး မကွေးဆေးရုံကို





လိုက်သွားကြတာပဲ၊ ဒီနေ့နဲ့ဆို တစ်ပတ်ရှိတော့မယ်၊ ဆေးရုံက ဆင်းမလာသေးဘူး။

ငါ့စပယ်ယာလေးကတော့ ပြန်လာပြီ၊ သူပြန်လာတဲ့ အထိတော့ ထင်ကျော်ဦး ကောင်းကောင်း မကျန်းမာသေးဘူးတဲ့။

ဒါပေမယ့် မစိုးရိမ်ရတော့ဘူးလို့ ပြောတာပဲကွာ'

ထင်ကျော်ဦး အဲဒီလောက် ဖြစ်လိမ့်မည်ဟု ကျွန်တော် မထင်မိ၊ ယခု ကိုဦးပြောမှ ကျွန်တော် စိုးရိမ်မိသည်၊ ထို့ကြောင့် မကွေးသို့ သွားရန် ဆုံးဖြတ်ပြီး. . .

'ကဲ ကိုဦးရေ၊ ဒါဆိုရင်လည်း ငါ့ပစ္စည်းတွေကို ငါ့အိမ်သာ ပို့ထားပေးလိုက်တော့ကွာ၊ ငါမကွေးကို လိုက်သွားဦးမယ်'

မကွေးတိုင်းဆေးရုံသို့ ရောက်သောအခါ ညေ့ချိန်မဟုတ်သဖြင့် ဝင်ခွင့်မပေးဟု ဆိုသောကြောင့် ဆေးရုံဘေးရှိ သစ်ပင်ရိပ်တွင် ထိုင်ရင်း စောင့်နေရပြန်သည်။

ထိုနေရာတွင်လည်း ဆေးရုံအတွင်းသို့ ဝင်ဖို့စောင့်နေသော လူလေး၊ ငါးယောက်ခန့်သည် သူ့အုပ်စုနှင့်သူ စကားပြောနေကြသည်။

ကျွန်တော့်ဘေးနားတွင် လုံချည်စိမ်းနှင့် အင်္ကျီဖြူဝတ်ထား ကြသော အသက်ငယ်ငယ် မိန်းမပျိုတစ်ယောက်နှင့် အသက်သုံးဆယ် ကျော်ခန့် ရှိမည်ထင်ရသော မိန်းမကြီးနှစ်ယောက်တို့သည် ဟောင်ဖွာ ဟောင်ဖွာတစ်မျိုး၊ တိုးတိုးတစ်ဖုံ စကားပြောနေကြသည်။

တစ်ခါတစ်ခါ စကားပြောရင်းမှ ဘေးဘီသို့ကျိုးကန်းတောင် မှောက် ကြည့်ကြပြန်သေးသဖြင့် ကျွန်တော့်မှာ စိတ်မဝင်စားသော်လည်း သူတို့ အပြုအမူနှင့် ပြောသည့်စကားများကိုတော့ ကျွန်တော် နားထောင်မိနေသည်။

အသက်သုံးဆယ်ကျော်ခန့်ရှိသည့် မိန်းမက. . .

'ညည်းတို့ကလဲအေ ဒါတောင် မသိဘူးလား၊ အခုခန့်လိုက်တဲ့ ကောင်မလေးက မြို့ပေါ်ကို တန်းရမှာပေါ့ သူ့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ကြိုးစားထားရတာကိုး . . . နောက်ပြီး အဲဒီမူလတန်းကျောင်း

http://www.linhtet.com/forum


လေးမှာက မြို့မျက်နှာဖုံးသူဌေးကြီးတွေရဲ့ . . . . .'

သူတို့စကားတွေကြောင့် ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားတဲ့ အထိ အံ့အားသင့်နေမိသလို ဒေါသများပါထွက်လာသည်။

ကျွန်တော်တို့ မူလတန်းပြဆရာဖြစ်ဖို့အတွက် တစ်ပြားတစ်ချပ်မှ မကုန်ခဲ့ပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမှလည်း လက်ဖက်ရည်မတိုက်၊ ဆေးလိပ်မကမ်းခဲ့ရပါ။ လုပ်ချင်တဲ့သူရှားသဖြင့် ကျွန်တော်နှင့်ထင်ကျော်ဦး ချောချောချူချူ ရခဲ့ပါသည်။

ထို့အပြင် ကျောင်းသား ကျောင်းသူများထံမှ တံစိုးလက်ဆောင် ဟူ၍လည်း ရဖို့နေနေသာသာ စာအုပ်ဖိုးနှင့် ဘာကြေးညာကြေးများကိုပင် ကျွန်တော် တို့တွေ အိတ်စိုက်ပေးခဲ့ပါသည်။

ကျူရှင်ဟု သတ်မှတ်ချင်သတ်မှတ်ပါ၊ အချိန်ပိုသင်ပေးခဲ့ရသည့်အတွက် ပြန်လည်ရရှိခဲ့သည်ကတော့ ငှက်ဖျားဟု ပြောလျှင် ကျွန်တော် ရိုင်းရာကျမည်။

မည့်သည့် မျှော်လင့်ချက်မှ မပါဘဲ သန့်သန့်လေး သင်ပေး ခဲ့သည်မှာ ကျွန်တော်တို့၏ စေတနာပါ၊ တစ်ကျောင်းလုံးရှိ ကလေးများ ၏ မရိုသေ့စကား ချေး၊ သေးကအစ တာဝန်ယူခဲ့ရုံမက ကလေးများ၏ ကစားဖော်ခွေး၊ ကြက်တူရွေး စသောတိရစ္ဆာန်များကိုပါရော၍ ထိန်းသိမ်းပေးခဲ့သည့်အတွက် ကျွန်တော်တို့ရရှိခဲ့သည်ကတော့ တန်ဖိုးမဖြတ်နိုင်သော မေတ္တာတရားပါ။

ကျွန်တော်တို့က စေတနာပေးသောကြောင့် သူတို့ကမေတ္တာကို တုံ့ပြန်သည်၊ တန်ဖိုးဖြတ်၍ မရနိုင်ကောင်းပါ။

ဟော. . . အခုတော့ စေတနာနှင့် မေတ္တာကို တန်ဖိုးဖြတ်ကာ ငွေနှင့် သတ်မှတ်နေကြပေပြီ။

ထိုစဉ် မိန်းမဝဝကြီးက နေကိုမော့ကြည့်ရင်း. . .

'နေကလဲ ပူလာပြီဟေ့ ဆေးရုံထဲကို ဝင်ကြရအောင်'

'ညှိချိန် မရောက်သေးဘူး အစ်မကြီးရဲ့'

မိန်းမဝဝကြီးက လက်ညှိုးနှင့်လက်မကို ဝိုင်းပြလိုက်ပြီး





'နည်းနည်းပါးပါး ပေးလိုက်ရင်ရပါတယ်၊ လာပါ သွားကြအောင်'

ပေးလို့ရ မရတော့မသိ၊ သူတို့သုံးယောက် ဆေးရုံအတွင်းသို့ ရောက်သွားသည်ကတော့ မျက်မြင်ပင်။

ကိုယ်တွေ့ စမ်းသပ်ဖို့ကတော့ စိတ်တောင်ကူးလို့မရသဖြင့် ဆက်ပြီး ထိုင်စောင့်နေလိုက်သည်။

ညှိချိန်ရောက်မှ ဆေးရုံအတွင်းသို့ဝင်ကာ ဖျားနာဆောင် ဘက်တွင် ထင်ကျော်ဦးကို လျှောက်ရှာရပြန်သည်။

ဘယ်လိုမှ ရှာမတွေ့သဖြင့် နေကောင်း၍ ဆေးရုံမှဆင်းသွား ပြီထင် သည်။

မင်းလှသို့သွားသည့် မော်တော်ဆိပ်တွင် ရောက်နေလောက်ပြီဟု အောက်မေ့ကာ ပြန်ရန်အတွက် လှေကားဘက်သို့ လာခဲ့ရာ မထင်မှတ်ဘဲ လှေကားဘေးရှိ အခန်းငယ်တစ်ခုတွင် ထင်ကျော်ဦး၏ အဖေကို တွေ့လိုက်ရ သဖြင့်. . .

'ဟာ ဦးလေးရာ. . . ဖျားနာဆောင် တစ်ဆောင်လုံး ရှာလိုက်ရတာ ဦးလေးတို့က 'ဗီအိုင်ပီ' အခန်းမှာ ရောက်နေတာကိုး၊ ဟဲ ဟဲ တောမှာ စာသင် အောင်သွားရင်း ငှက်ဖျားမိခဲ့တဲ့ ကျောင်းဆရာဆိုတော့ 'ဗီအိုင်ပီ'ခန်းကို ထားပေးတာထင်တယ်၊ ဒါနဲ့ ထင်ကျော်ဦးရော နေကောင်းပြီလား'

မင်းသူငယ်ချင်းလဲ နေကောင်းပါပြီ၊ တစ်ရက် နှစ်ရက်ဆို ဆင်းရ တော့မှာပါ၊ မြန်မြန်ဆင်းရမှပဲဟေ့. . .၊ ဒီကောင်တစ်ပတ်လောက်ဖျားပြီး ဆေးရုံတက်လိုက်ရတာနဲ့ သူကျောင်းဆရာ လုပ်လို့ရတဲ့ လခ တစ်နှစ်ကျော်စာ ကုန်နေပြီကွ'

ကျွန်တော်က ထင်ကျော်ဦးခုတင်ဘေးတွင် ဝင်ထိုင်လိုက်ရင်း. .

'ဘာကုန်စရာရှိလို့လဲ ဦးလေးရယ်၊ ပြည်သူ့ဆေးရုံကြီးမှာ ကုတဲ့ ဟာပဲ၊ အပြင်ဆေးခန်းမှာကုတာမှ မဟုတ်တဲ့ဟာ'

ထင်ကျော်ဦး အဖေကြီးက မျက်လုံးအပြူးသားဖြင့် ကျွန်တော့်ကို ကြည့်ရင်း အခန်းအတွင်းမှ ထွက်သွားသည်။

http://www.linhtet.com/forum



ထို့နောက် ဘာကိုမှ အလေးအနက်မထားတော့ဘဲ ကျွန်တော် တို့၏ လေးတန်းကျောင်းသားများ စာမေးပွဲဖြေနိုင်သည့် ကောင်းသတင်း ကိုသာ ထင်ကျော်ဦးနှင့် ပြောဆိုမိလေတော့သည်။

ညစ်ချိန်စေ့၍ ပြန်ကာနီးမှ ထင်ကျော်ဦးက. . .

'ဟာ. . . ငါမေ့နေတာ အခုမှသတိရတယ်၊ မနေ့က သန်းစိုးရယ် လာသွားသေးတယ်၊ မလေးရှားက သူ့ဦးလေးက သဘောတူတယ် လုပ်ပေး မယ်တဲ့ကွ၊ သူပြောတာ တချို့ကို ငါတော့နားမလည်ဘူး၊ မင်းဟာ မင်းတွေ့မှ မေးကြည့်ပေတော့၊ ငါ နားလည်သလောက်ကတော့ တစ်လကို လခ ခြောက်ရာ လောက်ရမယ့် အလုပ်ဆိုလားပဲ'

ကျွန်တော်က မတ်တပ်ရပ်၍ ပုဆိုးပြင်ဝတ်လိုက်ရင်း. . .

'ဟ. . . အခု ငါတို့အလုပ်ကလည်း တစ်ထောင်နီးပါးရတာကွ၊ ဒုက္ခခံပြီး ဟိုမှာ တစ်လခြောက်ရာနဲ့တော့ မလုပ်ဘူးဟေ့'

ထိုစဉ် ခါတ်ဗူးကြီးကို ကိုင်ရင်းအခန်းတွင်းသို့ ပြန်ဝင်လာသော ထင် ကျော်ဦး အဖေကြီးက ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားကြီးဖြင့် တွေတွေကြီး ကျွန်တော့်ကို စိုက်ကြည့်နေသောကြောင့် . .

'ကဲ. . . ဦးလေးရေ ကျွန်တော်ပြန်တော့မယ်၊ ဟိုကိုပေးစရာ ရှိတာတွေ ပေးလိုက်လေ၊ ကျွန်တော် ယူသွားလိုက်မယ်၊ နောက်ပြီး ဘာများ မှာလိုက်ဦးမလဲ'

ထင်ကျော်ဦး၏ အဖေကြီးသည် ခါတ်ဘူးထဲမှ ရေနွေးကို ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး ဟောလစ်ဘူးကို ဖွင့်လိုက်ရင်း. . .

'ရပါတယ်ကွာ၊ မနက်ဖြန် သဘက်ခါလောက်ဆို ဆေးရုံက ဆင်းရ တော့မှာဘဲ နေပါစေ၊ မင်းလည်းကျန်းမာရေးကိုဂရုစိုက်ဦး နည်းနည်းပိန် လာသလိုပဲ၊ မျက်နှာလည်း ချောင်ကျလာတယ်'

'ဟဲ ဟဲ ကျွန်တော်ပိန်သွားပေမယ့် ဖွဲ့နှစ်အိတ်လောက်ကို အသာ လေး မနိုင်သေးတယ် ဦးလေးရဲ၊ ဦးလေးသာ အခု ဟောလစ်မှုန့်ကို ဇွန်းလေးနဲ့ ကော်ယူနေတာများ တုန်တုန်တုန်တုန်နဲ့ ဘယ်လိုလဲ ဟောလစ် ဇွန်းတောင်





www.foreverspace.com.mm

မနိုင်တော့ဘူးလား'

'အေးဟေ့ ငါတို့ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူးကွ. . .၊ ဟောလစ် ကလည်း တစ်ဇွန်းဆို တစ်ဇွန်းဆိုသလောက် လေးတာပဲကွ ဟဲ ဟဲ'

ကျွန်တော်လည်း သူတို့ကိုနှုတ်ဆက်ကာ ဆေးရုံမှထွက်လာခဲ့ သည်။ မော်တော်ဆိုင်သို့လမ်းလျှောက်၍သွားရင်း ဘာကြောင့်မှန်းမသိ ကျွန်တော်၏ လက်မနှင့်လက်ညှိုးသည် မကြာခဏ ပွိုင်း၍ပွိုင်း၍ သွားသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရလေတော့သည်။

http://www.linhtet.com/forum
www.foreverspace.com.mm


## (၁၆)

မလေးရှားနိုင်ငံတွင် လုပ်ရမည့်အလုပ်အတွက် သန်းစိုး၏ဦးလေးက ရဲရဲကြီးအာမခံသည်၊ လုပ်ငန်းနှင့်ပတ်သက်သည့် (ဂျိုင်း) ဂဟေဆော်နည်းသင်တန်းနှင့် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို တက်ပါ။

သင်တန်း ဆင်းလျှင်ဆင်းခြင်း သူ့ထံအကြောင်းကြားပါ၊ သူက အလုပ်ခန့်စာ အပို့င့်မင့် ပို့ပေးမည်၊ ထိုစာကိုပြ၍'ပတ်စပို့' တို့ 'ဗီဇာ'တို့ ဘာညာ ဘာညာတို့ကိုယူပြီး လေယာဉ်လက်မှတ်ဝယ်ပြီး လာခဲ့ဟုပြော ကျွန်တော်လဲ ဂဟေဆော်နည်းသင်တန်းနှင့် စကားပြောသင်တန်းကို တက်နေရသည်။

ထင်ကျော်ဦးကတော့ ဆေးရုံမှ ဆင်းလာပြီးနောက် အသည်းရောင်အသားဝါရောဂါ နောက်ဆက်တွဲပေါ်လာသဖြင့် အိမ်ထဲမှအိမ်ပြင်သို့ပင် မထွက်နိုင်ပါ။ လူမှာလဲ ယူပစ်လိုက်သလို ပိန်ကျသွားသည်။

ကျွန်တော်ကတော့ ညနေတိုင်းသူ့ထံသွား၍ စကားပြောဖြစ် သည်။ သို့သော်လည်း ကျွန်တော်တက်နေသော သင်တန်းအကြောင်း အလုပ်အကြောင်းနှင့် ပတ်သက်ပြီး သူ သိပ်စိတ်ဝင်စားပုံမရပေ။

ရွာမှလည်း ကာလသားခေါင်း ထိပ်ဖြူကြီးခေါင်းဆောင်သည့် ကာလသားအုပ်စု လိုက်လာပြီး သတင်းမေးကြသည်။

သူတို့နှင့်အတူ ရွာမှပေးလိုက်သော လက်ဆောင်ဖြစ်သည့် ဖျင်ပုဆိုး၊ ဖျင်အကျီ၊ ဖျင်တိုက်ပုံ၊ ဖျင်လက်ကိုင်ပဝါမှအစ ပူးစောင်ခေါ် နှစ်ထပ်ဖျင်စောင်





များ၊ ဆန်ဆိုအိတ်လိုက်၊ ဆီဆိုအိုးလိုက်၊ ငှက်ပျောဆို အခိုင်လိုက်နှင့် ကြက်ကင်များ၊ ဂျို(ချေ)သားခြောက်မှစ၍ ဒေသထွက် လက်ဆောင်များကို ယူလာကြသဖြင့် ကျွန်တော်တို့မှာ သူတို့ကိုပင် အားနာနေမိသည်။

ထင်ကျော်ဦးအိမ်နှင့် ကပ်လျက်ရှိသော ကျွန်တော့် အိမ်ဝိုင်းအတွင်းရှိ တမာပင်ကြီးနားတွင် ညလယ်စာ ကာလသားထမင်းဝိုင်း ချက်စားကြသည်တွင် ထင်ကျော်ဦးကတော့ ဘာမှမစားနိုင်ပဲ ဘေးမှ ငေးကြည့်၍သာနေသဖြင့် ကျွန်တော်တို့မှာ စိတ်မကောင်းဖြစ်ကြရသည်။ နောက်တစ်နေ့တွင် ကာလသားများ ပြန်သွားကြလေတော့သည်။

သင်္ကြန်ပွဲပြီး၍ နှစ်သစ်ကူးသောအခါတွင်တော့ ကျွန်တော်၏ သင်တန်းမှာလည်း ပြီးဆုံးသွားသဖြင့် ကျွန်တော် သင်တန်းဆင်းပြီဆိုသည့် အကြောင်းကို သန်းစိုး၏ ဦးလေးထံပို့လိုက်သည်။

ထို့ကြောင့် ပြန်စာလာမလာကို သိချင်ဇောကြီး၍ မကြာခဏ ရက်ခြားဆိုသလို စာတိုက်သို့သွား၍ စုံစမ်းမိသည်။

ယနေ့တော့ စာတိုက်ကိုအရောက် စာတိုက်မှူးကြီးက. . .

'ရော့ဟေ့. . . ဟောဒီမှာ မင်းမျှော်နေတဲ့ နိုင်ငံခြားက လာတဲ့စာ ရော့ဗျာ'

ကျွန်တော်လည်း ဝမ်းသာအားရ ပြေးယူလိုက်မိသည်၊ ထို့နောက် စာကို ဖြေးညင်းစွာဖွင့်ကြည့်လိုက်ရာ ဟုတ်ပါသည်။

ကျွန်တော်မျှော်လင့်ထားသော သန်းစိုး၏ဦးလေးမှ ပို့လိုက်သည့် အလုပ်ခန့်စာဖြစ်နေသဖြင့် ကျွန်တော်ပျော်သွားသည်။

ထိုစဉ် စာတိုက်မှူးကြီး၏ သားကလေးအပြေးရောက်လာပြီး. .

'ဖေဖေကြီး သားသား စာမေးပွဲအောင်တယ်၊ နောက်နှစ် ငါးတန်းကို တက်ရတော့မယ် သားသားကို လွယ်အိတ်အသစ် ဝယ်ပေး'

ဟူသော စကားအသံကြောင့် ကျွန်တော့်ရင်များ 'တဒိန်းဒိန်း' ခုန်သွားသည်။ဘုရား ဘုရား လေးတန်းတွေအောင်စာရင်း ထွက်ပါရောလား၊ ငါ့ကျောင်းသားတွေ အကုန်မှ အောင်ပါ့မလား။

http://www.linhtet.com/forum



ဟူသော အတွေးနှင့်အတူ စာကို ရင်ဘတ်ကြားကိုထည့်လိုက်ပြီး စက်ဘီးကိုအတင်းနင်းကာ ပညာရေးမှူးရုံးသို့ သွားလေတော့သည်။

ပညာရေးမှူးကြီး၏ ရုံးခန်းရှေ့တွင် တစ်မြို့နယ်လုံးမှ လေးတန်းအောင်စာရင်းများကို ကပ်ထားသဖြင့် ကြည့်ရှုကြသူများ ကြိတ်ကြိတ်တိုးနေသည်။

ဆယ်တန်းတုန်းက ကျွန်တော်အောင်စာရင်းကြည့်စဉ်က ယခုလောက် ဒူးမတုန်ခဲ့ဖူးပေ၊ အခုတော့ ခြေလှမ်းကို ယိုင်မလဲအောင် မနည်းထိန်း၍ လျှောက်နေရသည်။

ထိုစဉ် ပညာရေးမှူးကြီးက ရုံးခန်းအပြင်သို့ ထွက်လာရာ ကျွန်တော့်ကို မြင်သွားသဖြင့် ကျွန်တော့်ကိုလှမ်းခေါ်သည်။

ဆရာကြီးက ကျွန်တော့်ကို ဘာစကားမှမပြောဘဲ သူ့ရုံးခန်းသို့ခေါ်သွားပြီး သူ့စားပွဲရှေ့ရှိခုံတွင် ထိုင်ခိုင်းသဖြင့် ကျွန်တော့်မှာ ထိုင်လိုက်ရသော်လည်း ရင်ထဲတွင်တော့ ဗုံးကွဲသကဲ့သို့ ခံစားနေရသည်။

ဆရာကြီးရဲ့ခေါ်ပုံက ထူးတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါ့ကျောင်းသားတစ်ယောက်ယောက်များ ချွတ်ချော်ပြီးများ. . .

ကျွန်တော့် အတွေးမဆုံးခင်ပင် ဆရာကြီးက ပြုံးရွှင်စွာဖြင့်. . .

'မင်းတို့ကျောင်းက တန်းလုံးကျွတ်အောင်ပါတယ်ကွ. . .'

ဆရာကြီး၏စကားကြောင့် ကျွန်တော်ဝမ်းသာသွားပြီး မတ်တတ်ရပ်မိမလိုလို ဖြစ်သွားစဉ် ဆရာကြီး၏ နောက်ဆက်တွဲစကားကြောင့် မတ်တတ်ရပ်မိသွားပြီး လက်အုပ်ချီမိသည်။

ထို့နောက်ရုံးခန်းထဲမှပြေးထွက်သွားပြီး စက်ဘီးကို အတင်း နင်း၍ အိမ်သို့ပြန်လာခဲ့လေတော့သည်။ ရင်ထဲတွင် ကြည်နူးမှုများကလည်း စာဖွဲ့၍ပင် မရနိုင်လောက်ပေ။

အိမ်ရှေ့တွင် စက်ဘီးကိုပစ်လှဲထားလိုက်ကာ အိမ်နောက်ဖေးမှ တစ်ဆင့် ထင်ကျော်ဦးတို့ အိမ်ဝိုင်းထဲ ပြေးဝင်လိုက်ရင်း. . .

'ထင်ကျော်ဦးရေ ငါတို့ကျောင်းသားတွေ အကုန်လုံးအောင်တယ်ဟေ့၊





မောင်ကျော်ကလည်း တစ်မြို့နယ်လုံးမှာ အမှတ်အများဆုံးနဲ့ ပထမရတယ်တဲ့ကွ ဟေး. . .

ဟုအော်ဟစ်ကာ အိမ်ပေါ်သို့တက်လိုက်သည်။

အိမ်ပေါ်သို့အတက်၊ လှေကားမှ အောက်သို့ဆင်းလာနေသော ထင်ကျော်ဦး၏ အဖေကအိမ်ပေါ်သို့ လှမ်းကြည့်လိုက်ရင်း. .

'သားရေ. . မင်းတပည့်တွေ အကုန်အောင်ပြီ မြို့နယ်မှာ ပထမရတယ်တဲ့ သားရဲ့'

ဟု ငိုသံပါကြီးနှင့် လှမ်းပြောလိုက်စဉ် ထင်ကျော်ဦး၏ အိပ်ခန်းအတွင်းမှ အမေနှင့်အစ်မတို့၏ ငိုသံကြီးများ ထွက်လာသောကြောင့် ကျွန်တော်မှာ အံ့သြသွားပြီး အိမ်ပေါ်သို့ပြေးတက်လိုက်သည်။

ဖျော့တော့သော အသားအရေ၊ ကြုံလှီသော ခန္ဓာကိုယ်ဖြင့် ထင်ကျော်ဦးတစ်ယောက်ကတော့ သူ့အိပ်ရာပေါ်တွင်မနိုးသော အိပ်စက်ခြင်းဖြင့် အိပ်စက်နားနေလေပြီတကား။

ကျွန်တော့်မျက်လုံးများ ပြာဝေ၍မှုန်မှိုက်သွားပြီးနောက် . . . ကျွန်တော်သည် စက်ရုပ်တစ်ရုပ်လို ထင်ကျော်ဦး၏ ခုတင်နားသို့သွားကာ သူ့ကို လှုပ်နှိုးနေလိုက်မိသည်။

မိခင်တစ်ယောက်သည် သားသမီးတစ်ယောက်ကို ကိုးလလွယ်၍ ဆယ်လတွင် မွေးဖွားကြသည်။

မမွေးဖွားမီစပ်ကြား ဒုက္ခများ၊ အခက်အခဲများကို ရင်ဆိုင်ခဲ့ကြရသော်လည်း၊ မွေးဖွားပြီးနောက် သားသမီး၏ မျက်နှာကိုမြင်လိုက် ရလျှင်ပင် ခံစားခဲ့ရသမျှ ဒုက္ခဝေဒနာအကုန်လုံး ပျောက်ဆုံး၍ ကြည်နူးမှုက ဖုံးလွှမ်းသွားသည်ဟု ကြားဖူးသည်။

ထို့အတူ ကျွန်တော်တို့လည်း လေးတန်းကျောင်းသားလေးများ ကို ဇွန်၊ ဇူလိုင် မိုးတွင်မှစ၍ သင်ကြားပြသလာကြရင်း၊ အခက်အခဲ ပေါင်းစုံကို ကျော်ဖြတ်ကာ အခုတော့အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြပါပြီ။

http://www.linhtet.com/forum



www.foreverspace.com.mm

ထို့ထက် တစ်မြို့နယ်လုံးတွင် အမှတ်အများဆုံးနှင့် ပထမ ဟူသော ဂုဏ်ကြီးကလည်း ကျွန်တော်တို့နှစ်ဦးအတွက်ပိုပြီး မှတ်ကျောက် တင် ဂုဏ်ယူဝမ်းမြောက်စရာကြီး ဖြစ်ပါသည်။

သို့သော်လည်း ဆရာထင်ကျော်ဦး တစ်ယောက်မှာကား ပညာရေးစစ်မြေပြင်တွင် ရှေ့တန်းတစ်နေရာ၌ ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ရင်းကျဆုံးသွားခဲ့လေပြီတည်း။

ကျွန်တော့် ပါးပြင်ထက်တွင် စီးကျလာသောမျက်ရည်များကို မသုတ်မိတော့ပါ။

ထင်ကျော်ဦးအား သူ့အိပ်ရာထက်တွင် သေသေချာချာ ပြင်ဆင်ပေးလိုက်စဉ် ထင်ကျော်ဦး၏ ခေါင်းအုံးအောက်မှ စာတစ်စောင်ထွက်လာသဖြင့် ကျွန်တော်ယူကြည့်လိုက်မိသည်။

ထိုစာလေးမှာ ဂုဏ်ပကာသနဟူ၍ မြူမှုန်မျှမပါဝင်ဘဲ သူ့အားမှူလတန်းပြဆရာအဖြစ် တရားဝင်ခန့်ပါရန် လျှောက်ထားသော လျှောက်လွှာသာ ဖြစ်နေသဖြင့် ကျွန်တော့်မှာ အံကြိတ်ထားသည့်ကြားက ရှိုက်သံသဲ့သဲ့ထွက်ပေါ်သွားအောင် ငိုချလိုက်မိပါတော့သည်။





www.foreverspace.com.mm

## (၈)

ယခင်က နှစ်ယောက်အတူတူ လျှောက်ခဲ့သော လမ်းကလေးပေါ်တွင် ယခုတော့ ကျွန်တော်တစ်ယောက်ထဲ လျှောက်နေရသဖြင့် ရင်ထဲတွင် တစ်ခုခုလိုနေသလို ဟာတာတာကြီး ခံစားနေရသည်။

လယ်ကန်သင်းရိုးပေါ်မှ လမ်းကလေးဖြစ်သောကြောင့် အဖုအထစ်ခလုတ်ကန်သင်းများ ပြည့်နေသည်။

နေဝင်သွားခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း လကထွက်မလာသေးပေ။

သို့သော်လည်း ခပ်မှိန်မှိန်ထွင်းလင်းနေသော ကြယ်ကလေးများ ၏ အရောင်ဝိုးတဝါးအောက်တွင် လမ်းကလေးကို ပျောက်မသွားစေရန် မနည်းကြည့်၍လျှောက်နေရသည်။

ထိုစဉ် တောက်ပသော အလင်းတန်းနှင့်အတူ ရုတ်တရက်ကြယ်လေးတစ်လုံး ကြွေကျသွားသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော့် ရင်မှာဆို့နင့်စွာဖြင့် အတွေးများစွာပုံ့လွင့်လာသည်။

ဟိုးအဝေးကြီးတွင်တည်ရှိနေကြသော မြို့ကြီးများတွင်တော့လင်းထိန်နေအောင် ထွန်းထားသော လျှပ်စစ်မီးရောင်များကြောင့် ကြွေကျသွားသော ကြယ်ကလေး၏အလင်းတန်းကို မည်သူတစ်ဦး တစ်ယောက်မျှ ဂရုပြုမိလိုက်မည် မထင်ပေ။

http://www.linhtet.com/forum



www.foreverspace.com.mm

သို့သော်လည်း ဤရခိုင်ရိုးမ တောင်ခြေတစ်ဝိုက်ရှိ ရွာကလေးများတွင်တော့ ရုတ်တရက် ကြွေကျသွားသော ကြယ်ကလေး၏ အလင်းတန်းကို လူတော်တော်များများက သတိထားမိကြပေလိမ့်မည်။

ရခိုင်ရိုးမတောင်စွယ်၏ အရိပ်အောက်တွင် အိပ်ပျော်နေသော သက္ကယ်မြောင်ရွာကလေး၏ ရွာတံခါးရှေ့တွင် ကျွန်တော်ရောက်ရှိသွားသော အခါ ရွာတံခါးဘေးရှိ ကင်းတဲပေါ်မှ လှမ်းထိုးလိုက်သော ဓာတ်မီးရောင်သည် ကျွန်တော့်အပေါ် ဖြာကျသွားပြီး နောက်. . .

'ဟေး. . . တို့ရွာက ဆရာလေးပြန်လာပြီဟေ့၊ ထမင်းကျန် ဟင်းကျန်ရှိရင် ယူခဲ့ကြပါဟ. . .' ဟူသောအသံကြီးနှင့်အတူ 'တကျီကျီ' ဖြင့် ရွာတံခါးကြီးအထက်သို့ ပွင့်သွားသည်။

တစ်ရွာလုံးမှာ လှုပ်နိုးလိုက်သကဲ့သို့ အသက်ဝင်လှုပ်ရှားလာပြီး အိမ်ကလေးများမှ ဖယောင်းတိုင်၊ မီးခွက်စသည်တို့ကို ထွန်းညှိလိုက်ကြသဖြင့် လင်းလက်လာသော အလင်းရောင်များကြောင့် ရခိုင်ရိုးမတောင်တန်းကြီးများ ပင်လျှင် လင်းထိန်တောက်ပသွားသည်ဟု ထင်မြင်မိပါလေတော့သတည်း။ ။

ထူးဆွေအောင်

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm



# မြင်းမိုရ်တောင်ထိပ်မှ သံပွင့်ကလေးများ

## ထူးဆွေအောင်

Illustrated & cartoonist